www.burmeseclassic.com

ဟာသဟာရများ

အကြည်တော်၊ အာရိုး
အဆွေတော်
ဥက္ကာမင်းဆက်
ဆူပကာနီ၊ ဂုဏ်ဝတိုင်း
သမိုးချော၊ မုံပလုံး
ပွဲသစ်မော်၊ ဆွဲတီး
မြွေထက်လူ
သက်ဦးမောင်
ဂ-ကြည်သူ

ဟာသ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး

-ဒို့အရေးတိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး

-ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

-ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး

အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်

နိုင်ငံတော်တိုးတက်ရေးကို

နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို

ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော

ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား

ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊

ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး

အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်

ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ

ခေတ်မီဖွံ့ဖြိုးတိုးတက်သော

နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်

ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့်

အခြားစီးပွားရေးကဏ္ဍများကိုလည်း

ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်

အရင်းအနှီးများဖိတ်ခေါ်၍

စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်

တည်ဆောက်ရေး

နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို

ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့်

တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်

အကျင့်စာရိတ္တမြင့်မားရေး၊

အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်

ယဉ်ကျေးမှုအမွေအနှစ်များ၊

အမျိုးသားရေးလက္ခဏာများ

မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်

ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်

ပညာရည်မြင့်မားရေး


အကြည်တော်

စီစဉ်၍

ကိုဆန်း

တည်းဖြတ်သည်။

Layoutနှင့်အတွင်းသရုပ်ဖော်

KO SAN

Art work group

ကွန်ပျူတာစာစီ

ကေသီ

ဖြန့်ချိရေးမန်နေဂျာ

ကိုမိုး

ဖြန့်ချိရေး

စိုးမိုးစာအုပ်တိုက်

အမှတ်(၁၃)၊ ၁၀၇-လမ်း၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊


ရန်ကုန်မြို့။

ဖုန်း- ၂၉၀၉၉၅


www.burmeseclassic.com

www.burmeseclassic.com





# မာတိကာ


| | | |
|---|---|---|
| ...ပြင်ပေါ်ထင်ကျန်နေသော | | |
| ...ခြရာများ | အကြည်တော် | ၈ |
| ...ပို | မြေထက်လူ | ၁၂၈ |
| ...ယအကျိုး မယားကြောက် | ဥက္ကာမင်းဆက် | ၄၂ |
| ...ုး | နှင်းဆီနတ် | ၁၈၆ |
| ...င်နှင်းတွေ ကောင်မလေးနှင့်ကျွန်တော် | ဖူးသစ်မော် | ၁၁၄ |
| ...လေးညိုလာရင် | ဗလကမ္ဘူနိုး | ၁၃၄ |
| ...နေ့က ကိုလေးရဲ့ကံ | တင်နွယ်ဦး | ၁၆၆ |
| ...င်သံဝေဂ | ဂ. ကြည်သူ | ၂၆ |
| ...နော်. . မှတ် | ဇံ | ၆၂ |
| ...ိုယ်ရေးပုံတူ | ခွန်စည်သာဟိန်း | ၁၆၀ |
| ...ရေးရာ ၁၀၀ | သမီးချော | ၈၈ |
| ...ဵ. . ကွဲ | [illegible] | [illegible] |
| ...သက်စ် | [illegible] | [illegible] |
| ...တွေး | [illegible] | [illegible] |
| ...ခရီးရက်မှတ်တမ်းများ | [illegible] | [illegible] |
| ...ကိုးယဥ်ဇာတ်လမ်း | | |
| ...တ်(၂၀၂၅) | [illegible] | [illegible] |
| ...မ်းလေလွှတို့ခေတ် | [illegible] | [illegible] |
| ...ဘီးအကိတ်ဖ်အမ် | [illegible] | [illegible] |
| ...နေ့ဘိုးစံကွ၁းနှင့် | | |
| ...ဗမာပါမယားနိုးမှုကြီး | [illegible] | [illegible] |
| ...သက်မှာတစ်ခါ | [illegible] | [illegible] |


www.burmeseclassic.com

www.burmeseclassic.com

ပြဲထွာခလုတ်


| | | |
|---|---|---|
| ်ငယ်ချင်းသူ | ဇီဝနိုင် | 25 |
| | သီဟာ်ဟူးသာ | 6 |
| ေတွေးလက်ဆောင် | ဖွဲ့နေ | 165 |
| ာတ်ထိသွားအောင် | ကောင်းကင်သစ် | 95 |
| ားတြည့်အားရှိ | ဂျုပ်ကြီး | 107 |
| ာယ်ဆုတောင်းမလဲ | အုပ်လှကြီး | 195 |



အုပ်ရေ- ၁၀၀၀၊ တန်ဖိုး- ၁၈၀၀၊
အဖုံးပန်းချီဒီဇိုင်း- ကိုဆန်း၊ အဖုံးဖလင်- EAGLE
အတွင်းဖလင်- ဦးထွန်းဆိုင်၊
ထုတ်ဝေသူ- ဒေါ်မိုးသီတာ(စိုးမိုးစာပေ)(မြ-၀၃၈၅၁)
၁၃၊ ၁၀၇လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
ပုံနှိပ်သူ- ဦးမြင့်သန်း(မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက်
အမှတ်-၆၈၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
စာအုပ်ချုပ်- ကိုသန်းဌေး၊
ပုံနှိပ်ခြင်း-၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ၊
စာမူခွင့်ပြုအမှတ်-၄၀၀၀၀၆၀၁၁၂
မျက်နှာဖုံးခွင့်ပြုအမှတ်-၄၀၀၀၄၂၀၁၁၂


# ဟားခလုတ်

အယ်ဒီတာအဖွဲ့ရုံးခန်း


အမှတ်(၁၁၃)၊
ကန်သာယာလမ်း၊
၂၆ ရပ်ကွက်၊
တောင်ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။

ဖုန်း- ၅၉၅၀၁၅


**အနယ်နယ်အရပ်ရပ်မှ**
**စာမူများကို ဖိတ်ခေါ်ပါသည်။**
**ရွေးချယ်ဖော်ပြခံရပါက ထိုက်တန်သောစာမူခကို**
**ချီးမြှင့်ပါမည်။**


၈၉၅.၈၃

ကလောင်စုံ
ဟားခလုတ်(၁၆)/ကလောင်စုံ။-ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၀၀-စာ၊ ၁၃.၅× ၂၀.၅ စင်တီ။
(၁) ဟားခလုတ်(၁၆)။


www.burmeseclassic.com

www.burmeseclassic.com





ဆယ်ကျော်သက်အရွယ်
ကောင်မလေးများသည်
အလွန်ပင် အရှက်အကြောက် ကြီးပါသည်။
အသက်ရှစ်ဆယ်အရွယ် လူကြီးများက
အရာရာကို မေ့လျော့ကြောင့်ကြတတ်သည်။
တစ်ရက်
ဆယ်ကျော်သက်အရွယ် မိန်းမလှလေးတစ်ယောက်
တစ်ယောက်တည်း ရုပ်ရှင်ဝင်ကြည့်သည်။
သူ့ဘေးမှာကျသူက အသက်ရှစ်ဆယ်ကျော်
အဘိုးကြီးတစ်ဦး ဖြစ်သည်။




ရုပ်ရှင်ကြည့်နေကြရင်း
အဘိုးကြီးကိုက်ထားသော မုန့်ကျွတ်ပြုတ်ကျသည်။
အဘိုးကြီး မုန့်ကျွတ်အသစ်တစ်ခု ထပ်ယူပြီး ထပ်ကိုက်သည်။
သွားဖုံးတော်တော် နာသွားမှ
သူ့အံကပ် ပထမမုန့်ကြွပ်နဲ့အတူ ကြမ်းပြင်ပေါ်
ကျွတ်ကျသွားမှန်း သူသိသည်။
သူက ကြမ်းပြင်ပေါ် လေးဖက်ထောက်ရင်း
မုန့်ကျွတ်မှာကိုက်လျက်ပါသွားသော
သူ့အံကပ်ကို လိုက်စမ်းရင်း ရှာသည်။
ကောင်မလေးက ရုတ်တရက် အောက်ငုံ့ကြည့်တော့
အဘိုးကြီး၏ နဖူးပြောင်ပြောင်ကြီးကို
သူ့ပေါင်ကြားမှာ ရုတ်တရက် မြင်လိုက်ရသည်။
အဘိုးကြီး နဖူးကို သူ့ဒူးမှတ်ပြီး သူရှက်သွားသည်။
ရုတ်တရက် သူ့စကပ်နှင့် လှမ်းအုပ်လိုက်သည်။
မေ့လျော့တတ်သော အဘိုးကြီးက ရုပ်ရှင်ရုံထဲ
မီးပျက်သွားပြီထင်သည်။
ဒါနဲ့ အိတ်ကပ်ထဲ အသင့်ပါလာသော
မီးခြစ်ကို ထုတ်ခြစ်လိုက်သည်။

× × ×

ခြေထောက်နှစ်ချောင်း မိုးပေါ်ထောင်ထားသော
ကောင်မလေးကို
အရေးပေါ်လူနာတင်ကားနှင့် အထူးကုဆေးခန်းသို့
ပို့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ပြင်ပေါ်ထင်ကျန်နေသော ခြေရာများ

# အကြည်တော်

...ပေးတဲ့အကြောင်း ... ပါတယ်။ ကျွန်တော့်မှာလည်း ဂျာ...
...ဝင်လုပ်ဖို့ အစာသိတာရှိပါတယ်။ ကျွန်တော် လုပ်ချင်တဲ့ဂျာနယ်က
ဟာသဂျာနယ် ဖြစ်ချင်မှဖြစ်မှာပါ။ ဒါပေမယ့် လူတိုင်းအတွက် အသုံးဝင်တဲ့
ဂျာနယ်တစ်စောင် ဖြစ်နေရမယ်ဆိုတာတော့ အာမခံရဲပါတယ်။

ကျွန်တော်လုပ်ချင်တဲ့ဂျာနယ်အကြောင်းလေးအရင်ရေးပြမယ်။ အတယ်
ရှိမှား ကျွန်တော့်ရဲ့အကြံအစည်ကိုသဘောကျရင် မည်သူမဆိုရှယ်ယာဝင်
နိုင်ပါတယ်။ ကျွန်တော်လုပ်ချင်တဲ့ဂျာနယ် အကြောင်းလေး ဖတ်ကြည့်ပါဦး။

www.burmeseclassic.com

www.burmeseclassic.com



ယခုလို လွတ်လပ်ပွင့်လင်းသော အခါသမယ၌ ကျွန်တော့်မှာ ယခင်ကတည်းက ရွှစိတ်တော်အောင် လုပ်ချင်ခဲ့သော ကိစ္စတစ်ခုကို အကောင်အထည်ဖော်ရန် အခွင့်အလမ်းတစ်ခု ပြန်လည်ရရှိခဲ့ပါသည်။

"ဂျာနယ်ထုတ်မယ်"

ကျွန်တော့်စကားကို ပေါင်းသင်းနေကျ အယ်ဒီတာအပေါင်းသူတော်ကောင်းတို့အားလုံး မျက်မှောင်ကြုတ်ကုန်၏။

ဖြစ်လဲဖြစ်ချင်စရာ။ ကျွန်တော်မှာ လုံးချင်းဝတ္ထုများ မရေးခင် မဂ္ဂဇင်းဂျာနယ်များ၌ အယ်ဒီတာလုပ်ခဲ့ပြီး မည်သို့မှ အချိုးမပြေသည့်အဆုံး အလုပ်ထွက်ခဲ့ရသည်နှင့် ပြီးဆုံးခဲ့ရပြီးလေပြီ။ ယခုတဖန် ပိုးမသေသေးဘဲ လုံးချင်းရေးနေရာမှ အလွန်အလုပ်ရှုပ်သော ဂျာနယ်ပြန်ထုတ်မည်ဆိုတော့ အားလုံး မျက်မှောင်ကြုတ်လေပြီ။

"နေပါဦး၊ မင်းလုံးချင်းတွေရေးတာ အဆင်မပြေလို့လား"

ကိုလွမ်းကမေးသည်။ ကျွန်တော်က

"ပြေပါတယ်ဗျ၊ ဘာဖြစ်လို့လဲ"



"ဟုတ်တယ်၊ တစ်ရှုးဂျာနယ်၊
ဂျာနယ်ကို တစ်ရှုးစာရွက်နဲ့
ရိုက်မယ်၊ ပြီးရင်
အများသုံးအိမ်သာအားလုံးကို
လက်သိပ်ပိုက်ဖြန့်မယ်၊
အိမ်ရှေ့ထမင်းစားပွဲနဲ့
အိမ်သာတွေမှာ မရှိမဖြစ်
သုံးကိုသုံးရမယ်"

ကျွန်တော့်စကားကို တိုမျိုးက

"ပြေရင်လည်း အေးဆေးနေလေဗျာ၊ စာပေလောကလေး အခုမှ ခေါင်းထောင်ရုံရှိသေးတာ၊ ခင်ဗျားလုပ်မှ အားလုံးရှုတ်ရှုတ်ရှုတ်ရှုတ် ဖြစ်ကုန်မယ်"

အောင်မယ် ကျွန်တော် ဂျာနယ်လုပ်မယ်ဆိုတာကို သူတို့အိမ် မီးရှို့မယ်လို့ ကြားတဲ့အတိုင်း။ ထို့ကြောင့်

"မဟုတ်ဘူးလေဗျာ၊ ကျုပ်ဘာသာ ဂျာနယ်ထုတ်မယ်ဆိုတာ ခင်ဗျားတို့က ဘာဖြစ်နေကြတာလဲ"

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ကျော်သီဟတ

"ခင်ဗျားက ဘာကိစ္စ ဂျာနယ်ထုတ်ချင်ရတာလဲ၊ ငွေပေါနေလို့လား၊ အရှုံးခံနိုင်လို့လား"

ကျွန်တော် ပြုံးလိုက်မိသည်။

"ကျွန်တော်ထုတ်တဲ့ ဂျာနယ်က လုံးဝမရှုံးရဘူး၊ ပြီးတော့ လူတွေအားလုံးအတွက်လဲ အသုံးဝင်ရမယ်"

"ဘယ်လို"

*အားလုံး စိတ်ဝင်စားသွားကြသည်။ ဘယ်လိုလုပ်လုပ် အရှုံးနှင့် ဝေး*

www.burmeseclassic.com



ဘာ ဂျာနယ်ကို မရှုံးအောင်ထုတ်မည်ဆိုတော့ အံ့အားသင့်သွားပုံရသည်။ ကြောင့် သို့သူအောင်က

"တဲ ခင်ဗျားထုတ်မယ့် မရှုံးတဲ့ဂျာနယ်က ဘာဂျာနယ်လဲ"

"တစ်ရှူးဂျာနယ်"

"ဟမ်"

အားလုံးကြောင်သွားကြသည်။ ဒါကို ကျွန်တော်က အားတက် ရောဖြင့်

"ဟုတ်တယ်၊ တစ်ရှူးဂျာနယ်၊ ဂျာနယ်ကို တစ်ရှူးစာရွက်နဲ့ ရိုက် မယ်၊ ပြီးရင် အများသုံးအိမ်သာအားလုံးကို လက်လီလိုက်ဖြန့်မယ်၊ အိမ်ရဲ့ ခင်းစားပွဲနဲ့ အိမ်သာတွေမှာ မရှိမဖြစ် သုံးကိုသုံးရမယ်"

အားလုံး ခေါင်းကုတ်ကုန်သည်။ ကိုလွမ်းက

"အေး ဟုတ်တော့ဟုတ်သလိုပဲကွ၊ ဒါက အမြဲအသုံးလိုနေတဲ့ ည်းပဲ"

သူ့စကားကို ကျွန်တော်က ပိုအားတက်သွားပြီး

"အသုံးလိုရုံမကဘူး၊ သုံးကိုသုံးရမှာဗျ၊ အိမ်သာတက်ရင်း သတင်း ည်းဖတ်ရတယ်၊ ပြီးရင် နာမည်ကျော်တွေရဲ့ပုံကို တစ်ရှူးပေါ် ဖိုး ကာလာနဲ့ က်မယ်၊ ချစ်ရင် အသာလေးဆွဲဖြတ်ပြီး မျက်နှာသုတ်၊ မချစ်ရင်မချစ်သလို င်းဟွင်း"

ကျွန်တော် အမူအယာနှင့်သာ လုပ်ပြလိုက်သည်။ အားလုံးက ခေါင်း ညိတ်ညိတ်။

ဆိုးတော့မဆိုးဘူးဟ"

ကိုသို့က ထောက်ခံသည်။

"ကောင်းကိုကောင်းတာဗျ၊ ပြီးရင် တစ်နှစ်တာအတွင်း အိမ်သာထဲ သုံးခံရဆုံးလူကို ပြန်ရွေးပြီး ရွှေအိမ်သာဆုပေးမယ်ဗျာ၊ ဟုတ်ဘူးလား"

ယောင်ပေယောင်ပေနဲ့ ခေါင်းညိတ်ကြပြန်သည်။

"ဆောင်းပါးဝတ္ထုဆိုရင်လဲဗျာ၊ ကြိုက်ရင်ဖြတ်သိမ်း၊ မကြိုက်ရင်"

ပုံစံသာလုပ်ပြလိုက်သည်။ အားလုံး တစ်ယောက်မျက်နှာတစ်ယောက်



ကြည့်ကြသည်။ နောက်မှ ကိုလွမ်းက

"အစီအစဉ်ကတော့ ကောင်းပါရဲ့၊ ဒါဖြင့်ဒီလိုလုပ်၊ စထွက်ထွက် ချင်းအပတ်မှာတင် ဂျာနယ်စောင်ရေတက်သွားအောင် မင်းမျက်ခွက်ကြီးနဲ့ မင်းဆောင်းပါးတစ်ပုဒ်နဲ့ စလိုက်ရအောင်"

သူ့စကားကြောင့် ကျွန်တော့်မျက်နှာ ဘယ်နားထားရမှန်းမသိဘဲ

"ဩော် အဟဲ အဲဒါတော့ ဖြစ်မလားဗျ၊ ဒါက ကျွန်တော်က သူများ အတွက်လုပ်တာ၊ ကျွန်တော့်မျက်ခွက်ကြီးပါနေရင် ရွှေအိမ်သာဆု ကျွန်တော် ချည်းရနေမှာပေါ့၊ ဖြစ်ပါဘူးဗျာ၊ တခြားလူစဉ်းစားပါ"

ကျွန်တော့်စကားလည်းကြားရော အားလုံးက

"ဩော် မင်းမျက်နှာကြီးကျတော့ သူများဒီလိုလုပ်တာ(ပုံစံ လုပ်ပြ ပါသည်)မခံချင်ဘူးဟုတ်လား၊ သူများကျတော့"

"မင်းမျက်ခွက်က ဘယ်နေရာကို တူတန်တယ်ဆိုတာ သိတယ် မဟုတ်လား၊ ထုတ်လိုက်လေ၊ မင်းဓာတ်ပုံနဲ့ ငါသိမ်းပြမယ်၊ ဟင်းဟင်း"

"လုပ်ပါ၊ အိမ်သာတိုင်းက မင်းမျက်ခွက်ကို စောင့်ကြိုနေပါပြီ"

ဆိုကာ ကျွန်တော့်မျက်ခွက်ကြီးကို တစိမ့်စိမ့်ကြည့်ကာ ဝိုင်းဝန်း အားပေးနေကြ၍

"တော်ပါပြီဗျာ၊ တခြားဂျာနယ်ကိုပဲ ပြောင်းထုတ်ဖို့ ကြိုးစားတော့ မယ်၊ ဒါမှမဟုတ်ရင်လည်း တခြားသူတွေနဲ့ပေါင်းပြီး ကိုယ့်ဘာသာကိုယ် အကောင်အထည်ဖော်တော့မယ်"

ဆိုကာ ထထွက်ခဲ့မိလေသည်။

မိတ်ဆွေ ကျွန်တော့်တွင် အင်မတန်ကောင်းသော အိုက်ဒီယာများ ရှိပါသည်။ ထို့ကြောင့် ဂျာနယ်ထုတ်၍ အရှုံးပေါ်နေသူများ ဆက်သွယ်ပါ။ ချက်ချင်း အရောင်းအဝယ်သွက်ပြီး လူအများလက်ထဲ ရောက်နိုင်သော အကြောင်းအရာများ ကျွန်တော့်တွင်ရှိကြောင်း အာမခံနိုင်ပါသည်။

ဥပမာ ကံစမ်းမဲ ဘယ်လိုပေးရမယ်ဆိုတာမျိုးက အစပေါ့။

■ အတြည်တော်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# လုပ်..ကြဲ

ခင်ဗျား စဉ်းစားကြည့်လေ။ ဘယ့်နှယ်ဗျာ ကိုယ့်ရဲ့ငွေ ဆယ့်လေးငါးသိန်းလောက်ဟာ ကိုယ့်မျက်စိအရှေ့မှာတင် မျက်လှည့်ပြလိုက်သလို 'ဟပ်ချလောင်း'ဆို ပျောက်သွားတဲ့ဟာ ဘယ်သူမခံစားရဘဲ မရူးဘဲ နေနိုင်မလဲ။

ဪ ကျွန်တော်ပြောတာက ဟိုတလောလေးက,လေဗျာ။ ကိုယ့်ရဲ့ယုံကြည်မှုကို အသုံးချပြီး ကိုယ့်ရဲ့ဆိုင်ကယ်တစ်စီးကို ကိုယ့်ရဲ့သဘောတူညီမှုနဲ့ပဲ ဝယ်ချင်ယောင်ဆောင်ပြီး 'ခဏလေးစမ်းပြီး စီးကြည့်ပါရစေအစ်ကို'ဆိုပြီး တချိုးသင်လို့ ပေါ်တင်ကြီး မောင်းပြေးသွားတဲ့ကိစ္စကို ပြောတာလေ။ ထိအာပေါ်ဗျာ။ ထိတာမှ 'အု'ခနဲတောင် အသံမထွက်နိုင်အောင်ထိတာ။

လိုက်မယ် ဟုတ်လား။ ဘယ်လိုလိုက်မှာလဲ၊ ဘယ်ကိုလိုက်မှာလဲ၊ ကိုယ်ရိပ်မိတဲ့ ကိုယ်သိတဲ့အချိန်ကျ အချိန်က နာရီဝက်လောက်ရှိသွားပြီလေ။ တစ်နာရီကို မိုင်လေးဝါးဆယ်နှုန်းလောက်လေးနဲ့ပဲ ပုံမှန်လေးမောင်းဦး၊ ကိုယ်လိုက်သင့်ပြီ လိုက်ရတော့မယ်လို့ ဆုံးဖြတ်တဲ့အချိန်မှာ အဲကောင်က ကိုယ်နဲ့ မိုင်နှစ်ဆယ်ကျော်သုံးဆယ်လောက် ဝေးနေပြီ၊ ကဲ ပြီးတော့ တောင်လားမြောက်လား။ အရှေ့လားအနောက်လား။ ဘယ်လားညာလား၊ ဘယ်ကို သွားမှန်းမသိတဲ့ သူကို ခင်ဗျားကကော ဘယ်လို ဘယ်ကိုလိုက်မှာလဲပြော။

အဲကြောင့်ပြောပါတယ်။ ကိုယ့်ရဲ့သဘောတူ ကြည်ဖြူမှုနဲ့အတူ ငွေ



ဆယ့်လေးငါးသိန်းလောက်ဟာ ဝူးခနဲဆို တစ်ချက်တည်း ပျောက်သွားပါတယ်လို့။ ကျွန်တော်ဗျာ အဲဒီဆိုင်ကယ်က ဝိတ်လျှော့ထားတဲ့ (အဲအချိန်ကတော့မြတ်လှပြီ ပိုင်လှပြီ လို့ထင်ခဲ့တဲ့)မူလီခေါင်း(နတ်ခေါင်း)လေးတွေကို ကြိုးနဲ့သီ လည်ပင်းမှာဆွဲ ရှေ့မီးကြီးကို ခေါင်းမှာဆောင်း၊ အိတ်ဇောပိုက်ကလေးကို ခွလို့ တစ်ကလုပ်တစ်ကလုပ်နဲ့ လက်မှာလည်း တုတ်ကလေးတစ်ချောင်းကို ဝှေ့ကာဝှေ့ကာ ကလေးတွေ အုန်းလက်မြင်း စီးသလို ခုန်ဆွခုန်ဆွနဲ့ နှစ်ရက်သုံးရက်လောက်ကို ရူးပြီး တောင်ပြေးမြောက်ပြေး ဖြစ်နေမိတာ။

ကိုယ့်ကိုကိုယ် တော်လှတတ်လှ ကျွမ်းလှ နံ့လှနဲ့ ထင်တစ်လုံးနဲ့ဆရာလိုလို သဘာလိုလို မြင့်မြင့်ထောင်ခဲ့သမျှ နှာနှာကြီးကို ကျတာလေ၊ သဘာဝအတိုင်းပေါ့။ အဲဒါကြောင့်ပဲပြောကြတာ။ ခေတ်အဆက်ဆက်ပဲလေ။ ပြောပါများတော့ တရားဖြစ် နီတိတစ်ခုလိုတောင် ဖြစ်နေတာ ဘာတဲ့။

"ပညာဆိုတာ ဘယ်တော့မှ သင်ယူလို့မကုန်ဘူး"လို့ ဟုတ်တယ်လေ။ အဲလိုပညာပေးတဲ့ သင်ပေးတဲ့သူတွေ ရှိနေလို့သာ ကျွန်တော်လည်း ခင်ဗျားတို့ကို ခုလို ပြန်ပြောတတ် ပြန်သင်တတ်တဲ့ ဆရာကြီးတစ်ယောက် ပညာရှင်ကြီးတစ်ယောက် ဖြစ်လာတာပေါ့ မဟုတ်လား။ ဘာ ဘာဖြစ်တယ်။ မှုလား ခုတော့ ဘယ်ရတော့မှာလဲဗျာ။ ယုံကြည်မှုဆိုတာကြီးကို လွယ်လွယ်ကူကူပေါပေါများများ ဘယ်တော့မှကို မရတော့ဘူးမှတ်။

တော့တော့ဆိုင်ဆိုင် ဖြစ်လာပြီး ဈေးစကားတွေ ဘာတွေ ပြောဆိုပြီးပြီဆိုတာနဲ့ အရင်လို "စမ်းစီးကြည့်ပါရစေ စက်လေးစမ်းကြည့်ပါရစေ"ဆိုတာမျိုး လာမလုပ်နဲ့ လာမပြောနဲ့ မရတော့ဘူး။

စမ်းကြည့်မယ်ဆိုတာနဲ့ ကုတ်ကို မြဲအောင်ဆွဲ၊ နောက်က မလွတ်တမ်းခွထားပြီးသားပဲ အဟုတ်။

"ခလောက်လေး တဆဆနဲ့ နွားလို့ပြောရင် မှနာနဲ့ကွယ်၊ ခလောက်ကလေး တဆဆနဲ့ နွားလို့ပြောရင် မနာနဲ့ကွယ်"

သူမှာတော့ ခံစားချက်ရှိသလား မရှိသလားမသိ။ တွေ့ကရာစကားလုံးများ လက်တန်းကောက်ကက်ထည့်ပြီး စွတ်စက်အော်အက် ဆိုနေသော ...ပြေန်ခြူး၏ သံကြောင်သံဝါကြီးမှာ နားတစ်ဖက်မှဝင် ဦးနှောက်ကိုဖြတ်၊

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ဖက်မှထွက်ပြီး မိမိကိုပဲ စောင်းဆိုနေသယောင် စိတ်ကို လာလာဆွသလိုဖြစ်နေခြင်းကြောင့် မခံစားနိုင်တော့သလို ဖြစ်လာပြီးလျှင် ငွေ ၁၀၀ လောက်ပေးပြီး အဝေးကိုနှင်လွှတ်မှပဲ ဟူသောအတွေးဖြင့် ဆတ်ခနဲ လှမ်းကြည့် ဖတ်ခနဲ အထတွင်

“ဟ ဟ ဘယ်တုန်းဗျ ဆရာဖုံရ”

ဘေးချင်းကပ်လျက်ဆိုင်၏ ခပ်လှမ်းလှမ်းစားပွဲတစ်လုံးမှ ဝမ်းသာအားရထွက်လာသော အသံကြောင့် အရှူးလန်ခြုံဆီရောက်နေသော အာရုံမှာ ဖျတ်ဆို ပျောက်သွားပြီး အသံကြားရာဖက်သို့ အလိုလို ပြုံးပြနှုတ်ဆက်မိလျက်သားနှင့် လှည့်လိုက်ပြီးလျှင်

“ဩော် ဘယ်သူများလဲလို့ ဆို ဘာကိစ္စလဲ လေကြီးရ”

“ဟာဗျာ ဆရာဖုံကလည်း လုပ်တော့မယ်၊ မိုးကြီးပါဗျ၊ မိုးကြီး၊ ဘယ့်နှယ် လေကြီးဖြစ်ရတာတုန်း”

ပြောရင်းဆိုရင်း လျှောက်လာနေသော မိုးကြီးအား အပြုံးဖြင့် ဆီးကြိုရင်း

“အေး အေးပါကွာ၊ လေကြီးနဲ့ မိုးကြီး ခပ်နီးနီးဆိုတော့ ရောသွားတာပါ၊ ကဲ ကဲ လုပ်မယ်လေ၊ ပြော ဘာလုပ်မှာလဲလို့”

သိနေတယ်လေ။ ဒီအဆင်နဲ့ဒီအဆင်ဆို ဒီကောင့်ဆီမှာ လုပ်စရာတစ်ခုခု ရှိနေပြီမှန်း အတတ်သိနေ၍ ပိုင်ပိုင်ကြီးကို လောကွတ်ပျူငှာစွာနှင့် နှုတ်ဆက်လိုက်ရာ အနားရောက်လာသော မိုးကြီးမှာ မျက်နှာချင်းဆိုင်မှ ခုံတစ်လုံးအား ဆွဲယူထိုင်ချလိုက်ပြီးလျှင်

“လုပ်မယ်၊ လုပ်မယ်၊ ထိုင်ပါဦးဗျာ၊ အေးဆေးပေါ့၊ ကျွန်တော်ဗျာ ခင်ဗျားကို ရှာနေတာ နှစ်ရက် သုံးရက်ရှိနေပြီ၊ ခုတောင် ကပ်လျက်ရှိနေရင်းကို မျက်စိအောက်ပျောက်နေတာ၊ တော်သေးတာပေါ့ ခင်ဗျားထလိုက်လို့”

“ဒီလိုပါပဲဗျာ၊ အဲဒီရက်တွေတုန်းက ရှက်ရှူး ရှူးပြီး လျှောက်သွားနေတာကိုး၊ ဒီနေ့မှ အလုပ်ပြန်လုပ်နိုင်တာ၊ ဒါနဲ့ ပြောပါဦးဗျ၊ ဘာကိစ္စ လိုက်ရှာနေရတာလဲ”

“ဒီလိုဗျ၊ ဟိုတလောတုန်းက ခင်ဗျားပြောထားတဲ့ တောင်မင်္ဂလာ



ရပ်ကွက်က အိမ်နဲ့မြေဗျာ၊ အဲဒါကို ကျွန်တော့်မှာ အဝယ်ရှိနေလို့၊ အဲဒါလေး သွားပြပြီး လုပ်ထည့်လိုက်ရအောင်”

“ဩော် ဒါလား၊ ရပါတယ်၊ လုပ်ကြတာပေါ့၊ ဒါနဲ့ မင်းအဝယ်က သေရောသေချာရဲ့လား၊ မသေချာရင် လုပ်မောကြီး ဖြစ်နေမယ်နော်”

“ဟာ သေချာပါတယ်ဆိုမှဗျာ၊ ဝယ်တာက အသေအချာကိုဝယ်မှာ၊ ဘယ်နားက ဘယ်သူနဲ့ ဖြစ်မယ်ဆိုတာကိုသာ မသိသေးတာ၊ ဘာကြောင့်ဆိုတော့ သူတို့က မြို့ထဲကအိမ်ကိုရောင်းပြီး အဲလိုမြို့သစ် ရပ်ကွက်သစ်မှာ ငွေပေါ်ဝိတ်လျှော့လုပ်မှာလေ”

“ဒါဖြင့်လည်း လုပ်လေ၊ တောင်မင်္ဂလာ မကြိုက်လည်း အရှေ့မင်္ဂလာ အနောက်မင်္ဂလာတွေမှာလည်း ရှိပါသေးတယ်”

“ဟုတ်လား၊ ခင်ဗျားမှာရှိတာလား၊ ဈေးတွေကကော”

“အင်းလေ အရှေ့မင်္ဂလာကတော့ ဈေးနည်းနည်းတော့ ထောင်တယ်ဗျ၊ ငါးရာနဲ့ အထက်ပေါ့၊ အဲ အနောက်မင်္ဂလာကတော့ ဈေးချိုတယ်၊ သူက အနိမ့်ပိုင်း နည်းနည်းကျတော့ အနဲ့အသက်လည်း နည်းနည်းတော့ရှိတယ်၊ ဈေးကတော့ ပြောကောင်းကြားကောင်း ဈေးလေးပါ၊ သုံးရာဝန်းကျင်လောက်ပေါ့”

“အဲဒါကြောင့်ပြောတာပေါ့ဗျ၊ ဝယ်မယ့်သူက သုံးရာနဲ့ငါးရာကြားပဲ သုံးမှာဆိုတော့ တောင်နဲ့ပဲ နီးစပ်ပါလိမ့်မယ်၊ အဲဒီတော့ တောင်မင်္ဂလာကိုပဲ ဇာရင် အားထည့်ပြီး လုပ်ကြတာပေါ့”

ဆရာဖုံမှာ ပြောရင်းဆိုရင်း စိတ်တွက်ဖြင့်တွက်ကြည့်ရာ သုံးရာနှင့်ငါးရာကြားဆိုတော့ ထုံးစံအတိုင်း (၃%)နှင့်ဆို ဆယ်ပုံးဝန်းကျင်တော့ အနည်းဆုံးရမည်။ ထိုသို့ဆိုလျှင် ခုနကပြောနေသော ဟိုတလောက ပလုံသွားသည့် ဆိုင်ကယ်တစ်စီးစာဖိုးခန့်တော့ ပြန်ရပြီဟု ကျေနပ်စွာတွေးမိရင်း မိမိကိုယ်မိမိလည်း “ဘာရမလဲကွ၊ အသွားရှိလျှင် အလာတော့ရှိရမှာပေါ့” ဟု စိတ်တွင်းမှ အားပေးနေမိသည်။

“အေး ဒါနဲ့ မိုးကြီး၊ အာရကေကတော့ တစ်ခြမ်းစီပဲနော်”

“အိုကေပါဗျာ၊ ကျွန်တော်နားလည်ပါတယ်၊ တစ်ယောက်နဲ့တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



> အစ်ကိုဘေးနားထိုင်
> သောတဲ့တွေနဲ့ သောက်စားရင်း
> အစ်ကိုသောက်ကို
> မှားချင်ယောင်ဆောင်ပြီး
> ကျွန်တော်စားနေတဲ့
> ရှောက်လက်ဖြူးတစ်ခုထဲ နှစ်
> ထည့်ပြီး မှိုပုံစံတွေ
> မြှုပ်လုပ်သွားတာပါ

မှတ်သိတွေပဲဟာ၊ စည်းကမ်းအတိုင်းပေါ့ ရှင်းပါတယ်"

"ကဲ ဒါဆို ခုသွားမှာလား၊ ဘာနဲ့သွားမှာလဲ"

"သွားမယ်၊ ခုသွားမယ်လေ၊ ကျွန်တော့်မှာ ကားပါတယ်၊ ခုပဲ အဝယ်ကို ဝင်ခေါ်ပြီး အတူ သွားကြတာပေါ့၊ ဒါနဲ့ အိမ်သော့တွေဘာတွေ က ဘယ်လို"

"ရှိတယ်၊ ကိုယ့်ဆီမှာရှိတယ်၊ ခုကို ပါလာတာ"

"ဟန်ကျတယ်ဗျာ၊ ဒီလောက် အဆင်ပြေနေရင်တော့ ကျွန်တော့်ရဲ့အယူ အတွေ့အကြုံတွေအရဆိုရင်တော့ အောင်မြင်ဖို့ ရာခိုင်နှုန်း အတော်များနေပြီထင်တာပဲ"

"ဩော် မိုးကြီးကလည်း ငါလေကွာ၊ ငါ ဗုံဗလုံးပါကွ၊ ကင်းမပေါက်တတ်တဲ့ လေပေါကြီးတွေလို မဟုတ်ပါဘူး၊ မင်းသိပါတယ်၊ ဟဲဟဲ ဘာလာလာ ထိပါတယ်၊ ဘာနဲ့ဖွင့်ဖွင့် ပွင့်တဲ့ဟာကြီးပါကွာ"

"ဒါဆို ကြာတယ်ဗျာ၊ သွားကြရအောင်"

"နေပါဦးကွ၊ ငါ့ဆိုင်ကယ်လေး နေရာချလိုက်ပါရစေဦး၊ မတော်မတည့် ဟိုမှာ အချိန်တွေကြာနေရင်လည်း စိတ်ပူစရာမလိုအောင်"

ပြောပြောဆိုဆိုနှင့် ဆိုင်အတွင်းမှ ဖုတ်ဖက်ခါထပြီး ဆိုင်ရှေ့ထောင်ထားသော ဆိုင်ကယ်အား ဆိုင်ဘေးသို့ အသေအချာ ကပ်ထောင်ပြီးလျှင် ဖက်သော့အသေအချာ ခတ်ကာ နေရာတကျထားလိုက်ပြီး မိုးကြီး၏ကားလေးနှင့်အတူ ရောက်တတ်ရာရာများ ပြောဆိုကာ ထွက်သွားလေတော့သည်။

သို့သော်ဟု ပြောရမည်ကဲ့သို့ပင် မိုးကြီးနှင့် ချိန်းဆိုထားသော နေရာသို့ရောက်သော် ချိန်းဆိုထားသော ဝယ်သူဆိုသူမှာ အခြားအလုပ်တစ်ခု ပေါ်လာ၍ ဒီနေ့လိုက်ကြည့်ရန် အဆင်မပြေဟုဆိုကာ ထွက်သွားပြီဖြစ်ကြောင်း နောက်နေ့မှပင် ပြန်တွေ့တော့မည်ဟု ဒီနေ့တွင်တော့ ကိုမိုးကြီးပင် အကြိုကြည့်ထားပေးစေလိုကြောင်း မှာထားခဲ့လေရာ မိုးကြီးမှ အားနာတောင်းပန်



ဟန်နှင့်

"ကဲ ဆရာပုံရေ၊ တွေ့တဲ့အတိုင်းပဲ၊ အဲဒီတော့ ဘယ်လိုလုပ်မလဲ၊ ပြန်လှည့်မလား၊ ဒါမှမဟုတ် သူ့စကားအတိုင်းပဲ ကျွန်တော့်ကိုပဲ အရင်ပြထားလိုက်မလား"

"အိုကွာ၊ ဟိုမှာလည်း လုပ်စရာမရှိဘဲ ထိုင်ငေါင်နေရမယ့်အတူတူ ဆိုတော့ အဲဒီသွားဖို့ဆိုပြီး ဒီတောင်ရောက်နေမှတော့ မထူးတော့ပါဘူး၊ ဆက်သွားကြတာပေါ့၊ နောက် အဝယ်လာတော့ ငါနဲ့မတွေ့တောင် မင်းဟာမင်း အခြေအနေပြောပြပြီး လှုပ်ရှားထားလို့ ရတာပေါ့"

ဟုတ်တယ်လေ။ သူ့ကားသူမောင်း သူ့ဆီသူကုန်တာ ကိုယ်က အားအားယားယား သက်သောင့်သက်သာလေးထိုင်လိုက်ပြီး လက်ညှိုးလေးတစ်ခုပဲ စိုက်လို့ ဟိုဘက်ဒီဘက်ဆိုပြီး ညွှန်ပြနေရုံပဲဟာ နော့။ ပြီးတော့ကျ လုပ်စရာကမရှိလို့ အချိန်တွေက မတရားပိုနေတာလေ ဆိုတော့ကာ အစောကစည်ရွယ်ထားတဲ့အတိုင်း တောင်မင်္ဂလာကအိမ်ရော၊ အရှေ့မင်္ဂလာ၊ အနောက်မင်္ဂလာတွေမှာရှိတဲ့ ကိုယ့်လာအပ်ထားတဲ့ အိမ်တွေပါ တစ်ဆက်တည်း လျှောက်ပြထားလိုက်တော့တယ်။

အဝယ်လာရင် ကြိုက်တာကြည့်၊ ကြိုက်တာရွေး၊ စိတ်ဝင်စားတယ်၊ အားရှုလာတယ်ဆို ဘယ်နေရာ ဘယ်အိမ်ဆို ဖုန်းဆက်ခေါ်လိုက်၊ ဆိုင်ကယ်လေးနဲ့ ချက်ချင်းရောက်လာမယ်၊ ဒါပဲပေါ့၊ ဟုတ်တယ်လေ၊ ကိုယ်ကလူလည်းဆရာကြီးပဲဟာ။ အဲသလိုနဲ့ နှစ်ယောက်သားလျှောက်ပတ်ကြည့်လိုက်တာ ဂိုရ်ထိုင်နေခဲ့တဲ့ လက်ဘက်ရည်ဆိုင်ပြန်ရောက်တော့ အချိန်က နှစ်နာရီကျော်၊ သုံးနာရီနီးပါးလောက်ကို ကြာသွားတာ၊ ဆိုင်ရှေ့လည်းရောက်ရော မိုးကြီးက ထမင်းပြန်စားဦးမယ်ဆိုပြီး ဆိုင်ရှေ့ကိုယ့်ချပြီး လမ်းခွဲလို့ သူ့ကားလေးသူမောင်းရင်း ဆက်ထွက်သွားတော့တယ်။

ကိုယ်လည်း ခဏလောက် အမောဖြေပြီး ဆိုင်ကယ်လေးနဲ့ ကိုယ့်ဘာကိုယ် ထမင်းပြန်စားမယ်ပေါ့ဆိုပြီး အမောပြေနားဖို့ ဆိုင်ကလေးထဲဝင်လာ၊ ထိုင်နေကျ စားပွဲခုံတစ်ခုမှာ ထုံးစံအတိုင်း ပါလာတဲ့ သောတဲ့တွေ ပစ်တင်လိုက်ရင်း ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ် ဆိုရင်ပဲ ကောင်တာမှာထိုင်

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ဆိုင်ရှင် ကွမ်းစားဝတုတ်ကြီးက လှုပ်တီလှုပ်တဲ့နဲ့ထလာပြီး အသေအချာ သပ်သပ်ရပ်ရပ်လေးပိတ်ထားတဲ့ "ဆရာဗုံသို့"ဆိုပြီး လိပ်မူထားတဲ့ စာကလေး တစ်စောင် လာပေးတယ်။

"ဘာလဲ ဦးလူဝ၊ ကျွန်တော့်ကို မိတ်ဆက်တဲ့စာလား၊ ဒါမှမဟုတ် ပစ္စည်းအရောင်းကိစ္စ အဝယ်ကိစ္စ၊ OFFER ပေးတဲ့စာလား"

"မသိဘူးဗျ၊ လူငယ်ချာတိတ်လေးတစ်ယောက်က ခင်ဗျားနဲ့လေကြီး မိုးကြီး တွက်သွားပြီး မကြာဘူး လာပေးသွားတာ"

ပြောပြီး ဦးလူဝကြီးထွက်သွားတာနဲ့ လက်ထဲရောက်လာတဲ့ စာလေး ကို စိမ်ပြေနပြေလေး ဖောက်ကြည့်လိုက်တယ်။

"သို့

ချစ်ကိုကိုကြီး ဆရာဗုံခင်ဗျာ"

တဲ့ဗျ။ စိတ်ထဲလည်း အနည်းငယ်ကြည်နူးချင်သလို ဘဝင်မြင့်ချင် သလို ဘာလိုလိုတွေဖြစ်ပြီး အဖွင့်မှာတင် လူက ထိသွားပြီလေ၊ "အလဲ့ တယ် လည်း ချိုသာရိုးသားတဲ့ သူငယ်ပါလား"ပေါ့၊ ပြီးတော့ အောက်ကို ဆက်ဖတ် လိုက်တယ်။


"အစ်ကို့အလစ်ကို စောင့်ရတာ၊ လင်ကြီးအလစ်ကို ချောင်းနေရတဲ့ လင်ငယ်လိုပါပဲဗျာ၊ တစ်ရေးချစ်ခွင့်ကြင်ရနိုး၊ တစ်ရေး ချစ်ခွင့်ကြုံရနိုး အိုး ဟိုးဟိုး ဆိုတဲ့ သီချင်းထဲကလိုပေါ့"

ဟ ဘယ့်နှယ်ဟာကြီးလည်းပေါ့ ဆိုပြီး တွေးရပြန်တယ်။

"ကျွန်တော့်စာကိုဖတ်ပြီး အစ်ကိုတော့ နားမလည်ခြင်းကြီးစွာနဲ့ အံ့ ဩနေမယ်ထင်ပါရဲ့၊ ကျွန်တော်ရှင်းပြပါ့မယ် အစ်ကိုရာ၊ အစ်ကိုနားလည် အောင် ကျွန်တော်ရှင်းပြပါ့မယ်၊ ကျွန်တော့်စာဆုံးသွားရင် အစ်ကို လုံးဝရှုပ် ရှင်းပြတ်ပြတ်ကြီးကို နားလည်သွားမှာပါ"

ဟ ဒီကောင် ဘယ်သူလဲ၊ ဘာလဲ ဆိုပြီး စိတ်ထဲ ဇဝေဇဝါတွေ ဖြစ်ရပြန်တယ်။ ပြီးမှ ဆက်ဖတ်ကြည့်တော့

"ပထမဆုံး ကျွန်တော် ဘယ်သူဆိုတာ အစ်ကိုသိချင်နေပြီပေါ့၊ ပြောပြရမှာပေါ့အစ်ကိုရာ ပြောရမှာပေါ့၊ ဟိုတလောလေးက အစ်ကို့ဘေးနား



မှာထိုင်ပြီး ချောကလက်ပြားလေးတွေ ထိုင်စားနေတဲ့ အီမိုဆံပင်ကို မျက်နှာ တစ်ခြမ်းနီးပါး အုပ်ထားတဲ့ (အဲဒီဆံပင်ရဲ့အောက်မှာ ဒဏ်ရာအကြီးကြီးရှိနေ လို့ပါ)အင်္ကျီအဝါတောက်တောက်ကြီးကို ဝတ်ထားတဲ့ လူငယ်တစ်ယောက်ကို အစ်ကို ပြန်စဉ်းစားကြည့်လိုက်ပါ"

ဆိုတော့ အနည်းငယ် သတိရသလို ဖြစ်လာတယ်။ ဟုတ်ပ့ါ လွန်ခဲ့ တဲ့ နှစ်ရက်သုံးရက်လောက်က ခုစီးနေတဲ့ ဆိုင်ကယ်အသစ်ကျပ်ချွတ်ကလေး ဝယ်ပြီးခါစမှာ ဘေးနားမှာ အကြာကြီးထိုင်ပြီး ကလေးမဟုတ် ဘာမဟုတ်နဲ့ လူ့ သော့တွဲလေးကို လက်ထဲ တဝှေ့ဝှေ့နဲ့လုပ်လိုက်၊ စားပွဲပေါ် ချလိုက်၊ ပြီးတော့ ပြန်ကိုင်လိုက်နဲ့ ဂနာမငြိမ်စွာ ဆော့ကစားရင်း ချောကလက်ပြားတွေ တစ်ခု ပြီးတစ်ခု တပြတ်ပြတ်နဲ့ ထိုင်စားနေတဲ့ အပိုးမသေ ထောင့်မကျိုးနဲ့ ချာတိတ် လေးတစ်ကောင်ကို မျက်စိထဲ စူးခနဲ ပြန်မြင်ယောင်လာမိတယ်။

ဒါနဲ့ ဘာကြောင့် ဒီကောင်က ခုလို စာတစ်တန် ပေတစ်တန်နဲ့ လာလုပ်နေရတာလဲပေါ့။

"ကဲ အစ်ကို နည်းနည်းတော့ ပြန်မှတ်မိလာပြီထင်တယ်၊ အဲဒီတုန်း က အစ်ကို့ဘေးနားထိုင် သော့တွဲတွေနဲ့ ဆော့ကစားရင်း အစ်ကို့သော့ကို မှားချင်ယောင်ဆောင်ပြီး ကျွန်တော်စားနေတဲ့ ချောကလက်ပြားတစ်ခုထဲ နှစ် ထည့်ပြီး မို(ပုံစံတူ မိတ္တူ)လုပ်သွားတာပါ၊ (နောက်ဆို သော့ကို စားပွဲပေါ်ပစ် ပစ်ချထားတတ်တဲ့ အစ်ကို့ရဲ့ အကျင့်ကို ပြင်ဖြစ်အောင် ပြင်လိုက်ပါအစ်ကို)"

မို ဘာလဲ မို၊ မိုလုပ်ပြီး ဘာလုပ်မှာလဲ ဆိုပြီး ကိုယ့်ကိုယ်ကိုယ် မေးရင်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ စားပွဲခုံပေါ်က ခုန ရောက်ရောက်ချင်း ပစ်တင်ထားတဲ့ သော့တွဲတွေဘက် မျက်စိက ဖျတ်ဆို ရောက်သွားပြီး စိတ်ထဲ ထင့်ခနဲဖြစ်သွားတယ်။ ဖင်ကလဲ တွန့်ခနဲပေ့ါ။ ထိုင်ရမလို ထရမလို အီးပါချင်သလို သေးပေါက်ချင်သလိုဖြစ် ပြီး အဖြေတစ်ခုခုကို သိလိုက်ပြီးတဲ့ ကလေးငယ်တစ်ယောက်လို ကိုယ့်စိတ် ထဲ ရိုးတိုးရိတ်တိတ် သိလိုက်တဲ့အဖြေကို သူ့စာနဲ့ တိုက်ကြည့်လိုက်တယ်။

"အစ်ကို ရိပ်မိလောက်ပြီထင်ပါရဲ့၊ ကျွန်တော်တို့လောကမှာက မို ရှိရင် အတုရှိတယ်လေ၊ အစစ်ထက်ကောင်းတဲ့ အတုပေ့ါ အစ်ကိုရာ၊ အဲ ကြောင့် ပြောတာပေ့ါ၊ ကျွန်တော့်မှာ အဲဒီသော့တု ကလေးကိုင်ပြီး အစ်ကို့ အလစ်ကို စောင့်နေတာ တကယ်ပါဗျာ၊ တစ်ရက်နှစ်ရက်ကို တစ်ဂမ္ဘာ နှစ် ကမ္ဘာမက,ကို ထင်မိတာပါ၊ အစ်ကိုမကောင်းဘူး အားကြီးပါးတယ် သိလား၊

နောက်ဆုံးကျတော့ဗျာ၊ ကိုလေကြီးမိုးကြီးနဲ့ စကားစပ်မိပြီး အစ်ကို့ မှာ တောင်မင်္ဂလာကအိမ်တွေ ကိုင်ထားတာရှိတယ် ဆိုတာသိရပြီး ကျွန် တော်ဝယ်မယ် ဘာညာဆိုပြီး သူ့ကိုအယုံသွင်းပြီး အစ်ကို့ကို ခေါ်ထုတ်သွား ခိုင်းလိုက်ရတာပါ၊ သူက အစ်ကို့လောက်မလည်တဲ့ ပွဲစားလက်သစ် တုံးကြီး ဆိုတော့ ကျွန်တော်ပြောတာဆိုတာကို ယုံတာပေ့ါ၊ ခုလုပ်တဲ့ လုပ်ကွက်ထဲ မှာ လေကြီးမိုးကြီးက အပြစ်မရှိဘူးနော်၊ သူက ဘာမှမသိတဲ့ တုံး၊ ပေါသာ ရဲ့သားကောင်လေးပါ အစ်ကို၊ ဗွေမယူဘဲ ခွင့်လွှတ်ပေးလိုက်ပါ၊

ဒါပါပဲ ကျေးဇူးရှင် ချစ်ကိုကြီးရယ်၊ ကျန်တာတော့ကိုယ့်ဘာကိုယ် သာ ဖြည့်ဖျတ်စဉ်းစားယူပါတော့၊ အစ်ကိုက လူလည်ဆရာကြီးပဲဟာ

ကျေးဇူးရှင်အစ်ကိုကြီးရဲ့ ချစ်လှစွာသော

×××××

(P.S မေ့တော့မလို့ အစ်ကို ကျွန်တော်က ခုယူသွားတဲ့အစ်ကို့ဆိုင် ကယ်ကို တစ်နာရီမိုင်(၅၀)လောက်နဲ့ အေးရာအေးကြောင်း မောင်းသွားမှာဆို တော့ အစ်ကိုရောက်တဲ့အချိန်ဆို ကျွန်တော်ရောက်မယ့်နေရာ မှန်းကြည့်လိုက် ပါနော်၊ ကံမကုန်တဲ့တစ်နေ့မှာ ပြန်ဆုံတွေ့ကြတာပေ့ါ)

■ ဗုံဗလုံး



# သင်ယူချင်သူ



မိန်းမငါးယောက် ကလေး ၄၂ ယောက်ရှိသော အိန္ဒိယစော်ဘွား တစ်ဦးက ၎င်း၏အချစ်ဆုံးမိန်းမနှင့် တိုင်ပင်၏။

"အသက်သုံးလသားလောက် အင်္ဂလိပ်လေးတစ်ယောက် မွေးစား ကြရအောင်"

"ရှင်ကလည်း ကိုယ့်မှာလည်း ကလေးတွေ ဒီလောက်များနေတာ၊ ဘာလုပ်မလို့လဲ"

"ဟ ကိုယ့်မှာရှိတဲ့ ကလေးတွေက ကုလားတွေချည်းပဲကွ၊ အင်္ဂလိပ် လေးမွေးစားတော့ သူ စကားစပြောတဲ့အချိန်မှာ သူနဲ့ စကားပြောရင်း အင်္ဂ လိပ်စကား သင်လို့ရတယ်ကွ"

ဇီဝနိုင်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## ပုရွက်သံတော

သာယာလှပသော နံနက်ခင်းတစ်ခုတွင်ဖြစ်သည်။ ပေတိပေစုတ် အိမ်ကလေးတစ်လုံး၏ ထမင်းစားပွဲအောက်ခြေတွင် ပုရွက်ဆိတ်တစ်စု ပွက်လောရိုက်နေကြ၏။ တစ်ကောင်နှင့်တစ်ကောင် ခေါင်းချင်းဆိုင်လိုက်၊ တွတ်ထိုးလိုက်၊ ပြေးလွှားလိုက်ဖြစ်နေကြသည်။ သူတို့အနီးမှာတော့ ဧရာမထမင်းလုံးကြီးတစ်ခု။

ကြည့်ရတာ သူတို့အုပ်စု ထမင်းလုံးနှင့်ပတ်သက်၍ အစည်းအဝေးလုပ်နေကြပုံရသည်။ ဤတွင် တစ်ကောင်က မယောင်မလည်နှင့် ထမင်းလုံးနားကပ်လာပြီး တစ်ကိုက် ကိုက်ရန်ကြံသည်။ ဤအဖြစ်အပျက်ကို လက်မတင်လေးမြင်လိုက်သော နောက်တစ်ကောင်က တင်းကြမ်းပြေးတဲ့ပြီး ဘေးချင်းယှဉ်တိုက်လိုက်သည်။ 'မလုပ်နဲ့ နားကားသွားမယ်'ဆိုသည့်အကြည့်မျိုးနှင့် ခေါင်းကို ဆတ်ခနဲ လှုပ်ပြလိုက်သေး၏။ ကိုက်ဖို့ကြံသည့်အကောင် ရှိန်သွားပြီး ပြေးရှောင်သည်။

ထိုအကောင်၏အသိဖြစ်ဟန်တူသော အကောင်ထွားထွားတစ်ကောင်ရောက်လာသည်။ သူ့သူငယ်ချင်းကို ဘေးချင်းယှဉ်တိုက်လိုက်သောအကောင်အား ဘုကြည့်ကြည့်ရင်း 'မင်းက ပုရွက်ဆိတ်မိုက်လား'ဟူသောအထာနှင့် လှည့်ပတ်ဟန်ရေးပြနေ၏။



ထိုအချိန်တွင် ဘေးချင်းယှဉ်တိုက်ခဲ့သော ပုရွက်ဆိတ်၏ ဘော်ဒါများ စုရုံးစုရုံးရောက်လာသည်။ ဒါကိုမြင်တော့ တစ်ဖက်အကောင်ကလည်း နောက်လှည့်ကြည့်ပြီး လက်ဖျောက်တီးလိုက်၏။ မဝေးမနှောင်းမှာပဲ အပေအတေ ပုရွက်ဆိတ်ကလေးများ ရောက်လာလေ၏။ သေချာပြီ။ ဒါ 'ငြိဇယား'။

သူတို့ အသီးသီး တိုက်ကွက်အဖုံဖုံကို ပြင်လိုက်ကြ၏။ အားလုံးက တကယ်လုပ်မည့်ရုပ်တွေ။ ထိုသို့ရှိစဉ် ကြမ်းပြင်ပေါ် တဝေါဝေါဖြတ်တိုက်လာသော အသံကြီးကို သူတို့ကြားလိုက်ရသည်။ အသံက တဖြည်းဖြည်းကျယ်လာထက်ကျယ်လာသည်။ ပုရွက်ဆိတ်များအားလုံး အင်တာနာတံများ ထောင်သွားကြ၏။ အသံက နားမခံသာအောင် ကျယ်လာသည့်နောက်တွင် သူတို့အားလုံး လှည့်ကြည့်မိ၏။ သို့သော် နောက်ကျလေစွတကား။

အဘယ်ကြောင့်ဆိုသော် မည်းမည်းအရာဝတ္ထုကြီးတစ်ခုက သူတို့အားလုံးကို ဖြတ်သိမ်းသွားသောကြောင့်တည်း။ ဤသည်မှာ သူတို့ပုရွက်ဆိတ်လောက၌ မကြာခဏကြုံရသော တံမြက်စည်းမုန်တိုင်း ဖြစ်လေတော့၏။ ပုရွက်ဆိတ်များ တံမြက်စည်းနှင့်အတူ ပါသွားသည်။ တချို့လည်း လွင့်စင်မြောက်တက်ကုန်သည်။ အဖြစ်အပျက်က စက္ကန့်မျှသာ ကြာသည်ဆိုသော်လည်း သူတို့အားလုံး အထိနာသွားကြ၏။

ခုနက ရုပ်ပွရုပ်ပွဖြစ်နေသော နေရာက ချက်ချင်းရှင်းပြောင်သွားသည်။ ထမင်းလုံးကလည်း ဘယ်ဆီရောက်သွားသည်မသိတော့။

"သူနာပြုအဖွဲ့ ခေါ်ကြဟေ့"

ပုရွက်ဆိတ်ထဲမှ ရည်ရည်မွန်မွန်ရှိသော ပုရွက်ဆိတ်က ထအော်သည်။ ထိုကျမှ အားလုံးသတိဝင်သွားကာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို စတင်လေတော့၏။ အသေအပျောက်မရှိသော်လည်း ဒဏ်ရာရသည်က အတော်များသည်။

ထို့နောက်တော့ ပုရွက်ဆိတ်များသည် ထိုနေရာမှ ထိမ်ဖယ်လိမ်

www.burmeseclassic.com

www.burmeseclassic.com



ဖယ်နှင့် ဆုတ်ခွာသွားလေတော့၏။

× × ×

ပုရွက်ဆိတ်တစ်ကောင် ထမင်းစားပွဲနား ရောက်လာပြန်သည်။ သူက အခြေအနေကို လာလေ့လာခြင်းဖြစ်ပြီး ရိက္ခာရှာဖွေရေးအေးဂျင့်တစ်ယောက်လည်း ဖြစ်သည်။ ဒီတစ်ခါ သူရောက်လာပုံက မသိမသာနှင့် ဗိုင်လျှိုချဉ်းကပ်လာခြင်းဖြစ်သည်။ သူက အင်တာနာနှစ်ခုကို မတ်နေအောင် ထောင်ရင်း ပတ်ဝန်းကျင်ကို စောကြောလိုက်၏။

"ဝေါ ဝုန်း ကလုံ ခွမ်"

ဟော အသံတွေကြားရပြီ။ အသံတွေကြားရပြီ။ သူ့အတွေ့အကြုံအရ ပြောရလျှင် ဒါ စားပွဲပေါ်ကလာသည့်အသံ။ သူ့သမ္မာအရ ထပ်ဆင့်ပြောရလျှင် ဒါ လူတစ်ယောက် ထမင်းစားဖို့ ပြင်ဆင်နေသံ။ ဒါကြောင့် စားပွဲပေါ်မှာ ဝါးတီး တစ်ခုခုရှိနေတာ သေချာပြီ။ ထို့ကြောင့် သူရပ်တည်နှင့် အူမြူးသွား၏။

မကြာပါ။ 'တဂျွတ်ဂျွတ်'နှင့် ကျိတ်ဝါးနေသော အသံများကြားရသည်။ သူ ဗိုက်ဆာလာ၏။ ထို့ကြောင့် စားပွဲ၏ခြေထောက်မှတစ်ဆင့် အပေါ်တက်နိုင်အောင် သူ ကြိုးစားတော့၏။ အချိန်အနည်းငယ်အတွင်း သူ အပေါ်သို့ရောက်သွားသည်။ စားပွဲပေါ် ရောက်ရောက်ချင်း ထမင်းခြမ်းပဲ့လေးတစ်လုံးက ပေါ်တင်ကြီး သူ့ကို ဆီးကြိုနေသည်။ ထို့ကြောင့် ပီတိရင်ဝယ်ပိုက်ရင်း ထမင်းလုံးကို ကတိုက်ကရိုက်ပြေးဆွဲ၏။ အရေးထဲ ထမင်းလုံးက စားပွဲမှာ အစေးကပ်နေသေး၏။ သို့မူ သူက ဇွဲသမား။ ကီးသွင်းပြီး ဖင်လိန်ဆွဲသည်။ ဟော သူ ရပြီ၊ သူ ရသွားပြီ။ ထမင်းလုံးကို တွန်းလှိမ့်၍ ရသွားသဖြင့် သူ ဝမ်းသာသွား၏။ သို့သော် ထိုဝမ်းသာမှုက ရေရှည်မခံ ဝမ်းသာမှု။ ရုတ်တရက် ဖူးခနဲအသံနှင့်ထပ်တူ သူရော၊ ထမင်းလုံးပါ လေထဲမြောက်တက်သွား၏။

ထမင်းစားနေသည့်လူက သူ့ကို လေနှင့်မှုတ်ထုတ်လိုက်ခြင်းဖြစ်သည်။ ရင်ထဲတွင် အေးခနဲဖြစ်သွားပြီး ပြန်အကျတွင်တော့ ထမင်းလုံးနှင့်သူ နေရာချင်းဝေးသွား၏။ သူ ခါးနည်းနည်းမျက်သွား၏။ ကိစ္စမရှိ။ ဘေးဘီကို ဝေ့ကြည့်လိုက်တော့ ထမင်းလုံးကို မြင်သည်။ ခါးနာသမျှ ခဝါကျရင်း ထမင်း



လုံးနံဘေး သူပြေးကပ်မည်ကြံ၏။ သူရောက်လုအနေအထားတွင်တော့ ထမင်းလုံးဘေးတွင် အခြားပုရွက်ဆိတ်တစ်ကောင်။ ထိုအကောင်က ရှူးချင်ယောင်ဆောင်၍ ထမင်းလုံးကို မ,ပြေးဖို့လုပ်နေပြီ။

"ဟေ့ကောင် ရပ်လိုက်"

သူလှမ်းအော်သည်။ သူ့အနေနှင့်ကလည်း သက်စွန့်ဆံဖျားရယူလာခဲ့သော ရိက္ခာကို လက်လွှတ်မခံနိုင်။ ဟိုအကောင်က သူ့ကို လှည့်ကြည့်သည်။

"ဘာလဲ ဘာလဲ၊ ကိုယ့်လမ်းကိုယ်သွား၊ လာမပွားကြေး"

အရှူးကွက်နင်း၍ လှည့်ထွက်ရန်ကြံသည်။ သူကလည်း မခေသူမို့လား။ ပြေးလမ်းကြောင်းကို ပိတ်ရပ်ပြီး၊

"ဒါ ငါ့ဟာ၊ စားပွဲပေါ်က မ,လာတာ"

"မဟုတ်ပါဘူး၊ ငါ လမ်းလျှောက်ထွက်တုန်း ကျနေတာတွေ့လို့ ယူတာ"

"မှားတယ် ငါ့ဟာ"

"မှန်တယ် ငါ့ဟာ"

ဟိုအကောင်က ဖင်ပိတ်ငြင်းသည်။ သူကလည်း ပါးဖြဲနားဖြဲ ပြောသည်၊ ထို့နောက်တော့ ကြာလို့ ဟုဆိုကာ ထမင်းလုံးကို ဖြောင်ပင် ဝင်လုကြလေတော့၏။ ထမင်းလုံးက ဟိုဘက်ရောက်လိုက်၊ ဒီဘက်ရောက်လိုက်။ သူတို့အငြင်းအပျက်ကလည်း ဟိုဘက်တိုးလိုက်၊ ဒီဘက်တိုးလိုက်၊ တိုးရင်းနဲ့ငြင်းလိုက် ငြင်းရင်းနဲ့တိုးလိုက် ဖြစ်နေသည်။

ထိုအချိန် ပုရွက်ဆိတ်သုံးလေးကောင် ရစ်သီရစ်သီနှင့် ရောက်လာသည်။ သူတို့နှစ်ကောင်အနားတွင် အခိုက်အတန့် နန့်ကြောထရင်း (ရုပ်ပွမ်ပွ)လုပ်နေကြသေးသည်။ ဒီကောင်တွေက ပုရွက်ဆိတ်လောကတွင် ငပွကြီးများဖြစ်သည်။ မကြာပါ။ ထိုအကောင်များ ပြေးထွက်သွား၏။ သူတို့ပြေးပုံက ရှပ်ရှင်ကား ခွေရစ်လိုက်သလို တော်တော်မြန်သည်။ ပြန်အလာတွင်တော့ သူတို့နှင့်အတူ ပုရွက်ဆိတ်နှစ်ဖွဲ့ပါ ပါလာလေတော့၏။ ကြည့်နေရင်းမှပင် ပမ်းဝမ်းချင်းဆွဲနေသောပွဲမှသည် အုပ်စုလိုက် ဝတ်ကြီးကျပွဲကြီး ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ် ကောင်
ခါးကျိုးသွားသည့်အချိန်တွင်တော့
သူတို့အဖွဲ့ ဖရိုဖရဲ ဖြစ်ကုန်ပြီ။
အခြေအနေက
အောက်ကျေးပေါက်နေပြီ
ဖြစ်သောကြောင့် ဆက်သွယ်ရေး
တာဝန်ခံ ပုရွက်ဆိတ်တစ်ကောင်ကို
သူ အချက်ပြလိုက်ရ၏။



သူပါဝင်သောအဖွဲ့က အုပ်စုပိုတောင့်သည်။ တစ်ဖက်အဖွဲ့ကလည်း အရေအတွက်နည်းပေမယ့် အကောင်ထွားထွားကြီးတွေ ဖြစ်သည်။ အနေအထားက သူမသာ ကိုယ်အသာ။

"လုပ်ပါဟ ဆွဲပါဟ ဝေးဟေးဟေးဟေး"

"ကျိတ်ထား ငါ့ကောင်တို့၊ မညှာကြနဲ့ဟ ဝိုးဟိုးဟိုး"

တစ်ချီတွင် သူ့အုပ်စုမှ တစ်ကောင်ခြေကျိုးသွား၏။ တစ်ကောင် လျှော့လျှင်လျှော့ခြင်း တိုက်စစ်ကျသွား၏။ သို့သော် ကောင်တာတော့ အပေါက်မခံကြသေး။ ရှိသမျှအင်အားနှင့် အမုန်းဆွဲနေကြတုန်း။ သို့သော် နောက်တစ်ကောင် ခါးကျိုးသွားသည့်အချိန်တွင်တော့ သူတို့အဖွဲ့ ဖရိုဖရဲ ဖြစ်ကုန်ပြီ။ အခြေအနေက အောက်ကြေးပေါက်နေပြီ ဖြစ်သောကြောင့် ဆက်သွယ်ရေးတာဝန်ခံ ပုရွက်ဆိတ်တစ်ကောင်ကို သူ အချက်ပြလိုက်ရ၏။ ဆက်သွယ်ရေးတာဝန်ခံကလည်း လျင်သည်။ မပင်ပန်းလျှင်ပြီးရောဆိုသည့်ဆိုဒ်နှင့် ဌာနချုပ်ရှိရာ ပြေးလေတော့၏။ မြန်သလားမမေးနှင့်၊ လေဟာပ်သည့်အသံတောင် ဝီးခနဲ။

သူတို့အခြေအနေကတော့ တော်တော်ဆိုးသွားသည်။ ထမင်းလုံးက



တစ်စတစ်စနှင့် ဟိုဘက်ပါတော့မလို ဖြစ်နေပြီ။

× × ×

ပျားတုပ်နေသော ဗရုတ်သုတ်ခ အခြေအနေတွင် ကျားခနဲအော်သံနှင့်အတူ သူ့ဘက်မှ စစ်ကူအဖွဲ့ရောက်လာသည်။ ဆက်သွယ်ရေးတာဝန်ခံ အချိန်မီ သတင်းပို့နိုင်လိုက်ပြီဟု သူသိလိုက်၏။

စစ်ကူရောက်လာသောကြောင့် အခြေအနေက ရုတ်ခြည်းပြောင်းလဲသွား၏။ ထမင်းလုံးသည် သူတို့ဘက်သို့ ပြောင်းလဲရွေ့လျားလာသည်။ ဒီတော့လည်း တစ်ဖက်အဖွဲ့အစည်းကကောင်တွေက ပျာပြီ။ ထို့ကြောင့် ဗျူဟာတစ်မျိုးပြောင်းရန်ပြင်သည်။

"ငါတို့ ဒီလိုနည်းနဲ့တော့ အနိုင်ယူလို့ မရဘူးဟေ့၊ ဒီတော့ ထမင်းလုံးကို မဆွဲဘဲနဲ့ ပြန်တွန်းကြမယ်၊ ဒါမှ ဒီကောင်တွေအကုန်ပြားမှာ၊ ဒါဆို ငါတို့ပိုင်ပြီ"

တစ်ဖက်အဖွဲ့၏ ဂိုဏ်းစတားဖြစ်ဟန်တူသူ ပုရွက်ဆိတ်က အောက်ပါအတိုင်းအော်သည်။ ထို့နောက် ပြိုင်တူ ဝမ်း တူး သရီးဟုအော်ကာ တက္ကနစ်ကို ပြောင်းချလိုက်၏။ ဤတွင် သူတို့ဆွဲနေသော ထမင်းလုံးက အပေါ်ပုံကျလာသည်။

"အား ဝါးလားလား"

"အဘား သေပါပြီဗျ"

"အောင်မြတ်လေး၊ ကျိုးပါပြီ ခေါင်း"

သူ့အဖွဲ့တစ်ခုလုံး ရန်သူ၏မာယာပရိယာယ်သွယ်ယှက်မှု အောက်တွင် စုတ်ပြတ်မှုအပေါင်း သရဖူဆောင်းကုန်တော့၏။ အင်အားထက်ဝက်ခန့် ပြားသွားသည်။ မရ၊ ဒီလိုနည်းနှင့်မရတော့၊ ထို့ကြောင့် . . ။

"တက်"

အထူးပုရွက်ကွန်မန်ဒိုတပ်ဖွဲ့ကို သူ အမိန့်ပေးလိုက်သည်။ ဒီတစ်ခါတော့ သူတို့ပုံစံက အရိုးကြေကြေ အရည်ခမ်းခမ်း လုပ်မည့်ပုံပေါ်သည်။ ဂိုဏ်းစတားအဖွဲ့ ပြူးကုန်၏။ ဟုတ်သည်။ ဤတစ်ကြိမ်တွင်တော့ သူတို့အဖွဲ့သည် ထမင်းလုံးကိုမဟုတ်ဘဲ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အသေလျှော့ရန် တက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်မဟုတ်လော။

"ဟော့ကောင်တွေ ငါတို့ကိုတိုက်တော့မယ်၊ အသင့်ပြင်"

ဂိုဏ်းစတား ပုရွက်ဆိတ်က လှမ်းအော်သည်။ အဖွဲ့သားများကလည်း ခြေလက်အစုံကို တောင့်တောင့်ရပ်ရင်း အင်တာနာများကိုထောင်ကာ ထိပ်တိုက်ရင်ဆိုင်ကြတော့၏။ အားလုံး ရှုပ်ယှက်တွေခတ်လို့။ တိုက်ပွဲဖြစ်သံ တညံညံ အလန့်ဇယား ဖြစ်ကုန်သည်။ တိုက်ပွဲ၏ဆူညံမှုတွင် ခြေပြတ်လက်ပြတ်တွေ ပလူပျံသမှုပြုကုန်ပြီ။ သို့သော်။ ထိုမှခဏ တဒင်္ဂ၌၊

ပုရွက်ဆိတ်လောက၏အကြီးအကျယ်ဆုံးသော တိုက်ပွဲကြီးသည် ရီမုခလုတ်၌ ပေါ့စ်(Pause)လုပ်လိုက်သလို ရုတ်တရက်ရပ်တန့်သွား၏။

အကြောင်းမူကား ပုရွက်ချင်းချင်း စစ်ခင်းသည်ကို အကြောင်းပြု၍ ထမင်းလုံးအား ပုရွက်နောက်တစ်ဖွဲ့က လာရောက်လုယူသွားသောကြောင့်ပင်။ နောက်တိုးအဖွဲ့ကို C.Group ဟု အမည်ပေးကြပါစို့။

ရန်ဖြစ်နေသော ပုရွက်ဆိတ်နှစ်ဖွဲ့ မှင်သက်သွား၏။ တစ်ဖွဲ့မျက်နှာတစ်ဖွဲ့ ပြန်ကြည့်မိသည်။ ထမင်းလုံးမ,သွားသော အဖွဲ့ကလည်း ဖြောင့်ပင် ခပ်တည်တည်နှင့် မ,သွားတာ အဝေးရောက်နေပြီ။ သူသိလိုက်ပြီ။ ဒါ အကွက်ဆန်း။ ရှုပ်တည်နှင့် ဟာကယ်လုပ်သည့်အကွက်။ ထို့ကြောင့် လက်ရှိတိုက်နေသော ပွဲကို ခဏရပ်ရင်း တစ်ဖက်ဂိုဏ်းစတားအုပ်စုကို ရှိုးသည်။ ဟိုဘက်အဖွဲ့သားများ၏ မျက်ဝန်းတွင်လည်း ချစ်ကြည်ရေးအရိပ်အယောင်များ ယှက်သန်းနေပြီ။ အဖွဲ့ခေါင်းဆောင် အချင်းချင်း ခေါင်းဆတ်ပြလိုက်၏။ ပေါင်းမိပြီ။ သူတို့နှစ်ဖွဲ့ ပေါင်းမိပြီ။ ထို့ကြောင့်၊

"လိုက်ကြဟေ့၊ ငါတို့တိုက်ပွဲဖြစ်နေတာ အခွင့်ကောင်းယူပြီး ဝင်လုတဲ့ကောင်တွေ၊ လိုက်"

"ဆော်ပစ် အပြတ်ဆော်ပစ်"

ပုရွက်ဆိတ်နှစ်ဖွဲ့ပြန်ပေါင်း၊ ပြီး C.Group နောက်လိုက်သည်။ ထို့နောက်တော့ ဘာပြောကောင်းမည်နည်း။ အားရပါးရ ပြန်လုကြသည်ပေါ့။ အနေအထားက နှစ်ဖွဲ့-တစ်ဖွဲ့။ သို့ပေမယ့် နှစ်ဖွဲ့က ပွဲပန်းထားခြင်းကြောင့်တစ်ကြောင်း၊ လူစုံမထုတ်နိုင်တော့ခြင်းကြောင့်တစ်ကြောင်း၊ အင်အားက မ



တိမ်းမယိမ်း။ ထမင်းလုံးက ဟိုဘက်တိုးလိုက် ဒီဘက်တိုးလိုက်၊ တိုးရင်းနဲ့ (အဲလေ)ဒယ်,ဒယ်ကြေးပဲဆိုပါတော့။ နှစ်ဖွဲ့လုံးက အားသွန်ခွန်စိုက် ဆွဲကြ၏။ ထမင်းလုံးကလည်း 'အနူစုပ်သည့် သရက်စေ့ပမာ'အပွဲပွဲအရွဲ့ရွဲ့။

C.Group က တက္ကနစ်ပိုစုံသည်။ ထမင်းလုံးကို ဆန့်ကျင်ဘက်ဆွဲရာမှ ဘေးမှပတ်ဆွဲသည်။ ခွဲဖြာ၍ဆွဲသည်။ ဒါကို 'ဝါရိဝေဂ'ဗျူဟာ ဟုခေါ်သည်။ ရေအလျဉ်ကဲ့သို့ သိမ်းယူသော စနစ်ပေါ့။ အခြေအနေက နှစ်ဖွဲ့ဘက်မှပင် အားနည်းလာသလိုရှိသည်။ သို့သော် အလျှော့တော့မပေး။ အားလုံးက ဖွဲ့သမားတွေချည်း။ ဤသို့ဖြင့် မိနစ်အနည်းငယ်မျှ 'ဖင်သလောင်းလန်'အောင် ကြိုးစားပြီးချိန်တွင် သူတို့အားလုံး မောဟိုက်ဆာလောင်လာ၏။ ဘယ်က,မည်နည်း။ ခြေကုန်လက်ပမ်းကလည်း ကျလာပြီ။

သူတို့ခမျာ ပင်သာပင်ပန်းနေကြသည်။ စားခွင့်တော့ မရကြသေး။ အလျှော့ပေးလိုက်လျှင်လည်း တစ်ဖက်အဖွဲ့က အောင်ပွဲခံစားသောက်ကြမည်ကို မနာလိုမရှုစိမ့်ကြ။ အမှန်တော့ တစ်ကောင်စီစားသုံးရင်တောင် ထမင်းလုံးက သူတို့အားလုံး စားလောက်ရုံမက ပိုသေးသည်။ ဘလိုင်းကြီး မာနကြီးနေခြင်းတည့်။ မာနပါလာပြီဆိုတော့ နောက်မှာ အတ္တ။ သိတဲ့အတိုင်း အတ္တပါပြီဆိုလျှင် လောဘကလည်း ဝင်လာပြီ။ ဝင်လာပြီနော် လောဘ။ ဩော် ဇာဝီလောကဘနောက်မှာ ပွားလိုက်ကြတာ၊ ပွားလိုက်ကြတာ၊ အပူမီးတွေ၊ အပူမီး(အဲ) ရှုပ်ကုန်ပြီ။ ဒါနဲ့ အဲဒီလိုနဲ့။

ပြောရရင် ဒီလို 'ဘာညာကွိကွတွေ၏ နောက်ပိုင်းမှာတော့ သူတို့စွမ်းဆောင်ရည်တွေ သိသိသာသာကျဆင်းလာ၏။ ထမင်းလုံးက ဘယ်ဖက်မှ မရောက်တော့။ တစ်ကောင်ပြီးတစ်ကောင် လဲကျရင်း ထမင်းလုံးအား စွန့်ခွာနေကြရပြီ။ သူကိုယ်၌ပင် မျက်ဖြူဆိုက်၍ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေပြီ။ အားလုံးထဲတွင် တစ်ကောင်တည်းချွန်၍ မာန်တက်နေသည်က C.Group ၏ ဂိုဏ်းချုပ် ပုရွက်ဆိတ်။ အားလုံးမောဟိုက်နွမ်းလျနေချိန်တွင် တဆတ်ဆတ်တုန်နေသောဒူးများကို အားစိုက်ရင်း ထမင်းလုံးကို ထမ်းပြေးဖို့ကြံသည်။ သို့သော် ခါးမသန်၊ မာန်ကြီးခြင်းသာတည်း။ ထမင်းလုံးကို သူ မ,ရှ်ရ။ တွန်းလှိမ့်ရန်လည်း အားကမရှိ။ လဲနေသော ပုရွက်ဆိတ်တွေထဲက ဘယ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



များ ထလာဦးမလဲ သူကြည့်သည်။

“ဟားဟား တစ်ကောင်မှမပေးဘူး ဒါ ငါ့ဟာကွ”

C.Groupဂိုဏ်းချုပ် သတိလက်လွတ်ဖြစ်ချေပြီ။ တစ်ယောက်မှ ကပ်မလာနဲ့ဟူသည့်သဘော ထမင်းလုံးကိုလှည့်ပတ်ကာကွယ်နေ၏။ အမှန်က ဘယ်ကောင်မှ မထလာနိုင်တော့။ အစားတစ်လုပ်အတွက် အသက်တော့ မစတေးလိုကြပြီလေ။ ထိုအခိုက်. .

× × ×

ဖျတ်ခနဲ ထမင်းလုံးကို ထိုးဟပ်လိုက်သည့် အိမ်မြှောင်တစ်ကောင် ထွက်လာသည်။ အိမ်မြှောင်က စားပွဲအခြေမှတစ်ဆင့် စားပွဲပေါ် တက်သည်။ ထိုမှတဖန် အိမ်ထရံပေါ် တွယ်ကပ်သွား၏။ ထိုအခြင်းအရာကြောင့် ပုရွက်ဆိတ်အားလုံး ငုတ်တုတ်မေ့သွား၏။ C.Group ဂိုဏ်းချုပ်ပုရွက်ဆိတ်လည်း ထမင်းလုံးနှင့်အတူ အိမ်မြှောင်ပါးစပ်ထဲ တွန့်ကာလိမ်ကာ ပါသွားလေ၏။ ပြီးပြီ။ အရာအားလုံးက ပြန်လည်တိတ်ဆိတ်သွားသည်။

အခွင့်ကောင်းစောင့်နေသော ပုရွက်ဆိတ်အရာရှိများလည်း ခပ်တည်တည်နှင့် ရောက်လာ၏။ နေရာကျပြီ မဟုတ်လော။ ဇာတ်လမ်းမဆုံးသေးလို့သာ စောင့်နေရတာလေ။

“ကဲ ကဲ အားလုံးဖမ်းချုပ်လိုက်ကြဟေ့၊ တော်တော်ဆိုးတဲ့ကောင်တွေ၊ သေကုန်တော့မှာပဲ၊ အတန်တန်မှာထားရက်နဲ့”

စသည်ဖြင့် ဘာညာပြောဆိုကာ ပြန်လည်ထွက်ခွာ၏။ ဒဏ်ရာရ ပုရွက်နာများကတော့ ထမ်းစင်ပေါ် တထွေးကြီးပါသွား၏။ သူတို့အားလုံး ဗိုက်ကလည်းဆာသည်။ ကိုယ်လက်တွေလည်း နာနေသည်။ ဤသို့ ဆာ နာမှုများဖြင့် သံဝေဂတရားရစဉ် ထရံပေါ်က အိမ်မြှောင်နှစ်ကောင် ဖိုက်တင်ပလေးနေသံကို ကြားဖြစ်အောင် ကြားရသေးသည်။ လှမ်းကြည့်တော့ ဟုတ်ပ။ ထမင်းလုံးခများ ဟိုဘက်တိုးလိုက်၊ ဒီဘက်တိုးလိုက်။

ခ ဏ အ ရ ယ် လှူ တဲ့

■ ဂ. ကြည်သူ

## ဆွိုးတိုးအက်ဖ်အမ်

# ဆွိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



# ဆို့တီးအက်ဖ်အမ်

မင်္ဂလာညကြီးပိုင်းပါရှင်။ ခုလို ညကြီးပိုင်းများမှာ ညစဉ်မပြတ် ထုတ်လွှင့်နေတဲ့ ဆို့တီးအက်ဖ်အမ် အစီအစဉ်များ စတင်တော့မှာမို့ နားဝွမ်းဆို့ သူဆို့၊ ပို့သူပို့ ဖြစ်ကုန်ကြပြီ မဟုတ်လား ဟား ဟားဟား မကြောက်ပါနဲ့ရှင်။

ဒီကနေ့ ညကြီးပိုင်းမှာ ထုတ်လွှင့်မယ့်အစီအစဉ်ကတော့ "ကွက်သစ်လွင်ပြင်" အစီအစဉ်ပဲ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ဘယ်သူကမှ စပွန်ဆာ မပေးတာကြောင့် အမိုးမပါ အကာမရှိ ပရိသတ်နတ္ထိနဲ့ လူသူဝေးရာ ကွင်းပြောင်ပြောင်မှာ တင်ဆက်ရမှာမို့ "ကွက်သစ်လွင်ပြင်" အစီအစဉ်လို့ အမည်ပေးထားတာပါ။



*ငါတို့ကတော့ ဝိုင်းနှိပ်စက်တဲ့ စုန်းအိုမကြီး မိသားစုလား။ နင့်ဟာနင် ဘာတောင်ကြီးဖြစ်ဖြစ် နင့်မိဘဟာ နင့်မိဘပဲ သဘောပေါက်။*

***MELODY(-)***

"အောင်မလေး ကောင်းလိုက်တာ ဒေါ်ရဲကြီးရယ်၊ ကျွန်မမှာ ကြည့်ရင်းနဲ့ ကြက်သီးတောင်ထလာတယ်"

"သမီးရယ် အန်တီလဲ ရင်ဖွင့်လိုက်ရလို့ ခုမှပဲ ပေါ့သွားတော့တယ်။ အန်တီအဆို ဘယ့်နှယ်နေလဲဟင်"

"အား ဝါသနာရှင်လို့ မထင်ရဘူး၊ တကယ့်ပညာရှင်ကြီးတစ်ယောက် ဆိုနေသလိုပဲ၊ ခုလို လာရောက်သီဆိုဖျော်ဖြေပေးတာ ကျေးဇူးတင်ပါတယ်"

"အန်တီကလဲ ရင်ဖွင့်လိုက်ရလို့ ကျေးဇူးတင်ပါတယ်ကွယ်"

ဟုတ်ကဲ့ပါ။ လင်းအရုဏ်ရောင်နီသန်းလာပြီဖြစ်တဲ့အတွက် ဒီကနေ့ ညကြီးပိုင်းအစီအစဉ် ဒီတွင် ပြီးဆုံးပါပြီ။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရှင်။

■ ဆို့တီး

**မြေကြီးနဲ့ထိမှ**

အရက်သမားတစ်ဦး နှစ်ထပ်အဆောက်အဦးပေါ်မှ ဒယီးဒယိုင်နှင့် ပြုတ်ကျသွား၏။

လာပြေးကြည့်သော သူငယ်ချင်းက မေးသည်။

"ဟေ့ကောင် ပြုတ်ကျတာ တော်တော်နာသွားလားကွ ဟေ"

"ပြုတ်ကျတုန်းကတော့ ရွတ်ခနဲပဲ၊ လုံးဝမနာဘူး၊ မြေကြီးနဲ့ ထိမှပဲ ငါ့မယ် တော်တော်ကို အီစလံဝေသွားတယ်"

www.burmeseclassic.com

# မယောက်ျ
# မယားကြောက်

ဥက္ကာမင်းဆက်



www.burmeseclassic.com

www.burmeseclassic.com



# မယောက်ျား မယားကြောက်

ကျွန်ုပ်သည် ကျွန်ုပ်ပင်ဖြစ်သည့်အလျောက် ကျွန်ုပ်နှင့်ပတ်သက်သူများအပေါ် ကျွန်ုပ်ကိုယ်ကျွန်ုပ်လောက် အထင်မကြီးရကား ကျွန်ုပ်ဘာသာ ကျွန်ုပ်တစ်ယောက်တည်း ကျွန်ုပ်မှလွဲ၍ အခြားကျွန်ုပ်မရှိဟု ကျွန်ုပ်ကိုသာ ကျွန်ုပ်ဇန်းတင်ပြီး ကျွန်ုပ်ဟာကျွန်ုပ်နေနေသည့်အချိန်၌ ကျွန်ုပ်၏တူတော်သူ နှစ်ယောက်သည် ကျွန်ုပ်ထံသို့ ကျွန်ုပ်မဖိတ်ခေါ်ဘဲ ပေါက်ချလာ၏။ (အောင်မယ်လေး များလိုက်တဲ့ကျွန်ုပ်တွေ)

သူတို့နှစ်ဦး၏ အမည်သညာကိုဖွင့်ဟပြီး မိတ်ဆက်ခြင်းသမှုပြုရမည်ဆိုပါလျှင် အသားညိုညို အရပ်ထောင်ထောင်အကောင်မှာ မောင်တင်အောင်ဖြစ်ပြီး အသားဖြူဖြူ နောက်စေ့ထွက် လူဗလန်ငနဲကတော့ မောင်ကောက်ချိတ်ဖြစ်ပါသည်။

သူတို့လာရောက်ကြခြင်း အကြောင်းရင်းမှာကား ကျွန်ုပ်ကို ခေါင်သူကြီးထား၍ ပြဿနာတစ်ခုကိုအဖြေရှာရန်အတွက်ဖြစ်၏။ အနှီပြဿနာသည်ကား အဘယ်နည်း၊ ရှင်းပါအံ့။ ယနေ့ ကမ္ဘာ့လူသားအိမ်ထောင်သည်ယောကျ်ားများထံ၌ အများဆုံး စွဲကပ်နေသည့်ရောဂါ (အမှန်တော့ ယခုမှမဟုတ်၊ ကမ္ဘာဦးအစကတည်းက ဖြစ်ခဲ့ဟန်တူ၏) မိန်းမကြောက်သည့် ပြဿနာအတွက်ပင်တည်း။

နှစ်ယောက်စလုံးက မိန်းမအလွန်ကြောက်ရသည်ကို ဝန်ခံ၏။ သို့သော် သူပိုကြောက်သည် ငါပိုကြောက်သည်ကိုတော့ ငြင်းခုန်နေကြ၏။ သို့ကြောင့်လည်း သူတို့နှစ်ယောက် မည်သူက ပိုကြောက်သည်ကို ရှင်းလင်းစေအံ့သောငှာ ကျွန်ုပ်ထံသို့ ရောက်လာခဲ့ခြင်းပင်ဖြစ်၏။



**သူပြောသည့်စကားများစွာထဲမှ မိန်းမလေတက်လျှင်တောင် လေထွက်အောင်ကြောက်သည်ဟူသော စကားကို ကျွန်ုပ် စိတ်ဝင်စားလှသည်နှင့်**

ကျွန်ုပ်သည်ကား ဆရာ့ဆရာကြီးဟု ပြောင်ပြောင်ကြီး အမည်ခံထားခဲ့သော်ငြား မည်သည့်အရာကိုမှ ဟုတ်တိပတ်တိ သိသူမဟုတ်။ အိမ်ထောင်သားမွေးကိစ္စ၊ မိန်းမသနာကိစ္စနှင့် ပတ်သက်လာလျှင် ပိုဆိုး၏။ နကန်းတစ်လုံးမှ နားမလည်။ သို့သော်ငြား ဆရာကြီးပီပီ ဟန်ကတော့ ကောင်း၏။ မတစ်ထောင်တစ်ကောင်ဖွားသဏ္ဍာန်၊ မတစ်ရာကျမ်းကျေသည့်အလား စတိုင်လ်ကတော့ ထွားထားရ၏။ သူတို့နှင့်ယှဉ်လျှင် ဝါရင့် သမ္မာရင့် ပဏ္ဍာတင့်နေဖို့လိုသည်မဟုတ်ပါလား။ (ဤကား စကားချပ်)

"ဦးအုပ် စဉ်းစားကြည့်ပါ"

"အိမ်း ဆိုလကွာ"

"ဒီကောင်တင်အောင် မိန်းမကြောက်ပုံ ပြောပါတယ်"

မောင်ကောက်ချိတ်က ထိုသို့အစချီပြီးသကာလ မောင်တင်အောင် မိန်းမကြောက်ပုံ ကြောက်လတ်များကို အမြှုပ်တစီစီထွက်သည်အထိ ပြောလေတော့၏။ မိန်းမကို စေ့စေ့မကြည့်ရဲပုံ၊ မိန်းမနှင့်ပတ်သက်လာလျှင် စေသည့်ကျွန်၊ ထွန်သည့်နွား၊ ဝါးသည့်ကွမ်း၊ ကျွမ်းသည့်ကင်ဆာ၊ မနာသည့်ဆစ်ဖလစ်၊ အဖြစ်စနစ်ပေါင်း စုံနဖာစေ့အောင် ဆိုလေတော့၏။ ကျွန်ုပ်မှာ ထိုသူငယ် အမြှုပ်လျှံမကျအောင် အခါးရည်လှိုင်လှိုင်ငှဲ့ပြီး ကမ်းပေးနေရတော့သည်။ သောက်ရင်းပြော ပြောရင်းသောက်၊ အာပေါက်မတတ်ပင်တည်း။ လူချင်းတည့်တည့်မပြောနှင့်၊ မိန်းမက ဖုန်းဆက်လျှင်တောင် အကြောက်လွန်ပြီး ဟိုအောက်ဝင်ပုန်းရမလို၊ ဒီချောင်ပင်ကွယ်ရမလို ဖြစ်ပုံများကို သွားရည်တမြားမြားကျအောင်ပြောပြီး သရုပ်ပါဆောင်ပြသွားသေး၏။ သူမောသွားမတော့ မောင်တင်အောင်၏အလှည့် ရောက်လာသည်။

"ဥအုပ်တွေး"

"ဦးတူ၊ ကိုယ့်ဦးကို အဲဒီလောက် အချစ်မသည်းနဲ့လေ၊ ဦးမိုတာလေးကိုတော့ ပီအောင်ခေါ်ပါကွာ၊ မင့်ဟာကြီးက"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ခပ်ဟန့်ဟန့်ဆိုလိုက်ရာ မောင်တင်အောင်က ကျိုးနေသော အံသွားပေါ်အောင် စပ်ဖြဲဖြဲရယ်၏။

"မင်းသွားက ဘာကြောင့် ကျိုးနေရတာတုန်း"

"ဒီကောင့်လို မိန်းမ မရှိခိုးလို့ပေါ့ ဦးအုပ်ရယ်၊ အဟဲ"

ထိုမှအစပြု၍ မောင်ကောက်ချိုတ်၏မိန်းမကြောက်ပုံ ကြောက်နည်းများကို တရစပ်ဆိုတော့၏။ သူပြောသည့်စကားများစွာထဲမှ မိန်းမလေတက်လျှင်တောင် လေထွက်အောင်ကြောက်သည်ဟူသော စကားကို ကျွန်ုပ်စိတ်ဝင်စားလှသည်နှင့်၊

"နေပါဦး၊ လေတက်ရင် လေထွက်တယ်ဆိုတာ ဘာကိုဆိုတာတုန်း"

ဟုမေးလိုက်ရာ မောင်တင်အောင်က ဤသို့ရှင်း၏။

"ဒီလိုဦးအုပ်ရဲ့၊ တစ်နေ့ ကျွန်တော် သူ့အိမ်သွားလည်တော့ သူက အလုပ်သွားဖို့ ထွက်လာချိန်နဲ့ဆုံတယ်၊ ဒီအချိန်မှာ သူ့မိန်းမက အိမ်ထဲကနေ 'အေ့'ခနဲ လေတက်လိုက်တဲ့ အသံကြားတာနဲ့ ဒီကောင် ကြောက်လန့်လွန်ပြီး ပါးစပ်က 'အမလေး'လို့တ ဖင်ကလည်း'ဘူ'ဆိုအသံထွက် ဟီးဟီးဟီး"

ပြောပြီး လိမ့်နေအောင်ရယ်၏။ မောင်ကောက်ချိုတ်က မျက်နှာငယ်လေးနှင့်

"အဲဒီအချိန်က ငါလေပွနေလို့ပါကွာ"

ဟုဆို၏။

"လေပဲပွပွ၊ လေပဲထထ၊ မသိဘူးကွာ၊ ဒါပေမယ့် မင်းသမိုင်းမှာတော့ လေတက်လို့ လေထွက်တယ်ဆိုတာကြီးက ပါသွားပြီ၊ ဟီးဟီး အဲဒါနဲ့ ဦးအုပ်ရယ်၊ ဒီကောင်လေ 'လာပြီ မိန်းမ'ဆိုပြီး ကျွန်တော့်ကိုတောင် ဂရုမစိုက်ဘဲ လက်ကလေး နောက်ပစ်လို့ ပြေးတက်သွားလိုက်တာ တန်းနေတာပါပဲ၊ သူ့မိန်းမက 'လေတက်တာလား၊ ခေါ်တာလားတောင် မသိတဲ့ကောင် လုပ်ထည့်လိုက်ရ'ဆိုမှ ရှက်ပြေလုံးပြီး ပြန်ဆင်းလာတာ၊ ဟီးဟီးဟီး"

ကျွန်ုပ်သည် ထိုသူငယ်များ၏အကြောင်းကို တွေး၏။ ထို့ကြောင့် ကျွန်ုပ်ရှိ၏။ ဒဿနအိုတွေနဲ့ ရောကုန်ပြန်ပြီဗျာ။ ဆောရီး။ ထိုသူငယ်များသည်ကား ဆိုက်ကိုအဖက် သက်ဝင်နေကြခြင်းပင်တည်း။ လောက၌ ငါ့ထက်



ပိုကြောက်သူရှိသည်ဆိုသည့် သဘောမျိုးနှင့် အားဆေးတင်ချင်နေကြသောကြောင့် ဤမျှလောက် ငြင်းခုံနေကြခြင်းပင်တည်း။ သို့မို့ကြောင့် သူတို့စိတ်ချမ်းသာမှုရအောင် ကျွန်ုပ်ကြံဆောင်ရပေတော့မည်။ ပထမဦးဆုံးအနေနှင့် အောက်ပါကဗျာလေးကို သူတို့အတွက် ရေးပေးလိုက်၏။

လူကိုယ်တိုင်ရောက်မလာပါဘူး
တယ်လီဖုန်းက ဟောက်ရင်တောင်၊
အသားတုန်အောင် ဂယောင်ခြောက်
ကြောက်တဲ့တင်အောင်၊
အနေခက်လို့ လေတက်ရင်တောင်
အခြေပျက်အောင် သူရင်ထိတ်၊
မေအတွက် ဖေမရှက်နိုင်ပေါင်
လေထွက်အောင် ကြောက်တဲ့ကောက်ချိုတ်။

သူတို့နှစ်ဦး၏ ထူးထူးခြားခြားကြောက်သည့်အကွက်များကို အထက်ပါအတိုင်း ဦးစွာဖွဲ့လိုက်၏။ ပြီးနောက်တွင်မှ ဤသို့ဤနှယ် အဆုံးသတ်ပေးလိုက်လေတော့သည်။

အရိပ်ကိုတောင်
ထိတ်ဖို့အောင် ကြောက်သူချင်းမို့
ငြင်းခုံကာ မဆူကြပါနဲ့၊
ဘူနဲ့ဘူ တူတူပဲ၊
မင်းတို့သရေပွဲ။

သရေပွဲအဖြစ် သတ်မှတ်ပြီးသကာလ ဤကမ္ဘာလောကကြီး၌ သူကိုထက် အဆပေါင်းများစွာ ပိုလွန်ကဲသည့် မယောက်ျား မယားကြောက် [illegible]များ ရှိသေးသည့်အကြောင်း ကျွန်ုပ်စုဆောင်းမှတ်သားထားသမျှ ကမ္ဘာ [illegible]အပြား ပုံတိုပတ်စ ထွေလီကာလာ အတိုအထွာလေးများကို ထိုသူငယ်[illegible]လေးများကို အားတက်စေရန်အတွက် မြိန့်မြိန့်ကြီး မြွက်ကြားလိုက်လေ[illegible]တော့[illegible]တည်း။

■ ညွှာမင်းဆက်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ရှိုးလက်စ်

မင်္ဂလာပါမောင်မေ့ကြီးကောင်းမှုနဲ့ ဒီတိုက်ခန်းကို အိုက်ဒီယာအာ ကျောက်ပြောင်းလာခဲ့တာ အတော်ကြာပြီ။ ဒါတင်မကသေး။ ဘေးခန်းမှာရှိ တဲ့ ခပ်နုံနုံခပ်အအ ဇော်မျိုးအောင်ရဲ့ အိမ်ဆိုင်ကလေးကိုတောင် ကိုဘကျော် မလိုမ့်တပတ်နဲ့ သူပိုင်ဖြစ်အောင် လုပ်ပြီးနေပြီ။ ထားတော့။

လက်ရှိမှာတော့ အခန်းအတွင်းရှိ ဆက်တီစားပွဲတစ်လုံးမှာ ကိုဘ ကျောက် ဂျာနယ်တစ်စောင်ကို အသည်းအသန် ကုန်းရုန်းဖတ်နေသည်။ လုံးဝ မျက်တောင်မခတ်။ အသက်တောင်ရှူပုံမပေါ်။ သူဖတ်နေသည့်စာမှာ

"သိန်း(၂၅၀)ကျော်တန် ရှိုးလက်(စ်)နာရီတစ်လုံး ပျောက်ဆုံးသွား ခြင်း"

ဆိုသောသတင်းသာဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုနာရီပျောက် ဆုံးသွားသော နေရာမှာ သူတို့ရပ်ကွက်နှင့်သိပ်မဝေးသော ရပ်ကွက်ရုံးအနား မှာဖြစ်နေသည်။

"ငါ ဘာဆက်လုပ်ရင်ကောင်းမလဲ"

ဂျာနယ်မှ မျက်နှာခွာ၍ ကိုဘကျောက် မျက်မှောင်ကြုတ်နှင့်လေး လေးနက်နက် ရေရွတ်လိုက်ခြင်းဖြစ်သည်။ နောက် သူ ခေါင်းတညိတ်ညိတ် နှင့် ဆက်လက်တွေးတောနေသည်များမှာ ပျောက်ဆုံးသွားသော သိန်း(၂၅၀) ကျော်တန် ရှိုးလက်စ်နာရီဆိုတာကို သူ ဘယ်လိုနည်းနှင့် မတွေ့တွေ့အောင် ရှာပုံတော်ဖွင့်လျှင် ကောင်းမည်လဲဆိုတာများသာ ဖြစ်သည်။

"ဒေါက် ဒေါက် ဒေါက်"

ရုတ်တရက်ထွက်ပေါ်လာသော အခန်းတံခါးခေါက်သံ။ ကိုဘကျောက် ငေါက်ခနဲ ခေါင်းထောင်သွားသည်။ နောက် ခုနကြည့်နေသော စာမျက်နှာကို လက်ညှိုးလေးခံ၍ ဂျာနယ်ကို ဖတ်ခနဲပိတ်ကာ၊

"ဘယ်သူလဲ ဝင်ခဲ့လေ"



ကိုဘကျောက်စကားဆုံးသည်နှင့် ဟထားသောတံခါးမှ ပိန်ပိန်ကိုင်း ကိုင်းလူတစ်ယောက် ကုပ်ချောင်းချောင်းလေးဝင်လာသည်။ ထိုလူသည်က ရပ်ကွက်ထဲတွင် ဝေတိုင်လျှိုလုပ်လို့ရသော ပစ္စည်းလေးများကို ဘယ်သူမှမသိ အောင် ကိုဘကျောက်ဆီမှာ သူခိုးဈေးနှင့် လာလာရောင်းတတ်သော မောင် ကြိုင်ဆိုသည့်အကောင်။ ဒီကောင် အရက်သမားဖြစ်၍ ဘဝပျက်နေသော် လည်း လူက ခေတ်ပညာတတ်။

"ကိုင်း ဒါဆို ဒီတစ်ခါ ဘာပစ္စည်းလဲ"

အနားမှာဝင်ထိုင်လိုက်သော မောင်ကြိုင့်ကို သိပ်အရာမပေးချင် သလို ကိုဘကျောက် ရုပ်တည်တည်နှင့် ဆိုလိုက်သည်။ မောင်ကြိုင် တံခါးဆီ တစ်ချက်ဝေ့ကြည့်၍ လေသံလေးနှင့်

"ဒီတစ်ခါ တော်တော်ကြီးတယ်ဗျာ၊ အာရကေကို ခင်ဗျား အတိုင်း ထက်အလွန်ကို ရမယ့်ပစ္စည်းကြီး"

ထိုစကားကြောင့် ကိုဘကျောက် မျက်မှောင်ကြုတ်သွားသည်။ နောက် မောင်ကြိုင် အိတ်ထဲက အသာအယာထုတ်၍ စားပွဲပေါ်တယုတယတင်ပေး လိုက်သောပစ္စည်းကို တွေ့လိုက်ရတော့၊

"ဟား"

ကိုဘကျောက် မျက်လုံးများပြူး၍ ကြက်သီးများ ဖြန်းခနဲထသွား သည်။ သူ ဘယ်လိုမှမျှော်လင့်မထားသောပစ္စည်း။ ဟုတ်တယ်။ သိန်း(၂၅၀) ကျော်တန် ရှိုးလက်စ်နာရီမှ ရှိုးလက်စ်နာရီကြီး။ သေချာအောင် ကိုဘကျောက် ဂျာနယ်ထဲမှ လက်ညှိုးညှပ်ထားသော စာမျက်နှာကိုလှန်၍ ပုံထဲမှနာရီနှင့် စားပွဲပေါ်မှ နာရီကို အခန်းထဲ ဟိုဟိုဒီဒီဝေ့ကြည့်နေသော မောင်ကြိုင် မရိပ် မိအောင် မသိမသာတိုက်ကြည့်လိုက်သည်။

သေချာသွားပြီ။ နာရီထဲမှာ ကရောင်း(န်)လို့ခေါ်တဲ့ သရဖူအမှတ် အသားလေးပါတဲ့အပြင် အင်္ဂလိပ်လိုရေးထားတဲ့ Rolex ဆိုတဲ့စာလုံးဒီဇိုင်းက လည်း တထေရာတည်းပဲ။ ဒိုင်ခွက်ထဲမှာ ပတ်စီထားတဲ့ စိန်လေးတွေဆိုတာ လည်း ပုံထဲကအတိုင်း၊ အပြင်ကနာရီထဲမှာ အားလုံးကွက်တိ။ ကိုဘကျောက် ဂျာနယ်ကို ကပျာကယာပြန်ပိတ်လိုက်ပြီး၊

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ မင်း ဒီနာရီကို ဘယ်က ခိုးလာတာလဲ"

ကိုဘကျောက်အမေးကြောင့် မောင်ကြိုင် တစ်ချက်ကျုံ့ဝင်သွားကာ လေသံလေးနှင့်၊

"ဟား တိုးတိုးလုပ်ပါဗျာ၊ အဲဒါ ကျုပ်ခိုးလာတာ မဟုတ်ဘူး၊ ကောက်ရလာတာ"

"ဘာ"

"ဟုတ်တယ်၊ ကျုပ်တို့ရပ်ကွက်ရုံးနားက ကောက်ရလာတာ"

ကိုဘကျောက် မျက်မှောင်ကြုတ်နဲ့ တစ်ချက်စဉ်းစားလိုက်ပြီး

"ကောင်းပြီလေ၊ ဒီနာရီအတွက် ငါ ဘယ်လောက်ပေးရမလဲ"

"သိန်း(၁၀၀)"

"ဘာ"

သူထင်ထားသလို လေးငါးထောင်မဟုတ်တော့။ ကိုဘကျောက် မျက်လုံးများပြူးသွားသည်။ ဟိုကောင်ကလည်း သိန်း(၁၀၀)ထက် တစ်ပြားမှ မလျှော့ဟုဆိုသည်။ နောက်ဆုံး သူတို့ဈေးအလျှော့အတင်းလုပ်လာကြရင်း ကိုဘကျောက်၏ တော်ကီနှင့် ခြိမ်းခြောက်မှုများအောက်မှာ ဟိုကောင်တင်းခံထားသော သိန်း(၁၀၀)က ပရုပ်လုံးလို လုံးပါးပါးလိုက်လာသည်။

"မရှိလို့ လာရောင်းပါတယ်ဆိုမှ အနည်းဆုံး(၁၀)သိန်းတော့ ပြည့်အောင်ပေးဗျာ"

"မရဘူးငါ့ကောင်၊ အလွန်ဆုံး(၃)သိန်းပဲ ပေးမယ်၊ ရောင်းနိုင်ရင် ရောင်း၊ မရောင်းနိုင်ရင်တော့ ငါကိုယ်တိုင်ဖော်ကောင်လုပ်ပြီး မင်းကိုအချုပ်ထဲထည့်ပစ်မယ်"

ထိုသို့သော ကိုဘကျောက်၏ခြိမ်းခြောက်မှုများကြောင့် နောက်ဆုံးမှာ မောင်ကြိုင် နာရီကို (၃)သိန်းနှင့်ရောင်းရန် မဖြစ်မနေ ဆုံးဖြတ်ချက်ချလိုက်ရသည်။ သို့သော် လောလောလတ်လတ် ကိုဘကျောက်မှာ ငွေ(၃)သိန်း မပြောနှင့် (၃)ထောင်ပင်ပြည့်အောင်မရှိ။ ဒါပေမယ့် အိုက်ဒီယာသမားကြီး ကိုဘကျောက်ပီပီ၊

"ဒီမှာခဏစောင့်"



ပြောပြောဆိုဆို ကိုဘကျောက် အခန်းထဲမှ ဝုန်းခနဲခုန်ထွက်သွားသည်။ နောက် အနားရှိတိုက်များမှ အခန်းပေါက်စေ့ ပိုက်ဆံလိုက်ချေးသည်။ ဘယ်သူကမှ သူ့ကိုယုံယုံကြည်ကြည်နှင့် အလွယ်တကူမချေး။ ကိုဘကျောက်ကလည်း နပ်သည်။

"ခင်ဗျားတို့ပိုက်ဆံ တစ်ပြားမှမဆုံးစေရဘူး၊ ကျုပ်အာမခံတယ်၊ အခု ကျုပ်ချေးတယ်ဆိုတာကလည်း ခင်ဗျားတို့ရပ်ကွက်ထဲမှာ ချေးသလို တစ်လလုံးစောင့်မှ (၁၀၀)ကို (၅)ကျပ်၊ (၁၀)တိုးလေးရမှာမဟုတ်ဘူး၊ (၅)ရက်ပဲစောင့်၊ (၁၀၀)ကို (၃၀)တိုးရပြီးသားပဲ၊ (၅)ရက်ကျော်ရင် (၆၀)တိုး၊ (၁၀)ရက်ကျော်ရင် (၉၀)တိုး၊ ကိုင်း တစ်လပြည့်တာနဲ့ အတိုးက ခင်ဗျားတို့အရင်းထက်ကိုကျော်နေပြီ ဒါပေမယ့် ကျုပ်ကလည်း အဲဒီလောက်ကြီး မနေပါဘူး၊ အလွန်ဆုံးဆယ်ရက်ပေါ့"

နောက်ဆုံးမှာတော့ ကိုဘကျောက်စကားများကြောင့် အယုံလွယ်သည့် ပတ်ဝန်းကျင်က ပိုက်ဆံဝိုင်းချေးပေးကြသည်။ လက်ထဲမှာ ပိုက်ဆံတစ်ပြားမှမရှိသော လူတချို့ကတောင် ကိုဘကျောက်၏(၃၀)တိုးဆိုတာကြီးကို မျှော်ကိုး၍ မရှိမဲ့ရှိမဲ့ပစ္စည်းလေးများကို အပေါင်ဆိုင်ပို့လိုက်ကြသည်။ ဒါတွေကို ကိုဘကျောက်ကတော့ လုံးဝဂရုမစိုက်။ သူ့လက်ထဲရောက်လာသော ကျွတ်ကျွတ်အိတ်နှင့်ထုတ်ထားသည့် ၄သိန်းတန် အကြွေထုပ်ငါးထုတ်ကိုပိုက်ကာ ပြုံးပြုံးကြီး သူ့အခန်းသို့ ပြန်လာခဲ့သည်။

အခန်းပြန်ရောက်၍ မောင်ကြိုင့်ကို နာရီဖိုးငွေ(၃)သိန်း ချေပြီးသွားသောအခါ ကိုဘကျောက်လက်ထဲတွင် ငွေ(၁)သိန်းပိုနေသည်။

ဘာလုပ်မှာလဲ။ ကိုဘကျောက် ပျော်ပျော်ကြီးဖြုန်းပစ်လိုက်တာပေါ့။

သို့ကလိုနှင့်. .

× × ×

သို့ကလိုနှင့် ကိုဘကျောက် ငွေ(၁)သိန်းဖြုန်းပြီး နောက်ရက်များမှာ သိန်း(၂၅၀)ကျော်တန် ရိုးလက်စ်နာရီရောင်းရန် အသည်းအသန်လုပ်ရှားတော့သည်။ အဆင်မပြေ။ သူနှင့်သိသော သူဌေးများမှာ နာရီကိုဝယ်နိုင်သော်လည်း နာရီတစ်လုံးကို ဒီလောက်ငွေအများကြီးပေးပြီးတော့ ဝယ်မပတ်ချင်

www.burmeseclassic.com

www.burmeseclassic.com



ကြ။ သူဌေးတစ်ယောက်ဆိုလျှင် သူ အလဲအလှယ်နှင့် ပတ်နေသော တစ်ထောင့်ငါးရာတန် နာရီနှစ်လုံး ထုတ်ပြပြီးတော့ကို ကောလွှတ်လိုက်သေးသည်။ ဒီကြားထဲ ကိုဘကျော်ခမျာ သူ့ဘာသာနေသော ယူနီဖောင်းဝတ်နှင့်ရဲမြင်လျှင်ကို လန့်နေရသည်။ ဘယ်အချိန်များ အလစ် သူ့ကို လက်ထိတ်ဝင်ခတ်လိမ့်မည်လဲဟုတွေးနေရသည်မှာလည်း ရင်ထဲ တထိတ်ထိတ်။ နောက် ပိုက်ဆံပတ်ချေးထားသည့် အကြွေးရှင်များမှာလည်း (၅)ရက်ကျော်၍ (၁၀)ရက်အနားချဉ်းကပ်လာသောကြောင့် တာစူနေကြပြီ။ နာရီက ဘယ်လိုနည်းနှင့်မှရောင်းမထွက်သေး။

ထို့ကြောင့်. .

× × ×

ထို့ကြောင့် ကိုဘကျော် စိတ်မာတ်အကျကြီးကျကာ ဒီနေ့အဖို့ဘယ်မှမသွားသေးဘဲ ဧည့်ခန်းထဲမှာထိုင်၍ ငိုင်နေသည်။ လောလောလတ်လတ် အကြွေးရှင်များ လာဆဲသွားသောကြောင့် နာရီကိုဘယ်သွားပြရမည်ဆိုတာကိုလည်း စဉ်းစားလို့မရသေး။ ရှေ့ဆက် အကြွေးရှင်များနှင့် ဘယ်လိုရင်ဆိုင်ရမည်လဲ ဆိုတာကိုသာ ကိုဘကျော် ရင်တထိတ်ထိတ်နှင့် တွေးတောနေမိသည်။

"ကို ကိုဘကျော်"

ရုတ်တရက် အနားဗိုးခနဲရောက်လာသော လူတစ်ယောက်ခေါ်သံ။ အတွေးထဲ နယ်လွန်နေသော ကိုဘကျော် အယောင်ယောင်အမှားမှားတွေဖြစ်ကုန်သည်။ ထိုသူကိုပြန်ကြည့်လိုက်တော့၊

"ဟင် မေ့း မေ့းကြီး"

ဟုတ်ပါတယ်။ ဘယ်ကဘယ်လို လေလွင့်ပြီးရောက်လာမှန်းမသိသော မင်္ဂလာပါမောင်မေ့းကြီး။ သူ့ပုံစံက ကပျာကယာနိုင်လွန်းသည်။

"ဟေ့လူ ဘာကြောင်ငေးကြည့်နေတာလည်းဗျာ၊ အခု ကျုပ်ခင်ဗျားဆီလာတယ်ဆိုတော့ အိမ်ပေါ်က ပြန်မောင်းချမလို့ မဟုတ်ပါဘူး၊ လွန်ခဲ့တဲ့နှစ်ပတ်လောက်က ကျုပ် ရပ်ကွက်ရုံးနားမှာ ကျပျောက်ခဲ့တဲ့ သိန်း(၂၅၀)ကျော်တန်ရိုလက်စ်နာရီဟာ အခု ခင်ဗျားဆီရောက်နေတယ်ဆိုလို့ ပြန်လာတောင်း



တာ"

ထိုစကားကြောင့် မေ့းကြီးကို မမြင်တာကြာ၍ ကြောင်ငေးကြည့်နေမိသော ကိုဘကျော် အသိပြန်ဝင်သွားသည်။

"ဘာ ဒီနာရီက မင်းဟာ"

ပြောပြောဆိုဆို ကိုဘကျော် အိတ်ထဲမှနာရီကို ထုတ်ပြလိုက်မိသည်။ မေ့းကြီးမျက်နှာ အရောင်လက်သွားပြီး

"ဟား အစစ်ပေါ့ဗျာ၊ အစစ်ပေါ့၊ ကျုပ် မိုက်တိုင်စန်ကြီးဆီက အမွေရတုန်းက ဝယ်ထားတာလေ၊ ခင်ဗျားကိုမယုံလို့ တစ်စိမ့်ကိုထုတ်မပြခဲ့တာဘဲ၊ အေး အခုလည်း ခင်ဗျား နာရီကိုပြန်မပေးဘဲ ကလိန်ကကျစ်လုပ်မယ်တော့ မကြံနဲ့ ဟိုမှာတွေ့လား၊ ရပ်ကွက်လူကြီးတွေနဲ့ အရပ်ဝတ်ရဲတွေပါ တစ်ခါတည်းခေါ်လာတယ်"

မေ့းကြီးညွှန်ပြရာကို လှမ်းကြည့်လိုက်တော့ အမှန်ပင်။ ရပ်ကွက်ထဲမှ လူကြီး(၃)(၄)ယောက်နှင့် သူမမြင်ဘူးသော လူနှစ်ယောက်။ ကိုဘကျော် ခေါင်းကြီးသွားသည်။

"မင်း မင်းပြန်ပေးတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ငါ ဒီနာရီကို (၃)သိန်းနဲ့ဝယ်"

စကားမဆုံး။ မေ့းကြီး ကပျာကယာနှင့်

"အဲဒါတွေ ကျုပ်လာမပြောနဲ့၊ အခုချက်ချင်း နာရီကို ကျုပ်လက်ထဲထည့်လိုက်တာနဲ့ ဟိုလူတွေ အခန်းရှေ့ရောက်မလာခင် ကျုပ်ကိုယ်တိုင်အမှုသွားပိတ်ပေးမယ်၊ အေး အဲလိုမှမဟုတ်လို့ကတော့ ခင်ဗျားထောင်ထဲ သွားနေလိုက်တော့"

မေ့းကြီး စကားဆုံးသည်နှင့် ရုတ်တရက် ခေါင်းမီးတောက်လာသော ကိုဘကျော်မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ နာရီကို မေ့းကြီးလက်ထဲထိုးထည့်ပေးလိုက်မိသည်။ နာရီလက်ထဲရောက်လာတော့ မေ့းကြီးမှာလည်း ဝုန်းခနဲ အနားမှ ခုန်ထွက်သွားသည်။ နောက် သူပြောခဲ့သည့်အတိုင်း အခန်းနံပါတ်(၁၀)လောက်အကွာမှာ ရောက်နေပြီဖြစ်သော ရပ်ကွက်လူကြီးနှင့် အပေါင်းပါများကို ဘာတွေရယ်မသိ။ မေ့းကြီး ရပ်ပြောနေသည်မှာ တော်တော်

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ခုနလေးတင်ပဲ သူပိုင်ရှင်ဖြစ်တဲ့ သူဌေးကလေး မောင်မှေးကြီးကို ကျွန်တော်ကိုယ်တိုင် ပြန်ပေးပြီးပါပြီ သူ ဥက္ကဋ္ဌကြီးတို့ကို ပြောပြမသွားဘူးလား"



လေးကြာသည်။

ဒါတွေကို ကိုဘကျော် ဆက်ကြည့်မနေနိုင်။ ခြေဖဝါးအောက် ရောက်သွားသော စိတ်ဓာတ်များနှင့် သူ့ရှေ့ရေးကိုတွေးကာ အတော်လေး ချောက်ချားနေသည်။ မျက်စိကိုစုံမှိတ်ကာ ထိုင်ခုံပေါ်ရှိ ခန္ဓာကိုယ်ကို လျှော့ချ၍ သူ သက်ပြင်းချမည်အလုပ်၊

"ဗျို့ ကိုဘကျော်"

"ဟင်"

ခေါ်သံနှင့်အတူ အနားရောက်လာသော လူစုကိုကြည့်ကာ ကိုဘကျော် မျက်လုံးများပြူးသွားသည်။ ရပ်ကွက်လူကြီးတို့အုပ်စု။ မှေးကြီးတော့ ပါမလာ။ ဥက္ကဋ္ဌလုပ်သူ ဦးလှတင် အူကြောင်ကြောင်ဖြစ်နေသော ကိုဘကျော်ကို အသေအချာကြည့်၍၊

"ကိုဘကျော် မောင်ကြိုင်က သိန်း(၂၅၀)ကျော်တန် ရိုးလက်စ်နာရီတစ်လုံးကို ခင်ဗျားဆီမှာ (၃)သိန်းနဲ့ လာရောင်းသွားတယ်ဆို"

ကိုဘကျော် အသိပြန်ဝင်သွားပြီး

"ဟား ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ခုနလေးတင်ပဲ သူ့ပိုင်ရှင်ဖြစ်တဲ့ သူဌေးကလေး မောင်မှေးကြီးကို ကျွန်တော်ကိုယ်တိုင် ပြန်ပေးပြီးပါပြီ၊ သူ ဥက္ကဋ္ဌကြီးတို့ကို ပြောပြမသွားဘူးလား"

ထိုစကားကြောင့် ဥက္ကဋ္ဌတို့လူစုမှာ မျက်မှောင်ကြုတ်သူကကြုတ်၍ မျက်လုံးပြူးသူက ပြူးသွားကြသည်။ သူ မမြင်ဘူးသော လူနှစ်ယောက်အနက် ခပ်သန့်သန့်လူတစ်ယောက်မှာ ဒေါသကို လုံးဝမထိန်းနိုင်တော့သည့်မျက်နှာကြီးနှင့်၊



"ဟေ့လူ အဲဒါမှေးကြီးနာရီ မဟုတ်ဘူးဗျ၊ ကျုပ်နာရီ၊ ကျုပ်နာရီ၊ အရင်တစ်ခေါက် ရပ်ကွက်ရုံးလာရင်းနဲ့ ကျပျောက်သွားတာ"

ပြောပြောဆိုဆို ထိုလူ ဥက္ကဋ္ဌကြီးဘက်ပြန်လှည့်၍

"ကိုလှတင်၊ ကြည့်ရတာ မှေးကြီး ကျုပ်တို့ရုံးမှာ ပြောတာတွေကို ကြားပြီး ကျုပ်တို့ထက်ဦးအောင် ဒီလူ့ဆီမှာ မလိမ့်တပတ်လာလုပ်သွားတာပဲ ဖြစ်မယ်"

ထိုလူ့စကားကို အားလုံး တညီတညွတ်တည်း လက်ခံကြသော်လည်း ကိုဘကျော်ကြီးမှာတော့ မျက်လုံးကြီးပြူး၊ ပါးစပ်ကြီးဟောင်းလောင်းနှင့် ငုတ်တုတ်မေ့နေသည်။ နောက် သူတို့ပြော၍ ဆက်သိရသည်မှာ၊ အခု ကိုဘကျော်နေသော တိုက်ခန်းသည် မှေးကြီးအပိုအဖြစ် ဝယ်ထားသောတိုက်ခန်း မဟုတ်။ လချုပ်နှင့်ငှားထားသောအခန်းသာ ဖြစ်သည်။ ပိုင်ရှင်သည်က အခု ကိုဘကျော်ရှေ့ရောက်နေသော ရိုးလက်စ်နာရီပိုင်ရှင်ဖြစ်သူ ဦးဇော်သန်း ဆိုတာသာဖြစ်သည်။

ဦးဇော်သန်းဆိုသူမှာ အစပိုင်း ဒေါသနှင့် ကိုဘကျော်ကိုအော်မိသော်လည်း စိတ်ကောင်းရှိသူဟု ဆိုရမည်။ ဘာဆက်လုပ်လို့လုပ်ရမှန်းမသိ၍ မျက်နှာငယ်လေးနှင့်ရပ်နေသော ကိုဘကျော်ကို ဒေါသတွေပြေလျော့သွားသော မျက်နှာပေးနှင့် ပြန်ကြည့်၍၊

"ကဲ ကိုဘကျော် ခင်ဗျားမသိလို့ ပေးလိုက်မိတာဆိုတော့ ထားပါတော့၊ အဲ ဒါပေမယ့် တစ်ပတ်အတွင်းမှာတော့ ခင်ဗျား မှေးကြီးဆီက နာရီကို မရ,ရအောင်ပြန်ယူပြီး ကျွန်တော့်ကို လာပေးပါ၊ အဲဒီအတွက် ကျုပ်က ခင်ဗျားကို ငွေသိန်း(၃၀)ဆုချမယ်၊ ဟုတ်ပြီလား"

"ဗျာ"

ထိုစကားကြောင့် ကိုဘကျော် အတော်လေး အံ့အားသင့်သွားသည်။ ရင်ထဲမှာ အတော်လေးလည်း ပျော်သွား၏။ ဒါ ရေနစ်နေသူအတွက် နောက်ဆုံးမျှော်လင့်ချက်ဖြစ်သည့် ကောက်ရိုးတစ်မျှင်လား။

"မဗျာနဲ့ဦး၊ တစ်ပတ်ပြည့်လို့မှ ကျုပ်လက်ထဲ နာရီရောက်မလာရင်တော့ ကျုပ်ကိုယ်တိုင် ခင်ဗျားကို တရားဆွဲပြီး ထောင်ချပစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် သူဌေးကြီးဦးဇော်သန်းနှင့် ဥက္ကဋ္ဌတို့လူစုမှာ အနားမှလှည့်ထွက်သွားကြသည်။ အခန်းထဲမှာ ကိုဘကျော်တစ်ယောက်တည်း။ သူ ငူငူကြီး ရပ်ကျန်ခဲ့ရာမှ ဖြတ်ဝင်လာသော အတွေးများနှင့် အူချာရိုက်နေသည်။ တအောင့်လောက်နေတော့ သူ့ခေါင်းထဲ တိကျသည့်အတွေး တစ်ခုက နေရာယူသွားသည်။ တခြားတော့မဟုတ်။ မင်္ဂလာပါမောင်မှေးကြီးကို မြေလှန်ရှာရမည့် အတွေးများသာဖြစ်သည်။

သို့သော် မှေးကြီးကိုရှာဖွေရန် သူ့အတွေးများ များပြားခဲ့သော်လည်း နောက်နှစ်ရက်မြောက်သောနံနက်မှာ သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်တွေ့ကြရသည်။

ထိုနေ့က. .

× × ×

ထိုနေ့က မှေးကြီးခိုအောင်းနေသော အိမ်တစ်အိမ်အတွင်းသို့ ကိုဘကျော် ဒေါသနှင့် ဝိုးခနဲဝင်ရောက်သွားသည်။ အရန်သင့်ပင်။ ဧည့်ခန်းမှာ ဘာစာတွေရယ်မသိ ထိုင်ရေးနေသော မှေးကြီးကို တွေ့လိုက်ရသည်။ မှေးကြီး ကိုဘကျော်ကို တစ်ချက်ကြည့်၍ ဆတ်ခနဲ တစ်ဘက်ပြန်လှည့်သွားသည်။

"ဟေ့ကောင် ငါ့ဆီက မင်းဘတ်သွားတဲ့ ရိုးလက်စ်နာရီ ဘယ်မလဲ၊ အခုထုတ်ပေးစမ်း"

ကိုဘကျော်အော်သံက တော်တော်ကျယ်သည်။ မှေးကြီး ကိုဘကျော်ကို ပေစောင်းစောင်း တစ်ချက်ပြန်ကြည့်လိုက်ပြီး၊

"အပ်ထားဖူးလို့လား"

"ဘာကွ"

ကိုဘကျော် မျက်မှောင်ကြုတ်နဲ့ ပြန်မေးလိုက်သည်။ မှေးကြီး အေးအေးလူလူပဲ

"ဩော် ခင်ဗျားလာတောင်းနေတဲ့ ရိုးလက်စ်နာရီဆိုတာကြီးကို၊ ကျုပ်ဆီမှာ အပ်ထားဖူးလို့လားလို့ မေးနေတာလေ၊ ပစ္စည်းတစ်ခုကို ပြန်လာတောင်းတယ်ဆိုတာ အရင်ကတည်းက ကြိုအပ်ထားရတယ်ဗျ။ ရှင်းပြီလား"

ပြောင်လိမ်ပြောင်စားလုပ်လိုက်သော မှေးကြီးစကားကြောင့် ကိုဘကျော် ဒေါသ အထွတ်အထိပ် ရောက်သွားသည်။ နောက် မှေးကြီးအနားကို ဝိုးခနဲရောက်သွားကာ အင်္ကျီစကို ဆတ်ခနဲ ဆောင့်ဆွဲလိုက်ပြီး၊



"အပိုတွေပြောမနေနဲ့ အခုချက်ချင်း နာရီကို ထုတ်ပေးမလား၊ မပေးဘူးလား၊ ဒါပဲပြော"

"ဩော် ခင်ဗျားအပ်ထားဖူးလို့"

သူ့စကားမဆုံး။ ကိုဘကျော် ဒေါသကို မထိန်းနိုင်တော့၍ မှေးကြီးမျက်ခွက်ကို နှစ်ချက်ဆင့်ထိုးလိုက်သည်။ မှေးကြီးကလည်း ဘယ်ခံလိမ့်မတုန်း။ လဲကျသွားရာက ကုန်းရုန်းထကာ ကိုဘကျော်ကို ပြန်ခုန်အုပ်သည်။ နောက် သူတို့ လုံးရင်းထွေးရင်း သတ်ရင်းပုတ်ရင်းနှင့် တော်တော်လေးကြာတော့ နှစ်ယောက်လုံး ရစရာမရှိအောင် စုတ်ပြတ်သတ်လာသည်။ နောက်ဆုံး မှေးကြီး ဆံပင်မွှေးဆောင့်ဆွဲ၍ ရင်ဝ ဖနောင့်နှင့် အပေါက်ခံထားရသောကြောင့် သူ အခြေအနေမဟန်တော့ပုံကို ရိပ်မိသွားပုံရသည်။

"ဟေ့လူ တော် တော်ပြီဗျာ၊ မောလာပြီ"

"ဒါဆို အခု နာရီထုတ်ပေးလေ"

ကိုဘကျော်စကားကို မှေးကြီး အထိုးခံထားရ၍ ပျောက်လုပျောက်ချင်ဖြစ်နေသော မျက်ပေါက်ကလေးများကို ထပ်ကျုံ့၍ ဘာကိုရယ်မသိ၊ တစ်ချက်စဉ်းစားသည်။ ပြီးမှ၊

"ပေးမယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားကို ဟိုက မုန့်ဖိုးလေးဘာလေးပေးရင်တော့ ကျုပ်ကိုပါ နည်းနည်းခွဲပေးရမယ်"

ကိုဘကျော် ထွေထွေထူးထူး စဉ်းစားမနေတော့။ သူ့လက်ထဲ နာရီရောက်ရန်သာ အရေးကြီးနေသည်မို့၊

"ပေးမယ်ကွာ၊ ပေးမယ်၊ နာရီသာ အခုချက်ချင်းထုတ်ပေး"

မှေးကြီး ကိုဘကျော်ကို နာရီထုတ်ပေးသည်။ သို့သော် တစ်ဝက်တည်း။ ကိုဘကျော်ကို အယုံအကြည်မရှိဟုဆိုကာ ကျန်တစ်ဝက်ကို မှေးကြီး ပိုင်ပိုင်ကြီး ဆုပ်ကိုင်ထားသည်။

နောက် ကိုဘကျော် နီးရာဖုန်းနှင့် နာရီပိုင်ရှင်ဆီကို ဆက်သွယ်သည်။ ရပ်ကွက်ရုံးမှာ သူ့ကိုပေးမည့် သိန်း(၃၀)အထုတ်နှင့် စောင့်နေရန်အ

www.burmeseclassic.com

www.burmeseclassic.com



တွက်။

ထို့နောက်. .

× × ×

ထို့နောက် ရပ်ကွက်ထဲ နာရီတစ်လုံးကို နှစ်ယောက်ကိုင်၍ ဝင်လာသော ကိုဘကျော်ကို အမှုန်းဆွဲရန် အကြွေးရှင်များက စောင့်နေကြသည်။ အကြွေးရှင်များ သူတို့ကိုတွေ့၍ စားမတတ်ဝါးမတတ် အနားရောက်လာကြသော်လည်း ကိုဘကျော် အိန္ဒြေမပျက်၊ အားလုံးကို လက်ကာပြလိုက်ပြီး၊

"ကဲ အားလုံးစိတ်အေးအေးထားကြပါဗျာ၊ အခု နာရီဟာ ကျွန်တော့်လက်ထဲ တစ်ဝက်ပြန်ရောက်နေပြီမို့ ခင်ဗျားတို့ အကြွေးတွေ နာရီပိုင်းအတွင်း ပြန်ရတော့မှာပါ။ ဒါကြောင့် အကြွေးရှင်တွေအားလုံး ရပ်ကွက်ရုံးကို လိုက်ခဲ့ကြပါ"

စကားဆုံးသည်နှင့် ကိုဘကျော်နှင့်မေးကြီးတို့နောက်မှ အကြွေးရှင်တစ်သိုက် တစ်ယောက်တစ်ပေါက် ဆူညံအော်ဟစ်၍ လိုက်ပါသွားကြသည်။

ရပ်ကွက်ရုံးကို သူတို့ရောက်သွားတော့ အရန်သင့်ပင်။ သူဌေးနှင့်ငွေထုပ်ကို တွေ့လိုက်ရသည်။ သူဌေး ပျော်ရွှင်နေသောမျက်နှာကြီးနှင့်၊

"ဘယ်လိုလဲ၊ အဆင်ပြေခဲ့တယ်မဟုတ်လား ကိုဘကျော်"

ကိုဘကျော် ငွေထုတ်ကို မြင်နေရ၍ အတော်လေးပျော်သွားသော်လည်း ပိုသေချာသွားအောင် ရှပ်တည်တည်နှင့်

"ပြေပါတယ်၊ ဒါပေမယ့် ခင်ဗျား ကျွန်တော့်ကိုပေးမယ့် ဆုတော်ငွေကို အရင်ပြပါဦး"

ထိုစကားကို သူဌေးသဘောကျသလို ပြုံးပြုံးကြီး ခေါင်းတညိတ်ညိတ်လုပ်နေသေးသည်။ ပြီးမှ ငွေထုတ်ကို ကိုဘကျော်ရှေ့ချ၍ ဇစ်ဖွင့်ပြလိုက်တော့ အထဲမှာ တစ်ထောင်တန်များက အထပ်လိုက်။

ကိုဘကျော် သူ့နောက်ရပ်နေသော မေးကြီးလက်ထဲမှာ တစ်ဝက်ရောက်နေသည့် နာရီကို ဆတ်ခနဲ လုလိုက်သည်။ နောက် နာရီကို သူဌေးလက်ထဲ ထိုးထည့်ပေးလိုက်တော့၊ သူဌေး နာရီလှမ်းယူ၍ အသေအချာပြန်ကြည့်ကာ မျက်မှောင်ကြုတ်သွားသည်။ ပြီးနောက် တဖြည်းဖြည်း ဖောင်းကြွလာသော ဒေါသမျက်နှာကြီးနှင့် ကိုဘကျော်ကို ပြန်ကြည့်ကာ

"ဟေ့လူ ဒါ ဘာလုပ်တာလဲဗျ"

ကိုဘကျော် အေးအေးလူလူပင်။

"ဘာလုပ်လို့လဲဗျ၊ အဲဒါ ခင်ဗျားကျပျောက်သွားတယ်ဆိုတဲ့ နိုးလက်စ်နာရီပဲလေ၊ နောက်. ."

ကိုဘကျော် စကားမဆုံး။ သူဌေး ဒေါသသံကြီးနှင့်၊

"ဘာ နိုးလက်စ်နာရီလဲဗျ၊ ဒါ တရုတ်ကလာတဲ့ ဖွတ်ချိုးနာရီကြီး၊ ကျုပ်ရိုးလက်စ်နာရီက သိန်း(၂၅၀)ကျော် တန်တယ်၊ ခင်ဗျားနာရီက လမ်းဘေးမှာ (၁၅၀၀)နဲ့ ဘယ်ဆိုင်ဝယ်ဝယ် ဝယ်လို့ရတဲ့ အလကားဖွတ်ချိုးနာရီကြီး"

ပြောပြောဆိုဆို သူဌေး နာရီကိုလွှင့်ပစ်၍ ငွေထုပ်ကို ပြန်ကောက်ကာ ရုံးထဲမှ ဒေါနှင့်မောနှင့်ထွက်သွားသည်။ ရပ်ကွက်လူကြီးများကိုတောင် နှုတ်ဆက်မသွားတော့။ သူ့ခမျာလည်း သူ့ရိုးလက်စ်နာရီအစစ်မှတ်၍ အချိန်ကုန်လူပန်းခဲ့သည်ကို။

မျက်လုံးကြီးပြူး၊ ပါးစပ်ကြီးအဟောင်းသားနှင့် မတ်တတ်ကြီး မေ့ကျန်ခဲ့သော ကိုဘကျော်မှာလည်း ဘာဆက်လုပ်ရမှန်းမသိတော့။ အနားရှိ အကြွေးရှင်များမှာလည်း အခိုးထွက်နေသော မျက်လုံးကြီးများနှင့် သူ့ကိုစိုက်ကြည့်နေကြသည်။ ထိုအထဲတွင် သူ့ခွဲတမ်းဆုံးရှုံးသွားရသည့် မင်္ဂလာပါမောင်မှုကြီးလည်းပါ၏။

ထိုမြင်ကွင်းက သိပ်တော့မကြာလိုက်။ ကိုဘကျော် ခေါင်းငိုက်စိုက်နှင့် ရပ်ကွက်ရုံးထဲမှ ထွက်လာ၍ ခပ်လှမ်းလှမ်းရောက်သည်နှင့် အားလုံး၏ဒေါသများ သူ့အပေါ် ပုံကျကုန်သည်။ ရုန်းလို့လည်းမရ၊ ပြေးလို့လည်းမလွတ်၊ မျက်မျင်းဆိုသလို ကိုဘကျော်၏အမြင်အာရုံများမှာလည်း အမှောင်ထုက [illegible]ပိုးသွားသည်။

အိုက်ဒီယာဘကျော်

■

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## မှတ်နော်..မှတ်

"ဟေ့ကောင် ကလေးသားလေး၊ ဒီနေ့ အလုပ်မသွားဘူးလား"

"ဒီနေ့ အလုပ်ပိတ်တယ်လေ ကိုယ့်ဆရာ"

"ဒါဆို လမ်းထိပ်မှာ စောစောစီးစီး ဘာထိုင်လုပ်နေတာလဲကွ ဟေ"

ကျွန်တော့်အမေးကို ဒီကောင်က ပြောင်ချော်ချော်မျက်နှာပေးနဲ့

"မျှားနေတာလေ ကိုယ့်ဆရာ၊ မျှားနေတာ"တဲ့။

"ဟကောင် ရှင်းအောင်ပြောလေ၊ မင်းက ဘာကိုမျှားနေတာလဲ"

"ဒီလိုလေ ကိုယ့်ဆရာရဲ့၊ ကျွန်တော်တို့ရပ်ကွက်က ထန်းတွတ်တဲ့ လူတွေ ထန်းတဲသွားရင် ဒီကပဲ သွားရတယ်မဟုတ်လား၊ ဒီတော့ ဒီနေရာက မျှားလို့အကောင်းဆုံးပဲလေ၊ အခုပဲကြည့်လေ၊ ငါးကြီးတစ်ကောင်မိပြီ"

"ဘယ်မှာလဲကွ"

ဒီတော့ ဒီကောင်က ကျွန်တော့်ရင်ဘတ်ကို လက်ညှိုးနဲ့ထောက်ပြီး ပြုံတီတီမျက်နှာနဲ့

"ဒီမှာလေ၊ ဒီလောက်ကြီးတဲ့ငါး ဘယ်မှာရှိလို့လဲ၊ မနက်စောစော ပွပြီကွ"

"ဟကောင် မင်းမှားနေပြီ၊ ငါက မင်းထင်သလို ငါးကြီးမဟုတ်ဘူး၊ ငါးပနော်ကွ၊ ငါးပနော်သေးသေးလေး၊ မင်း ငါးကြီးမိအောင် ဆက်မျှားလိုက်ဦး ငါသွားမယ်"



"မရဘူးကိုယ့်ဆရာ၊ ဈေးဦးပေါက်မိတဲ့ငါးဆိုတော့ လွှတ်ပေးလို့ မဖြစ်ဘူး၊ လွှတ်ပေးလိုက်ရင် ဈေးဦးကျိုးသွားမယ်၊ ထန်းတဲရောက်မှ ထပ်မျှားမှာပေါ့"

ပြောပြောဆိုဆို ဆိုင်ကယ်နောက် ခုန်တက်လိုက်တာ၊ ပေါ့နေတာ များ ကြောင်ကလေးတစ်ကောင်လိုပဲ။ တော်တော်ဆိုးတဲ့ကောင်၊ ထန်းရည်ကပ် သောက်တာတောင် ဈေးဦးပေါက်တဲ့။ ကျွန်တော်ကလည်း ရယ်ပြီး သွားနှုတ် ဆက်မိတာကိုး။

"ကိုယ့်ဆရာ မောင်းတော့လေ၊ ကိုယ့်ဆရာကြိုက်တဲ့ ဟိုအပင်က ထန်းရည်မရဘဲနေဦးမယ်၊ နောက်ကျနေရင် ဟိုလူကြီးတွေနဲ့ သွားလုနေရဦး မယ်၊ မောင်းတော့မြန်မြန်၊ ဒါနဲ့ ကိုယ့်ဆရာကို ကျွန်တော် မရှင်းတာလေး မေးပါရစေ၊ ထန်းရည်တွေ အများကြီး၊ ကိုယ့်ဆရာတို့ ဘာကြောင့် အဲဒီအပင် က ထန်းရည်ကို လုသောက်နေရတာလဲ"

"အဲဒါကို သိချင်ရင် ထန်းတဲရောက်တော့ ကျည်တောက်တိုင်း မင်း လိုက်မြည်းကြည့်ကွာ၊ ဘာကွာသလဲ မင်းသိလာမှာ"

"အိုး ကိုယ့်ဆရာကလဲ၊ ကျွန်တော် ထန်းတဲရောက်တိုင်း အမြဲမြည်း နေကျ၊ ဘာမှမကွာဘူး အားလုံးဘူတူပဲ"

"ငါလည်း ဒီထက်ပိုပြီး မရှင်းပြတတ်တော့ဘူး၊ ထန်းတဲရောက်ရင် ရှိထက်ဝါရင့်ကျွမ်းကျင်တဲ့ လူတွေကို မေးကြည့်တော့"

ထန်းတဲရောက်တော့ ဘယ်သူမှ မရှိသေးဘူး။ နှစ်ယောက်သား ထန်းရည်သောက်ရင်း တွေ့ရာလေးပါးစကားထိုင်ပြောရင်းနဲ့ အေးဆေးပေါ့။

"ဟေး ကိုယ့်လူ ဒီနေ့စောလှချည်လား"

ဆိုပြီး နှုတ်ဆက်ဝင်လာတာက နိုင်ဘစိန်၊ နိုင်အောင်သန်း၊ နိုင်လှ ထွန်း ဝါရင့်ထန်းသမားကြီးတွေ၊ အသက်တွေက ကြီးနေပြီ၊ ခုထိ ကလေးတွေ လိုနေတုန်းပဲ။ သူတို့က ကျွန်တော်ထိုင်တဲ့ ကွပ်ပျစ်ဘေးကကွပ်ပျစ်မှာ ဝင်ထိုင် တယ်လေ။

"တောက် နာတယ်ကွာ"

နိုင်ဘစိန်အသံကျယ်ကြီး ကြားတော့ ကျွန်တော်က ဘာစိတ်တတ်တာ

www.burmeseclassic.com

www.burmeseclassic.com



လေ၊ အသာလေး နားစွင့်ထားလိုက်တယ်။ နိုင်လှထွန်းက

"ဘာတွေများ နာနေတာလဲ နိုင်ဘစိန်ရဲ့"

"ဒီလိုလေ မနေ့က ကြက်ပွဲ မင်းတွေ့တယ် မဟုတ်လား"

"အင်းလေ နိုင်ဘစိန်ကြက်က ကြက်စုတ်ကြီး၊ ဒါကြောင့် ရှုံးတာပေ့ါ။ ကျွန်တော်တို့ တော်တော်ထိသွားတယ်၊ အလကား ကြက်စုတ်ကြီး"

ဒီတော့ နိုင်ဘစိန်က ဒေါသတကြီးနဲ့

"ဟေ့ကောင်တွေ ငါ့ကြက်က ကြက်စုတ်မဟုတ်ဘူးကွ၊ မင်းတို့တွေ့တဲ့အတိုင်း ငါ့ကြက် ခွပ်သတ်ထားတာ၊ ဟိုကြက် ဖွဲအိတ်လိုဖြစ်နေတာ မင်းတို့အမြင်ပဲ မဟုတ်လား"

"ဒါပေမယ့် သုံးရေလောက်လည်းကျရော နိုင်ဘစိန်ကြက်က ခွပ်မှ မခွပ်တော့တာ၊ အဲဒါကြောင့် ရှုံးသွားတာ မဟုတ်လား"

"အေး အဲဒါ ငါ့ကြက်စုတ်လို့ မဟုတ်ဘူးကွ၊ ငါ့ကြက် ထန်းရည်မူးသွားလို့ မခွပ်နိုင်တော့တာ"

"ဘာဆိုင်လို့လဲ"

နိုင်လှထွန်းက ထောက်တယ်။

"အေး ငါလည်း အစက ဘာကြောင့်လဲဆိုတာ မသိဘူး၊ နောက်တော့မှ အဖြေသွားတွေ့တယ်၊ ဟိုကောင် ကြက်စွဲစံညွန့်ကြောင့် ရှုံးတာကွ၊ ငါက ငါ့ကြက်စွဲ အမောပြေအောင်ဆိုပြီး ထန်းရည်တစ်ကျည်တောက် ဘေးမှာထားထားတာလေ၊ အဲဒါကို ဒင်းက ကြက်ကို ရေတိုက်တာကနည်းနည်း၊ ဒင်းသောက်တာက များများ၊ နောက်ပြီး ကြက်ရေကောက်ရင် ထုံးစံအတိုင်း လက်ပူတိုက်အာငွေ့မှုတ်နဲ့ သုံးရေလည်းကောက်ပြီးကော ကြက်က ဒင်းအာငွေ့ကြောင့် ထန်းရည်မူးနေပြီလေ၊ အဲဒီတော့ ဘယ်ခွပ်နိုင်တော့မလဲကွ၊ ကြက်က စုတ်တာ မဟုတ်ဘူး၊ ကြက်စွဲက,စုတ်တာ မင်းတို့သိပြီလား"

နိုင်ဘစိန်ခမျာ တစေ့စေ့တွေးပြီး တရေးရေးဒေါသထွက်တယ် ထင်ပါရဲ့။ မျက်နှာကြီးက ခရမ်းသီး မီးဖုတ်လို ရှုံ့တွလို့နေတယ်။

"ကလေးသားလေး မင်းကြားတယ် မဟုတ်လား၊ ဗဟုသုတလည်းရတယ်မဟုတ်လား၊ နောက်ဆို ကြက်ပွဲသွားရင် ကြက်ကို မကြည့်နဲ့၊ ကြက်စွဲ



*အဲဒီတော့ တွေ့တဲ့ပိုက်ကို အုတ်ခဲနဲ့ထုပြီး နှစ်ချောင်း လောက်ဆို ဒီနေ့အတွက် လုံလောက်ပြီ ပိုက်ပေါက်ရင် ဒီပုပ်ပွက်မှာ ပိုက်ပြင်သမား ကျွန်တော်တစ်ယောက်တည်းရှိတော့ ကျွန်တော် အလုပ်ရပြီပေါ့ အလုပ်ရရင် ဒီနေ့ ထန်းရည်ဖိုး ဘာမှုစရာမရှိတော့ဘူး။*

ကိုကြည့်၊ မူးနေတဲ့ကြက်စွဲဘက်ကို ဘယ်တော့မှ မထည့်ရဘူးဆိုတာ မင်းသိပြီမဟုတ်လား"

ဒီအချိန်မှာပဲ ငအောင်နဲ့သံချောင်းတို့နှစ်ယောက် ဝေါစိုင်းစိုင်း ပေါက်ချလာတာကို မြင်လိုက်ရတယ်။

"ကလေးသားလေး ဒီဖက်နည်းနည်းရွှေ့ပေးလိုက်၊ ဟိုမှာ ငအောင်နဲ့ သံချောင်းလာနေတယ်၊ နေရာပေးလိုက်"

"လာ ဟေ့ကောင်တွေ ဒီဘေးမှာထိုင်ကွာ"

ငအောင်ဆိုတာက အိုင်တွေ့မြောင်းတွေ့ရင် မပက်ရမနေနိုင်ဘူး။ ငါးပက်တာ ငါးဖမ်းတာကို အဲသလောက် ဝါသနာကြီးတာ။ သံချောင်းက ရေပိုက်ပြင်ဆရာ။ နှစ်ကောင်သား ကျွန်တော်တို့ဘေးနားထိုင်ပြီးတာနဲ့ လာချပေးတဲ့ ပင်ကျရေကို နွားငတ်ရေကျ တွတ်တော့တာပါပဲ။ နှစ်ခွက်လောက်ဆင့်ချပြီးမှ သံချောင်းက

"ကိုအောင် ဒီနေ့ ပိတောက်လမ်းထိပ်က မြောင်းမှာ ငါးသွားနှိုက်ဗျာ"

"ဟေ့ကောင် အဲဒီမြောင်း ငါပက်ထားတာ မကြာသေးဘူး၊ ဘယ်လိုလုပ် ငါးရှိမှာလဲ၊ အမြည်းစားချင်ရင် ပဲခြမ်းသုပ်ပဲ မှာလိုက်ကွာ"

"အမြည်းအတွက် မဟုတ်ပါဘူး။ ဒီနေ့တစ်နေ့လုံး ထန်းရည်သောက်ဖို့အတွက်ပါ ကိုအောင်ရ"

"ဟကောင် ငါ ငါးသွားနှိုက်တာနဲ့ တစ်နေ့လုံး ထန်းရည်ဖိုး ဘာဆိုင်လို့လဲကွ"

"ဒီလိုကိုအောင်ရ၊ ဒီကနေသွား အခြေအနေကြည့်၊ မြောင်းထဲဆင်း၊ ကိုအောင်ကိုတော့ အမြဲမြောင်းထဲ တွေ့နေတာဆိုတော့ ရပ်ကွက်ထဲကလူတွေ

www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်မှာ မဟုတ်ဘူး၊ ကိုအောင် သတိထားမိမှာပေါ့၊ မြောင်းထဲမှာ ရေပိုက်တွေ အများပဲလေ၊ အဲဒီတော့ တွေ့တဲ့ပိုက်ကို အုတ်ခဲနဲ့ထုလိုက် နှစ်ချောင်းလောက်ဆို ဒီနေ့အတွက် လုံလောက်ပြီ၊ ပိုက်ပေါက်ရင် ဒီရပ်ကွက်မှာ ပိုက်ပြင်သမား ကျွန်တော်တစ်ယောက်တည်းရှိတော့ ကျွန်တော် အလုပ်ရပြီပေါ့၊ အလုပ်ရရင် ဒီနေ့ ထန်းရည်ဖိုး ဘာမှပူစရာမရှိတော့ဘူး၊ ရှင်းပြီမဟုတ်လား"

ကောင်းလိုက်တဲ့အကြံ။ အဲလေ ဆိုးလိုက်တဲ့အကြံ။ ကိုယ် တပျော်တွတ်ဖို့အတွက် သူများဒုက္ခပေးမယ့်ကိစ္စ။ နှစ်ကောင်သား အသံက ပေါ်လာပြန်တယ်။

"ပြဿနာ့တက်ရင်ကော"

"မတက်စေရပါဘူး ကိုအောင်ရာ၊ တကယ်လို့ ပြဿနာတက်ခဲ့ရင်တောင် ကျွန်တော် အလကားပြန်လုပ်ပေးလိုက်ရင် ဘာမှမဖြစ်ပါဘူး၊ ခါတိုင်းဆို ပလပ်စတစ်ကောက်တဲ့ကလေးတွေ ကျွန်တော်ခိုင်းနေကျ၊ ဒီနေ့ သူတို့ကို မတွေ့လို့ မခက်ပါဘူး ကိုအောင်ရာ၊ ပထမအကြိမ်မို့လို့ နောက်ဆိုရင် လစ်ရင်လစ်သလိုလုပ်ဖို့ ကျွမ်းကျင်လာမှာပါ"

"အေးကွာ၊ ဒီထန်းရည်တစ်ဘူးတော့ ကုန်အောင်သောက်လိုက်ဦးမယ်"

ခါတိုင်းလို စိမ်မဆွဲတော့ဘဲ တစ်ယောက်တစ်လှည့်နက်ကြတာ မကြာခင်မှာပဲ တစ်ကျည်တောင့် တက်တက်ပြောင်ပါလေရောလား။

"သွားဦးမယ်ကိုဇံ၊ တစ်နေ့စာ အကြံအဖန်လုပ်လိုက်ဦးမယ် အဟဲ"

မျက်နှာမူးကြီးတွေနဲ့ ဖုတ်ဖက်ခါထွက်သွားမှပဲ ကျွန်တော်တို့လည်း စကားပြန်ဖြစ်တော့တယ်။

"မင်းကြားတယ် မဟုတ်လား၊ နောက်ဆို မင်းအိမ်ရှေ့မြောင်းမှာ ငါးဆင်းဖမ်းသူတွေ၊ နောက်ပြီး ပလပ်စတစ်ကောက်တဲ့ကလေးတွေတွေ့ရင် သတိထား"

"ကိုအောင်ကြီးမြောင်းထဲဆင်းရင် ပိုသတိထားရမလိုဖြစ်နေပြီဗျ၊ အဟီး"

ထန်းတစ်ဥသောက်၊ ပဲကြီးလှော်တစ်ဇွန်းနှစ်ဇွန်းကောက်စား၊ ပြီးရင် ဒေါ်ပုဖင်ကိုကိုက်၊ (ဒေါ်ပုဆိုတာ ကျွန်တော်တို့မော်လမြိုင်မှာ နာမည်အကြီးဆုံး



ဖက်စိမ်းဆေးလိပ်ဗျ)ဆက်ရက်မင်းထက်ကြီးတဲ့ လင်းတမင်းစည်းစိမ်နဲ့နှပ်နေရတာ လွှတ်နိပ်သဗျာ။

"ဟော့ကောင် ဟိုဖက်နားထိုင်နေတဲ့လူ တွေ့လား"

"ဟိုလူကိုပြောတာလား၊ ကျွန်တော်သိပါတယ်၊ ဘောကာလီမဟုတ်လား"

"အင်း သူ့ကိုပြောတာ အဲဒီလူက လိမ်စားနေတာကွ"

"ကျွန်တော် မကြားမိပါဘူး၊ ဒီလူ လူကောင်းပါ"

"မင်း ဘာသိလို့လဲ တစ်ရပ်ကွက်လုံး သူမလိမ်ဘူးတဲ့အိမ် ခပ်ရှားရှား၊ မင်းမယုံရင် မေးလိုက်"

"ကိုယ့်ဆရာ ပြဿနာတက်အောင် လုပ်ပြီ"

"မေးလိုက်စမ်းပါကွာ၊ ပြဿနာမတက်စေရပါဘူး၊ ငါရှိပါတယ်၊ အားကိုးစမ်းပါ၊ ယုံကြည်စမ်းပါကွ"

ကလေးသားလေး မျက်နှာသိပ်မကောင်းဘူး၊ ဒါပေမယ့် ကျွန်တော့်ဆီက ထန်းရည်ကပ်သောက်ထားတော့ ကျွန်တော့်ကိုလည်း မလွန်ဆန်ချင်ဘူး။ နောက်ပြီး ကျွန်တော့်ကို အားကိုးယုံကြည်တယ်လေ၊ ဒါနဲ့ မရဲတရဲလေးနဲ့

"ကိုဘောကာလီ အစ်ကို့ကို ကျွန်တော့်ဆရာက တစ်ရပ်ကွက်လုံးလိုက်လိမ်နေတာတဲ့၊ စိတ်မဆိုးနဲ့နော်၊ ကျွန်တော့်ဆရာကပြောလို့ အဲဒါဟုတ်ရဲ့လားဟင်"

ဒီလို ကလေးသားလေး မရဲတရဲမေးတာကို ဘောကာလီက ချက်ချင်း၊

"အေးလေ ဟုတ်တယ် မင်းဆရာပြောတာ မှန်တယ်ကွ၊ ဒါက ငါ့အလုပ်ပဲလေ၊ ဒီလိုမှမလိမ်ရင် ငါ့မိသားစု ဘယ်လိုထမင်းစားမှာလဲကွ၊ ငါ များများလိမ်ရမှ အိမ်က,မိသားစု ထမင်းဝမှာလေ"

ဆိုပြီး အေးအေးဆေးဆေး ပြန်ပြောပါတယ်။

"မင်းယုံပြီ မဟုတ်လား၊ ဒီလူလိမ်စားတယ်ဆိုတာ"

"အေးဗျာ၊ ကျွန်တော်မထင်ဘူး"

"အဲဒါတင် ဘယ်ကဦးမှာလဲ၊ ဘုန်းကြီးကျောင်းတို့ ဘုရားပွဲတို့တွေပါ [illegible] မနောက်ဆုံး ကုန်ကုန်ပြောမယ်ကွ၊ ရပ်ကွက်ရုံးတို့ဘာတို့မှာပါ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လိမ်နေတာ”

“ဒါဆို ကိုယ့်ဆရာ ဒီလူကို နည်းနည်းသတိပေးမှ ကောင်းမယ်ထင်တယ်”

“မင်းပဲပြောလိုက်လေ၊ ငါ တာဝန်ယူပါတယ်”

ကလေးသားလေး မရဲတရဲနဲ့ ချောင်းဟန့်လိုက်ပြန်တယ်။ ပြီးမှ

“ကိုဘောကာလီ၊ ခင်ဗျား ဘာကြောင့် ဒါမျိုးတွေလုပ်နေတာလဲ၊ ကိုယ့်မိသားစုကို ကောင်းကောင်းမွန်မွန် ရှာကျွေးသင့်ပါတယ်၊ ခင်ဗျား ဒီလို လိုက်လိမ်နေတော့ မိသားစုမျက်နှာငယ်မှာပေါ့၊ တခြားအလုပ်လုပ်ပါဗျာ၊ ဥပမာ ပန်းရန်တို့ လက်သမားတို့လိုပေါ့၊ ပင်ပန်းပေမယ့် ဂုဏ်ရှိပါတယ်”

“ဟော့ကောင် မင်း ဘာကိုပြောနေတာလဲ”

“မဟုတ်ဘူးလေ၊ ကိုဘောကာလီ လျှောက်လိမ်နေတာကိုပြောနေတာ၊ ဆက်မလုပ်ပါနဲ့တော့ဗျာ”

“ဟော့ကောင်ရ ငါက ဒီအလုပ်ပဲလုပ်တတ်တာကွ၊ ဒါမှမလုပ်ရင် ဘာလုပ်ရမှာလဲ”

“ကျွန်တော်ပြောတဲ့ လက်သမား ပန်းရန်လေ”

“မင်း ငါ့ကို နောက်နေတာလား ဟော့ကောင်”

“ကျွန်တော်က စေတနာနဲ့”

“မင်း ဘာတွေပြောနေတာလဲ၊ ဒါက ငါ့အလုပ်ကွ၊ ဒီရပ်ကွက်က အိမ်တစ်အိမ်မှာ မီးမလာတော့ရင် ငါလိုက်ပြင်ပေးရတယ်၊ အဲဒီတော့ မီးကြိုးတွေ ပြတ်နေရင် ဟောဒီ ပလာယာနဲ့ လိမ်ပြီး ပြန်ဆက်ပေးရတယ်၊ ဘုန်းကြီးကျောင်းဘုရားပွဲတွေလည်း ဒီလိုပဲ လုပ်ပေးရတယ်၊ ငါက လျှပ်စစ်ကျွမ်းကျင်ကွ၊ ဒီတော့ မီးပျက်တဲ့အခါတိုင်း ဒီပလာယာနဲ့ ဆက်ပြီး လိမ်နေရဦးမှာပဲကွ၊ တောက် ဘာမသိညာမသိနဲ့ လာကလိနေတယ်၊ ထထောင်းလိုက်ရ”

ကလေးသားလေးခမျာ မနည်းတောင်းပန်လိုက်ရတယ်။ ကျွန်တော်ကတော့ တဟီးဟီး သဘောကျလို့။

“အား ကိုယ့်ဆရာ ကျွန်တော့်ကို ပြဿနာရှာတာပဲ၊ အစောတည်းက မီးပြင်သမားလို့ ပြောလိုက်ရင်ပြီးရော”

“မင်းသိလား၊ ထန်းရည်သောက်ရင် အဲလိုလေးပြောပေးမှ ထန်း



ရည်က ပိုဝင်တာကွ၊ မင်းလည်း အသိအမြင်ကြွယ်လာတယ်မဟုတ်လား၊ ကုန်ပြီကွာ၊ နောက်တစ်ဘူးနဲ့ ငါးခြောက်တစ်စီး မှာကွာ”

“ကိုယ့်ဆရာ ထန်းရည်အရသာ ပြောင်းသွားသလိုပဲ”

“အေး ငါ့ကောင်မှတ်၊ ထန်းရည်ဆိုတာက အချိန်တိုင်း ဒီအရသာ မရှိဘူးကွ၊ အချိန်တိုင်း အရသာပြောင်းနေတာ၊ အဲဒါမှအစစ်၊ တစ်နေကုန် ထိုင်သောက်လို့ အရသာတစ်မျိုးတည်းဖြစ်နေရင် အဲဒါ အတု၊ မင်းအခု သောက်နေတာ ထန်းရည်အစစ်ကွ၊ နေမြင့်လာလေ ထန်းရည်အရသာပြောင်းလာလေပဲ၊ မနက်စောစော ငါတို့ရောက်စက”

“ချိုတယ်လေ”

“ခုကောကွာ ဘယ်လိုလဲ”

“ပြင်းလာတယ်ဆရာ”

“အဲဒါပဲကွ၊ အဲဒါမှ ထန်းရည်၊ တစ်နေကုန်ထိုင်သောက်လို့မှ အရသာမပြောင်းရင် အဲဒါ ထန်းရည်မဟုတ်ဘူးလို့မှတ်၊ နောက် အဲဒီထန်းတဲကို မင်းမသွားနဲ့တော့၊ ဒါနဲ့ မင်းကိုမေးပါရစေ၊ မင်းမိဘတွေ အခြေအနေကောင်းပါတယ်၊ မင်း ဘာကြောင့် အလုပ်ကြမ်းတွေ လုပ်နေတာလဲ၊ ဘာလဲ မင်းမိဘတွေက မင်းကို ပြန်မကြည့်ဘူးလားကွ ဟေ”

“ဟာ ကိုယ့်ဆရာကလည်း ဘာလို့ ပြန်မကြည့်ရမှာလဲ၊ ကျွန်တော့်အဖေရော အမေရော ကျွန်တော့်ကို အသေအချာကြည့်နေတာ၊ အကြာကြီး၊ နောက်ပြီးမှ တစ်ဖက်ကိုလှည့်လိုက်တယ်၊ ပြီးတော့မှ ‘ထွီ မင်းဘယ်တော့မှ ပြန်မလာနဲ့’ ဒါလေးပဲပြောတာ၊ ကျွန်တော်မနာပါဘူး၊ မိဘနဲ့သားသမီးပဲလေ၊ ကိုယ်က နားလည်ပေးရမှာပေါ့၊ မဟုတ်ဘူးလား၊ ကိုယ့်ဆရာလည်း ကျွန်တော်ပြောတာကိုမှတ်နော်၊ မိဘနဲ့သားသမီးဆိုတာ ရေကိုဖြတ်လို့ မပြတ်သလို ပြတ်လို့ရတဲ့ကိစ္စမှ မဟုတ်တာ၊ သူတို့က ပြန်မလာနဲ့ဆို ကျွန်တော်က ‘ဟုတ်ကဲ့ လား ပျံမလာပါဘူးနော်၊ လမ်းလျှောက်ပြီးတော့ပဲ လာတာပါ’ ဆိုပြီး လေပြည် ထိုးရတာပေါ့၊ အဟဲ မမိုက်လား၊ ကိုယ့်ဆရာလေကိုပဲ ငှားသုံးလိုက်မယ်၊ မှတ်ထားနော်မှတ်”



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ခုနစ်ရက်မှတ်တမ်းများ

(အင်္ဂါ)

ကျွန်ုပ်သည် ဆရာကြီးဖြစ်သည့်အတိုင်း ဆရာကြီးအကြံ ကြံလေ၏။ အခြားမဟုတ်။ ကမ္ဘာကို အိတ်ထဲထည့်ရန် ကြံခြင်းဖြစ်၏။ ကျွန်ုပ်၏အိတ်ကပ်ထဲတွင် တစ်ကမ္ဘာလုံးရှိနေပြီဖြစ်ပါက ကျွန်ုပ်သည် ဆရာကြီး စင်စစ်ကောင်းဖြစ်ပေမည်။ ကျွန်ုပ်၏အကြံအစည်ကား တယ်လီဖုန်းဖြင့် အင်တာနက်သုံးရန် ကြံခြင်းဖြစ်၏။ ကျွန်ုပ်၏တယ်လီဖုန်းစုတ်ထဲ အင်တာနက်သုံး၍ရပါက ကမ္ဘာကြီးသည် ကျွန်ုပ်တယ်လီဖုန်းထဲ ရောက်၍လာမည်ဖြစ်၏။ သို့သော် ခက်၍နေသည်မှာ ကျွန်ုပ်ဆရာကြီးသည် ခေတ်ဆွေးကြီးဖြစ်၍ နေသကဲ့သို့ ကျွန်ုပ်၏တယ်လီဖုန်းမှာလည်း ခေတ်ဆွေး၍နေလေရာ အင်တာနက်ချိတ်ဆက် ကြည့်သည်ရှိသော် တတ်ကျွမ်းသော ပညာရှင်များမှ ချွေးပြန်လောက်အောင် ကြိုးစား၍မရအရ ကြိုးစားချိတ်ဆက်ပေးငြား ချိတ်၍ရသွားသောအခါ၌ အင်တာနက်ထဲမှ ပြန်ထွက်မရဘဲ အခက်တွေ့တော့၏။

ဤတွင် ကျွန်ုပ်တွေး၏။ ၂၀၁၁ခုနှစ် ကမ္ဘာကြီးတွင် ဘာမှအလကား မရသည်ကို ကျွန်ုပ်သိရကား အင်တာနက်ဝင်ပြီး ပြန်ထွက်မရသောအခါ



နာရီနှင့်အမျှ အခကြေးငွေတက်နေမည်ကို တွေးမိသော် အတော်မျက်လုံးပြူးလေ၏။ အင်တာနက်ချိတ်ပြီးမှ ပြန်ထွက်မရသောအခါ ကမ္ဘာကို အိတ်ထဲထည့်ရန်ကြံလေသော ကျွန်ုပ်ဆရာကြီး 'ကမ္ဘာပြား'လေတော့၏။ ကမ္ဘာပြားပြီဟာဟုအော်ကာ နောက်ဆုံးဖုန်းရုံးမှ နားလည်သူများအား သွား၍ အကူအညီတောင်းရ၏။ သူတို့ကူညီပေးမှ ကျွန်ုပ်၏ တယ်လီဖုန်းစုတ်သည် အင်တာနက်ကွန်ရက်ထဲမှ ပြန်ထွက်လာကာ တစ်သီးပုဂ္ဂလ ပြန်ဖြစ်သွားတော့၏။ ထိုအခါမှ ကျွန်ုပ် သက်ပြင်းချရ၏။ ကျွန်ုပ်လည်း ကမ္ဘာကို အိတ်ထဲထည့်ရန် မစဉ်းစားရဲတော့ဘဲ ကျွန်ုပ်ဟာကျွန်ုပ် တစ်သီးပုဂ္ဂလသာ ဆရာကြီးပြန်လုပ်နေရတော့သည်။ ကျွန်ုပ်စဉ်းစားမိသည်မှာ တစ်ခါတစ်ရံ၌ တစ်သီးပုဂ္ဂလ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း ဆရာကြီးလုပ်နေခြင်းက ပို၍များ အဟန့်ကောင်းလေမလား ဟူ၍ဖြစ်တော့၏။

(ဗုဒ္ဓဟူး)

ကျွန်ုပ်သည် အင်တာနက်ဟူသောကိစ္စကို အခဲမကြေဖြစ်၍ နေ၏။ ကျွန်ုပ်နောက်မှ ထမင်းစားတတ်သည့်လူငယ်များအပါအဝင် တစ်ကမ္ဘာလုံးမှ လူများ ကိုယ်ထင်ရာ လိုသလိုအသုံးချ၍ အသုံးကျနေကြသော ကိစ္စတစ်ခုအား ကျွန်ုပ်သည် ဆရာကြီးဟု ကိုယ့်ကိုကိုယ်ခံယူထားပါလျက်နှင့် အနီးကိစ္စနှင့် ကျွန်ုပ် အလကားနေရင်း ဝေးကွာနေ၏။ အင်တာနက်ဆိုသောကိစ္စသည် အကောင်အထည်ရှိပါက ကျွန်ုပ်သည် မင်းဘာလဲ ငါဘာလဲဟု သွား၍ခွဲမိမည်လားမသိ။ ထိုသို့စဉ်းစားရင်း နိုးထလာသည်ဖြစ်ရာ မျက်နှာသစ်ပြီးသည်နှင့် နီးရာအင်တာနက်ကဖီးသို့ ကျွန်ုပ် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားလေသည်။ ဆက်သွယ်စရာရှိသူများနှင့် ကျွန်ုပ်ဆက်သွယ်၏။ ဗဟုသုတရစေရန် ဖဝိကထား၍ ကမ္ဘာတွင် ဘာတွေဖြစ်၍နေကြသည်ကို ကျွန်ုပ် မီသမျှကြည့်၏။

ကျွန်ုပ်၏ အသက်မွေးဝမ်းကျောင်းဖြစ်သော အင်တာတိန်းမန့်လောကကို လေ့လာရင်း ကိုရီးယား အထီးအမများ ဘာတွေလုပ်နေကြသနည်းဟု ကြည့်သည်ရှိသော် နောက်နားမှ မကြားတကြားပြောသံ ကြား၏။ ဒီအသက်

www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကြီးနဲ့များ ကိုရီးယားမင်းသမီးလေးတွေအကြောင်း လျှောက်ကြည့်နေတယ်ဟူ၍ဖြစ်လေသည်။ လှည့်ကြည့်တော့ ချာတိတ်နှစ်ကောင်။အင်တာနက်ဆိုင်မှ ဝန်ထမ်းကောင်လေးတွေ ဖြစ်၏။ ဘယ်တုန်းကတည်းက ကျွန်ုပ် အင်တာနက်သုံးနေသည်ကို လာစပ်စုနေသည်မသိ။ လူတစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စကို အတင်းလာစပ်စုခြင်းသည် ယဉ်ကျေးသောယနေ့ခေတ် လူ့အဖွဲ့အစည်းအတွက် ရိုင်းစိုင်းလှသော အမူအကျင့်ဖြစ်ကြောင်းကိုပင် ထိချာတိတ်တွေ နားလည်ပုံမရ။ ဤကိစ္စအား ဤဝန်ထမ်းကောင်လေးတွေသာမက သူတို့ဆိုင်ရှင်တောင် သိမှ သိပါ့မလားဟု ကျွန်ုပ်စဉ်းစား၏။ ဒီမိုကရေစီနိုင်ငံသစ်တွင် အဆင့်အတန်းရှိစွာ နေထိုင်နိုင်ရန် Privacy ဆိုသော လူ့ယဉ်ကျေးမှုတစ်ရပ်ကို အပြည့်အဝ လူတိုင်းနားလည်ရန် လိုအပ်လှကြောင်း ကျွန်ုပ်စဉ်းစားရင်း တစ်နေကုန်လေ၏။

(ကြာသပတေး)

လွန်စွာရယ်စရာကောင်းသော လူနှစ်ဦးနှင့် ကျွန်ုပ်တွေ့၏။ ထူးခြားသည်မှာ ထိုသူနှစ်ဦးစလုံးမှာ ကျွန်ုပ်နှင့်လုံးလုံးမသိသောသူများ ဖြစ်၏။ သွား၍ဆုံမိသော အခြေအနေတစ်ခုမှာ ဤသို့ဖြစ်လေသည်။

ပထမတစ်ဦးမှာ ဗျူးဆရာဖြစ်၏။ ကျွန်ုပ်အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ၏။ တိုက်မှလွှတ်၍သာ ကျွန်ုပ်ထံရောက်လာပြား ကျွန်ုပ်အကြောင်း ဘာမှမသိ၍ ဘာဗျူးရမှန်းမသိ ဖြစ်နေလေသည်။ နောက်ဆုံးသူ့အကြောင်းများချည်း သူပြောကာ ပြန်သွားလေ၏။ သင့်လေစွတကား။

ဒုတိယတစ်ဦးမှာမူ ဒဿနသမား ဖြစ်ပုံရ၏။ ညနေစောင်း လက်ဖက်ရည်ဆိုင်သွားထိုင်စဉ် နေရာမရှိ၍ ကျွန်ုပ်စားပွဲ လာထိုင်သူဖြစ်၏။ သူ့အကြောင်းရေးရလျှင် ဝတ္ထုတိုတစ်ပုဒ် ရလောက်လေသည်။ သူသည် စာပေါ်စုံ ဖတ်သည်ဆို၏။ ယနေ့ထွက်၍ နေလေသော ဂျာနယ်၊ မဂ္ဂဇင်းများ မည်မျှမကောင်းလှကြောင်းကို သူ့အမြင်အရ တစ်တစ်ခွခွ ဝေဖန်လေ၏။ ပြန်ခါနီးမှ သိရသည်မှာ ထိုသူသည် မဂ္ဂဇင်းတိုက်တစ်တိုက်တွင် ဝင်လုပ်ခဲ့စဉ်က လာဝါယူ၍ ဆောင်းပါးရေးကာ စီးပွားရေးလုပ်ငန်းတစ်ခုအား မတရားကြော်ငြာပေး



ခဲ့သဖြင့် အလုပ်ပြုတ်လာသော ဆောင်းပါးရေးသူတစ်ဦးမှန်း သိရလေသည်။

နိုင်ငံတစ်နိုင်ငံအတွက် စတုတ္ထမဏ္ဍိုင်သည် လည်ပတ်နေသော လူများအားလုံး ဉာဏ်ရည်မြင့်မားဖို့ လိုအပ်သည်သာမက အကောင်းဆုံးမဖြစ်စေကာမူ တတ်နိုင်သမျှ ဘက်မလိုက်ရန် လိုအပ်ကြောင်းစဉ်းစားရင်း ကျွန်ုပ်တစ်နေကုန်ပြန်၏။

(သောကြာ)

ဟော်လိုဂီတာတွင် ကြိုးဘယ်နှချောင်းရှိမှန်းမသိသော အဆိုတော်ပေါက်စကောင်မလေးတစ်ယောက် အိမ်ရောက်လာ၏။ ကျွန်ုပ်မှလည်း ဆရာကြီးဖြစ်သည့်အလျောက် စွတ်ရွတ်၍ ဆရာလုပ်ကာ ဩဝါဒတွေ မတရားချွေမိ၏။ သူလည်း အူကြောင်ကြောင်နှင့် နားထောင်ရှာ၏။ နာရီများစွာကြာသော်တာထိုင်ပြောပြော နှစ်ဦးနှစ်ဖက်အကျိုးရှိလိမ့်မည် မဟုတ်မှန်းကို ရှာဖွေတွေ့ရှိကြ၏။ စာဖတ်ခြင်း၊ စဉ်းစားခြင်းကိစ္စများသည် အချိန်ဖြုန်းခြင်း သက်သက်ဖြစ်သည်ဟူသော အယူအဆကို ဆုပ်ကိုင်ထားသည့် ထိုကလေးမကဲ့သို့သော လူငယ်များ မည်မျှများနေလေသနည်းဆိုသောကိစ္စကို စဉ်းစားရင်း ကျွန်ုပ်တစ်နေကုန်ပြန်၏။

(စနေ)

ဆရာကြီးတန်မဲ့ ပျားတုပ်ခံရသောအဖြစ်သို့ မတော်တရော် ကျွန်ုပ်ရောက်ရှိ၏။ တုပ်သောပျားမှာ ခုံခုံညားညား ပျားဖြစ်ပါက ကျွန်ုပ်စိတ်မဆိုး။ ပျားတုပ်ခံရသော နေရာမှာလည်း လူမြင်သူမြင်ကောင်းသော နေရာဖြစ်ပါကလည်း ကျွန်ုပ်စိတ်မဆိုးသေး။ ယခုမူ မြင်၍ ကြား၍မကောင်း။ နှာခေါင်းထိပ်အညွှန့်တည့်တည့်ကိုမှ ခွေးလှေးပျားအတုပ်ခံရခြင်း ဖြစ်၏။ မိခင်ကြီးအိမ်သို့အသွားရွာထဲမှ ပိန်းပင်များကြား ဆောင့်ကြောင့်ထိုင်ကာ သွားစပ်စုမိသဖြင့် ဆရာကြီး ကျွန်ုပ်နှာခေါင်း ပျားတုပ်ခံရခြင်း ဖြစ်တော့၏။ နဂိုအနေမှ ကြည့်မကောင်းလှသော ကျွန်ုပ်နှာခေါင်းပွကြီးမှာ နီရဲကာ ယောင်၍နေလေ၏။ ဆရာကြီးမှန်းအမှန်းမသိ မပြောမဆို ထ၍တုပ်သော ပေါက်လွှတ်ပဲစားပျားကို ဒေါ်ပွရင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကုန်ပြန်သည်။ (သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် ကြိုးစားရင်း တစ်ခါတစ်ရံ ပျားတုပ်ခံရနိုင်ကြောင်း ကျွန်ုပ်သင်ခန်းစာရ၏။ အတွေးသက် သက်သာဖြစ်လေသည်။)


(တနင်္ဂနွေ)

အထူးအထွေမရှိ။ အစိုးရရုံးပိတ်ရက်ဖြစ်၍ ကျွန်ုပ်လည်း ကိုယ့်ကိုကိုယ် ရုံးပိတ်ပေးထားလိုက်၏။ သို့သော် တက်စရာရုံးမရှိသည့်အပြင် ရုံးပိတ်ရက်၏ အားလပ်ပျော်ရွှင်မှုကိုပင် တင်းပြည့်ကျပ်ပြည့် မခံစားရသော ကျွန်ုပ်ဘဝကို တွေးမိကာ တစ်မျိုးတစ်ဖုံ အားငယ်မိ၏။ ကျွန်ုပ်သည် ကိုယ့်ကိုကိုယ် ဆရာကြီးအဖြစ် အတင်းကာရော အားတင်းထားလေစွတကား။ နိုင်ငံအတွက် တစ်နည်းတစ်လမ်းမှ အားကိုးရလေသော ဝန်ထမ်းကောင်းတစ်ယောက် မဖြစ်ခဲ့လေစွတကား။ ကျွန်ုပ်သည် ဘာမျှ မဟုတ်လှလေသော သာမန်ပြည်သူ လူပိန်းတစ်ဦးသာ ဖြစ်လေစွ။

(တနင်္လာ)

မြို့ကြီးတစ်မြို့တွင် မည်သို့ကားမောင်းသင့်ကြောင်း သေချာမသိသော လူပေါင်းများစွာနှင့် ယနေ့ကြုံပြန်လေသည်။ အများစုမှာ သူတို့ကိုယ်သူတို့ သကြားမင်းထင်နေကြပုံရ၏။ လက်ညှိုးထောင်လိုက်၊ လက်ဝါးလေး ထောင်လိုက်နှင့် ကိုယ်ရောင် လင်းချင်နေကြလေသည်။ အတင်း မသိချင်ယောင်ဆောင်ကာ ကြားဖြတ်၍ ဝင်ကြ၏။ စိတ်ချထား၍ နည်းနည်းမှမရလေသော 'ကား'ဆိုသည့် စက်ပစ္စည်းကြီးတစ်ခုကို တစ်ရှိန်ထိုး မောင်းလိုမောင်းကြ၏။ လမ်းပေါ် သွားလာနေသူများကလည်း ကားဆိုတာ ငါ့မတိုက်ရဲပါဘူး ဟူသောအယူဖြင့် ထင်ရာလုပ်ကြ၏။ 'ကား'ဆိုသောအရာနှင့် 'တိုက်'မိသည် ဟူသောကိစ္စတွင် 'သေ'နိုင်သည်ဟူသော အဖြစ်အပျက် ဖြစ်တတ်ကြောင်း သိသိချည်းနှင့် ထင်ရာလုပ်၍ နေသူများကြား ကျွန်ုပ်သွားလာနေရင်း တစ်ပတ် ကုန်ပြန်တော့၏။

■ အရှိ



www.burmeseclassic.com

www.burmeseclassic.com



## စိတ်ကူးယဉ်ဇာတ်လမ်းအမှတ်(၂၀၂၅)

အကာလည(နေ့မဟုတ်)

နာရီလက်တံများကို တိတ်ဆိတ်ငြိမ်သက်ခြင်းက တဖြည်းဖြည်းချင်း ဝါးမျိုသိမ်းပိုက်နေ၏။ မကြာမီပင်အချိန် (တရုတ်ကြီးမဟုတ်ပါ)ဆိုသည့် ပစ္စုပ္ပန်မှန်သမျှ တိတ်ဆိတ်ငြိမ်သက်ခြင်း၏ လွှမ်းမိုးချုပ်ကိုင်မှုကို ခံရပေတော့မည်။

ရုတ်တရက် ကလန်ကဆန့်ထ၍ ပေါက်ကွဲသည်က(တိုင်းပုံးကဲ့သို့ ပေါက်ကွဲခြင်းမဟုတ်ပါ၊ တိတ်ဆိတ်ခြင်းကို တော်လှန်၍ အသံထမြည်ခြင်းကို ဆိုလိုသည်)တိုင်ကပ်တရုတ်နာရီကြီးပင်။ သာယာသော အလက်ထရစ်(အင်္ဂလိပ်စာလုံးပေါင်းမသိ)ဂီတသံဖြင့် (၉)နာရီထိုးသည့်အကြောင်း ဝတ္တရားအရ ထမြည်ခြင်းဖြစ်၏။ (မာတ်ခဲကုန်နေလျှင် သူလည်း ဝတ္တရားမသိတော့ပါ)



နာရီသံကြောင့် ဒေါက်တာသောင်းထိုက် ဆတ်ခနဲ တုန်သွားရ၏။

"အင်း ဒီအချိန်ဟာ အသင့်တော်ဆုံးအချိန်ပဲ"

ခုတင်ပေါ်မှ အသာအယာဆင်း၏။ တံခါးပေါက်ရှိရာသို့ ခြေသံမထွက်အောင် ဂရုစိုက်၍လျှောက်သွားလိုက်သည်။ ပိတ်ထားပြီးသောတံခါးကို လော့(ခ်)ချလိုက်၏။ သေချာအောင် တစ်ချက်လှည့်ကြည့်သည်။ စိတ်ချရတော့မှ အဝတ်အစားဗီရိုရှိရာသို့ ဦးတည်၍ ဖွဖွလေး လျှောက်ခဲ့၏။ အဝတ်အစားဗီရိုကို ပျက်စီးသွားတော့မည့်အလား သတိနှင့်ထိန်း၍ ဖွင့်လိုက်သည်။

"ကျွီ အီ"

"အာ ဒီပတ္တာကတစ်မျိုး"

ကျပ်နေသောပတ္တာက အသံထွက်လာသဖြင့် စိတ်ထဲမှ ကျိတ်၍ကျိန်ဆဲလိုက်မိ၏။ ဗီရိုတံခါးပွင့်သွားတော့မှ ဂျာကင်အိတ်ထဲမှ သော့တစ်ချောင်းကို ထုတ်ယူလိုက်သည်။ ထိုသော့နှင့်အံဆွဲတစ်ခုကို ထိုးလှည့်ပြီး ဆွဲဖွင့်လိုက်၏။

အံဆွဲထဲမှာတော့၊

"ကွာလတီမြန်မာမဂ္ဂဇင်းကြီးတစ်အုပ်"

အဖိုးတန်ပစ္စည်းကြီး လွတ်ကျလျှင် ကွဲတော့မယောင် တယုတယနှင့် ထုတ်ယူလိုက်၏။ ဖွဖွလေး ခြေဖျားထောက်၍ စာကြည့်စားပွဲရှိရာသို့ ယူလာခဲ့သည်။ ဒေါက်တာသောင်းထိုက်၏ရင်ထဲမှာတော့ တဒိန်းဒိန်း၊ မျက်နှာပေါ်မှာတော့ စားချင်သောအစားအစာကို စားရတော့မည့် ကလေးတစ်ယောက်၏ အပြုံးမျိုးနှင့်။

ကွာလတီမြန်မာမဂ္ဂဇင်းကြီးကို အသာအယာချ၍ မျက်နှာဖုံးကို စိုက်ကြည့်လိုက်၏။

"အား ပါး ပါး"

ဒေါက်တာသောင်းထိုက်၏ သွေးခုန်နှုန်းတို့ ပြိုင်ဖိုက်လာသော လိုင်းကားနှစ်စင်းကဲ့သို့ဖြစ်သွား၏။ ပီတိက နားထင်၊ ခြေဖျား၊ လက်ဖျားများအထိ ဓနွးခနဲ ရှိန်းခနဲ။

"ဒေါက် ဒေါက် ဒေါက် ဒေါက်"

www.burmeseclassic.com



ထွက်ပေါ်လာသော အရေးတကြီး တံခါးခေါက်သံကြောင့် ပီတိတို့ အလန့်တကြား ထွက်ပြေးပြီး ထိတ်လန့်ခြင်းတို့ အစားထိုးဝင်ရောက်လာခဲ့၏။ ဝရန်းသုန်းကားနှင့် ကွာလတီမြန်မာမဂ္ဂဇင်းစာအုပ်ကြီးကို မွေ့ရာအောက်သို့ ထိုးထည့်လိုက်ရ၏။ ကမန်းကတန်းပင် တံခါးရှိရာသို့သွားပြီး ဖွင့်ကြည့်လိုက်တော့ သမီးကြီး ယွန်းသဒ္ဒါထိုက်။

"ဦးလေး ဦးထွန်းသော် မူးလဲလို့တဲ့ဖေဖေ"

× × ×

ဒေါက်တာသောင်းထိုက်ရောက်တော့ ဦးထွန်းသော် သတိမရသေး။ သွေးပေါင်ချိန်တိုင်း ကိရိယာကိုထုတ်ပြီး သွေးချိန်ကြည့်လိုက်တော့ ၁၂၀/၁၆၀။

"ဟင် ဒီကောင့်မှာ သွေးတိုးမရှိပါဘူး၊ ဘာဖြစ်လို့ ဒီလောက်အထိ တက်နေရတာလဲ၊ ဒီလောက်ကြီးတက်မှတော့ မူးလဲတော့မှာပေါ့"

မယုံကြည်နိုင်စွာနှင့် နောက်တစ်ခါ ပြန်ချိန်ကြည့်၏။

"ဟင် မဟုတ်သေးပါဘူး"

အမှတ်အသားများက ၁၀၀/၁၄၀ကို ပြနေပြန်သည်။ နောက်တစ်ခါ တိုင်းရပြန်၏။ ၈၀/၁၂၀။

"ဘယ်လိုလဲဟ ပုံမှန်ဖြစ်သွားပြန်ပြီ"

မကျေနပ်။ နောက်တစ်ခါ ၈၀/၁၂၀၊ နောက်တစ်ခါ ၈၀/၁၂၀ မပြောင်းတော့။ သွေးပေါင်ချိန်က ပုံမှန်ဖြစ်နေပြန်သည်။ ဒေါက်တာသောင်းထိုက် လူနာ၏အရေးကို မတွေးနိုင်အား။ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း လုံးလည်ရိုက်နေ၏။

ကိရိယာချို့ယွင်းတာလား။ ငါပဲ အမှတ်မှားတာလား။ နှစ်ပေါင်းများစွာ လုပ်လာတဲ့အလုပ် မှားစရာတော့ မရှိပါဘူး။ ဒါဖြင့် ၁၂၀/၁၆၀ကနေ ဘာဖြစ်လို့ ချက်ချင်းကျသွားရတာလဲ။ ဒါဟာ သဘာဝမှမဟုတ်တာ၊ သွေးတိုး မရှိဘဲနဲ့ ဒီလောက်အထိ တက်သွားစရာလည်း မရှိပါဘူး။ အင်း သတိရလာ



မှပဲ အဖြစ်အပျက်ကို မေးပြီး ကောက်ချက်ချရတော့မှာပဲ။

× × ×

ဒေါက်တာသောင်းထိုက်နှင့်ဦးထွန်းသော်တို့မှာ အလယ်တန်းကျောင်းသားဘဝကတည်းက တတွဲတွဲနှင့် မခွဲခဲ့ကြသော အချစ်ဆုံးသူငယ်ချင်းနှစ်ဦး။ ဦးထွန်းသော်က ဓာတ်ပုံပညာကို ဝါသနာကြီး၍ ဒေါက်တာသောင်းထိုက်က ကျောင်းပညာရေးတွင် ထူးချွန်သည်။ (၁၀)တန်းအောင်တော့ ဆေးတက္ကသိုလ် နှင့်စီးပွားရေးတက္ကသိုလ် ကွဲသွားကြ၏။

ဦးထွန်းသော်က ဓာတ်ပုံပညာကို တစိုက်မတ်မတ် လေ့လာ၍ဘွဲ့ရသည်နှင့် တစ်ပြိုင်နက် ဓာတ်ပုံဆိုင်ထောင်၏။ ဒေါက်တာသောင်းထိုက် ဟောက်ဆာဂျင်ဆင်းနေချိန်တွင် ဦးထွန်းသော်က ဆုပေါင်းများစွာကိုပိုင်ဆိုင်ထားသော အောင်မြင်သည့်ဓာတ်ပုံဆိုင်ပိုင်ရှင် ဖြစ်နေပေပြီ။

အိမ်ချင်းမှာ နဂိုကတည်းကပင် ကပ်လျက်။ ဓာတ်ပုံဆိုင်နားတွင် ဆေးခန်းကပ်၍ဖွင့်လိုက်သောအခါ သူငယ်ချင်းနှစ်ဦး တတွဲတွဲနှင့် ပြန်ဖြစ်သွားလေတော့သည်။ အချစ်ဆုံးသူငယ်ချင်းကလည်း ဖြစ်နေသည့်အပြင် တတွဲတွဲ ပြန်ဖြစ်ရသည့်အကြောင်းတရားကလည်း ရှိ၏။

ဦးထွန်းသော်က နာမည်ကြီးဓာတ်ပုံဆရာဖြစ်သောကြောင့် မော်ဒယ်လ်လောက၏ အားကိုးရာဆရာကြီးတစ်ဆူ။ ဒေါက်တာသောင်းထိုက်က မော်ဒယ်လ်လေးများ၏အလှအပကို မက်မက်စက်စက် ခံစားတတ်သူ။ ထို့ကြောင့် ဦးထွန်းသော် ဓာတ်ပုံသွားရိုက်လေရာ မော်ဒယ်လ်ရှိုးပွဲများ၊ ကြော်ငြာရိုက်ရာ နေရာများသို့ ဒေါက်တာသောင်းထိုက် မပျက်မကွက်ပါခဲ့၏။

အိမ်ထောင်ပြုကြတော့လည်း မရှေးမနှောင်းပင် အစစအရာရာ အားကိုးရသော ဇနီးလိမ္မာများဖြစ်နေခြင်း၊ မပူမပင်ရသော ဝင်ငွေများရှိနေခြင်း။ လိမ္မာရေးခြားရှိသော သားသမီး(၃)ယောက်စီ မွေးထားခြင်း စသည်ဖြင့် ဆော်တော်များများ အခြေအနေချင်း တူနေခဲ့ကြ၏။

ကွဲပြားသည့်အချက်တစ်ခုမှာ ဦးထွန်းသော်က သားနှစ်ယောက်၊

www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက်ဖြစ်သော်လည်း ဒေါက်တာသောင်းထိုက်က သမီးချည်းသုံးယောက်စလုံးဖြစ်လေ၏။

× × ×

"ချက်ချင်းကြီး သွေးတွေ ဆောင့်တက်ပြီး ငါ့ သတိလစ်သွားတာ နောက်ထပ်(၁၃)နှစ်လောက်ကြာရင် ကြုံတွေ့ရမယ့်ပြဿနာ ဖြစ်နိုင်ခြေကို သွားခန့်မှန်းမိလို့ပါကွာ"

ဒေါက်တာသောင်းထိုက် အပြေးအလွှား ရောက်လာပြီး သွေးချိန်ကြည့်လိုက်တော့ ထုံးစံအတိုင်း ၁၂၀/၁၆၀။ ချက်ချင်းပြန်ထိုးကျ၊ ပုံမှန်ပြန်ဖြစ်။ သတိပြန်ရ။ ယခင်အတိုင်း တစ်ပုံစံတည်း။

ခန္ဓာဗေဒပေါ်မှာ ခွဲခြမ်းစိတ်ဖြာစစ်ဆေးကြည့်တော့လည်း ချို့ယွင်းချက် ဘာမှမတွေ့။ သာမန်မျက်စိဖြင့် မမြင်နိုင်သော ကိစ္စရပ်များ ဖြစ်နေသလား။ သွေး၊ ဆီး၊ ဝမ်း၊ မာတ်မှန်၊ ဘာမှန်၊ ညာမှန်ရိုက်ရသမျှ အကုန်ရိုက်၊ စစ်၍ရသမျှ အကုန်စစ်။ နော်မယ်လ်။ ဘာမျှမတွေ့။ ဗဲရီးဖိုင်း။ အဲဗရီးဖိုင်း။ (အိုး. . ရက်စ်)

ဒါဆို သေချာပြီ။ စိတ်နဲ့ပတ်သက်ပြီး ဖြစ်နေတာ။ ထိုကိစ္စကို ရအောင်စုံစမ်းနိုင်လျှင် အဖြေပေါ်ပြီ။ ဒါကလည်း မခက်ခဲ။ သူ့ဇနီးကို မေးမြန်းစုံစမ်းလိုက်လျှင် သိနိုင်သည်။ လင်အကြောင်း အတွင်းကျကျ အသိဆုံးသူမှာ မယားမှလွဲ၍ ဘယ်သူမှမဖြစ်နိုင်။

"ကဲ မစန်းမေ၊ ခင်ဗျားယောကျ်ားမှာ ခန္ဓာကိုယ်၊ ရုပ်ပေါ်မှာတော့ ချို့ယွင်းချက် ဘာမှရှာမတွေ့ဘူးဗျာ၊ ကျွန်တော် ခန့်မှန်းတာကတော့ စိတ်နဲ့ပတ်သက်တဲ့ဝေဒနာတစ်ခုခု ခံစားနေရပုံပေါ်တယ်၊ ခင်ဗျားတို့အိမ်ထောင်ရေးမှာ ပြဿနာရှိသလား"

"မရှိပါဘူး ကိုသောင်းထိုက်ရယ်၊ တစ်ယောက်ကိုတစ်ယောက် နား



လည်ကြလွန်းလို့ စိတ်အခန့်မသင့်တာတောင် မဖြစ်ဘူးကြပါဘူး"

"သားသမီးတွေနဲ့ ပတ်သက်လို့ရော"

"မကျေနပ်စရာတစ်ခုမှ မရှိပါဘူး။ လိမ္မာလွန်းလို့ သားသမီးချင်းတောင် ယှဉ်ပြီးဖြိုင်လိုက်ချင်သေးတယ်"

"အလုပ်ကိစ္စရော"

"အရင်ထက်တောင် အောင်မြင်ပြီး ဝင်ငွေတွေ ပိုလာသေးတယ်"

ဒေါက်တာသောင်းထိုက် ခေါင်းကို တဖြင်းဖြင်းကုတ်ရပြီ။ ဖြစ်နိုင်ခြေလမ်းစတွေ့ဖို့မပြောနှင့်။ နီးနီးစပ်စပ် ဆက်နွှယ်ပြောစရာအချက်ပင် ရှာမတွေ့။

"သူ့ကိုပဲ တည့်တည့်မေးတာ ကောင်းပါတယ်ဗျာ"

× × ×

ဒေါက်တာသောင်းထိုက်နှင့် ဦးထွန်းသော်တို့ ဘီယာစတေးရှင်တစ်ခုတွင် နေရာယူပြီးကြပြီ။ ဒေါက်တာသောင်းထိုက်က ဦးထွန်းသော်ကို မိမိတွက်ချက်ခန့်မှန်းထားသမျှ အသေးစိတ်ကို ဖြည်းဖြည်းလေးလေးနှင့် နားဝင်အောင်ရှင်းပြသည်။ ထို့ကြောင့် စိတ်နှင့်ပတ်သက်၍ ကျိတ်ခံစားနေရသည့်အကြောင်းတရားရှိမရှိ စုံစမ်းသည်။ ဦးထွန်းသော်က ခေါင်းခါသည်။ သို့သော်ငယ်သူငယ်ချင်းဖြစ်သောကြောင့် ဦးထွန်းသော် တစ်စုံတစ်ခုကို ဖုံးကွယ်ထားကြောင်း အလိုလိုသိနေ၏။ ထိုဖုံးကွယ်မှုအတွက်လည်း ဒေါသဖြစ်လာ၏။

"အေးပေါ့ကွာ၊ မင်းကမှ ငါ့ကို မပွင့်လင်းသင့်တဲ့ လူတစ်ယောက်လို သဘောထားမှတော့ ငါကလည်း မင်းလိုပဲ ပြန်သဘောထားရတော့မှာပေါ့၊ မနက်စပြီး ငါဟာ မင်းရဲ့အချစ်ဆုံး သူငယ်ချင်းဆိုတာကို စာရင်းဖျက်လိုက်တော့ သူငယ်ချင်း"

ဒေါက်တာသောင်းထိုက်၏ နာကြည်းစကားကြောင့် ဦးထွန်းသော်မျက်နှာပျက်သွား၏။ (အမူအယာပျက်ခြင်းကို ဆိုလိုသည်။ မျက်နှာကြီးပဲ့ရွဲ့မပါက်ကွဲသွားခြင်းမဟုတ်ပါ)

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအကြောင်းအရာကို ပြောမထွက်လို့ မပြောတာပါကွာ၊ မင်းကို မသိစေချင်လို့ ထိန်ချန်ချင်လို့ မဟုတ်ပါဘူး"

ဦးထွန်းသော် မျက်နှာငယ်လေးနှင့်ပြော၏။ (မျက်နှာလေး မုန့်ပျား သလက်ခန့်သေးသွားခြင်း မဟုတ်ပါ)(သိပါတယ်ဟ၊ လျှာရှည်လိုက်တာ၊ ဟုတ်ကဲ့ပါခင်ဗျာ)

"မင်းကမှ အဲဒီလိုအထင်လွဲနေရင် ငါပြောပြပါ့မယ်"

"အေး ဟုတ်ပြီ၊ ဒါမှ ငါ့သူငယ်ချင်း"

"ချက်ချင်းကြီး သွေးတွေ ဆောင့်တက်ပြီး ငါ သတိလစ်သွားတာ နောက်ထပ်(၁၃)နှစ်လောက် ကြာရင် ကြုံတွေ့ရမယ့်ပြဿနာ ဖြစ်နိုင်ချေကို သွားခန့်မှန်းမိလို့ပါကွာ"

"ဘာ ဘယ်လို"

"ဟုတ်တယ် သူငယ်ချင်း၊ ငါ မင်းကိုမေးမယ်၊ မင်း မြန်မာကွာလတီ မဂ္ဂဇင်းတွေကို ကြည့်တယ်မဟုတ်လား"

"အာ. ."

ဒေါက်တာသောင်းထိုက် မျက်နှာ ရဲခနဲဖြစ်သွား၏။ (ဦးထွန်းသော်က ဆော့ဖြင့် ပက်လိုက်သောကြောင့် မဟုတ်ပါ)(လျှာရှည်ပြန်ပြီ)(ဟုတ်ကဲ့ပါ ခင်ဗျာ)

ရှက်မှာပေါ့။ ည လူခြေတိတ်၍ သားသမီးများ အိပ်ချိန်တွင် လုံခြုံစွာဝှက်ထားသော ကွာလတီမြန်မာမဂ္ဂဇင်းကို အားရပါးရ ခိုးဖတ်နေကျဖြစ်သောကြောင့် မလုံမလဲဖြစ်သွားရခြင်းပင်။ ထိုထဲမှ မော်ဒယ်လ်မလေးများ၏ပုံတွေက ဘယ်အချိန်ကြည့်ကြည့် ဝသွား ကျုံ့နပ်သွားသည်ဟူ၍မရှိ။ အသက်(၅၀)ကျမှ ထိုပုံများကို ကြည့်နေသည်ကို သမီးများအသိမခံနိုင်ပါ။ ထို့ပြင် ထိုပုံများကိုလည်း သမီးသုံးယောက်စလုံးကို မကြည့်စေချင်ပါ။ ထို့ကြောင့် အားလုံးအိပ်ပြီဟု သေချာသောအချိန်ကျမှ တံခါးကို လော့(ခ်)ချ၍ တစ်ယောက်တည်း အားရပါးရ ခံစားရခြင်းဖြစ်၏။

ဦးထွန်းသော်က ဆက်ပြော၏။

"အဲဒီကွာလတီမြန်မာ မဂ္ဂဇင်းထဲက မိန်းကလေးပုံတွေကိုကြည့်ပြီး မင်း စဉ်းစားကြည့်စမ်း"



"ဘာစဉ်းစားရမှာလဲကွ"

"ငါမူးလဲရတဲ့အကြောင်းက အဲဒါပဲသူငယ်ချင်း၊ အဲဒီပုံတွေကိုကြည့်ပြီး နောက်(၁၀)နှစ်ကျော်မှာ ဖြစ်လာမယ့် အခြေအနေကို ခန့်မှန်းလိုက်တာနဲ့ သွေးတွေ ဒိုင်းခနဲဆောင့်တက်သွားတော့တာပဲ"

"အာ ဘာဆိုင်လို့လဲကွာ၊ မော်ဒယ်လ်မလေးတွေ ပုံကိုကြည့်တာ ငါဖြင့် အသက်တောင်ငယ်သွားသလို ထင်ရသေး၊ မင်းကျမှ မူးလဲရလို့"

"ဒါဆို ငါပြောမယ်၊ မင်း သေသေချာချာနားထောင်၊ ခု ကွာလတီမြန်မာမဂ္ဂဇင်းထဲက ဓာတ်ပုံတွေထဲမှာ ကိုယ်ဟန်တွေ၊ အဝတ်အစားဒီဇိုင်းတွေ မော်ဒယ်လ်တွေရဲ့မျက်လုံးတွေကိုတော့ ဘယ်လိုပုံစံ၊ အခြေအနေရှိတယ်ဆိုတာ မင်းသိတယ်နော်၊ နောင်(၁၀)နှစ်ကျော်ကျရင် တိုးတက်ပြောင်းလဲလာဦးမှာ၊ ဒီ့ထက်ဆိုးလာဦးမှာ၊ ဘယ်လိုပုံစံဟန်တွေနဲ့ ဘယ်လိုအဝတ်အစားဒီဇိုင်းတွေနဲ့ ဘယ်လိုမျက်လုံးမျိုးတွေ ဖြစ်လာမလဲဆိုတာ ခုအခြေအနေထက် နည်းနည်းလေးပိုပြီး ခန့်မှန်းကြည့်လိုက်၊ အဲဒီအချိန်မှာ မင်းရဲ့သမီးတွေရော၊ ငါ့ရဲ့သမီးတွေပါ အပျိုဖားဖားကြီးတွေ ဖြစ်နေပြီလေ၊ ခန့်မှန်းထားတဲ့ ဒီဇိုင်းနဲ့ မော်ဒယ်လ်နေရာမှာ ငါ့သမီးကို စိတ်ကူးယဉ်အစားထိုးကြည့်လိုက်မိတိုင်း ငါ့ဓလ သွေးတွေဆောင့်တက်သွားတော့တာပဲ၊ မင်းလည်း ခံစားတတ်မှာပါ၊ ငါကမှ သမီးတစ်ယောက်တည်းရှိတာ၊ မင်းက သမီးသုံးယောက်တောင်ပဲ၊ အစားထိုးပြီး စဉ်းစားကြည့်ပေါ့ကွာ"

× × ×

ဘီယာဆိုင်ထဲတွင် ဒေါက်တာသောင်းထိုက် သွေးတွေဆောင့်တက်ပြီး မူးလဲသွားသဖြင့် ဦးထွန်းသော်က ဆေးခန်းသို့ ထမ်းပို့လိုက်ရသည်။ ဆေးခန်းရောက်ရောက်ချင်း သွေးချိန်ကြည့်လိုက်တော့ ၁၄၀/၁၈၀။

■ သက်ဦးမောင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# လူမှုရေးရာ ၁၀၀

"ဟဲ့ အောင်သူရိန်"

ဖွားချော၏ စူးစူးဝါးဝါး အော်သံကြောင့် ပက်လက်တုလားထိုင်မှ ကျောက်ရုပ်ကြီးကိုဖိုးထင်ပင် အလန့်တကြားနှင့်လှည့်ကြည့်ပြီး

"ဘာဖြစ်တာလဲ မချောရယ်၊ လန့်လိုက်တာ ဒီမှာ စောစောစီးစီး ကျက်သရေရှိတဲ့ မနက်ခင်းလေးကို အာရုံယူနေတာ"

ဖွားချော နှုတ်ခမ်းမဲ့၍ ကိုဖိုးထင်ကို ကြည့်လိုက်သည်။ ဖွားချော မျက်လုံးများက မီးဝင်းဝင်းတောက်လို့။

"ကျွန်မ ဒေါသထွက်နေတယ်နော် ကိုဖိုးထင်၊ ကိုယ့်ဘာသာကိုယ် တော်ရာမှာသွားနေ မဟုတ်ရင် ရှင်ရော ရှင့်တစ်မျိုးလုံးရော ပါသွားမယ်"

ကိုဖိုးထင်တစ်ယောက် ပက်လက်ကုလားထိုင်တွင် ချက်ချင်းပင် ကျောက်ရုပ်ပြန်ဖြစ်သွား၏။

မနက်ခင်း၏ လှပသော နေရောင်ခြည်တန်းအချို့က ကိုဖိုးထင်၏ နဖူးထက်တွင် ကွန့်မြူးနေတော့သည်။

"ဟဲ့ အောင်သူရိန် ဝါ



ခေါ်နေတာ မကြားဘူးလား၊ ခု ချက်ချင်း လာစမ်း"

အခန်းထောင့်တွင် မျက်နှာမသာမယာနှင့်ထိုင်နေသော အောင်သူရိန်တစ်ယောက် ဖွားချောရှေ့ကို လေးဖင့်နှေးကွေးစွာ လျှောက်လာ၏။ ဖွားချောလက်ထဲတွင် ကိုင်ထားသော ရီပို့ကတ် စာရွက်ဖြူလေးကို ကြည့်၍ အောင်သူရိန် ပြဿနာ အတိမ်အနက်ကို ခန့်မှန်း၍ ပြီးနေပြီ။

ဖွားချောရှေ့ ရပ်မိသည်နှင့် ဖွားချောလက်တစ်ဘက်က အောင်သူရိန့်နားရွက်ထူထူကို လှမ်းဆွဲလိုက်ပြီး၊

"မင်းတို့အတန်းမှာ လူ ဘယ်နှယောက် ရှိသလဲ"

အောင်သူရိန် ကွေးနေသော နှုတ်ခမ်းကို မပွင့်တပွင့်လုပ်၍

"၆၆ယောက်"

"ကျယ်ကျယ်ပြောစမ်း"

"၆၆"

"တကတည်း ခုလိုမေးတော့ အသံက မထွက်ဘူး ဟွန်းမင်း အဆင့်က"

"၆၅"

"ဩော် မင်းအောက်မှာ တစ်ယောက်ရှိသေးတယ်ပေါ့"

"မဟုတ်ဘူး သူက နေမကောင်းလို့ ဒီအပတ်စာမေးပွဲမဖြေဖြစ်ဘူး"

"ဩော် ဟော်"

အောင်သူရိန် ပါးစပ်လေးတလှုပ်လှုပ်နှင့် အေးအေးဆေးဆေး ဖြေနေသလောက် ဖွားချောကတော့ ဒေါသကြောင့် တဆတ်ဆတ် တုန်နေပြီ။ လက်ကလဲ အောင်သူရိန်နားရွက်ကို တင်းသထက် တင်းအောင်ဆွဲရင်း လက်တစ်ဖက်မှလဲ အောင်သူရိန်၏ (ရီပို့ကတ်) စာရွက်ဖြူလေးအား တခါခါလုပ်ရင်း ဒေါသက တက်သထက် တက်နေတော့သည်။

"အမှတ်တွေကလဲ ကြည့်ဦး၊ တခြားအမှတ်တွေ နည်းတာထားလိုက်၊ သင်္ချာ သုညရတာကိုတော့ ငါက စိတ်အနာဆုံးဘဲ"

"ဒီမှာအောင်သူရိန်"

"ခညာ"

"ဒီမှာ ငါ့မျက်နှာ သေချာကြည့်စမ်း"

အောင်သူရိန် ဖွားချော မျက်နှာကို မရဲတရဲနှင့် လှမ်းကြည့်သည်။ ဖွားချောက ဆက်ပြီး

"ဒီမှာ အောင်သူရိန်၊ ငါတို့ အမျိုးထဲမှာ သင်္ချာသုညရခဲ့တဲ့

BURMESE CLASSIC

www.burmeseclassic.com



လူတစ်ယောက်မှမရှိခဲ့ဘူး သိလား ဟိုမှာထိုင်နေတဲ့ မင်းအဘိုးကို ကြည့် တခြားဘာသာ သုံးစားလို့ မရရင် နေမယ်၊ ငယ်စဉ်က ကျောင်းနေတုန်း က စာဖြေရင် ဘယ်တော့ ဖြေဖြေ သင်္ချာ၁၀၀နဲ့ အမြဲ အမှတ်ပြည့်ရ တယ် သိလား၊ ငါလဲ ဒီလိုပဲ သင်္ချာက ၁၀၀ပဲ၊ မင်းအဖေ ငါ့သားလဲ ဒီလိုပဲ သင်္ချာက အမြဲ အမှတ်ပြည့် သိလား၊ မင်းအလှည့်ကျမှ ငါတို့ဟာ သင်္ချာ ၁၀၀မျိုး သိလား၊ မင်း အမျိုးဖျက်တာ ကိုတော့ ငါက စိတ်အနာဆုံးပဲ အောင်သူရိန်"

ဖွားချောတစ်ယောက် စကားကို တရစပ်ပြောလိုက်ပြီး အောင်သူရိန့်မျက်နှာကို စေ့စေ့ ကြည့်၍၊

"ငါပြောတာ ကြားလား"

"ဖွားကလဲ လက်ကိုလွှတ် ဦး၊ အောင့်နားတွေပြတ်တော့မယ်"

"အောင်မာ ငါ့ကိုပြန် ပြောနေတယ်၊ ငါပြောတာ ကြား လား"

"ကြားတယ် ကြားတယ်"

ဖွားချော အောင်သူရိန့် နားရွက်ထူထူကို ဆောင့်အောင့်၍ လွှတ်ပေးလိုက်သည်။ အောင်သူရိန် နီရဲနေသော သူ့နားရွက်ကိုပွတ်ပြီး ဖွားချောကို မျက်ပေတုံးကြီးနှင့် ကြည့်ပြီး၊

"ဖွား"

"ဘာတုံး"

"အောင်ကတော့ သင်္ချာ ၁၀၀ မရပါစေ၊ လူမှုရေး ၁၀၀ပဲ ရ အောင် လုပ်မယ်"

"ဘာရယ်"

ဖွားချော မြေးဖြစ်သူ၏ မျက်နှာကို မျက်လုံးပြူးကြီးနှင့်လှမ်း ကြည့်လိုက်သည်။ အောင်သူရိန်က ဖွားချောနှင့် လက်လှမ်းမမီသော နေရာသို့ရောက်အောင် ဖင်တွန်း၍ နောက်ဆုတ်လိုက်ပြီး၊

"ဖွားတို့က သင်္ချာ ၁၀၀ပဲ ရပြီး လူမှုရေးမှ မကြိုးစားခဲ့တာ"

"ဘာဖြစ်လဲ အဲဒီတော့"

အောင်သူရိန်၏ မျက်လုံး မှေးမှေးလေးက အရောင်လက်ခနဲ တောက်လာပြီး

"ဘာဖြစ်ရမှာလဲ၊ ဖွားတို့ ဘိုးတို့ အဖေတို့ကို နမူနာယူပြီး အောင် လူမှုရေးပဲ ကြိုးစားတော့မယ်"

အောင်သူရိန်ဖွားချောကို မရဲတရဲလှမ်းကြည့်လိုက်ပြီး သူ့ စကားကို ထပ်ဆက်လိုက်၏။



သင်္ချာစာ ထဲမှာပါတဲ့ နာရေးကြော်ငြာတွေ လိုက်ဖတ်ပြီး အသက်ငယ်ငယ်နဲ့ မိန်းမသေသွားတဲ့ လူချမ်းသာမုဆိုးဖို တွေကို မိတ်ဆက်စာရေးပြီး ဓာတ်ပုံ အလှပုံတွေပါ ထည့်ထည့်ပြီး ကြိုး စားလိုက်တာ၊

"လမ်းထဲက ဘုတလက် တို့ အစ်မလေ မာကြီးမအိ သိလား"

"သိတယ် ဘာဖြစ်လဲ"

"သူက ဖွားတို့လို စာလဲ မတတ်ဘူး၊ သင်္ချာလဲ (၁၀၀)မရဘူး ခုတော့ ချမ်းသာနေတာ ဖွားတို့မြင် တဲ့အတိုင်း ကျိုကျိုကိုတက်လို့၊ သူ ဘယ်လိုလုပ်လဲ သိလား၊ သတင်းစာ ထဲမှာပါတဲ့ နာရေးကြော်ငြာတွေ လိုက်ဖတ်ပြီး အသက်ငယ်ငယ်နဲ့ မိန်းမသေသွားတဲ့ လူချမ်းသာမုဆိုးဖို တွေကို မိတ်ဆက်စာရေးပြီး ဓာတ်ပုံ အလှပုံတွေပါ ထည့်ထည့်ပြီး ကြိုး စားလိုက်တာ၊ ခု တစ်ယောက်နဲ့ အိုး ဓကသွားတော့ ဘာဖြစ်လဲ၊ သူတို့ ကစ်ဆွေလုံးတစ်မျိုးလုံး ကောင်းစား သွားတာပေါ့၊ သူ့အစ်မကလူမှုရေး ရာကျွမ်းတော့ ခုဆိုရင် သူမောင်လေး ဘုတလက်ဆိုရင် အတန်းထဲမှာ အဆင့်တစ်ကြီးပဲ၊ သိလား"

အောင်သူရိန် စကား ပြောရင်း ဖွားချောကို အကဲခတ်လိုက် သည်။ သူ့စကားကို စိတ်ဝင်တစား နားထောင်နေမှန်းသိ၍ ဖွားချောနား ကို မရဲတရဲတိုးရင်း၊

"နောက်ပြီး ဟိုဘက်လမ်း ထဲက ဘကြီးဦးအာကြီးရဲ့သား ကို ကြီးဂျူနီယာ အာကြီးဆိုရင် သိချင်း အဆိုကောင်းလွန်းလို့ နာမည်ကျော် ဖြစ်နေတာ သိလား"

"ဟို ပိန်စုပ်စုပ် မဲကျုတ် ကျုတ်နဲ့ကောင်လား၊ ပါးစပ်ကလဲ တစ်တောင်လောက်ရှိတာ"

"ဟုတ်ပဖွားရေ၊ သူပဲ၊ သူ ဆိုရင် ဘယ်မှာပညာထူးချွန်လို့လဲ၊ သူ့အဖေကြီးမောင်းတဲ့ ကမ်းရိုးတန်း စက်လှေနောက်လိုက်ပြီး အလုပ် ကြမ်းလုပ်ရာကနေ သီချင်းအဆို ကောင်းပေါ့ ခု သူ့မိသားစုက အငြိမ်းပဲ ရှာကျွေးနေတာ"

"အနောက်လမ်းက အန့်တီ မမိုးသမီး မသိရိုကရော ဘာထူး သေးလဲ၊ စာတွေထိုင်ကျက်ပြီး ဗိုက် တွေတက်နေတာ၊ ခုစာအုပ်ဖိုဗစ်ပြီး အေရိုးဗစ်ကိုချစ်လိုက်တာ၊ ဗိတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကျလို့ မော်ဒယ်မှဖြစ်ပြီး အဆင်ပြေနေတာ"

ပက်လက်ကုလားထိုင်တွင် ထိုင်ရင်း ဖွားချောတို့မြေးအဖွားနှင့်ဘာမှ မပတ်သက်သလို ရှိနေသော ကိုဖိုးထင်က အောင်သူရိန်ကို ပြုံးဖြီးဖြီးနှင့် အားကျသလို လှမ်းကြည့်လိုက်ပြီး

"ဒါနဲ့ နေပါဦး အောင်ရဲ့ အောင်ကရော ဘာလုပ်ဖို့ကြံစည်ထားလဲ၊ အဖိုးကိုလဲ ပြောပြပါဦး"

အောင်သူရိန် မျက်လုံးလေးများက အရောင်တောက်လာပြီး

"အောင်လား အင်း အောင်က ဘောလုံးကန်မယ် ဖိုးရယ်၊ ပြီးရင် သီချင်းဆိုမယ်၊ ဖိုးတို့ဘာအရင်းအနှီးမှ မလိုဘူး၊ ခုတည်းက အောင် အားတိုင်းဘောလုံးကန်နေတာ အောင်ကမ္ဘာကျော် ဘောလုံးသမားဖြစ်လို့ကတော့ ဖွားကို ရွှေဝပိသာလောက်ဆင်ပေးနိုင်တယ်၊ ပိုက်ဆံတွေဆိုရင် ပလူပျံနေမှာ၊ သီချင်းလဲဆိုဦးမှာဆိုတော့"

"ငါ့မြေးကတော့ အကြံကြီးပါ့ကွာ၊ အဟေး ဟေး"

ကိုဖိုးထင် ရယ်နေသည်ကို ကြည့်၍ ဖွားချော မျက်စောင်းကို ပယ်ပယ်နယ်နယ်ထိုးလိုက်ကာ၊

"တော်စမ်း ကိုဖိုးထင်၊ ရှင် ကလေးကို မဟုတ်တာတွေမမြှောက်ပေးနဲ့၊ ဟဲ့အောင်သူရိန်"

"ခညာ"

"အေး တို့အမျိုးကတော့ သချ်ာတစ်ရာကြီးပဲ၊ သွား သချ်ာသွားတွက်ချေ"

ဖွားချော၏ တစ်ချက်လွှတ်အမိန့်သံကြောင့် ပက်လက်ကုလားထိုင်မှ ကိုဖိုးထင် ကျောက်ရုပ်ဖြစ်သွားသလို အောင်သူရိန့်နှုတ်ခမ်းက ကွေးကျသွားပြီး အခန်းထောင့်ဆီသို့ ဖင်တရွတ်ဆွဲ၍ ပျင်းတွဲ့စွာ ရွှေ့လျားသွားတော့သည်။ သူ့ပါးစပ်မှလည်း၊

"နိမ့်ကျလှတဲ့ အောင်သူရိန်ဘဝ၊ ခုတော့ သချ်ာတွက်နေရဘဝ ဘဝ၊ ဒီလိုပဲ ဒီလိုအမြဲ၊ နောင်တစ်ချိန်မှာတော့ အောင်သူရိန်လစင်ပေါ်မှာ ဟစ်ဟော့နဲ့တက်ကာကွဲ၊ ဘဝ ဘဝ ဒီလိုပဲ ဒီလိုအမြဲ"

"အောင်သူရိန်"

"ခညာ ဖွား တွက်ဖြတွက်ပြီ၊ သချ်ာ"

■ သမီးချော



# ဟာတ်ထိသွားအောင်

အသက်ကိုးနှစ်အရွယ် ဆင်းရဲသားကလေးတစ်ဦး မာစီဒီးကားသစ်ကြီးတစ်စီးမောင်းပြီး အိမ်ပြန်လာသည်။ မိဘနှစ်ပါးက အံ့ဩပြီးဝိုင်းမေးကြသည်။

"ဟဲ့ သား၊ ဘယ်သူ့ကားကြီး ယူမောင်းလာတာလဲ"

"သားကားပဲလေ မေမေ၊ သား ခုပဲ ဝယ်လာတာ"

"ဟင် ဟုတ်ရဲ့လား၊ ဘယ်က ဝယ်လာတာလဲ၊ ဘယ်လောက်ပေးရလဲ"

ကလေးက အိမ်ရှေ့တွင် ရှိနေဆဲဖြစ်သော လူချမ်းသာအမျိုးသမီးကို ညွှန်ပြ၍

"ဟိုအန်တီကလေ၊ မင်းမှာ ငွေငါးဆယ်ရှိလားတဲ့၊ သားက ရှိတယ်ဆိုတော့ အဲဒီငါးဆယ်တန် ငါ့ကိုပေး၊ ဒီကားကြီးကို မင်းယူလိုက်ပေတော့ဆိုပြီး ပေးလိုက်တာ"

မိဘနှစ်ပါးက အံ့ဩပြီး ဂုဏ်မိန်းမကြီးကို သွားပြေးမေးကြသည်။ မိန်းမကြီးက အေးဆေးစွာ ပြန်ဖြေ၏။

"အိမ်ကလူကြီးလေ၊ သူ့အတွင်းရေးမှူးမခေါ်ပြီး ပေလီကို ထွက်သွားတယ်၊ ဟိုမှာ ငွေမလောက်လို့တဲ့၊ ဒီမာစီဒီးကားကြီးကို ရတဲ့ဈေးနဲ့ရောင်းပြီး ရတဲ့ငွေကို ပို့လိုက်ပါတဲ့၊ ဒီသောက်အဘိုးကြီး ဟတ်ထိသွားအောင် ဒီရော့ ငါးဆယ်တန်ကို ဘဏ်က သွားပို့လိုက်ဦးမယ်၊ ဟင်း"

■ ဟောင်းကာင်သစ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တစ်သက်မှာတစ်ခါ

မြို့ဝင်တံတားထိပ်နားရောက်ရင် အာသောကရာမဆိုတဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းတွေ့လိမ့်မယ်။ အဲဒီဘုန်းကြီးကျောင်းဝင်းထဲကို ဝင်သွားလိုက်ပါ။ ပြီးရင် ခြေရင်းဘက်အခြမ်းမှာ ရေတွင်းကြီးတစ်တွင်း တွေ့ရလိမ့်မယ်။ ရေတွင်းနဲ့မလှမ်းမကမ်းနေရာမှာ တစ်ဖက်ရပ်တဲလေးထိုးပြီးနေတဲ့ ဖိုးသူတော်ကြီးတစ်ပါးရှိတယ်။ ဖိုးသူတော်ရဲ့နာမည်က ဦးလှမောင်တဲ့။ သူ့ကို ခင်ဗျားသွားချင်တဲ့ ခရီးစဉ်အကြောင်း အရိပ်အမြွက်ပြောပြလိုက်။ တည့်တည့်တော့ သွားမပြောနဲ့နော်။ သူ့ဘာသာ အစဖော်ပြီး ပြောလာလိမ့်မယ်။ တကယ်လို့ သူက ဘာမှပြောမလာခဲ့ရင် ဒီကိစ္စကို ခင်ဗျားလုံးဝမေ့လိုက်ပါတော့။ ဘာကြောင့်ဆို ခင်ဗျားဟာ သူလိုလားတဲ့လူစား မဟုတ်လို့ဘဲ။ ခင်ဗျားကို မရွေးချယ်ဘူးဆိုပါတော့လေ။ ခင်ဗျားမေးသမျှ ပြောသမျှကို နားမလည်သလို လုပ်ပြနေလိမ့်မယ်။ ခေတ်စကားနဲ့ပြောရရင် ရှူးချင်ယောင်ဆောင်ပြတယ်ပေါ့။ ခင်ဗျားသိထားဖို့က ခင်ဗျားအတွက် အခွင့်အရေးဟာ တစ်ကြိမ်တည်းပဲ ရမယ်နော်၊ နောက်တစ်ကြိမ်ဆိုတာ လုံးဝမရှိဘူး။ မြဲမြဲမှတ်ထားပါ။ ဘာကြောင့် ဒီစကားမျိုး ကျွန်တော်ပြောရတာလဲဆိုရင် ကျွန်တော်ကိုယ်တိုင်နောက်တစ်ခါ ကြိုးစားခဲ့ဖူးလို့ပဲဗျ။

ထိုစကားများကို ကျွန်တော် ထပ်တလဲလဲ ကြားယောင်နေမိသည်။ ခက်တာက ထိုစကားကို ပြောလိုက်သူမှာ အရက်ဆိုင်တွင် ဆုံမိသူဖြစ်နေ



သည်။ ဥပုသ်ဇရပ်တွင် ဆုံသူမဟုတ်ချေ။ ဒီတော့ ယုံရန်ခက်ခက် ဖြစ်မိသည်။ ဘာပဲဖြစ်ဖြစ် သူပြောသည့်လိပ်စာကို လိုက်ရှာပြီးစုံစမ်းကြည့်လျှင် အရှုံးမရှိနိုင်ဟုစိတ်ပိုင်းဖြတ်ပြီးနောက် မြို့ဝင်တံတားထိပ်ရှိရာ ဘုန်းကြီးကျောင်းသို့ ကျွန်တော်ရောက်လာမိသည်။ မိုးဖွဲဖွဲရွာသွန်းနေချိန်ဖြစ်၍ လမ်းသွားလမ်းလာ နည်းပါးနေသည်။ ကျွန်တော်လည်း မိုးကာအင်္ကျီကို လက်ဖြင့်တင်းတင်းကိုင်ရင်း ဖိုးသူတော်ကြီးဦးလှမောင်ထံ ရောက်ခဲ့ရတော့သည်။

ကျွန်တော် ဘာအတွက်ကြောင့် ဖိုးသူတော်ကြီးကို အသည်းအသန်တွေ့ချင်နေရတာပါလဲ။ တကယ်တော့ ကျွန်တော့်လက်ရှိအလုပ်ကို စိတ်ပျက်နေမိခြင်းကြောင့်သာ ဖြစ်သည်။ ပုံမှန်လစာဖြင့် ရပ်တည်နေရသော ဘဝကို စိတ်ကုန်နေမိသည်။ ဒီထက် ဝင်ငွေပိုရအောင်လည်း ကျွန်တော်မရှာတတ်ပါ။ တယ်တော့မှလည်း ရှာလို့ရမည်မဟုတ်၊ ကိုယ့်အရည်အချင်းအကြောင်း ကိုယ်သာ အသိဆုံးဖြစ်သည်။ မဟာရန်ကုန်မြို့တော်ကြီးသို့ ကျွန်တော်ရောက်ရှိအခြေချနေသည်မှာ နှစ်ပေါင်း ၂၀နီးပါး ရှိပြီဖြစ်သော်လည်း ရင်းနှီးခင်မင်ရသူဆို၍ ဟုတ်တိပတ်တိမရှိ။ စာအကြောင်းပေအကြောင်းပြောစရာလူလည်း များများစားစားမရှိ။ ရှင်းရှင်းပြောရလျှင် ကျွန်တော်သည် လူ့လောကကို စိတ်ကုန်နေသူဖြစ်သည်။ လူ့ဘဝကြီးထဲက လွတ်မြောက်ချင်နေသူဖြစ်သည်။ ကျွန်တော့်အနေအထားမှာ ဖိုးသူတော်ကြီးစိတ်ကြိုက် ဖြစ်နိုင်ပါ့မလားဟု သံသယဝင်မိသည်။

ညွှန်ပြသည့်အတိုင်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီ။ တဲခေါင်မိုးတွင် အပေါက်ရာ ဗရပွနှင့်တွေ့လိုက်ရသည်။ တဲငယ်အတွင်းပိုင်းတွင် ဝါးကုလားထိုင်ပေါ်ထိုင်ကာ ရေနွေးကြမ်းသောက်လိုက် ကောက်ညှင်းပေါင်းစားလိုက် ဇိမ်ကျနေသော ဖိုးသူတော်ကြီးကို တွေ့လိုက်ရသည်။ ဖိုးသူတော်ကြီးက ကျွန်တော့်ကို အပြုံးဖြင့် ဆီးကြိုနှုတ်ဆက်လိုက်သည်။

“ဘာကိစ္စများရှိလို့ပါလိမ့်၊ မျက်စိလည်လာတာတော့ ဟုတ်ဟန်မတူဘူး၊ မျက်စိဆိုတာ ဖိုးသူတော်ပဲ လည်ရတာ၊ စကားပုံတောင် ရှိတယ်မဟုတ်လား၊ ဖိုးသူတော်မျက်စိလည်လေ ဆန်ရလေတဲ့ ဟဲဟဲဟဲ”

ရင်းနှီးဟန်ဆိုစကားကြောင့်ကျွန်တော် ရဲရဲတင်းတင်းပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးသူတော်ရယ်၊ ကျွန်တော် ရပ်ဝေးကို ခရီးသွားချင်လို့ပါဗျာ"

"အေးလေ ကောင်းတာပေါ့၊ လက်ရှိဝန်းကျင်မှာ ငြီးငွေ့လာရင် ဝန်းကျင်အသစ်ကို ခရီးထွက်ပေးရတယ်ကွ၊ ဒါမှ စိတ်သစ်လူသစ်ဖြစ်သွားတာ"

ကျွန်တော့်စကားအပေါ် အဓိပ္ပာယ် အကောက်အယူ လွဲနေပြီလား ဟု ဆန်းစစ်ကြည့်မိသည်။ သူ့ဘက်က လိုလားဟန်မရှိလျှင် ရှုးချင်ယောင် ဆောင်ပြလိမ့်မည်ဆိုသော မှာစကားကို ကြားယောင်မိသည်။ ထို့ကြောင့် မိမိ ပြောလိုရာကို ဖြည်းဖြည်းမှန်မှန်လေသံဖြင့် ပြောပြလိုက်သည်။

"ကျွန်တော်သွားချင်တဲ့နေရာက ထာဝရအခြေချနေလို့ရမယ့် နေရာမျိုးပါ၊ လက်ရှိဘဝကို စိတ်ကုန်ပြီဗျာ"

ထိုစကားများကို သူ့မျက်လုံးတည့်တည့်ကြည့်ပြီး ပြောလိုက်ခြင်းဖြစ် သည်။ ဖိုးသူတော်ကြီးက ထိုင်နေရာမှ ငေါက်ခနဲဖြစ်သွားသည်။ သက်ပြင်း တစ်ချက်ချရင်း ကျွန်တော့်ကို မေးလိုက်သည်။

"ပြောလေ၊ ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်းပေါ့၊ မောင်ရင်ရှာမျှော် နေတာ ဘယ်လိုနေရာမျိုးလဲကွ"

"ဒီဘဝက လွတ်မြောက်မှုပါ"

"ဘာကွဲ့၊ ဘယ်လို ဘယ်လို ပြန်ပြောပါဦး"

"လက်ရှိဘဝက လွတ်မြောက်ပြီး အေးအေးချမ်းချမ်း ဝါသနာပါရာ လုပ်လို့ရနိုင်မယ့်နေရာမျိုးကို ပြောတာပါ"

"ဟေ အဲဒီနေရာမျိုးလား၊ တကယ်ရော ရှိရဲ့လားကွ၊ ရှိရင်ငါလည်း နေချင်လိုက်တာကွာ၊ အခုလောလောဆယ် ငါလည်း အသက်ကြီးပြီ၊ ပင်ပင် ပန်းပန်း မလုပ်နိုင်တော့ဘူး၊ ဒါပေမယ့် မလုပ်ချင်လည်း စားဖို့သောက်ဖို့ အတွက် ဆန်အလှူခံထွက်နေရတယ်ကွာ၊ တစ်ခါတလေ ငါ့ကိုယ်ငါတော့ သနားမိပါရဲ့"

"ဟာဗျာ မနောက်ပါနဲ့ ဦးလေးကြီးရယ်၊ အဲလေ ဖိုးသူတော်ကြီး ရယ်၊ ကျွန်တော် တကယ်စိတ်ညစ်နေလို့ပါဗျာ"

"ဟဲဟဲ မင်းကလည်း ဒီလောက်လေးတောင် အပြောမခံနိုင်ပါလား"

တော်ပါသေးရဲ့၊ ကျွန်တော့်ကိုများ နှင်ထုတ်လိုက်မလားဟု အ...



ပိုင်းက တွေးနေမိသည်။ ယခုတော့ ကျွန်တော့်ကို သနားဟန်ဖြင့် ကြည့်နေပြီ ဖြစ်သည်။ သူ ကျွန်တော့်ကို ကူညီတော့မည်။ ကျွန်တော့်မျက်နှာ၊နဖူး၊ ပါးပြင်၊ လက်မောင်း၊ ခြေထောက် စသည်တို့ကို တစ်ခုချင်း စေ့စေ့စပ်စပ် လေ့လာ နေသည်။ နောက်ဆုံးတွင် သူ ကျွန်တော့်ကို အပြည့်အဝယုံကြည်သွားပုံရ သည်။ ချောင်းတစ်ချက်ဟန့်ရင်း မေးခွန်းစတင်ထုတ်တော့သည်။

"မောင်ရင့်အနေနဲ့ လူတွေကို နှစ်သက်ရဲ့လား၊ အမှန်အတိုင်းဖြေနော်"

"ဟုတ်ကဲ့ နှစ်သက်ပါတယ်၊ မမုန်းပါဘူး အထူးသဖြင့် မိန်းကလေး ချောချောလေးတွေမြင်တိုင်း စိတ်မောလူမောဖြစ်ရတယ်"

"ဟေ ဘာဖြစ်လို့ မောရတာလဲ၊ ပေါက်ကရတွေ မလုပ်နဲ့နော်"

"ပေါက်ကရမလုပ်ပါဘူးဗျာ၊ ကျွန်တော်နဲ့ မနီးစပ်နိုင်လို့ပါ၊ ကျွန် တော့်မှာ မိန်းကလေးတွေ နှစ်သက်လောက်တဲ့ အရည်အချင်း မရှိဘူးလေ၊ ဒါပေမယ့် ကျွန်တော်နဲ့ စိတ်တူကိုယ်တူ ဝါသနာတူသူတွေနဲ့ပဲ ရင်းနှီးချင်ပါ တယ်။ အဲသလို လူတွေနဲ့ပဲ နေချင်ပါတယ်"

ကျွန်တော့်အဖြေကို သူ သဘောကျသွားသည်။ ဝါးကုလားထိုင်ပေါ် မှထပြီးနောက် ထင်းရှူးသေတ္တာငယ်လေးထဲက စာအုပ်တစ်အုပ်ထုတ်ယူလာ သည်။ ထူးခြားမှုတစ်ခုခုတော့ မြင်တွေ့ရတော့မည်ဟူသောအသိဖြင့် ကျွန် တော် အသာကိုင်ကြည့်လိုက်သည်။ စာအုပ်မှာ အပြာရောင်အဖုံးဖြစ်သည်။ အထဲတွင် ရောင်စုံဓာတ်ပုံများတွေ့ရသည်။

"ဒါ ဘာစာအုပ်လဲဗျ၊ ပလေးဘွိုင်းစာအုပ်လားဟင်"

"ဟော့ကောင်ရယ်၊ ဖိုးသူတော်ဆီမှာ ဘယ်လိုလုပ်ပြီးပလေးဘွိုင်း စာအုပ်ရှိမှာလဲ၊ ရတနာဝင်းထိန် စာအုပ်လောက်ပဲ ရှိတော့မှာပေါ့၊ (အဲလေ) တရားစာအုပ်ပဲ ရှိမှာပေါ့ကွ"

"ဒါ ဘယ်ကပုံတွေလဲဗျ"

ကျွန်တော်က စာအုပ်ကို လှန်ကြည့်ရင်းမေးလိုက်သည်။

"အဲဒါ မောင်ရင်သွားချင်နေတဲ့ နေရာလေ၊ တခြားကမ္ဘာတစ်ခုပေါ့"

ဓာတ်ပုံများထဲတွင် ရှုခင်းပုံများပါသလို အရွယ်စုံ လူစုံတို့၏ဓာတ်ပုံ များကိုလည်း တွေ့ရသည်။ သူတို့အားလုံး ပျော်ရွှင်နေကြသည်။ မည်သည့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်စရာမှမရှိကြောင်း မျက်နှာများပေါ်တွင် အထင်အရှားတွေ့ရသည်။ ထိုသူတို့နှင့် ခင်မင်ရင်းနှီးလိုစိတ်များ ကျွန်တော့်ရင်ထဲ လှိုက်လှိုက်လှဲလှဲ ဖြစ်လာမိသည်။

"ဘယ့်နှယ်လဲ၊ စိတ်ဝင်စားရဲ့လား"

"တကယ်ကို စိတ်ဝင်စားဖို့ကောင်းပါတယ်ဗျာ၊ ဒါထက် ကျွန်တော် နည်းနည်းပါးပါး မေးကြည့်လို့ရမလားဗျ"

"မောင်ရင်က ဘာကိုသိချင်လို့လဲ"

"သူတို့ အဲဒီမှာ ဘာတွေလုပ်ကိုင်ကြသလဲဟင်"

"သူတို့ကြိုက်တဲ့အလုပ်၊ ဝါသနာပါတဲ့အလုပ်တွေလုပ်ပြီး အေးအေးချမ်းချမ်းနေထိုင်ကြပါတယ်၊ ဘဝကို ရိုးရိုးရှင်းရှင်းလေးပဲ ဖြတ်သန်းကြတယ်"

"ဟိုလေ ကျွန်တော်ဆိုလိုတာက စားဝတ်နေရေးအတွက် အလုပ်ကို ပြောတာပါ"

"အဲဒီမှာ စားဝတ်နေရေးအတွက် ဘာမှလုပ်စရာမလိုဘူး၊ အရောင်းအဝယ်လုပ်တာ၊ ငွေကြေးရှာဖွေတာတွေဟာ အဲဒီအရပ်မှာ ဘာမှအဓိပ္ပာယ်မရှိတဲ့အရာတွေပဲ၊ အချိန်တန်ရင် အားလုံး သူ့အလိုလိုဖြစ်လာလိမ့်မယ်"

"ဗျာ လူတစ်ကိုယ် တိုက်တစ်လုံး ကားတစ်စီးဆိုတဲ့ ပြည်တော်သာစီမံကိန်းမျိုးလားဟင်"

"သိပ်မှန်တာပေါ့ကွာ၊ သက်ရိုက်စ်"

ဖိုးသူတော်ကြီးက ရေနွေးကြမ်းတစ်ခွက်သောက်ရင်း ကျွန်တော့်အမေးကို ပြန်ဖြေလိုက်သည်။

"အဲဒီမှာ ပွဲလမ်းသဘင်တွေလည်းရှိတယ်၊ အလည်အပတ်ခရီးစဉ်တွေလည်း မပြတ်ဘူး၊ ဘယ်သွားသွား ဘာလုပ်လုပ် တစ်ပြားမှမကုန်ဘူး။ ပြီးတော့ စိတ်မပါဘဲ လုပ်ရတယ်ဆိုတာလည်း လုံးဝမရှိဘူး"

"ဖိုးသူတော်ကြီးက ဒီလောက်တောင် အတိအကျပြောနိုင်ပုံရရင် အဲဒီကိုရောက်ဖူးပုံရတယ်ထင်ရဲ့"

"အင်း ဆိုပါတော့လေ၊ ဘာကြောင့် အခုလိုပြန်လာရသလဲဆိုတာရော သိချင်သေးလား"



"သိချင်တယ်ဗျာ"

"အေး ဒီလိုကွ၊ ငါတို့နေထိုင်တဲ့ လောကကြီးမှာ မမြင်ဘူးလို့ မကြားဘူးလို့ မယုံနိုင်ဖြစ်နေကြသူတွေအတွက် ဒီလိုအဖြစ်မျိုး တကယ်ရှိပါလားဆိုတာ လက်တွေ့ပြချင်လို့ ဒီကိုပြန်လာတာပေါ့ကွာ"

"အဲဒီကိုသွားရင် ဘာလုပ်ရမလဲ၊ ဆေးဝါးတစ်ခုခု သောက်ရမှာလား၊ ဒါမှမဟုတ် ကားအက်ဆီးဒင့်ဖြစ်အောင်လုပ်ပြီးမှ သွားလို့ရတာလားဟင်"

"နိုး နိုး မဟုတ်ဘူး၊ အရှင်လတ်လတ်ရောက်သွားမယ်၊ စိတ်ချနေ၊ တစ်ခုပဲပြောစရာရှိတယ်၊ ဟိုရောက်ပြီးလို့ မပျော်ဘူးဆိုရင်တော့ ဘာမှမတတ်နိုင်ဘူးနော်၊ သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ပါ"

"ရတယ်ဗျာ၊ ကျွန်တော်သွားမယ်၊ ဒီမှာ အလုပ်လုပ်လို့ရတဲ့လစာကလည်း ဝိုင်းစုခိုင်သိန်းဖြစ်နေတယ်"

"ဘာလဲ ဝိုင်းစုခိုင်သိန်းဆိုတာ"

"မက်လောက်စရာမရှိဘူးလို့ ပြောတာပါ၊ အလုပ်လုပ်ရတဲ့အချိန်က မျိုးကြီးသီချင်းထဲကလို အိမ်ပြန်ချိန်ကိုတောင် မသိတော့ဘူးဖြစ်နေရတယ်၊ ဒါကြောင့် အကြွေးတွေ ပတ်လည်ဝိုင်းနေရတယ်ဗျ၊ ဒီလောကထဲက အမြန်ထွက်သွားနိုင်မှဖြစ်မယ်၊ နို့မဟုတ်ရင် လကုန်ကျ ရှင်းရမယ့်ပြဿနာတွေက အများကြီးမှ အများကြီး"

"ရပါတယ်၊ မင်းလိုလူစား အများကြီးဆိုတာ ဟိုရောက်ရင် သိလိမ့်မယ်၊ ကိုင်း ရှည်ရှည်ဝေးဝေး ပြောမနေချင်တော့ဘူး၊ ခရီးသွားမယ်ဆို ခရီးစရိတ်ပေးရမယ်၊ ဘယ်လောက်ပါသလဲ"

"ကျွန်တော့်မှာ များများတော့မပါဘူးဗျ"

ကျွန်တော့်အိတ်ထဲ ရှိသမျှ နှစ်ရာတန်တစ်ရွက်နှင့် ငါးဆယ်တန်တစ်ရွက်ကိုပေးရင်း ရှက်ရွံ့စွာပြောလိုက်သည်။ ဖိုးသူတော်ကြီးသည် ကျွန်တော်ပေးသော ပိုက်ဆံကိုယူရင်း ဘာမှမပြောတော့ဘဲ လက်မှတ်တစ်စောင် ကမ်းပေးသည်။ လက်မှတ်ပေါ်တွင် ယနေ့နေ့စွဲကို ရေးထားကြောင်း တွေ့ရသည်။ မြို့အဝင်တံတားထိပ်ရှိ အုတ်ခုံတွင် သွားရောက်စောင့်ရန် မှာကြားလိုက်သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



အိတ်ကပ်ထဲက ရှိစုမဲ့စု ပိုက်ဆံကို ထုတ်ပေးလိုက်မိသည်။ အေးစက်မှောင်မည်းသော ကားဂိုထောင်အစုတ်ကြီးထဲ လာထိုင်ပြီး စောင့်နေရသည်။ ရှက်စိတ်ဒေါသစိတ်တို့ကြောင့် ကျွန်တော့်တစ်ကိုယ်လုံး ထူပူလာသည်။ ဒါဟာ နောက်ဆုံးပေါ် လူကုန်ကူးနည်း တစ်မျိုး ဖြစ်နိုင်သည်။

အုတ်ခုံ၌ ကလေးချီထားသော မိန်းမ တစ်ယောက်၊ ကုလားဒိန်တစ်ယောက်၊ အသက်ကြီးကြီး အဘိုးကြီးအဘွားကြီးစုံတွဲတစ်တွဲ၊ ဆံပင် ညှင်းသိုးသိုးနှင့် အရက်နာကျနေသူ တစ်ယောက်တို့ကို တွေ့လိုက်ရသည်။ ခဏကြာသောအခါ မီနီဘတ်စ်တစ်စီး ဆိုက်ရောက်လာသည်။ ဒရိုင်ဘာက အားလုံး ကားပေါ်တက်ရန် ပြောသောကြောင့် ကျွန်တော်လည်း ရောယောင်ပြီး ကားပေါ် လိုက်ပါသွားသည်။ ဘတ်စ်ကားထဲတွင် ခရီးသည်အချို့ ရှိနှင့်ပြီးဖြစ်သည်။ အားလုံး စုစုပေါင်း ခရီးသည် ၃၀ခန့်ရှိသည်။

ကားမှာ ဘယ်မှန်းမသိရသော အရပ်တစ်ခုဆီ ဦးတည်မောင်းနေ သည်။ ဘယ်သူမှ ဘာစကားမှ မပြောကြချေ။ ဘယ်အချိန် ဘယ်နေရာကို ရောက်မည်မှန်းလည်း မသိရချေ။ တဖြည်းဖြည်း ညပိုင်းရောက်ရှိလာသည်။ အဝေးပြေးလမ်းမကြီးတစ်ခု၏ လူပြတ်သောနေရာအရောက်တွင် ကားရပ်သွားသည်။ ဒရိုင်ဘာက အားလုံး အောက်ကိုဆင်းခိုင်းလိုက်သည်။ မိုးတဖွဲဖွဲရွာနေသည့်အပြင် မီးမရှိ၍ မှောင်မည်းနေသဖြင့် လျှပ်ပြက်သည့်အလင်းရောင်ကို အားကိုးပြီး လျှောက်နေကြရသည်။ ကားလမ်းနှင့် ပေ၁၀၀ခန့်အကွာတွင် ကားဂိုဒေါင်အပျက်ကြီးတစ်ခုရှိသည်။ ထိုအထဲရောက်သောအခါ ဒရိုင်ဘာက ပြောလိုက်သည်။

"ကဲ အားလုံး အဆင်ပြေသလိုသာ ကြည့်ထိုင်ကြဗျာ၊ ဒီနေရာက နေပြီး စိတ်အေးလက်အေးသာ ထိုင်စောင့်နေကြပေတော့ဗျို့"

ဒရိုင်ဘာက ထိုသို့ပြောဆိုပြီးနောက် ဂိုဒေါင်တံခါးကို ပြန်စေ့ပေးခဲ့ပြီး အပြင်ပြန်ထွက်သွားသည်။ မကြာမီ ကားမောင်းထွက်သွားသံ ကြားရသည်။ ကားဂိုဒေါင်အကာရှိ အပေါက်ငယ်မှတစ်ဆင့် ပြင်ပအလင်းရောင်



မှုန်မှုန်ကို မြင်နေရသည်။ အတွင်း၌ ဘာအလင်းရောင်မှမရှိ။ မည်သူမှလည်း စကားမပြောကြ။ အသက်ရှူသံတွေကိုသာ ကြားနေရသည်။ ဘေးနားရှိသူ တစ်ဦးဦးနှင့်ကျွန်တော် စကားပြောလိုသော်လည်း ဘာပြောရမှန်းမသိ၍ အသာငြိမ်နေမိသည်။ ငြိမ်နေရင်းဖြင့် မိမိဖြစ်ရပ်ကို ပြန်တွေးကြည့်မိသည်။

ဒီနေ့မနက်ပိုင်းက အရက်ဆိုင်တွင် လူစိမ်းတစ်ယောက်နှင့်စကား လက်ဆုံကျမိသည်။ လက်ရှိဘဝကို စိတ်ကုန်မိကြောင်း ပြောမိသဖြင့် ထိုသူ၏ လမ်းညွှန်ချက်အတိုင်း ဖိုးသူတော်ကြီးထံ ရောက်ရှိသွားခဲ့သည်။ ထို့နောက် ကျွန်တော် ဒီနေရာကို ရောက်လာရသည်။ တွေးရင်း တွေးရင်း ကျွန်တော် ရှက်လာသည်။ ဒေါသလည်းဖြစ်လာသည်။ ကျွန်တော် အလှည့်စားခံလိုက်ရပြီ အညာမိခဲ့ရပြီ၊ အဓိပ္ပာယ်မရှိသော အခြေအမြစ်မရှိသော စကားကိုယုံစားပြီး ညနေပိုင်းအရက်သောက်ဖို့ချန်ထားသည့် အိတ်ကပ်ထဲက ရှိစုမဲ့စုပိုက်ဆံကို ထုတ်ပေးလိုက်မိသည်။ အေးစက်မှောင်မည်းသော ကားဂိုထောင်အစုတ်ကြီးထဲ လာထိုင်ပြီး စောင့်နေရသည်။ ရှက်စိတ်ဒေါသစိတ်တို့ကြောင့် ကျွန်တော့်တစ်ကိုယ်လုံး ထူပူလာသည်။ ဒါဟာ နောက်ဆုံးပေါ် လူကုန်ကူးနည်းတစ်မျိုး ဖြစ်နိုင်သည်။

ကျွန်တော် ထိုင်နေရာက ထရပ်လိုက်သည်။ ကားဂိုဒေါင်တံခါးဝကို သွား၍ တံခါးကို ဘေးတိုက်တွန်းဖွင့်လိုက်သည်။ အပြင်ရောက်သောအခါ တံခါးကို အသာပြန်စေ့ပေးလိုက်သည်။ အပြင်တွင် မိုးရွာနေသည်။ မိမိအိမ်ခန်းကို တန်းမပြန်သေးဘဲ ရဲစခန်းဝင်ပြီး အမှုဖွင့်မှဖြစ်မည်။ နို့မဟုတ်ပါက ကျွန်တော့်လိုလူတွေ နောက်ထပ် အလိမ်ခံနေရလိမ့်မည်။ ကားလမ်းမကို မရောက်ခင်မှ အတွေးတစ်ခုပေါ်လာသဖြင့် ခြေလှမ်းရပ်ပြီး နောက်ပြန်လှည့်လိုက်သည်။

ရဲစခန်းတွင် တိုင်ကြားပါက ကျွန်တော်တစ်ယောက်တည်းဆိုလျှင် ယုံကြည်ဖို့လွယ်မည်မဟုတ်၊ သက်သေလိုသည်။ ဂိုဒေါင်ထဲကလူတွေကိုပါ သက်သေအဖြစ်ခေါ်သွားရလိမ့်မည်။ ဒါဆိုလျှင် ချက်ချင်းအရေးယူဆောင်ရွက်ကြလိမ့်မည်။ နောက်ဆုံးပေါ် လူကုန်ကူးသောဂိုဏ်းကို ဖမ်းမိလျှင် သက်ဆိုင်ရာက ကျွန်တော့်ကို ဆုငွေချကောင်းချနိုင်သည်။ ရရှိမည့်ဆုနှင့် အကြွေး

www.burmeseclassic.com

တွေ့ကျေအောင် ဆပ်လို့ရနိုင်သည်။

ကားဂိုဒေါင်တံခါးကိုဖွင့်ရန် လက်နှင့်ထိလိုက်ချိန်တွင် အလွန်အားကောင်းသော လျှပ်စီးတစ်ခု ဝင်းလက်သွားသည်။ အလင်းရောင်နှင့်အတူ မြေကြီးတွေပါ သိမ့်ခနဲ တုန်သွားသည်။ ကျွန်တော်သိလိုက်ပြီ။ တစ်ခုခုတော့ ထူးခြားသွားပြီဖြစ်သည်။ စက္ကန့်ပိုင်းအတွင်း ကျွန်တော် ဂိုဒေါင်ထဲရောက်သွားသည်။ အထဲတွင် ဘယ်သူမှမရှိတော့ပါ။ သေချာစေရန် ပြင်ပအလင်းရောင်မှိန်ဝါးဝါးဖြင့် ထိုသူတို့ထိုင်ခဲ့သည့်နေရာများကို အနီးကပ်လိုက်ကြည့်မိသည်။ သူတို့အားလုံး ပျော်စရာအလွန်ကောင်းသောနေရာကို ရောက်ရှိသွားကြပြီ။ ဝါသနာပါရာကိုသာလုပ်နိုင်သည့်ဒေသ၊ စားသောက်ဖို့ပူပန်စရာ လုံးဝမလိုသောဒေသ၊ စိတ်တူကိုယ်တူများသာ တစ်စုတည်းတွေ့နိုင်သည့်ဒေသ။

ကျွန်တော်မနှစ်သက်သောအလုပ်ကို ဆက်လုပ်နေရဆဲဖြစ်သည်။ အခန်းကျဉ်းလေးထဲတွင် ဆက်လက်နေထိုင်ရဆဲဖြစ်သည်။ နေ့စဉ် စိတ်ညစ်မှုတို့၏ ထွက်ပေါက်အဖြစ် ယမကာကို မှီဝဲနေရ ဆဲဖြစ်သည်။ အဖော်မဲ့စွာ တစ်ယောက်တည်း တွေဝေငေးမောနေရဆဲဖြစ် သည်။ ရံဖန်ရံခါ ရက်လွန်နေပြီဖြစ်သည့် ခရီးသွားလက်မှတ်အဟောင်းလေး ကို ကိုင်တွယ်ကြည့်မိတတ်သည်။

ကျွန်တော် ဖိုးသူတော်ကြီးထံ နောက်တစ်ကြိမ်ထပ်ရောက်ခဲ့ပါသေးသည်။ ကျွန်တော့်ကိုမြင်သည်နှင့် ဖိုးသူတော်ကြီးက ကျွန်တော်ပေးခဲ့သော နှစ်ရာတန်တစ်ရွက်နှင့် ငါးဆယ်တန်တစ်ရွက်ကို ပြန်ပေးခဲ့သည်။ ဘာစကားမှတော့ မပြောပါ။ နောက်နောင်လည်း ကျွန်တော် ဘယ်လိုမေးမေး၊ ဘာအဖြေမှမရနိုင်တော့ကြောင်းကျွန်တော်သိလိုက်ရပြီဖြစ်သည်။ အခွင့်အရေးသည် တစ်ကြိမ်သာရတတ်ကြောင်း ဘဝပေးအသိအရ ကျွန်တော် နားလည်သွားပါတော့သည်။

(Of Missing Person by Jack Finney ကို မြန်မာမှုပြုထားခြင်းဖြစ်သည်)

■ ရဲဝတိုင်း








## တစ်ယောက်လို

ညဖက် သူငယ်ချင်းတစ်သိုက် ကားတစ်စီးပေါ်တွင် မူးရူးသောင်းကျန်းလာ၏။ ယာဉ်ထိန်းရဲက မူမမှန်သောကားကို တားရှ်စစ်ဆေး၏။ လူလေးယောက်မျှသာဆန့်သော ဆလွန်းကားထဲမှ လူ ၁၆ယောက် ဆင်းလာသဖြင့် ယာဉ်ထိန်းရဲ အံ့အားသင့်သွား၏။ လိုင်စင်ကို သိမ်းယူလိုက်ပြီး မနက်ဖြန် ရုံးသို့ ဤပုံစံအတိုင်း ကားစီး၍ လာရှေးကြရန် မှာလိုက်သည်။

နောက်နေ့တွင် သူငယ်ချင်း ၁၆ယောက် ကားပေါ်တက်ကြ၏။ ၁၅ယောက် ဝင်သော်လည်း ကျန်တစ်ယောက်က ဘယ်လိုမှ ကားပေါ်တက်လို့မရ။

အမျိုးမျိုးကြိုးစားပြီး တက်ကြည့်သော်လည်း အချည်းနှီးပင်။ တစ်ဦးကပြော၏။

"မနေ့ညက မင်း ငါတို့ကားနဲ့ လိုက်လာတယ်ဆိုတာ ဟုတ်ကော ဟုတ်ရဲ့လားကွာ"

"အာ ဘာလို့မဟုတ်ရမှာလဲ၊ ညက ကားပေါ်မှာ ဂီတာတီးပြီး လေး ငယ်ချင်းတွေကို ပါဖောမန့်နဲ့ ဖြေဖျော်နေတာ ငါပဲလေကွာ"

www.burmeseclassic.com

www.burmeseclassic.com





## ညားသွားတာကိုး

"ဒီမင်းသားနဲ့ ဒီမင်းသမီး အရင်က ချစ်ခန်း ကြိုက်ခန်းရိုက်ရင် သိပ်အသက်ဝင်တာပဲ၊ ခု ဘယ်လို ဖြစ်ပြီး အသက်မပါတော့တာပါလိမ့်"

"ဘယ်အသက်ပါတော့မလဲ၊ သူတို့ချင်း ညားသွားကြပြီကိုး"

## ကတ်တလောက်



ဦးသာဖြိုး မြို့ရောက်တော့ ထမင်း ဆိုင်တွင် အမဲသားဟင်းနှင့် ထမင်းစား၏။ အလွန်စား၍ ကောင်းသဖြင့် အမဲသားနှ ဟင်းအမည်များ ဝယ်ယူ၍ရသည့် နေရာ မေး၏။ ၎င်းအမဲသားချက်နည်း အပြည့်အ ကိုလည်း ထမင်းဆိုင်မှမေးကာ စာနှင့်ရေးမှတ်လာ၏။ အိမ်ရောက်မှ အိ ကအဘွားကြီး လျှာလည်သွားအောင် ချက်ကျွေးရဦးမည်။ အိမ်ပြန်လာရ လမ်းတစ်လျှောက်တွင် နေကလည်းပူ၊ ခရီးကလည်း ရှည်သဖြင့် ဦးသာဖြိုး မောပန်းနွမ်းနယ်လာ၏။

သို့နှင့် အရိပ်ကောင်းကောင်းရသော သစ်ပင်ကြီးတစ်ပင်အော တွင် နားနေရင်း ငိုက်မြည်းနေမိ၏။ ထိုအချိန်တွင် ခွေးဆိုးတစ်ကောင် ရု တရက်ပေါ်လာပြီး ဦးသာဖြိုး၏ လက်ထဲမှ အမဲသားထုတ်ကို အတင်းဆွဲယ ထွက်ပြေး၏။

ဦးသာဖြိုး အတင်းပြန်လိုက်သော်လည်း မမီနိုင်ဘဲ နေပူကျဲတဲ မောပန်းကျန်ရစ်သည်။ မကျေမချမ်းနှင့် ရေရွတ်၏။

"သောက်ခွေးငတုံး၊ မင်းယူသွားပေါ့၊ ဒါပေမယ့် အမဲသားပဲရမယ် ဟင်းချက်နည်းစာရွက်က ငါ့ဆီမှာ၊ ဟင်းချက်နည်းမသိဘဲ ဒင်းဘယ်လိုစား မလဲ"



## အရေးပေါ်




ည(၈)နာရီလောက် လူငယ် ဆရာဝန်ထံသို့ ဖုန်းဝင်လာသည်။ ၎င်း ၏ကျောင်းနေဖက် ဆရာဝန်သူငယ်ချင်း များ စုမိသဖြင့် သောက်ကြစားကြ ရန် ခေါ်ခြင်းဖြစ်သည်။ ဆရာဝန် က သက်ပြင်းချရင်း ၎င်းမိန်းမကို ပြော၏။

"အရေးပေါ်ကိစ္စနဲ့ဆက်တဲ့ ဖုန်းကွ၊ ငါသွားမှဖြစ်မယ်"

"လူနာက သိပ်အရေးကြီးလို့လားရှင်"

"သိပ်အရေးကြီးတာပေါ့ကွာ၊ ဟိုမှာ ဆရာဝန်ကြီးပဲ ငါးယောက် တောင် ရောက်နေပြီတဲ့"

## ကောင်းလိုက်တဲ့အသံ



အမျိုးသမီး ဝါသနာရှင်တစ်ဦးက တေးထုတ်လုပ်သူတစ်ဦးထံတွင် အသံ စစ်ဆေးခံဖို့ သီချင်းတစ်ပုဒ်ကို ထန်အပြည့်မာန် အပြည့်နှင့် ဆိုပြနေသည်။

သီချင်းအပြီး ဝါသနာရှင်မလေးက တေးထုတ်လုပ်သူအား မျှော်လင့်ချက်အပြည့် ပါသောလေသံနှင့်မေး၏။

"ကျွန်မအသံက တစ်နေ့ရာရာမှာ တော့ အသုံးချလို့ ရနိုင်မယ် မဟုတ်လားရှင်"

တေးထုတ်လုပ်သူက သက်ပြင်းချရင်း ပြောသည်။


"ဟင်း အစစ်ပေါ့ဗျာ၊ ပင်လယ်ထဲ သင်္ဘောသာပျက်ကြည့်မီး၊ ခင် ဗျားလိုအသံမျိုးနဲ့ မအော်ရင် ဘယ်လိုဖြစ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



## ပွဲတာပဲ



လက်ကျိုးနေသူက ကျောက်ပတ်တီးစည်းပေးနေသော ဆရာဝန်ကို မေးသည်။

"ကျွန်တော့်လက် ပြန်ကောင်းရင် ကျွန်တော် တယောကောင်းကောင်း ထိုးနိုင်ပါ့မလားဆရာ"

"သိပ်ထိုးနိုင်တာပေါ့ ဖြတ်ဖြတ်လူးတောင် ထိုးနိုင်မယ်လို့ ကတိပေးပါတယ်"

"ဒါဖြင့် ဟန်ကျတာပဲဆရာ၊ ကျွန်တော် လက်ကောင်းနေတုန်းက လုံးဝ တယောမထိုးတတ်ခဲ့ဘူးခင်ဗျာ"

## ရှူး...တိုးတိုး



ပြဇာတ်ရုံထဲသို့ လူတစ်ဦး အော်ကြီးဟစ်ကျယ် ပြောဆိုရင်း ဝင်လာသည်။ ရုံပေါက်စောင့်က လှမ်းတားကာ

"ဟေ့လူ အော်ကြီးဟစ်ကျယ် မလုပ်ပါနဲ့၊ တိုးတိုးဝင်ပါဗျာ"

"ဘာလဲ၊ ပရိသတ်အားလုံး အိပ်ပျော်နေပြီမို့လား"



## သော့



လူတစ်ဦး ဒယီးဒယိုင်နှင့် သိုင်းကွက်နင်းပြီး သူ့အိမ်ရှေ့သို့ မူးမူးရူးရူးနှင့် ရောက်လာသည်။ အိမ်ရှေ့ရောက်မှ အိမ်သော့ထည့်ထားသော ဘောင်းဘီအိတ်ကို နှိုက်သည်။ အိတ်ကပေါက်နေသည်။ အိမ်သော့ကို မတွေ့ရတော့။ လက်က ဘောင်းဘီအိတ်ပေါက်ထဲ နှိုက်မိသွားသည်။

"ဟင် ငှက်ပျောသီးနဲ့ ကြက်မောက်သီးတွေပဲ၊ အသီးအနှံတွေ ငါမကြိုက်ဘဲ ဘာလို့ဝယ်ခဲ့မိပါလိမ့်"

ဆွဲယူလွှင့်ပစ်မိသည်။

"အဘား"

## ရူးရှ



စစ်တပ်ထဲဝင်လိုသော လူငယ်ကို အရာရှိက စစ်ဆေးနေသည်။

လူငယ်ကို အဝတ်အစားချွတ်ကာ ဖင်ကုန်းခိုင်းသည်။ အရာရှိက တင်ပဆုံကို ဖြဲကြည့်ရင်း လူငယ်ကိုမေးသည်။

"ရဲဘော် ဆေးလိပ်သောက်တတ်လား"

လူငယ်က အားတုံ့အားနာသံနှင့် ပြန်ဖြေ၏။

"သောက်တုန်းကတော့ ပါးစပ်နဲ့ပါပဲဗျာ၊ ဆရာကြီး အဲဒီက အနံ့ရလို့လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



## ယောဂ္ဂမ



တောသားကြီးတစ်ဦး တိရစ္ဆာန်ရုံသို့ လျှောက်လည်သည်။ တိရစ္ဆာန်များကိုကြည့်ရင်း တောသားတို့ဘာဝ အော်ကြီးဟစ်ကျယ်နှင့် ပြောဆို မှတ်ချက်ချနေ၏။

ဆင်ကိုတွေ့သည်။

"ဟာ နည်းတဲ့ကောင်ကြီးလား၊ ဒီကောင်ကြီး ပေါ်ပြီး ရွာမှာ ရောင်းလိုက်လို့ကတော့ ထောပြီပဲ"

စပါးကြီးမြွေ လှောင်အိမ်နား ရောက်ခဲ့ပြန်၏။ မြွေကြီးကိုကြည့်ကာ အော်ပြန်၏။

"ဒီလိုကောင်ကြီး ငါးမျှားချိတ်မှာတပ်ပြီး မျှားလို့ကတော့ ဝေလငါးတောင် မိနိုင်တယ်"

မျောက်ဝံမကြီးကို လှောင်ထားရာ လှောင်အိမ်သို့ ရောက်လာသည်။ ရင်းမျောက်ဝံမကြီးကို မြင်သည်နှင့် တောသား ဆွံ့အ,သွားသည်။ မျက်ရည်အဝဲသားနှင့် မချိတင်ကဲ ပြောဆိုသည်။

"ဟင် ယောဂ္ဂမကြီး ခင်ဗျားကို ဘာအမှုနဲ့ ဖမ်းလိုက်ကြတာလဲ ဟင်။



## မိန်းမရဲ့ ၁၀မိနစ်



မိန်းမက ယောက်ျားကိုပြော သည်။

"ကိုဖိုးတုတ် ကျွန်မ ဘေးအိမ်က သန်းသန်းဆီ ခဏသွားဦးမယ်၊ ၁၀ မိနစ်လောက်ပဲ ကြာမယ်၊ အမဲသား ဟင်းအိုး တည်ထားတယ်၊ နာရီဝက် တစ်ခါ ရေတစ်ခွက် တစ်ခွက် ထည့် ပေးနော်"

## တကယ်အရောင်း



တိရစ္ဆာန်အရောင်းသမားက လူတစ်ဦးကို သူ့တိရစ္ဆာန်များဝယ်ရန် အတင်းစပ်နေသည်။

"ဒီကြောင်မလေး ဝယ်ပါလားဗျာ၊ လှကလှနဲ့"

"မလိုအပ်ဘဲ အပိုအကုန်မခံနိုင်ပါဘူးဗျာ"

"ဒါဖြင့် ဒီကြွက်ကလေးတွေ ဝယ်သွားပါလား"

"ကြွက် ရွံလွန်းလို့ပါဗျာ"

"ရွံရင် ကြောင်ပါထပ်ဝယ်သွားလေ၊ ဒီကြောင်မလေးက ကြွက်တွေကို မျိုးတုံးအောင် ကိုက်သတ်စားပစ်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ခေါင်နှစ်ကျေး၊ ကောင်မလေးနဲ့ကျွန်တော်

ကျွန်တော် တွေ့မိတဲ့ကောင်မလေးက ကျွန်တော်တို့မြို့ကို ပြောင်
လာတာ သိပ်မကြာသေးဘူးခင်ဗျ။ သူက မိုးခိုဖက်တွယ်တတ်တဲ့ အမျိုးအနွယ်
ဖဲ့ အသက်အရွယ်ပေါ့။ ငယ်၊ ချော၊ သေးသွယ်၊ ခေတ်ဆန်၊ လည်ပတ်
သွက်လက် အမျိုးအစားပါ။ ကျွန်တော့်အမြင်ကို ဖြည့်ပြောရရင် နည်းနည်
အကဲပိုပြီး ပတ်ချွဲနပ်ချွဲလည်း အတော်နိုင်သဗျ၊ ပေါကြောင်ကြောင်အဆ
မရောက်တရောက်ဆိုပါတော့။ ဒီအရွယ်မျိုးက ဒီလိုပဲလို့ နားလည်ခွင့်လွှ
ပြီး ပိုချစ်မိပါတယ်။

သူ့အဖေက ဌာနတစ်ခုမှာ အကြီးတန်းအရာရှိကြီးတစ်ဦးပါ။ သူတ
နေထိုင်တဲ့ အစိုးရအိမ်ကြီးက ကမ်းနားလမ်းဘက်မှာရှိတယ်။ အင်္ဂလိပ်ခေတ်
က အိမ်ကြီးမို့ ရှုခင်းကောင်းတဲ့ မြစ်ကမ်းထိပ်မှာ ဆောက်ခဲ့ပုံရပါတယ်၊
ကျွန်တော်က အမြဲကြံစည်လှုပ်ရှားနေတာမို့ ကောင်မလေးနဲ့ လွတ်လွတ်လ
လပ်တွေ့ဆုံနိုင်မယ့် အခွင့်အလမ်းတစ်ခုကို ရှာဖွေတွေ့ရှိထားတယ်။ သူက
မနက်ခုနစ်နာရီခွဲလောက်မှာ မြစ်ကမ်းပါးအောက်ကိုဆင်းပြီးလမ်းလျှောက်
တတ်တယ်။ သူတို့အိမ်ကြီးနဲ့ အတည့်လောက်မှာပေါ့။ အဲဒီနေရာက လှလှ
ကင်းရှင်းတယ်။ ရှုခင်းလှတယ်။ မြစ်ကမ်းဆင်ခြေလျှောအဆင်းက မြေညီ
တယ်။ အရိပ်ရသစ်ပင်ကြီးတွေ ရှိတယ်။ တောရိုင်းပန်းမျိုးစုံနဲ့ ကိုင်းမြက်တော



ကြီးတွေရှိတယ်။

ဒါပေမယ့် သူက တစ်ယောက်တည်းမလာတတ်ဘူးဗျ။ တယ်ရီယာ
ခေါ်မလား ဘာလား မသိပါဘူး။ ဖြူနီကြောင်ကျား ခွေးစုတ်ဖွားလေးတစ်
ကောင် အမြဲပါတယ်။ ခွေးတွေနဲ့ သိပ်ပတ်ပတ်သက်သက်မရှိခဲ့လို့ တိတိကျ
ကျ ကျွန်တော် မပြောတတ်ဘူးခင်ဗျ။

သူ့ကြောင့်ပဲ ကျွန်တော် မနက်စောစောထပြီး မြစ်ကမ်းဘက်မှာ
လမ်းလျှောက်ဟန်ဆောင်နေရတယ်။ ဟန်ဆောင်လျှောက်တယ်ဆိုတာလည်း
တကယ်လက်တွေ့လျှောက်ပြရတာ မဟုတ်လား။ အမြဲတမ်း နေဖင်ထိုးအောင်
အိပ်တတ်တဲ့ ကျွန်တော်ဟာ အဲဒီကောင်မလေးကြောင့် လုံ့လဝီရိယတွေတောင်
အတော်ကောင်းလာနေသဗျ။ ကြာလာတော့ ကျွန်တော်အစ်မက သရိုးသရီ
ဖြစ်လာပုံရတယ်။ အမေ့နားကပ်ပြီး တိုးတိုးတိတ်တိတ် ပြောလိုက်သံကို
အမှတ်မထင်ကြားရတယ်။

"အမေ့သားအခြေအနေ တစ်မျိုးဖြစ်နေတယ်နော်၊ ကြည့်ပြောထား
ဦး။ လူက ပေါတိပေါကြောင်နဲ့ ဘာတွေကြံစည်နေသလဲ မသိဘူး"

ပြောချင်တာပြောစမ်းပါစေ။ ဒါမျိုးတွေကို အထာမပေါက်လို့ သူ
အပျိုကြီးဖြစ်နေတာ။ ကောင်မလေးနဲ့ကျွန်တော် မျက်မှန်းတန်းမိနေတာ ကြာ
ပြီဗျ။ စကားစအရှာရခက်နေလို့ ရက်တွေပုပ်နေတာ။ သူကလေးကလည်း
စကားပြောချင်ပုံရတယ်။ မျက်လုံးလေးထောင့်ကပ်ပြီး ကွက်ကြည့်ကွက်ကြည့်
လုပ်နေတာ။ တစ်နေ့တော့ ခွေးလေးက ကျွန်တော့်ကို ကောင်းကောင်းမှတ်မိ
နေပုံနဲ့ တဝုတ်ဝုတ်လိုက်ဟောင်တယ်။ တခြားတစ်နေရာမှာဆိုရင်တော့ ခွေး
ရုတ်ခွေးနာ ဘာညာသာရကာဆိုပြီး ဖလိုင်းကစ်တွေ တည့်ကစ်တွေဝင်သွား
ပြီပေါ့။ ခုတော့ အောင့်အည်းသည်းခံစိတ်နဲ့ ငြိမ်နေလိုက်ရသဗျ။

"ဟဲ့ ဂျိုလီ ပြန်လာခဲ့စမ်း၊ ညည်းမို့လို့ အမောခံပြီး နှုတ်ဆက်နေ
တယ်၊ ကြည့်ရတာ ဆွံ့အနားမကြားလား မသိဘူး၊ လာ ပြန်လာခဲ့"

ကြည့်ပါဦး။ ကျွန်တော့်ကိုများ ဆွံ့အနားမကြားလား မသိဘူးတဲ့။
မှတ်ချက်တွယ်ထည့်လိုက်တာ။ ကျွန်တော့်စိတ်တွေ ဒေါင်းခနဲပျော်သွား
တယ်။ ဒါပေမယ့် အဟဲ စိတ်ကိုပြန်လျှော့လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောရက်လိုက်တာ ညီမလေးရယ်၊ အစ်ကို အားလုံးစပယ်ရှယ် ကောင်းပါတယ်၊ ဟို ခွေးကလေးအသံက သာယာလို့ နားထောင်နေမိတာပါ အဟင်း"

"ခင်ဗျား စကားပြောရိုင်းလှချည်လား၊ ဂျိုလီကိုများ ချိုးချိုးနှိမ်နှိမ် ပြောရက်လိုက်တာ၊ ခွေးကလေးတဲ့၊ ဂျိုလီက ကျွန်မရဲ့မွေးစားညီမလေး၊ ခင်ဗျားကိုခင်လို့ နှုတ်ဆက်တာ၊ ဒါလောက်လေးတောင် နားမလည်တဲ့လူ၊ လာ ဂျိုလီ ဟိုဘက်ကိုသွားမယ်"

ဟား ဘယ်လိုကြီးပါလိမ့်၊ ဒါပေမယ့်လေ စိတ်လျှော့လိုက်ပါတယ်၊

"နေပါဦးညီမရယ်၊ အစ်ကိုစကားမှားသွားရင် တောင်းပန်ပါတယ် စိတ်မဆိုးပါနဲ့နော်၊ ဂျိုလီလေးက တော်တော်လှတာပဲနော်၊ သူ့အသက်ဘယ် လောက်ရှိပြီလဲဟင်၊ စကားလည်း သိပ်တတ်တာပဲနော်"

ဒီတော့မှ မမမျက်နှာကြော ပြန်ကျသွားတယ်။

"လှတာပေါ့၊ သူက Bay Watch အနွယ်တော်၊ အင်္ဂလန်နိုင်ငံနယ် ဖောင်းလင်းသူရှင့်၊ ဒယ်ဒီ့မိတ်ဆွေတစ်ယောက်က မြန်မာပြည်ကိုယူလာပြီး မွေးစားဖို့ပေးထားတာ၊ အစတုန်းက ဒီကရာသီဥတုဒဏ်ကို မခံနိုင်လို့ ပိုးမွေး သလိုမွေးခဲ့ရတာ၊ အခုမှ ခံနိုင်ရည်ရှိလာတာ၊ ဂျိုလီက အပျိုဖော်ဝင်ပြီလေ စကားလည်း သိပ်တတ်တာ"

အင်း သူရူးနေတာမဟုတ်ရင် ကျွန်တော်များ ရူးနေသလား မသိ ဘူးဗျာ။ ဂျိုလီက ကျွန်တော့်ခြေထောက်နားမှာ ရစ်သီရစ်သီလုပ်ရင်း တအီ အီတအိုင်အိုင် အသံပေးနေတယ်၊ ကျွန်တော် ငုတ်တုတ်ထိုင်လိုက်ပြီး သူ့ ခေါင်းနဲ့ကျောကို ပွတ်သပ်ပေးနေလိုက်တယ်။

"ညီမတို့ပြောင်းလာတာ အစ်ကိုသိတယ်၊ သူ့နာမည်တော့ သိရပြီ သူ့နာမည်က ဂျိုလီ၊ ညီအစ်မဆိုတော့ ညီမနာမည်က ချိုတီပေါ့နော်"

"ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ စကားရောဖောရောနဲ့ ဘယ် ကမှန်း ဘယ်သူမှန်းမသိဘဲနဲ့ ဟွန်း"

"အစ်ကို့အိမ်က ဟိုမြောက်ဘက်တန်းမှာ ဒီကကြည့်ရင် မြင်ရတယ်၊ အုတ်ရိုးဖြူဖြူနဲ့ အုန်းပင်တွေဝိုင်းနေတဲ့အိမ်ပေါ့၊ အစ်ကိုက ဉပဒေနော်ကျော်ဆွေ၊



နှစ်ဖြေထားတယ်၊ ညီမကရော"

"ဘာလို့ပြောရမှာလဲ၊ အခုမှတွေ့ပြီး အကုန်သိချင်နေလို့ ရမလား၊ ဟော ဂျိုလီက ရှင့်ကိုမေးနေတာရှင့်၊ နာမည်ဘယ်လိုခေါ်သလဲတဲ့"

"ဩော် ဟုတ်ကဲ့ပါ၊ အစ်ကို့နာမည် ကျော်လွင်ဦးပါ၊ ဂျိုလီလေးက လိမ္မာယဉ်ကျေးလိုက်တာ၊ ပြောပါဦး၊ ဂျိုလီရဲ့မိဘတွေနာမည်လည်း သိချင် တယ်၊ မမနာမည်ရောပေါ့"

ခွေးပါးစပ်က ထွက်လာတာက တအီအီတအိုင်အိုင်ပါပဲ။ ဒါပေမယ့် မေးပါများ စကားရ ဖြစ်သွားတယ်။

"ခင်ဗျားကလည်း မေးပုံမေးတတ်တယ်။ ဟိုက ပြန်ဖြေနေတာကျ နားမလည်ဘူး၊ သူ့မိဘတွေက ဦးကျော်ထွေးနဲ့ဒေါ်ဝေဝေမွန်ပါတဲ့၊ သူ့မမနာ မည်က အိမွန်ထွေးပါတဲ့၊ ကဲ ကဲ တော်ပါတော့၊ ဂျိုလီလေးမောနေပါ့မယ်၊ ဒီကပါ ကြားထဲက ဝင်ဝင်ပြောနေရတယ်၊ ဟွန်း"

ပေါ်ချက်ကတော့ ခင်ဗျားတို့ဖတ်ရတဲ့ အတိုင်းပါပဲ။ သူ့နာမည်ကို တည့်တည့်မပြောဘူး။ ခွေးစကားကို ဘာသာပြန်တော့ ထည့်ပြောတယ်။ ဘာ ရလိမ့်မလဲ၊ ကျွန်တော်ကလည်း ရင်ထဲကစကားလုံးတွေကို ဝေ့လည်ကြောင် ပတ်ပစ်ထည့်လိုက်တာပေါ့။

"ဟုတ်ပါ့ဗျာ၊ ဂျိုလီလေး မောနေရှာပြီ၊ ဘာမှမမေးတော့ဘူးနော်၊ အစ်ကိုပြောတာပဲ နားထောင်ပေါ့၊ အစ်ကိုကလေ ဂျိုလီလေးကို မြင်မြင်ချင်း သိပ်ချစ်သွားတာ သိလား၊ နှုတ်သီးကောင်းလှပါး စကားတတ်လိုက်တာလည်း လွန်ရော၊ နေ့တိုင်း လမ်းလျှောက်ထွက်ခဲ့နော်၊ အစ်ကိုစောင့်နေမယ်သိလား၊ မလာရင်အစ်ကိုလွမ်းနေတော့မှာကွယ်"

"အို တော်ပါတော့၊ ဂျိုလီကို တောင်တောင်အီအီစကားမျိုးတွေ မပြောပါနဲ့၊ စိတ်ရှုပ်သွားပါ့မယ်၊ သူ့ခမျာ အသည်းကွဲနေရရှာတဲ့ကြားထဲ"

"အမ် အသည်းကွဲနေတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မတို့ ဒီမြို့ကိုပြောင်းလာရတော့ သူချစ်သူက တောင်ကြီးမှာ ကျန်ရစ်ခဲ့ရတာလေ၊ ဒါကြောင့် စိတ်အပြောင်းအလဲဖြစ်အောင် လမ်းလျှောက်ပေးနေရတာပေါ့၊ လာဂျိုလီ ပြန်ကြရအောင်၊ မာမီတို့ကို ဘာ

www.burmeseclassic.com

www.burmeseclassic.com



တွေညာတွေ လျှောက်ပြောမနေနဲ့ဦး ကြားလား၊ မမဗိုက်ဆာနေပြီ၊ ဩော် ဂျိုလီလေးလည်း ဆာနေပြီ၊ ဟုတ်လား၊ ကဲ ကဲ နှုတ်ဆက်လိုက်ပါဦး”

ကျွန်တော်ဗျာ။ အသည်းယားလိုက်တာ မပြောပါနဲ့တော့။ ခွေးကို ညီအစ်မတော်စပ်ထားတဲ့ ငပေါမကိုမှ ကိုယ်ကချစ်မိတာကိုး။ သူနဲ့အဆင်ပြေ အောင် ခွေးစပီကင်သင်တန်း ရှာတက်ရမလိုဖြစ်နေပြီ။ အရေးထဲ သူ့ခွေးက အသည်းကွဲနေပြန်သတဲ့။ စိတ်ရှိတိုင်းသာ ဖနောင့်စာပေးလိုက်ရရင် တဂိန် ဂိန်မြည်ကြွေးသွားလောက်တယ်၊ ဒါပေမယ့်လေ စိတ်လျှော့လိုက်ပါတယ်၊ ဒီ သတ္တဝါလေးကြောင့်သာ အိမွှန်ထွေးနဲ့ တွေ့ခွင့်ရနေတာမဟုတ်လား။

× × ×

နောက်တစ်နေ့ ညဦးပိုင်းမှာ အတွေးသံသရာလည်ရင်း အိုင်ဒီယာ တစ်ခုရလိုက်တယ်။ ဒါကြောင့် အမှတ်နှစ်ရပ်ကွက်ထဲမှာ အိမ်ငှားနေတဲ့သူ ငယ်ချင်း ခင်မောင်လွင်ဆီ ဆိုင်ကယ်နဲ့ပြေးထွက်လာခဲ့တယ်။ ဒီကောင့်အိမ် မှာ ဘာအမျိုးအစားမှန်း ကျွန်တော်မသိတဲ့ အလှမွေးခွေးလေးတစ်ကောင်ရှိ တယ်လေ။ အိမ်ရောက်တော့ အပြင်ထွက်သွားတယ်ဆိုလို့ လိုက်ရပြန်ပေါ့။ သူတို့လမ်းထိပ်က တော်ဝင်လက်ဖက်ရည်ဆိုင်မှာပဲ အဆင်သင့်တွေ့လိုက်ရ တယ်။

“ဘာဖြစ်လာတာလဲကွာ၊ ရေကြီးသုတ်ပျာနဲ့”

“မင်းဆီက အကူအညီတောင်းစရာရှိလို့၊ မင်းအိမ်က ခွေးလေးကို ငါ ခဏလောက်ငှားချင်လို့”

“ဟား ထူးထူးဆန်းဆန်းကွာ၊ ဘာတွေ ခွေးဇာတ်ခင်းမလို့လဲ”

ခင်မောင်လွင် သဘောပေါက်အောင် ကျွန်တော့်ဇာတ်လမ်းကို နုတ် သံနှောပြလိုက်တယ်။ ဒီကောင်က မစာနာမသနား တဟားဟားရယ်သဗျ။ တခြားအခြေအနေမျိုးဆို ဒီကောင့်နားပန်ကို ‘ထန်’ခနဲ ကျင်းပစ်ပြီးပြီ၊ ခုတော့ ထုံးစံအတိုင်း စိတ်လျှော့ထားလိုက်ရတယ်။

“ရှာရှာဖွေဖွေကွာ၊ မင်းပဲတွေ့တတ်တယ်၊ အဲဒီခွေးက အမေနဲ့အစ်မ တို့အသည်းကျော်ကွ၊ သူတို့မျက်စိအောက်က အပျောက်ခံကြတာ မဟုတ်ဘူး။ ပြဿနာလာမရှာစမ်းနဲ့ ကျော်လွင်ဦးရာ၊ ငါပိုင်တဲ့ တခြားကိစ္စကိုပြော၊ အဲဒါ



ကမလွယ်ဘူး”

“နေဦးကွ၊ ငါငှားချင်တာက မနက် ပိုင်း နာရီဝက်ဝန်းကျင်လောက်ပါဟ၊ ငါ ဆိုင်ကယ်နဲ့ လာခေါ်မယ်၊ ကိစ္စပြီးတာနဲ့ ချက်ချင်း ပြန်လာပို့မယ်၊ ကောင်မလေးက မနက်ခုနစ်နာရီခွဲလောက် ပုံမှန်ထွက် တယ်၊ အဲဒီအချိန် ခဏတဖြုတ်ကလေး တောင် မဖြစ်နိုင်ဘူးလား”

ဒီကောင် တစ်ချက်တွေသွား တယ်။ ပြီးတော့ ခေါင်းပြန်မော့လာ တယ်။

“ငါ အကြံရပြီ၊ မင်းဇာတ်လမ်း ကြီးကို အမေတို့အစ်မတို့ဆီက အကြောင်း ပြချက်ပေးလို့ မကောင်းဘူး၊ ခွေးကို ငါပဲ ခေါ်လာခဲ့မယ်၊ မင်းက ဒီ ဆိုင်မှာလာယူ၊ ပြီးရင် ဒီဆိုင်မှာပဲ ပြန်လာပေး၊ ငါ လက်ဖက်ရည်သောက်ရင်း စောင့်နေမယ်၊ မင်းပြောသလောက်ပဲ ကြာမှာမို့လား”

ဘယ်ရလိမ့်မလဲဗျာ။
ခွေးမှာလည်း
ခွေးပရိယာယ်တွေရှိတာပဲ။
ဂျက်လီက ကိုင်းမြက်တောကြီးထဲ
ပြေးဝင်သွားတော့ ဂျိုလီကလည်း
တစ်ဖပါး မခွာ
ပြေးလိုက်သွားသဗျ။
မြန်လိုက်ကြတာ။ ခွေးနဲ့
ဘဝချင်းလဲချင်စိတ်တောင်
ပေါက်သွားတယ်။

“ဟား ကျေးဇူးပဲကွာ၊ သိပ်ဖြစ်တာပေါ့၊ မင်းလက်ဖက်ရည်ဖိုးကို ငါ နေ့တိုင်းရှင်းပါ့မယ်ကွာ”

“ဟားဟား ဒီလောက်နဲ့တင် ဘယ်ရမလိမ့်မလဲ၊ ဂျက်လီက မနက် တိုင်း နွားနို့နဲ့ ကြက်ဥပလာတာ စားတာကွ၊ အမေတို့ကြောင့် အကျင့်ပါနေ ပြီ၊ အဲဒါပါ မင်းတာဝန်ယူရမယ်၊ အရင်က ဒီဆိုင်ကို ငါ ခေါ်ခေါ်လာဖူးတယ်၊ ဗိုလ်ဘဏ္ဍာရေးကို ထိခိုက်လာလို့ နောက် မခေါ်တော့တာ၊ ကဲ ရှင်းပြီနော်၊ မနက်ဖြန်က စခေါ်လာမယ်၊ မင်းသာ စောစောထလာခဲ့”

“အိုကေ၊ ဒီငပေါမလေးကြောင့် ငါလည်း စောစောထတဲ့အကျင့် ဖြစ်နေပြီ၊ အမေတို့ကတောင် ငါ့ကို အထူးအဆန်းဖြစ်နေကြတာ”

“အေး မင်းခွေးဇာတ်ခင်းနေတာသိရင် အရှုထောင့်ကွဲမှာ သေချာတယ်”

“နေဦး၊ မင်းကောင်က အထီးနော်”

www.burmeseclassic.com

www.burmeseclassic.com



"အထီးမို့ ဂျက်လီလို့မှည့်တာပေါ့ကွ"

"ဟိုဘက်က အမလေး၊ ဂျူလီတဲ့၊ မင်းကောင်သာ ဘရက်ပစ်လို့ မှည့်လိုက်ရင် အံ့ဝင်ခွင်ကျဖြစ်သွားမယ်"

"မင်းလုပ်ပုံနဲ့တော့ ဂျက်လီပါစွာန်လျှောတော့မယ်ထင်တယ်"

နောက်တစ်နေ့မနက်ကျ တော်ဝင်လက်ဖက်ရည်ဆိုင်ကို အစောကြီးထပြေးလာရတယ်။ ခဏလေးပဲ စောင့်လိုက်ရပါတယ်။ ခင်မောင်လွင်နဲ့ ဂျက်လီတို့ ရောက်လာပေါ့။ အောင်မယ် ဂျက်လီက ဂျူလီထက်တောင် ပိုချောသေးဗျာ၊ သန့်သန့်စင်စင်နဲ့ အလုံးအထည်လည်း ပိုကြီးသဗျ။

"ဂျက်လီက လူတိုင်းကိုခင်တတ်တယ်၊ ပိုပြီးသေချာသွားအောင် မင်းပေါင်ပေါ်တင်ပြီး မုန့်ကျွေးလိုက်၊ ရော့ ဒါက သူနို့သောက်နေကျခွက်၊ အအေးခံထားလိုက်ဦး၊ လျှာကျက်သွားဦးမယ်"

ခွေးလေးတစ်ကောင် ခေါ်သွားရမယ့်အရေး လက်ဝင်လိုက်တာဗျာ။ လောကကြီးမှာ လူဖြစ်ကျိုးမနပ်ကြသူတွေမြင်ရင် ကောင်းကောင်းမေတ္တာပို့လောက်တယ်။ ဒီကောင်ကတော့ ခွေးဖြစ်ကျိုးနပ်လိုက်ပုံများ၊ ကြည့်စမ်းပါဦး။ ခုမှတွေ့ကြပေမယ့် သူ့အပေါ် ယုယလိုက်တော့ ပါးလျက်နားလျက်နဲ့။ ခုနစ်နာရီခွဲတော့ ဂျက်လီကို လက်တစ်ဖက်နဲ့ပွေ့ပြီး ဆိုင်ကယ်အမြန်စီးလာခဲ့တယ်။ ကမ်းနားဘက်ရောက်တော့ ထော်လာဂျီသမားကိုတင်ဝင်းတို့တဲရှေ့မှာ ဆိုင်ကယ်ကိုအပ်ခဲ့တယ်။ မြောက်ဘက်ခပ်လှမ်းလှမ်းက ကိုင်းမြက်တောကြီးအစပ်မှာ အိမွှန်ထွေးနဲ့ ဂျူလီတို့ကို လှမ်းမြင်ရတယ်ပေါ့ဗျာ။

ရင်ခွင်ထဲက ဂျက်လီကို အောက်ချပေးရင်း "လမ်းလျှောက်ကြရအောင် ဂျက်လီ"လို့ပြောလိုက်တယ်။ ဒီကောင်အတော်ပျော်သွားသဗျ။ ခုန်ပေါက်ပြီး ပြေးသွားလိုက်တာများ ကျွန်တော်လိုက်လို့မမီဘူး။ နောက်မှ သဘောပေါက်သွားတယ်။ ဒီကောင် ဂျူလီကိုမြင်ပြီး ခြေကုန်သုတ်သွားတာကိုး။ ဂျူလီကလည်း ဂျက်လီကို အပြေးအလွှားကြိုဆိုပြီး နမ်းရှုပ်နေသဗျ။ အိမွှန်ထွေးတစ်ယောက် အော်ဟစ်ခုန်ပေါက်နေလေရဲ့။

"ဟဲ့ ဟဲ့ မိဂျူလီ၊ ညည်းတော်တော်ဆတ်စလူး ခါနေပါလား၊ ဟင် ဘယ်က ကလေကချေကောင်မှန်းမသိ၊ လာခဲ့ လာခဲ့စမ်း၊ ညည်းနာပြီသာမှတ်"



"မလုပ်ပါနဲ့အိမွှန်ရယ်၊ သူ့ခမျာ အဖော်မဲ့လို့ ခြောက်သွေ့နေခဲ့တာ၊ ခုလို အပြောင်းအလဲလေးဖြစ်သွားတော့ ကွဲနေတဲ့အသည်းလေး ပြန်ကောင်းသွားနိုင်တာပေါ့၊ ဒီကုသိုလ်ကြောင့် အစ်ကိုတို့နှစ်ယောက်ဘဝတွေလဲ"

"တော်တော့၊ ခင်ဗျား ဘာအကြံနဲ့ သူ့ကိုခေါ်လာခဲ့တာလဲ"

"အဖော်မဲ့နေသူချင်း ပါရမီ"

"တော်ပြီ၊ ခင်ဗျားလျှောက်ပြောနေတာတွေ မကြားချင်ဘူး၊ ဟဲ့ကောင်မ ငါခေါ်နေတာ မကြားဘူးလား၊ ညည်း ဒီလောက်အပြောင်းအလဲမြန်တာ ငါမကြိုက်ပါဘူး၊ ဟောတော့် မိဂျူလီ"

ဘယ်ရလိမ့်မလဲဗျာ။ ခွေးမှာလည်း ခွေးပရိယာယ်တွေရှိတာပဲ။ ဂျက်လီက ကိုင်းမြက်တောကြီးထဲ ပြေးဝင်သွားတော့ ဂျူလီကလည်း တစ်ဖဝါးမခွာ ပြေးလိုက်သွားသဗျ။ မြန်လိုက်ကြတာ။ ခွေးနဲ့ဘဝချင်းယဲ့ချင်စိတ်တောင်ပေါက်သွားတယ်။

"နေပါစေအိမွှန်ရယ်၊ သူတို့ ဘာသာဘာဝ ဆော့ကစားကြတာပါ၊ ငါမှ ပျော်ရွှင်ကျန်းမာတာ၊ ဂျက်လီက အလွန်သန္တာရှိပါတယ်၊ သူ့အဘိုးက ကယ်ရီယာဂရေးဖီးဟစ်မျိုး၊ အမေရိကန်တစ်နိုင်ငံလုံးမှာ အလွန်ထင်ရှားကျော်

www.burmeseclassic.com

www.burmeseclassic.com



ကြားခဲ့တာပေါ့၊ ဘော်ဘီလို့ပြောလိုက်ရင် မသိသူမရှိဘူး၊ သခင်ဆုံးသွားတော့ သခင်ရဲ့သင်္ချိုင်းမြေပုံမှာ ဆယ့်လေးနှစ်တိုင်တိုင် မခွဲမခွာစောင့်နေခဲ့ရှာတယ်၊ အစာရှာစားချိန်ကလွဲပြီး သခင့်သင်္ချိုင်းမှာပဲနေတယ်၊ ဘယ်သူမှခေါ်လို့မရဘူးတဲ့၊ ဘော်ဘီရင်ကွဲနာကျပြီး ဆုံးသွားတော့ သူ့ကိုချစ်သူတွေက လိပ်သည်းကျောက်ရေပန်းတစ်ခုနဲ့ ကမ္ပည်းစာတန်းကျောက်ပြားကို ဂုဏ်ပြုဆောက်လုပ်ပေးခဲ့ကြတယ်။ ဂျက်လီက ဘော်ဘီရဲ့မြေး တော်စပ်တယ်၊ အစ်ကိုဦးလေးတစ်ယောက်ကို လုပ်ငန်းရှင်ချင်း အမှတ်တရလက်ဆောင်ပေးလိုက်လို့ ရတာပေါ့၊ ဘော်ဘီ့အကြောင်းက အင်တာနက်မှာတောင် တင်ပေးထားတာအိမွန်ရဲ့"

ကျွန်တော့်ရှိုးလုံးက အိမွန်ထွေးရဲ့ နုနယ်တဲ့နှလုံးသားကို တည့်တည့်ကြီးထိသွားသဗျ။ တွေတွေငေးငေးလေး ဖြစ်သွားရှာတယ်။

"သနားပါတယ်နော်၊ ဒါပေမယ့် ဂျူလီလေး အသည်းထပ်ကွဲမှာစိုးပါတယ်၊ သူတို့က တစ်သက်လုံးအတူနေနိုင်မှာမှ မဟုတ်ဘဲ"

"ဒါက အစ်ကိုတို့အပေါ် မူတည်ပါတယ်၊ အစ်ကိုတို့နှစ်ယောက် တစ်သက်လုံးမခွဲကြရင် သူတို့လည်း မခွဲခွာရတော့ဘူးပေါ့"

"အို ခင်ဗျားနော်၊ ဘာတွေ လာလာပြောနေမှန်းမသိ၊ လူလည်ကြီး"

"ချစ်လို့ပါအိမွန်ရယ်"

× × ×

ပျော်စရာအကောင်းဆုံး ရွှေရောင်အတောက်ပဆုံး မနက်ခင်းလေးတွေပေါ့ဗျာ။ မြစ်ဆိပ်ဆင်ခြေလျှောမှာရှိတဲ့ ကိုင်းမြက်တောကြီးဟာ လူစုံတွဲရော ခွေးစုံတွဲပါ လွတ်လွတ်လပ်လပ်ခိုလှုံနိုင်တဲ့ ချစ်ဗိမာန်ပေါ့။ ဒီလိုနဲ့ ဥပဒေနောက်ဆုံးနှစ် အောင်စာရင်းတွေထွက်လာတယ်။ ကျွန်တော် ကျောင်းပြီးသွားပေမယ့် အိမွန်ထွေးက သင်္ချာအထူးပြု ဒုတိယနှစ် ဆက်တက်ရမယ်။ မကွေးဘက်မှာချိန်းပြီး သူ့ကျောင်းကိစ္စတွေ လိုက်လုပ်ပေးရသေး။ ကျွန်တော်တို့နှစ်ယောက် အတွေ့မပျက်ကြသလို ခွေးစုံတွဲလည်း အတွေ့မပျက်အောင်ကြိုးစားပေးနေရတယ်။

တစ်နေ့တော့ ကျွန်တော် ခေါင်းမီးတောက်သွားတယ်။ တော်ဝင်လက်ဖက်ရည်ဆိုင်ကိုရောက်တော့ ခင်မောင်လွင်တစ်ယောက်ကိုပဲ တွေ့ရ



တယ်လေ။ ဂျက်လီပါမလာဘူး။

"အစက အေးအေးဆေးဆေး ကြာဦးမယ်ထင်လို့ မင်းကိုကြိုမပြောခဲ့တာ၊ ငါ့ဘိုးတော်က တောင်ငူကိုပြောင်းဖို့ အော်ဒါထွက်လာပြီ၊ တောင်ငူမှာ အမျိုးတွေကလည်းရှိတော့ အမေနဲ့အစ်မတို့ ကြိုသွားနှင့်ကြပြီ၊ ဒီမှာ ဘိုးတော်နဲ့ငါပဲ ပစ္စည်းတွေနဲ့ကျန်ခဲ့တာ၊ ဂျက်လီလည်းအမေတို့နဲ့ ပါသွားပြီကွ"

ကျွန်တော် ခေါင်းငိုက်စိုက်နဲ့ပဲ ကောင်မလေးဆီ သွားတွေ့ခဲ့တယ်။ ဂျက်လီကိစ္စ ဘယ်လိုဖြေရှင်းရမှန်းမသိဘူး၊ တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်လို့လည်း မစဉ်းစားခဲ့မိဘူး။ ကျွန်တော် ဖွန်ကြောင်ထပြီး မုသားစကားတွေ အတုံးလိုက်အတစ်လိုက် သုံးခဲ့မိတာကိုး။ ကောင်မလေးရှေ့မှာ ခွေးအ,ကြီး လှည်းနင်းခံရသလို လိမ့်ပိတ်ခံရတော့တာပဲဗျာ။ အရေးထဲ ဟိုခွေးစုတ်က အဲ ဂျူလီက မီးလောင်ရာလေပင့် လုပ်ပြနေလိုက်သေးတယ်။ တအူအူ တအီအီနဲ့ ဂျက်လီကို လှည့်ပတ်ရှာနေတာ ခေါင်းတောက်နေသဗျ။

"ဒါနဲ့များ အမေရိကန်တစ်နိုင်ငံလုံးကသိတဲ့ သစ္စာရှင်မျိုးဆို၊ ခင်ဗျားဦးလေးက ပို့ပေးလိုက်တာဆို၊ ဂျူလီလေးခမျာ သူ့အချစ်ကိုယုံလို့ ပုံအပ်ခဲ့ရှာတာ၊ ခုတော့ ပန်းကောင်းအညွန့်ချိုး ခံရတာပဲ အဖတ်တင်တယ်၊ သူ့ခမျာအပျိုရည်ပျက်ရတဲ့အပြင် လင်ကောင်မပေါ်ဘဲ ကလေးမွေးရတော့မယ်၊ ကများတကာရဲ့တံတွေးခွက်မှာ ပက်လက်မျောရတော့မယ်၊ အဲဒါတွေ ခင်ဗျားကြီးသိရဲ့လား"

"အမ် ဘယ် ဘယ်လို"

"ရှူးချင်ယောင်ဆောင်မနေပါနဲ့၊ ခင်ဗျားခေါ်လာတဲ့ ကလေကချေကောင်က ဂျူလီလေးအပေါ် ကြောရှုံ့ကြဲသွားတာလေ၊ သူ မအီမသာဖြစ်နေလို့ ဆရာဝန်ခေါ်ပြတော့ ကိုယ်ဝန်ရှိနေပြီတဲ့၊ ဒယ်ဒီတို့မာမီတို့နဲ့တောင် ဘယ်လိုရှင်းရမှန်းမသိဘူး၊ အဲဒါ ခင်ဗျားကြီးကြောင့်"

ပြောပြောဆိုဆို ငပေါမက မျက်ရည်တွေတောင် ကျလာသဗျ။ ဂျူလီလေးကိုကြည့်လိုက်တော့ သူ့ဗိုက်ကလေး ပိုဖောင်းနေသလိုပဲ။ အင်း ဂျက်လီတစ်ကောင် သွက်လိုက်ပုံများ သူ့ခြေဖျားတောင် ကျွန်တော် မမီခဲ့ပါလား။

"လာခဲ့ဂျူလီ ပြန်မယ်၊ နင့်လင်ကို ရှာမနေနဲ့၊ သေပြီလို့မှတ်လိုက်၊

www.burmeseclassic.com

သူ့သခင်လည်း သေပြီလို့ငါမှတ်လိုက်ပြီ၊ မျက်ရည်လေးစမ်းစမ်းစမ်းလုပ်မနေပါနဲ့၊ အစကတော့ အညှာလွယ်ခဲ့ပြီးတော့၊ လာစမ်း"

သူက ဂျိုလီကို ကောက်ပွေ့လိုက်ပြီး ချာခနဲ လှည့်ပြန်သွားတယ်။ ကျွန်တော့်စိတ်တွေလည်း ဒေါင်းခနဲဖောင်းခနဲပေ့ါ။ ဘယ့်နှယ်ဗျာ။ ခွေးဗိုက်ကြီးတာများ လူဗိုက်ကြီးတာကျလို့။ ခွေးလောကမှာ လင်ကောင်ပေါ်တာမပေါ်တာများ ရှိသေးလို့လား၊ လုပ်လိုက်သေးတယ်။ ကြောရရုံကြဲသွားသတဲ့။ ဒါပေမယ့်လေ ဒေါသရှေ့ထားရင် မှားတက်တယ်၊ ကျွန်တော့်စိတ်ကို လျှော့လိုက်ပါတယ်၊ သူ့နောက်ကိုလိုက်ပြီး ညှောင်နာနာမျက်နှာလေးနဲ့ တောင်းပန်ကြည့်ပါသေးတယ်။

"အိမ္ဘန် အိမ္ဘန်ရယ်၊ အစ်ကိုတောင်းပန်ပါတယ်၊ အိမ္ဘန်ကိုချစ်လွန်းလို့ အစ်ကို လိမ်ညာခဲ့မိပါတယ်၊ ပြီးတော့ ဒီကိစ္စက အိမ္ဘန်ထင်သလို အရေးပါတဲ့ကိစ္စလည်း မဟုတ်ပါဘူးကွာ၊ သူတို့သဘာဝနဲ့သူတို့ပါ။ လူတွေလိုမှ မဟုတ်တာကို၊ သေချာစဉ်းစားကြည့်ရင် အိမ္ဘန်ဘက်ကတောင် အမြတ်ထွက်ပါသေးတယ်၊ ဒီကောင်မျိုးတွေက ရောင်းစားရင် သောင်းချီသိန်းချီပြီး"

"ဘာ ဘာပြောတယ်၊ အမလေး ကြောက်စရာကောင်းလိုက်တာ၊ သူများသားသမီးကိုများ မစာမနာ ရောင်းစားရင်တဲ့၊ ခင်ဗျားကြီးလည်း ဖိုအကောင်လို အယုတ်တမာပဲ၊ ဒါကြောင့် ရုပ်ချင်းပါတူနေတာ၊ တော်ပြီ၊ ခင်ဗျားအသံလည်း မကြားချင်ဘူး၊ မျက်နှာလည်း မကြည့်ချင်ဘူး၊ ဒါပဲ"

မြစ်ဆိပ်ကိုင်းတောအစပ်မှာ ကျွန်တော်တစ်ယောက်တည်း မချိတင်ကဲ ကျန်ရစ်ခဲ့တယ်၊ ဒီတစ်ခါတော့ စိတ်လျှော့လို့မရတော့ဘူးဗျာ၊ မြစ်ပြင်ဘက်ကိုလှည့်ပြီး အောင့်အည်းမျိုသိပ်ထားခဲ့ရသမျှကို အားရပါးရ ဟစ်ကြွေးပေါက်ကွဲပစ်လိုက်တယ်။

"အိမ္ဘန်ထွေး သောက်ပေါမ၊ သောက်ရှူးမ၊ ဗိုင်းတာမ၊ ဂျိုလီ ခွေးမ၊ ခွေးပိပိ ခွေးလိုကျင့်တဲ့ခွေးဝဲစားမ၊ ခွေးပေါမ၊ ခွေးခံတွင်းပျက်မ၊ ကိုင်း မှတ်ထားကွ"

■ဖူးသစ်မော်



# ဒိုင်ကြောင်

မျက်နှာစာ

မိုးမိုး(B,Sc)

အဲဒီလူက စာမတတ်ဘူးဗျ။ ကြည့်လေ။ တိတ်တိတ်နေတာတောင် စာလုံးပေါင်းမမှန်ဘူး။

သူက ဘာအမှားမှ မလုပ်ခဲ့ပါဘူး၊ ဘာမှမလုပ်ခြင်းကသာ မှားနေတာပါ။

ရေပိုက်ပျက်နေသဖြင့် ယနေ့အရက်မရောင်းပါ။

စကားတစ်ခွန်းကို ဘယ်တော့မှနှစ်ခါ မပြောဘူးဆိုတာ ကျွန်တော် အကြိမ်ကြိမ် ရှင်းပြပြီးပြီ။

ရှင့်ကြောင်က ကျွန်မတို့အိမ်က ကြွက်တွေကို အားမနာလျှာမကျိုး လာလာစားနေတယ်ရှင့်။

အေးချမ်းတဲ့နိုင်ငံဆိုတာ ပြည်သူတစ်ဝက်နဲ့ ရဲတပ်ဖွဲ့ဖွဲ့ပြီး ပြည်သူတစ်ဝက်ကို ထောင်ထဲထည့်ထားတဲ့နိုင်ငံ။

သူများကို မကောင်းတာပြောရခြင်းရဲ့စိတ်ရင်းမှန်က ကိုယ့်ကိုကိုယ် မြှောက်ပေမှမ်းစေချင်နေတာပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မုဆိုးပျို

"ဟေ့ကောင် ထတော့၊ ဒီအချိန်အထိ အိပ်နေရအောင် ခိုးစားမှာ လား၊ လုစားမှာလား၊ တိုက်စားမှာလား၊ တောင်းစားမှာလား၊ လိမ်စားမှာလား ဘာလုပ်စားမှာလဲ"

ခြင်ထောင်ဘေးကနေ ကပ်အော်နေတဲ့ အောင်လွင့်အသံကြောင့် ကျွန်တော်နိုးသွား၏။ နောက် ကျွန်တော့်အမေရဲ့အသံကိုပါ ကြားရသည်။

"မောင်အောင်လွင်ရယ်၊ မင်းတို့သူငယ်ချင်းက သတ္တိကလည်းမ တော့ မင်းမေးသလိုတော့ လုပ်စားမှာမဟုတ်ပါဘူး၊ အဲဒါကြောင့်မို့လို့ အိမ် ပဲ ကပ်စားနေတာလေ"

ကျွန်တော့်စိတ်ထဲနင်သွား၏။ ရှားရှားပါးပါး ဒီသားလှရတနာလေး တစ်ယောက်တည်းရှိတာကိုများ ချိုးချိုးဖွဲ့ဖွဲ့။ ပရိသတ်ကြီးစဉ်းစားကြည့် . . . ဟုတ်တယ်။

ကျွန်တော်လည်း အိပ်ရာကနေလူးလဲထလိုက်ပြီး

"ဟေ့ကောင်၊ မနက်စောစောစီးစီး ဘာလာလုပ်တာလဲ"

ငတိက မျက်နှာကိုပြုံတီတီလုပ်ရင်း

"သယ်ရင်းကလဲ၊ ငါက မင်းကို လက်ဘက်ရည်တိုက်မလို့ လာခေါ်



တာပါကွာ၊ ထ မျက်နှာသစ်"

ကျွန်တော့်စိတ်ထဲ ကျိတ်ပြီးဝမ်းသာသွားပေမယ့် ခပ်တည်တည်ပင် နေလိုက်၏။ လကုန်ရက်နားနီးနေတဲ့အတွက် အမေ့ဆီကလည်း လက်ဖက် ရည်ဖိုးမတောင်းချင်။ ဩော် ကိုယ်ကတော့ မိဘတွေမှာ ပိုက်ဆံမရှိမှန်းသိလို့ ထမင်းလေးအငြိမ့်သား ထိုင်စားတာကလွဲလို့ လက်ဖက်ရည်ဖိုးတောင် ပုံမှန် မတောင်းရက်တဲ့ ကျေးဇူးကိုမှမထောက် တစ်ခါတလေ ချိုးချိုးဖွဲ့ဖွဲ့ပြောချင် သေးတယ်။

အဲဒါနဲ့ မျက်နှာလေး ကပျာကသီသစ်ပြီး အောင်လွင်နဲ့ထွက်လာခဲ့ တယ်။ လမ်းမှာအောင်လွင်က

"ဈေးထိပ်ကဆိုင်ကိုသွားမယ်၊ ငါ မင်းကိုပြစရာရှိလို့"

ဘယ်ဆိုင်သွားသွားပေါ့။ လောလောဆယ် ဗိုက်ပြည့်ဖို့က အရေး ကြီးတယ်။ အောင်လွင်က ကျွန်တော်တို့နဲ့ တစ်ရပ်ကွက်ကျော်မှာနေတဲ့သူ။ ဒါပေမယ့် မကြာခဏဆိုသလိုပင် ကျွန်တော့်ဆီကို လာတတ်တယ်။ ဈေးထိပ် လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း အောင်လွင်က

"ဟေ့ကောင် ဒီမှာ ဈေးပုံမှန်လာဝယ်တတ်တဲ့ တစ်ယောက်တွေ့ ထားတယ်၊ မင်းတို့ရပ်ကွက်ထဲကပဲဖြစ်လိမ့်မယ်၊ ငါနဲ့လည်း မျက်လုံးချင်းတော့ တော်တော်လေး စကားပြောပြီးသွားပြီ၊ အဲဒါ သူ့အကြောင်း ငါ့ကို နည်းနည်း စုံစမ်းပေးစမ်းပါ"

ကျွန်တော်သောက်နေတဲ့ လက်ဖက်ရည်ပါ နင်ချင်သလိုလိုဖြစ်သွား ၏။ နောက် အောင်လွင့်ကို စိတ်ပျက်လက်ပျက်ကြည့်ရင်း

"မင်းရောဂါကလည်း ထလာပြန်ပြီလား၊ ဘာလဲ ဘုန်းကြီးဝတ်ချင် ပြန်ပြီလား"

"ဖွဟဲ့ မဦးမချွတ်၊ ဒီတစ်ခါ ဘုန်းကြီးဝတ်စရာမလိုဘူး၊ အခြေအနေ က တကယ်ကောင်းနေတာ"

ပြောပုံကတော့ ဟုတ်နေတာပဲ။ အောင်လွင်ဆိုတဲ့ကောင်ကလည်း လူတစ်မျိုးရယ်၊ အသက်ကလည်း သုံးဆယ်ကျော် လိုချင်လိုက်တဲ့ရည်းစား ကိုယ်ကလည်း ငမ်းငမ်းတက်၊ ဒါပေမယ့် တစ်ယောက်နဲ့မှလည်းမစွဲ၊ ဒီကြား

www.burmeseclassic.com

www.burmeseclassic.com



ထဲ အကျွတ်တရား ရသလိုလို ဘာလိုလိုနဲ့ ဘုန်းကြီးကလည်း ခဏခဏဝတ်လိုက်ရသေးတယ်။

သူ ဘုန်းကြီးဝတ်ပုံကလည်း တစ်မျိုးရယ်။ သူက ကောင်မလေးတစ်ယောက်ယောက်ကို ကြိုက်နေပြီဆိုပါတော့။ သူကသာ ကြိုက်နေတာနော်၊ ကောင်မလေးကဖြင့် သူ့ကို ကြိုက်ဖို့နေနေသာသာ ကြည့်လို့တောင်ရတာ မဟုတ်ဘူးရယ်။ သူကသာ တစ်ဖက်သတ်ကြိုက်နေတာ။

နောက်ဆုံး ကောင်မလေးက သူ့ရန်ကိုကြောက်လို့ တခြားတစ်ယောက်ကို ယူလိုက်ပြီဆိုတာနဲ့ သူ အပီအပြင်ကြေကွဲပြီ။ မသိရင် ကောင်မလေးကပဲ သူနဲ့ကြိုက်နေတုန်း သူ့ကိုပစ်ပြီး တခြားတစ်ယောက်ကို ယူသလိုလိုဘာလိုလိုနဲ့၊ အမှန်က ကောင်မလေးနဲ့သူနဲ့က ဘာမှမဆိုင်ဘူး၊ ပြီးရင် တဏှာတစ်ကြောပြတ်သလိုပုံစံဖမ်းပြီး အောင်လွင်တို့ ဘုန်းကြီးဝတ်တော့တာပဲ။ အဲဒီလိုမျိုးဝတ်ရတာလည်း ခဏခဏရယ်။

နောက်ပိုင်း ကောင်မလေးတွေလည်း ကိုယ်ကြိုက်တဲ့သူနဲ့ကိုယ့်ဘာသာ အိမ်ထောင်ပြုချင်ရင်တောင် သူ့ရန်ကိုကြောက်လို့ တော်ရုံတန်ရုံမပြုရဲကြဘူး။ အိမ်ထောင်ပြုတာနဲ့ ဒီကောင်က ထထပြီး ဘုန်းကြီးဝတ်တော့ လူတွေအမြင်မှာ သူနဲ့ပဲ ရည်းစားဖြစ်ခဲ့သလိုဘာလိုလိုနဲ့ အထင်လွဲခံရမှာလည်း စိုးရိမ်ရသေးတာကိုး။

အခုလည်း ဟိုဘက်ကတော့ ဘယ်လိုနေတယ်မသိဘူး၊ သူ့ဘက်ကတော့ ဖိတ်စာတစ်ခြမ်းကြိုရိုက်ထားတဲ့ပုံစံနဲ့ကိုပြောနေတာ။

ကျွန်တော်လည်း လက်ဘက်ရည်သောက်တာကို လက်စသပ်လိုက်ပြီး

"သူက နေ့တိုင်း ဈေးရောလာတတ်လို့လား"

"နေ့တိုင်းလာတယ်၊ ဟော ပြောရင်းဆိုရင်းနဲ့တောင် ဟိုမှာလာနေပြီ၊ တွေ့လား ဆွဲခြင်းအနီလေးနဲ့"

ကျွန်တော် လှမ်းကြည့်လိုက်ပြီး

"ဟင် မုဆိုးဖို"

အောင်လွင်က အူလည်လည်ဖြစ်သွားပုံနဲ့

"ဟေ့ကောင် ဘာလဲဟ မုဆိုးဖိုဆိုတာ၊ အပျိုဆိုလည်းအပျို မုဆိုး



ဆိုလည်း မိုဆိုးမလုပ်စမ်းပါ၊ မင်းဟာက ဟိုမရောက်ဒီမရောက်နဲ့"

"အေး မင်းကို ငါပြောပြမယ်၊ ငါတို့က သူ့ကို ဘာဖြစ်လို့ မုဆိုးဖိုလို့ ခေါ်လဲဆိုတော့ သူမှာ အရင်က ရည်းစားရှိတယ်၊ နောက်ဆုံး အဲဒီသူနဲ့ မင်္ဂလာဆောင်ရော၊ မင်္ဂလာဆောင်တာက မနက်ပိုင်း နေ့လည်ပိုင်းလည်းကျ သူ့ယောကျ်ားက,သေရော၊ အဲဒီတော့ သူက ယောကျ်ားလည်း တရားဝင် ရပြီးသွားပြီ၊ ဒါပေမယ့် တစ်ညတောင် အတူတူ မပေါင်းလိုက်ရ

အဲဒီတော့ သူက ယောကျ်ားလည်း
တရားဝင်ရပြီးသွားပြီ ဒါပေမယ့်
တစ်ညတောင် အတူတူ
မပေါင်းလိုက်ရသေးဘူးဆိုတော့
ဘာမှတောင်ဘာလိုက်ရမှာ
မဟုတ်သေးဘူး၊ အဲဒီတော့ သူက
မုဆိုးလည်းမုဆိုးမ၊ အပျို
လည်းအပျို၊ အဲဒါကြောင့်မို့လို့

သေးဘူးဆိုတော့ ဘာမှတောင်ဘာလိုက်ရမှာ မဟုတ်သေးဘူး၊ အဲဒီတော့ သူက မုဆိုးလည်းမုဆိုးမ၊ အပျိုလည်းအပျို၊ အဲဒါကြောင့်မို့လို့ ငါတို့က သူ့ကို မုဆိုးဖိုလို့ခေါ်တာ ရှင်းပလား"

ကျွန်တော့်စကားကို အောင်လွင်က မျက်လုံးကြီးထောင့်ကပ်ကာ တွေတွေကြီးစဉ်းစားနေပြီးမှ

"ဒါပေမယ့် ဟို မသေခင်အချိန်လေးမှာ ကပ်ဒိုးလေး"

"ဟာ မင်းကလည်း ဘယ်လိုလုပ်ရမှာလဲ၊ မင်္ဂလာဆောင်အိမ်ဆိုတာ အဲဒီအချိန်ဆို လူရှုပ်နေတဲ့ဟာ"

အဲဒီတော့မှ ငတိ ပြုံးဖြီးဖြီးဖြစ်သွားပြီး

"အေး ဟုတ်သားပဲ၊ ငါ မစဉ်းစားမိဘူး၊ ကြည့်စမ်း အဲဒီအချိန်ဆို ဒီလောက်လူရှုပ်နေတာ ဘယ်လိုလုပ် ကပ်ဒိုး"

"ကဲ တော်စမ်းပါ၊ အဲဒီကပ်ဒိုးကိစ္စ၊ ဒါနဲ့နေစမ်းပါဦး၊ မင်း သူ့ကို ဘာကြည့်ပြီး ကြိုက်လိုက်တာလဲ"

ငတိက မဖြေသေးဘူး။ စီးကရက်တစ်လိပ်ကို မီးညှိပြီးဖွာနေလိုက်သေးတယ်။ တကယ်ပါဗျာ။ ဒီကောင် ဘာကိုဘယ်လို ကြိုက်လိုက်မှန်းကို မသိတာ။ သူကြိုက်တဲ့ကောင်မလေးက မျက်နှာကလည်း ချောချောလှလှရယ်

www.burmeseclassic.com

www.burmeseclassic.com



လို့မဟုတ်ဘူး။ သူလိုကိုယ်လိုရုပ်ရည်မျိုး၊ ကိုယ်လုံးကိုယ်ပေါက်ကတော့ ပြောမနေနဲ့။ ကျောသားရင်သား ခွဲခြားလို့မရဘူးဆိုတာ ဒီလိုလူမျိုးကိုပြောတာဖြစ်မယ်။ မိန်းကလေးရယ်လို့ ရှိသင့်ရှိထိုက်တဲ့ အမို့ အမောက်၊ အဝိုက်၊ အကောက် ဘာတစ်ခုမှကို မရှိဘူး။ ပိန်လိုက်သမှ ရေသန့်ဗူးကို ကားကြိတ်ထားသလို ပြားချပ်ကြီး၊ သူ မျက်နှာမူတဲ့ဘက်ကြည့်ပြီးတော့သာ ဒါ အရှေ့ခြမ်း၊ ဒါ အနောက်ခြမ်းဆိုပြီး ခွဲခြားလို့ရတာ။ အဲဒီလိုလူမျိုးကို ဒီကောင် ဘာကိုကြည့်ပြီး ဘယ်လိုကြိုက်လိုက်သလဲဆိုတာ ကျွန်တော် စဉ်းစားလို့ကိုမရတာ။

တော်တော်ကြာတော့မှ ဇေတီဆီကအသံ ပြန်ထွက်လာတယ်။

"မင်းကလဲကွာ၊ ကြိုက်ပါတယ်ဆိုမှ ကြိုက်လို့ပေါ့"

ဪ တော်တော်မှတ်သားထိုက်တဲ့စကား။ တိတိကျကျကို ပြောသွားလိုက်တာ။ ကြိုက်ပါတယ်ဆိုမှ ကြိုက်လို့ပေါ့တဲ့။

"မင်း သူ့အကြောင်းရော ဘာတွေသိပြီးပြီလဲ"

"ဘာမှမသိသေးလို့ မင်းကို စုံစမ်းခိုင်းတာပေါ့"

ကျွန်တော်လည်း စီးကရက်တစ်လိပ်ကို ကောက်ဖွာလိုက်ရင်း

"အေး ဒါဆို ငါပြောပြမယ်၊ သူ မုဆိုးမဖြစ်တဲ့အကြောင်းကတော့ မင်းသိပြီးသွားပြီ၊ ထားလိုက်တော့၊ သူ့အဖေကြီးအကြောင်းကို ငါပြောပြမယ်၊ သူ့အဖေ ဘယ်လောက်ဆိုးသလဲဆိုရင် တစ်ရပ်ကွက်လုံးနဲ့မတည့်ဘူး၊ စကားပြောလိုက်ရင်လည်း ဘုနဲ့ဘောက်၊ တကယ့် လူကလန်ကြီး၊ သူ့သမီးယူတဲ့ ယောကျ်ားသေရတာလည်း ဒီအဘိုးကြီးကြောင့် သေရတာ"

ဇေတီ ဆတ်ခနဲတွန့်သွားပြီး

"ဟမ် သူ့အဖေကြောင့် ဟုတ်လား"

"ဟုတ်တယ်၊ မင်္ဂလာဆောင်ပြီးခါစ သတို့သားလတ်လတ်ဆတ်ဆတ်ကို အုန်းပင်ပေါ် တက်ပြီး အုန်းသီးခူးခိုင်းတယ်လေ၊ ဟိုကလည်း ယောက္ခမက ခိုင်းတော့ ကြောက်လန့်ပြီး မတက်တတ်တက်တတ်နဲ့ တက်ခူးတော့ အုန်းပင်ပေါ်ကပြုတ်ကျပြီး သေရော။ သေလည်းသေရော သူ တက်ခိုင်းတာမဟုတ်ဘူး၊ ဒီကောင့်ဘာသာဒီကောင် ဆတ်ဆော့ပြီး တက်တာဆိုပြီး ပြောင်ငြင်းသေးတာ၊ အဲဒီလောက်ဆိုးတဲ့ အဘိုးကြီးကို မင်း ဘယ်လိုပုံစံနဲ့ပေါင်းမှာလဲ ပြော"



ဇေတီပုံစံက နည်းနည်းလန့်သလိုလို ဖြစ်သွားပေမယ့် သိပ်တော့ လျှော့ချင်ပုံမပေါ်သေးဘူး။ မျက်လုံးလေး ပေကလပ်ပေကလပ်လုပ်ရင်းကနေ

"ဒါဆို အဘိုးကြီးကို ငါ တော်ကီနဲ့ချုပ်လိုက်ရင်ရော"

"ရပါလိမ့်မယ် အားကြီးကြီး၊ အဲဒီအဘိုးကြီးများ မင်းက အချဉ်မှတ်လို့၊ မင်းလိုကောင်မျိုးဆို အဘိုးကြီးက ပြုတ်တောင်စားသွားဦးမယ်"

ဒါပေမယ့် ဇေတီက မွန်နေတဲ့သူဆိုတော့ ဖွတ်

"ရပါတယ်ကွာ၊ အဘိုးကြီးကို ငါ ပိုင်အောင်ပေါင်းပြမယ်၊ ကြည့်နေ"

ကျွန်တော်လည်း သူ့ကို ဆက်မတားချင်တော့၊ သူ့ထိုက်နဲ့သူ့ကံလို့သာ သဘောထားလိုက်တော့သည်။ နောက် ဆယ်ရက်လောက်အကြာမှာတော့ ကျွန်တော့်ဆီ ဇေတီရောက်လာ၏။ ကျွန်တော်က

"ဟေ့ကောင် မင်းတို့အခြေအနေ ဘယ်လိုလဲ"

ဇေတီပုံစံက ဝမ်းသာအားရပင်

"အခြေအနေကတော့ တော်တော်ကောင်းနေပြီလို့ ပြောရမယ်၊ အခု တောင် မင်းကိုငါ လာခေါ်တာ"

"ဘာကိစ္စမို့လို့လဲ"

"ဒီလိုကွာ၊ အခုဆိုရင် သူနဲ့ငါနဲ့က သူငယ်ချင်းအဆင့်ထက်တောင် ကျော်ချင်နေပြီ၊ ဒါပေမယ့် ငါက ဖွင့်မပြောသေးတာ၊ အဲဒါ သူက သူ့အဖေနဲ့လည်း ရင်းနှီးသွားအောင်ဆိုပြီး ငါ့ကို အိမ်အလည်လာဖို့ ခေါ်ထားတာ၊ အဲဒါ အခု သူတို့အိမ်သွားမလို့ မင်းပါလိုက်ခဲ့"

ကျွန်တော် တစ်ချက်တွန့်သွားပြီး

"အာ မလိုက်ချင်ပါဘူး၊ မင်းဘာသာမင်းသွား"

တကယ်မလိုက်ချင်တာ။ အနေအထိုင် မတတ်ပါက အမှုတွဲထဲ ပါသွားနိုင်တယ်။

"လိုက်ခဲ့စမ်းပါကွာ"

"ဟင့်အင်း လိုက်ဘူး"

"ဒါဆိုလည်း ဒီလိုလုပ်၊ အိမ်ထဲမဝင်ရင်နေ အိမ်ရှေ့အထိတော့ လိုက်ခဲ့ ဟုတ်ပလား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ငြင်းလို့မရတဲ့အတူတူ နောက်ဆုံးတော့ လိုက်သွားလိုက်၏။ မုဆိုးပျို့အိမ်ရှေ့ရောက်တော့ ကျွန်တော်က ခြံရှေ့နားက သစ်ပင်ကြီးနောက်မှာ ဝင်ကွယ်လိုက်ရင်း

"မင်းသွားတော့၊ ငါ ဒီကစောင့်နေမယ်၊ မြန်မြန်လည်း ပြန်လာဦး"

"အေးပါ"

ဆိုပြီး ငတိက ကော့ပက်ကော့ပက်နဲ့ ခြံတံခါးရှေ့ရပ်ရုံရှိသေးတယ်။

"ဝုတ် ဝုတ် ဝုတ်"

ဆူးဆူးဝါးဝါး ထိုးဟောင်လိုက်တဲ့ ခွေးဟောင်သံ၊ နောက် အောင်လွင်ရဲ့အသံသေးသေး

"ဦးလေး ဦးလေး ခွေး ခွေးတွေဟောင်နေတယ်"

"ခွေးကမဟောင်လို့ မင်းကို သီချင်းဆိုပြရမှာလား"

ဟိုက် သေပြီ။ ဟိုကောင် အဘိုးကြီးနဲ့တန်းတိုးပြီ။ ကျွန်တော်လည်း သစ်ပင်အကွယ်ကနေ အသာချောင်းကြည့်လိုက်တော့ အဘိုးကြီးက ခြံတံခါးနားလျှောက်လာပြီး

"ပြော ဘာကိစ္စလဲ"

အောင်လွင်လည်း မျက်နှာသေလေးနဲ့

"ဟို ကျွန်တော်က မြနှင်းသူငယ်ချင်းပါ၊ အဲဒါ"

"ဝုတ် ဝုတ် ဝုတ်"

ခွေးကလည်း ဟောင်လို့ကောင်းတုန်းပင်။ အဘိုးကြီးက ခွေးဘက်လှည့်ပြီး

"ဟဲ့ ဟိုကောင်မ ကဲကဲ၊ ဘာဖြစ်လို့ ဟောင်နေတာလဲ၊ နင့်လင်လာတယ်မှတ်လို့လား"

သွားပြီ။ အောင်လွင့်မျက်နှာလည်း ခွေးမနဲ့အပေးစားခံလိုက်ရလို့ ကော်ဘောလုံးကို ဖနောင့်နဲ့ပေါက်လိုက်သလို ရှုံ့တွသွားတယ်။

"ဩော် မောင်ရင်က သမီးသူငယ်ချင်းကိုး လာ‥လာ"

ဆိုပြီး ခြံတံခါးကိုဖွင့်ပေး၏။ အောင်လွင် ခြံထဲဝင်သွားပြီးသည့်နောက် မိနစ်နှစ်ဆယ်လောက်အကြာမှာတော့



"ဟိုကောင်မ ကဲကဲ၊ နင့်လင်ကို အသေအချာမှတ်ထားနော်၊ နောက်လာလည်ရင် မဟောင်ရတော့ဘူးနော်"

အဘိုးကြီးရဲ့အသံကြားလို့ ကျွန်တော် ခေါင်းလေးပြူကာပြန်ကြည့်မိတော့ ခြံထဲကနေ တုန်တုန်ရီရီနဲ့ ပြန်ထွက်လာတဲ့အောင်လွင်။ မျက်နှာလည်း မကောင်း။ အပြန်လမ်းမှာ ကျွန်တော်က

"ဟေ့ကောင် ဘယ်လိုလဲ၊ အဆင်ပြေလား"

ငတိက မျက်ရည်တွေဝဲနေရင်းကနေ

"မင်းမကြားဘူးလား၊ ငါ့ကို ခွေးနဲ့လည်း ပေးစားသေးတယ်၊ အိမ်ပေါ်ရောက်တော့လည်း သူ့သမီးက မြို့ထဲသွားနေလို့တဲ့၊ အဲဒါ သူ့သမီးကိုစောင့်ရင်း မီးခလုတ်လေး ပြင်ပေးပါဆိုတာနဲ့ ငါလည်း ပြင်ပေးတာပေါ့၊ အဲဒါ ငါက ပြင်နေတုန်းရှိသေးတယ်၊ မိန်းခလုတ်ကြီးဖွင့်လိုက်တော့ ငါ့ကို ဓာတ်လိုက်တာ၊ ကံကောင်းလို့ မသေတယ်၊ ဒီမှာကြည့်ပါလား"

ဟုတ်ပ။ လက်မှာ ဓာတ်လိုက်ထားတဲ့ ဒဏ်ရာက ညှော်နံ့တောင် မပျောက်သေးဘူး။ အောင်လွင်လည်း ပြောရင်းကနေ ပိုပြီးဝမ်းနည်းလာပုံရတယ်။ ငိုသံပါကြီးနဲ့

"အဲဒါ မီးလည်းပြင်ပြီးရော၊ ငါ့ကို အုန်းသီးပါခူးခိုင်းတယ်လေ၊ ငါလည်း မင်းပြောတာသတိရပြီး အကြောက်အကန်ကို ငြင်းလာရတာ၊ မိန်းမမရရင်လည်း နေပါစေ၊ အသေတော့ မခံနိုင်သေးဘူး၊ အဲဒါနဲ့ ငါလည်း ပြန်ထွက်ရော ခွေးနဲ့ထပ်ပြီး အပေးစားခံရသေးတယ်၊ ဟယ် ဟယ် ဟီး ရှုတ်"

ငိုတာ ပြောရင်းနဲ့ကို ငိုတာ။

"တော်ပြီ၊ ဟီး နောက်ဆို ရည်းစား ဟီး မထားချင်တော့ဘူး၊ ဟီး ဟီး"

ငိုတာငိုတာ ကလေးလိုကိုငိုတာ။ မျက်ရည်တင်မကဘူး။ နှပ်တွေပါထွက်တယ်။ ချော့လို့ကို မရတော့တာ။ အဲဒီနောက်ပိုင်း ဒီကောင့်ကိုမတွေ့ဘူး။ ဘယ်တွေ့မလဲ။ ငတိက ဘုန်းကြီးဝတ်နေတာတဲ့။

■ မြေထက်လူ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရှေ့နေဘိုးစံကြွားနှင့် မဟုတ်မဟာ မယားခိုးမှုကြီး

စူးစမ်းချင်စိတ်က မတင်မကျနှင့် သိပ်ခက်ပြီကောတည်း။

ဒေဝါလီကြာညွန့်နှင့်ပတ်သက်၍ကိုဝကြီးက နှပ်ကြောင်းသာ... ၍ အမှုမအပ်ဖြစ်သေးသည်မို့ ကျွန်ုပ်မောင်ပိန်းပေါင်၏ စိတ်ထဲတွင် တ... ဖြစ်နေရပေ၏။ စားလည်း ဒေဝါလီကြာညွန့်၊ သွားလည်း ဒေဝါလီကြာညွန့်နှ... အမြဲတသ သတိရနေမိသည် ရှိသည်နှင့် ယနေ့အဖို့တော့ အားလည်းအာ... ယားလည်းယားနေသည်မို့ ရှေ့နေဘိုးစံကြွားနေထိုင်ရာ အသည်စုကြွပ်ကု... ကတုံးသန်းဖွဲ့တမျှ စည်ကားပေထသော လှုကုန်မွဲရပ်ကွက်ကလေးထဲသို့ ဆိုက်ရောက်လာရပြန်ချေတော့ပြီတည်း။

ကျွန်ုပ်ရောက်လာချိန်တွင် ရှေ့နေဘိုးစံကြွားနှင့် ဆွေးနွေးနေကြ... သော ကိုဝကြီးအပြင် အသားဖြူဖြူ ပိန်ကိုင်းကိုင်းနှင့် အရက်သမားပုံပေါက် နေသော ကတုံးဆံပင်ပေါက်နှင့်သူစိမ်းတစ်ဦးကို တွေ့ရပေ၏။

အရင်ရောက်နှင့်သော ကိုဝကြီးမှပင် ကျွန်ုပ်အား ခရီးဦးဖိတ်မန္တက ပြု နေရာပေးလေ၏။

"ထိုင်ဗျာ ရဲအုပ်သီးပို"



"အာ ကိုဝကြီးကပါ ဝင်မှားနေပြန်ပါပြီ"

"ဟားဟားဟား ကျွန်တော်က တမင်တကာမှားတာပါဗျာ၊ ဒါမှ ခင်ဗျားအဘ တစ်မှားသက်သာပေတော့မပေါ့ လာဗျာ၊ အမှုက ဇာတ်ရှိန်ကောင်းနေပြီ"

ရှေ့နေကြီးဘိုးစံကြွားက ကျွန်ုပ်အား မေးဆတ်နေရာပေး၍ ပိန်ကိုင်းကိုင်းလူကို စူးစမ်းရင်းမေး၏။

"ကဲ မောင်တရုတ်ကြီး၊ လုပ်စမ်းပါဦး၊ မင့်အဖြစ်က"

ကိုတရုတ်ကြီးဆိုသူကား ကွမ်းစားထားသော သွားများကိုဖြဲလျက် ခေါင်းခါ၍သာ နေ၏။ ကိုဝကြီးကပင် ဝင်ရှင်းပြ၏။

"ဒီလိုအဘရဲ့၊ ဒီ ကိုတရုတ်ကြီးဟာ သူ့မိန်းမ ဒေဝါလီကြာညွန့်နဲ့ လင်ခန်းမယားခန်း ပေါင်းသင်းနေထိုင်တာ သုံးနှစ်ရှိပါပြီ၊ မနေ့တစ်နေ့ကမှ ကိုတရုတ်ကြီး အရက်သောက်တာကို ရမယ်ရှာပြီး လင်မယားရန်ဖြစ်ကြတယ်၊ ရန်ဖြစ်တော့ ကိုတရုတ်ကြီးကလည်း စိတ်ဆိုးဆိုးနဲ့ အိမ်ကထွက်လာပြီး အရက်ဆိုင်မှာ အရက်သောက်နေတာပေါ့၊ အဲဒီမှာ အရက်လွန်ပြီး ဆိုင်မှာပဲ တစ်ညအိပ်ပျော်သွားတယ်၊ မနက်ပိုင်းလည်း စိတ်မပြေသေးတာနဲ့ အရက်ဆိုင်မှာပဲ ထမင်းစားပြီး အရက်ဆက်သောက်နေတယ်၊ ညနေပိုင်းကျတော့ စိတ်ပြေလို့ အိမ်ပြန်လာတယ်၊ အဲဒီမှာ တင်စိုးဆိုတဲ့ လူတစ်ယောက် အိမ်ပေါ်ရောက်နေပြီး ကိုတရုတ်ကို နင်နဲ့ငါနဲ့ ဘာမှမဆိုင်တော့ဘူး၊ အိမ်ပြန်မလာနဲ့တော့ဆိုပြီး ဒေဝါလီကြာညွန့်က မောင်းထုတ်ပါလေရော၊ ဒီအကြောင်းတွေကို ကျွန်တော်တို့လည်း မသိပါဘူး၊ တစ်နေ့ညကမှ ကိုတရုတ်က ခိုးကြောင်ခိုးဝှက်နဲ့ သူ့အိမ်ကိုသူ ခဲနဲ့ထိုင်ပေါက်နေလို့ မေးကြည့်တော့ သူ့မိန်းမ တခြားလူနဲ့ပေါင်းနေလို့ မကျေမနပ်ဖြစ်ပြီး အိမ်ကို ခဲနဲ့ချနေတယ်ဆိုတာ သိကြရတယ်၊ အဲဒါနဲ့ သူ့အမှားက ကိုယ့်အမှားဖြစ်မယ်ဆိုပြီးတော့ ဖျောင်းဖျပြီး အဘဆီခေါ်လာခဲ့တာပဲ အဘရယ်"

ဘိုးစံကြွားက ဆတ်ခနဲထရပ်ကာ လမ်းကို ရှေ့လိုလို နောက်လိုလို တောင်လိုလို မြောက်လိုလိုလျှောက်ရင်း ဆတ်ဆလူးခါ စဉ်းစားပြီးမှ

"ဒါ မယားကို ပြောင်ခိုးမှုပဲ၊ မင်း ပြန်ပေါင်းနိုင်မယ်ဆို တရားစွဲလို့

www.burmeseclassic.com



ရတယ်"

ထိုတော့မှ ကိုတရုတ်ကြီးက လင်းတ ဘာမီတွန်ကျွေးထားတဲ့ရုပ်နှင့် လေးလေးကြီး ထပြော၏။

"ကိုယ်ချစ်လို့ ယူထားတာပဲဗျာ၊ ခုလည်း ပေါင်းချင်လို့သာ ဒီကို လိုက်လာပြီး အကြံဉာဏ်တောင်းတာပေါ့"

"ကိုင်း ဒါဖြင့် ပြန်ပေါင်းရပြီလို့သာ တစ်ထစ်ချမှတ်ပြီး အေးအေး နေပေတော့"

ဘိုးစံကွား၏ ခိုင်မာလေးနက်သော အားပေးသံ။

× × ×

တကယ်အမှုဖြစ်ကြတော့ အမှုက ရှင်းရှင်းဘွင်းဘွင်းကြီး ဖြစ်နေသည်။ ကိုတရုတ်ကြီးငှားထားသော အိမ်ပေါ်မှာ ကိုတရုတ်ကြီး၏ တရားဝင် မိန်းမ ဒေဝါလီကြာညွန့်ကို တင်စိုးဆိုသူက တရားမဝင် အိမ်ပေါ်တက်ပေါင်း သင်းနေခြင်း ထင်ရှားသဖြင့် တရားသူကြီးက ဒေဝါလီကြာညွန့်ကို ကိုတရုတ် ကြီးနှင့် ပြန်ပေါင်းစေ၍ တင်စိုးဆိုသူအား သက်ညှာသည့်သဘောနှင့် နောင် မပတ်သက်ရန် ကတိခံဝန်ထိုး၍ ပိုနေမြဲကျားနေမြဲ ပြန်နေကြရန် အမိန့်ချ လေ၏။

အမှုကား ချောင်ချောင်ကလေးနှင့် နိုင်ခဲ့ကြပေပြီ။

× × ×

များမကြာလှသော တစ်နေ့သ၌ ကိုဝကြီးဆိုသော အဆီတစ်ထပ် အသားတစ်ထပ် သန့်သန့်ခန့်ခန့် အမှုပွဲစားကြီးက ၎င်းနောက်မှ ကုတ်ချောင်း ကုတ်ချောင်းနှင့် လိုက်ပါလာသော ပိန်ညှော်ညှော် ပုကွကွ လူတစ်ဦးကို နောက်တော်ပါထား၍ ဆောင့်ကြွားဆောင့်ကြွားနှင့် ရောက်လာပေတော့၏။

အခန့်သင့်စွာပင် ကျွန်ုပ်လည်း ဘိုးစံကွား၏တဲဂေဟာသို့ ရောက် နေခိုက်ဖြစ်သည်။ အဘိုးစံကွား၏ တပည့်ကျော်မောင်သုတ တည်ခင်းကျွေး မွေးသော ရေနွေးကြမ်းနှင့်လက်ဖက်သား ပဲဆီဆမ်းကို ဆရာတပည့်နှစ်ယောက် အသားကုန် လွေးနေကြခိုက်မို့ ရေနွေးနှင့်မြည်းရန် အမှုသစ်တော့ရချေပြီဟု ကျွန်ုပ်လည်း မှားစွာ ဝမ်းမြောက်သွားရပေ၏။ ကိုဝကြီးက ၎င်း၏ကျဉ်းသော



မျက်ပေါက်ကို ပိတ်မတတ် ပြုံးလိုက်ပြီး၊

"အမှုကတော့ ကြည့်ကောင်းပြီ အဘရေ၊ ထိုင် ပေါ့ကောင် သန်းဦး"

ကိုဝကြီးက ၎င်းကိုယ်တိုင်လည်း အိမ်ဦးခန်းတွင် ပိုင်စိုးပိုင်နင်းဝင် ထိုင်၍ ၎င်းနှင့်အတူ ပါလာသူအားလည်း ထိုင်ခွင့်ကိုသူ့သဘောနဲ့သူပြု၏။

"အဘိုး ဒီကောင်က ကားနောက်လိုက်တဲ့ စပယ်ယာ သန်းဦးတဲ့"

"ဟေ့လကွာ သန်းဦးဆတော့ ဘာဖြစ်သတုန်း ကြမ်းပိုးနောက်ကျရော လား"

"အာ အဘိုးကလည်း ကျွန်တော်တို့ တမြန်နေ့က လိုက်ခဲ့တဲ့ ဒေဝါ လီကြာညွန့်ရဲ့အမှုက တက်တက်စင်အောင် လွဲခဲ့တာဗျ"

ဘိုးစံကွား အံ့အားသင့်သွားပြီး

"ဟေ မလွဲလို့ဘဲ ငါတို့ အမှုနိုင်လို့ မောင်တရုတ်ကြီး အဘိုးစံကွား ကို ကျေးဇူးတင်လို့ဆိုပြီး အမှုလိုက်ခ အကြေပေးပြီးတဲ့အပြင် သဒ္ဓါပေါက် လွန်းလို့ သွပ်ပြားသား ဗီကောဆောင် ငါ့အတင်းခွဲ့သွားသေးတာပဲ"

"အဲဒါပြောတာပေါ့ အမှန်က အဲဒီတရုတ်ကြီးကမှ မယားခိုးအစစ် ဗျ"

"ဗျာ ဘယ်လို"

ကျွန်ုပ်မောင်ဝိန်းပေါ်မှတ်မှလည်း လွှတ်ခနဲ "ဗျာ ဘယ်လို"သွား သည်။ ကိုဝကြီးက စကားကြီးဆောင်းကျယ်ကို ပြောတော့မည်မို့ သက်ပြင်းကို ဆရာကြီးချ အလောနှင့်ချ၏။

"အင်း ရှင်းပြမှ လင်ကြီးရတော့မှာပဲ၊ ဒီလိုအဘရဲ့၊ ဒီမောင်သန်း ဦးဟာ ဒေဝါလီကြာညွန့်ရဲ့ ယောကျ်ားပဲ"

"ဟေ"

"မဟောနဲ့အဘရဲ့၊ ဒေါ်ခေါက်ဦးနဲ့ သူ့မိန်းမဒေဝါလီကြာညွန့်တို့ အဲ ဦးတည်း အိမ်ငှားနေနေတုန်းမှာ ဇာတ်ဘိုက်ကိုတရုတ်ကြီးက သူတစ်ယောက် တည်း အိမ်ငှားရတာ မတန်ဘူးဆိုပြီး ယာဉ်နောက်လိုက်နေတဲ့ ဒီမောင်သန်း ဦးအိမ်မှာ လခတစ်ဝက်ပေးပြီး ငှားဘာလာနေတာ၊ တစ်နေ့ မောင်သန်းဦး

www.burmeseclassic.com



ဖျားတော့ ကိုတရုတ်ကြီးက ဆေးခန်းသွားရင် ငွေကုန်မယ် ဆေးရုံခဏတက် ဆိုပြီး သူတို့မောင်းတဲ့ကားနဲ့ပဲ ဆေးရုံလိုက်ပို့တယ်၊ အဲဒီနောက် ဘာဆက်ဖြစ်လဲ သန်းဦး ပြောပြစမ်းကွာ"

မောင်သန်းဦးက အတိတ်ကို ရီဝေစွာစဉ်းစားရင်း၊

"အင်း အဲလိုနဲ့ ကျွန်တော်က ဘုမသိဘမသိနဲ့ ဆေးရုံတက်လိုက်ရရောဆိုပါတော့၊ ဒါပေမယ့် အဖျားက အာဂန္တုအဖျားဆိုတော့ သုံးရက်မြောက်နေ့မှာ နေကောင်းလာပါရောဗျို့၊ ပထမနှစ်ရက်တော့ ဒေဝါလီကြာညွန့်ကိုယ်တိုင် ချက်ပြုတ်ပြီး ဘုန်းကြီးကျောင်းလာသလိုကို ပြုစုကျွေးမွေးတာခင်ဗျ၊ ဆေးရုံကဆင်းမယ့် နေ့မှာ ညနေစောင်းအထိ နှစ်ယောက်လုံးပေါ် မလာကြတော့ဘူး၊ အဲဒါနဲ့ ကျွန်တော်က ကိုယ့်ဘာကိုယ် ကားငှားပြီး ဆေးရုံးကဆင်းလာတယ်၊ အိမ်ရောက်တော့ ဒေဝါလီကြာညွန့်က နင် ဆေးရုံမှာပဲ တစ်ခါတည်း သေတော့မယ်မှတ်ပြီး ကိုတရုတ်ကြီးကို အားကိုးရှာလိုက်ပြီလို့ ပြောပါတယ်၊ ညကျတော့ သူတို့နှစ်ယောက်က အတူတူအိပ်ကြတယ်၊ ကျွန်တော်မှာ ကိုယ်ချစ်တဲ့မယားကို သူများစားနေတာ မချိအောင့် ခံစားခဲ့ရပါတယ်ဗျာ"

ဘိုးစံကွားက လေးနက်စွာနှင့် ဆတ်ဆလူးထပြီးနောက်

"မင်းက ပြန်ရရင် ပြန်ပေါင်းမှာပေါ့"

"ပေါင်းချင်လို့ပဲ ခုလိုလိုက်လာပြီပဲဗျာ"



"ကြည်ရောကြည်ဖြူနိုင်ပါ့မလား"

"ကြည်ဖြူပါတယ်ဗျာ"

ဘိုးစံကွားက တွေးတွေးဆဆနှင့်

"အေးလေ မလိမ္မာတစ်ခါမိုက်စမြဲမို့ ကိုယ့်လက်ထဲ ပြန်ရောက်ရင်သာ နားဝင်အောင်ဆုံးမ ကြားလား၊ မင်းကမှ ဆန္ဒရှိနေရင် ပြန်ကိုရစေရမယ်"

မောင်သန်းဦးက မျက်ရည်အဝိုင်းသားနှင့်၊

"ကျေးဇူးမမေ့ပါဘူး အဘရယ်"

× × ×

အမှုက အမှန်ကို ရှင်းလင်းနေပေ၏၊ သို့နှင့် မောင်သန်းဦးက အမှုနိုင်ပြီး တရုတ်ကြီးအမှုရှုံးကာ မောင်သန်းဦးနှင့်ဒေဝါလီကြာညွန့် ပြန်ပေါင်းထုတ်သွား၏။ ရှေ့နေကြီးဘိုးစံကွားကိုလည်း မောင်သန်းဦးက ခါးကျိုးမတတ် ရှိခိုးကန်တော့လေ၏။

× × ×

"အဲဒီမှာ မှားတာဗျ"

ကိုဝကြီးက စားပွဲပေါ် လက်နှင့်ဖြုန်းရင်း ပြောလိုက်သောစကားကြောင့် ရှေ့နေကြီး ဘိုးစံကွားရော ကျွန်ုပ်မောင်ပိန်းပေါင်ပင် လန့်ဖျပ်တကြီး နှင့် မော်ကြည့်ရလေ၏။

"အမှန်တော့ သန်းဦးဆိုတဲ့ကောင်က ဒေဝါလီကြာညွန့်ကို ခိုးယူပေါင်းသင်းထားတာဗျ"

"ဟေ ဟုတ်ကဲ့လားကွယ်"

ဘိုးစံကွားက ကတုန်ကယင်မေး၏။

"ဟုတ်သမှ သိပ်ဟုတ်ပေါ့ဗျာ၊ ကျွန်တော်လည်း မောင်သန်းဦးက မိန်းမပြန်ရတဲ့ အထိမ်းအမှတ်နဲ့ သောက်ပွဲလုပ်တော့မှ အစ်အောက်မေးရင်း ကြည့်ရင်း သိလာရတာဗျ၊ ကိုင်း ခုတော့ သူ့ယောက်ျားကြီးကိုခေါ်လာပြီ၊ ဟော ဟိုမှာထိုင်နေတဲ့လူပဲ၊ သူ့နာမည်က ကိုမောင်မောင်တဲ့၊ ဓာတ်ဆီဂေါက်ကိုင်တဲ့လူပဲ"

www.burmeseclassic.com

www.burmeseclassic.com



အိမ်တိုင်မီ၍ ခပ်အေးအေးထိုင်နေသော ခန့်ခန့်ညားညားလူတစ်ဦးကို လက်ညှိုးထိုးပြ၏။ ကိုမောင်မောင်က ဖုတ်ဖုန်ကြောင်း ခေါင်းညိတ်ထောက်ခံရှာသည်။

"ကျွန်တော်နဲ့ ဒေဝါလီကြာညွန့် တွေ့တုန်းက သူက လှည်းတွေးဈေးနားမှာ ပြောင်းဖူးပြုတ်ရောင်းတာဗျ။ ကျွန်တော်က တောင်မလေး ရှပ်လေး သနားတမားနဲ့ ဆင်းရဲဝင်ပန်းစွာလုပ်ရတာမိမေ့ါဆိုပြီး တနာသနာပြီး အမျှော်ကြရင် ရပါလျက်နဲ့ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းခဲ့တာပါဗျာ။ ကလေး သုံးယောက်ရတဲ့အထိ အကောင်းဗျ။ ကိုယ်ကလည်း အဆင်ပြေတဲ့လူဆိုတော့ ကိုယ့်မိန်းမကို ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ထားတယ်၊ သနစ်ခါ ခြေဆုံးခေါင်းဆုံးလိမ်ပြီး ဆီဆိုင်ကို ခေါ်ခေါ်သွားတယ်၊ ဘယ်တဘယ်လို ဖောက်တယ်မသိပါဘူး ဆီဆိုင်မှာ ဆီလာအညှဉ်နေတဲ့ ကားပေါ်ယာသန်းဦးဆိုတဲ့ကောင်နဲ့ လိုက်ပြေးသွားတယ်ဗျ"

ကျွန်ုပ်ကား ကိုမောင်မောင့်အဖြစ်ကို စုတ်သပ်ယူရသည်အထိ သနားမိလေသည်။

"ကျွတ်ကျွတ်ကျွတ် ဘယ်လည်း အဆိုးတာတိုးဗျ။ အသက္ခမှ ဖြစ်တော့မှာပဲ"

ဘိုးစံကွားက ချောင်းဟန့်၏။

"အဟမ်း အဟမ်း အေးလေ စောင်ရင်တာ ခုထိ မပြတ်နိုင်ဘူးပေါ့"

"ဒိုး သူ့စိတ်နဲ့ အလုပ်လည်းမလုပ်ချင်၊ အစားလည်း စားမဝင်နဲ့ ခုလို ယစ်ထုပ်ကြီးဘဝကို ရောက်နေတာပဲ ကြည့်ပါတော့ဗျာ၊ ကလေးတွေကလည်း သူတို့အမေကို လွမ်းတယ်တဲ့ဗျာ"

ဘိုးစံကွားက လေးနက်ကြွရွ ဆက်ဆလူးပြီးမှ

"အေးလေ၊ ပြန်ပေါင်းနိုင်တယ်ဆိုရင်တော့လည်း လိုက်ပေးရတာပေါ့ဗျာ"

× × ×

အမှုက တော်တော့ကို ရှင်းသည်။ ဇင်ကြားမှာ ယင်နားရင်တောင် ဘာရှိလို့ နားတာလဲတု သိလောသိလော ဖြစ်နေဦးမည်။ ခုတော့ လယ်ပြင်မှာ



ဆင်သွားသလို ထင်ရှားနေသည်။ သက်သေခံ ကလေးသုံးယောက်ပင် ရှိနိုင်သဖြင့် ဒေဝါလီကြာညွန့်ကို ကိုမောင်မောင်၏မယားအဖြစ် အမိန့်ချလေ၏။

× × ×

တော်တော်ခေါင်းမာသည့် မယားနှိုးမှုပါလေ။ ကိုမောင်မောင်ဆိုသူနှင့် ဒေဝါလီကြာညွန့်တို့ ပျော်ရွှင်စွာပြန်ပေါင်းသုပ်၍ နေထိုင်ကြသည်။ ဒေဝါလီကြာညွန့်၏ သောက်ချေးဆိန် သောက်ပူးထယ်ရှာ၏ ရှာစွေဖော်ထုတ်မှု စွမ်းပွဲဆား ကြိုး၏ ထွန်းကျင့်ပိုင်နိုင်စွာ အစည်ပွဲထုတ်နိုင်မှုတို့ကြောင့် ဒေဝါလီကြာညွန့်၏ အကြီးဆုံးသောက်ပူး ဦးမြင့်ဆွေဆိုသူတစ်ဦး ပေါ်ထွက်လာခဲ့ပြန်လေ၏။

၎င်း ဒေဝါလီကြာညွန့်သည် ဒေဝါလီကြာညွန့်အဝ ဖရောက်ခင်ဇကိုလုပ်သည်ကြာညွန့်ဘဝတုန်းက ရုန်ကတ်လူဆွေ ဦးမြင့်ဆွေထံတွင် ရုန်ကတ်ချကြွေးယူရင်းက သံယောဇဉ်ဖြစ်ကြတာ တိတ်တိတ်ပုန်းညားနေခဲ့သည်။ နောက်ပိုင်း ဦးမြင့်ဆွေ၏ မယားကြီး ဒေါ်သောင်းခိမ်က သိသွားပြီး ဦးမြင့်ဆွေကို အိမ်ပေါ်မှ မောင်းချသဖြင့် ကြာညွန့်အိမ်တွင် ဦးမြင့်ဆွေ သောင်တင်လာခဲ့၏။ ထိုအပိုင်းတွင် သူဌေးဦးမြင့်ဆွေသာ ထွာရှင်းဆိုပ်နှင့် သူဌေးအဖြစ်မှ ရောက်လာရာ ကြာညွန့်မှာ ဆင်းရဲသား တိတ်တိတ်ပုန်း အဖြစ်ဖောင်းမဝ ချက်ချင်း သူဌေးကတော် ထပ်ဖြစ်လာသည်။ ဦးမြင့်ဆွေထံမှ ဝါသာ ဝသော ငွေကလေးနှင့် ဘဝတူဆင်းရဲသားများကို ငွေတိုးချေး၍ အပေါင်ခံခြင်းတို့ကို လုပ်ကိုင်တာ ဆင်းရဲသားများအကြား ဝုဇ်နှင့်ဖြစ်နှင့် နေနိုင်ခဲ့သည်။

နောက်ပိုင်း ဦးမြင့်ဆွေ လောင်းကစားလုပ်တာနှင့် ကြာညွန့်အလိမ်ရတာနှင့် နှီးသ၍ ညည်းစိမ်ဖြစ်တာ နှံ့ရင်းဘဝနှင့် ပြန်ဆင်းရဲခဲ့ကြသည်။ သူဌေးလူတွက် ဦးမြင့်ဆွေကား ဘာမှမလုပ်တတ် တော့တော့။ ယခင်ကလည်း မယားကြီး ဒေါ်သောင်းခိမ်၏ ထဘီမှာကို တူတူရေပါး လုပ်စားလာခဲ့သူသာဖြစ်သဖြင့် ထခုတွဲသို့ အနေအထေ ဖျတ်လွင်မှုတိုလည်း ဘာမှ မတောင့်နိုင်၊ မထိန်းနိုင်၊ ကြာညွန့်၏ ထဘီမှာကို တူတူရေပါးလုပ်ငန်း မကြီးနှင့်ဝယောက်ဆိုသော ဘဝနိုင်း အစတ်တင်မှုဖြစ်ခဲ့သည်။

သူဌေးကတော် ကြာညွန့်ကလည်း ဒေဝါလီခံသွားပြီး ဒေဝါလီကြာ

www.burmeseclassic.com

www.burmeseclassic.com



ညွန့်ဘဝနှင့် လှည်းကူးဈေးတွင် ပြောင်းဖူးပြုတ်ရောင်းရင်း တစ်ဝမ်းတစ်ခါး ကို ဖြေရှင်းနေရခြင်းဖြစ်ပါသည်။

ကိုမြင့်ဒွေး ရှင်းပြသောအကြောင်းအရာများမှာ ဤမျှသာဖြစ်သည်။ ကျွန်ုပ်မောင်ပိန်းပေါင်နှင့် ကိုဝကြီးတို့နှစ်ဦး ငုတ်တုတ်မေ့နားထောင်နေကြရ၏။ ဘိုးစံကွားက တွေးတွေးဆဆနှင့် ပြောသည်။

"အင်း သမီးကြီးနှစ်ယောက်ကိုတော့ သက်သေခံ ပြနိုင်တယ်ပေါ့"

"သမီးတင် မကပါဘူးဗျာ၊ မြေးတွေကိုပါ ပြနိုင်ပါတယ်ဗျာ"

"ခင်ဗျားကရော ကြည်ကြည်ဖြူဖြူ ပေါင်းနိုင်ပါ့မလား"

"ပေါင်းနိုင်ပါပြီကောဗျာ"

"ခင်ဗျားသမီးကြီးတွေကရော ဒီအရွယ်ကြီးတွေကျမှ ခုလို ပြန် ပေါင်းကြမယ်ဆိုရင် လက်ခံနိုင်ကြပါ့မလား"

"အိုး သူတို့လေးတွေလည်း အိုးအိမ်ခွဲကုန်ကြပါပြီ၊ ကျွန်တော့်ကို ပြန်တောင်လှည့်မကြည့်နိုင်ကြပါဘူး၊ မယားကြီး ဒေါ်သောင်းစိန်နဲ့ရတဲ့သား သမီးတွေကလည်း ကျွန်တော့်ကို စိတ်နာပြီး အိမ်အကပ်မခံကြတော့ဘူးဗျာ၊ ဒါကြောင့် ဖြစ်နိုင်မယ်ဆိုရင်တော့ ဆေးပေးမီးယူလေး လုပ်ရအောင် ပြန်ပေါင်း ချင်တာပေါ့ဗျာ၊ ကျန်းမာရေးပေါ့ဗျာ ကျန်းမာရေးပေါ့"

ဘိုးစံကွားက ယောကျ်ားဆတ်ဆလူးတို့ ထုံးစံအတိုင်း နံရံဖက်ပြေး ကပ်ခြင်း၊ ရုတ်တရက်ထိုင်ချခြင်း၊ ဆတ်ခနဲ ထခုန်ခြင်း၊ မြေကြီးပေါ်က ပုရွက် ဆိတ်ကို လိုက်သတ်ခြင်း စသည့်အမှုတို့ကိုပြုရင်း လေးနက်စွာ စဉ်းစား ပြီးသည်နောက်

"အေးလေ ကျန်းမာရေးကိစ္စက အရေးပိုကြီးပါတယ်၊ လုပ်ပေးရမှာ ပေါ့ဗျာ"

ဦးမြင့်ဒွေး၏ အပြုံးမျက်နှာ။

× × ×

အမှုကား ဖြစ်ကြပြန်ပေ၏။ ဤအမှုအား ကြားနာစစ်ဆေးရသော တရားသူကြီးလည်း လင်ကြီးတစ်ဦးပြီးတစ်ဦး ဆုံးဖြတ်နေရသဖြင့် မျက်စိပေ ပြာကလယ်ရိုက်နေပေပြီ။ ကျွန်ုပ်တို့အဖွဲ့နှင့် ဒေဝလီကြာညွန့်ကို မြင်သည် နှင့် သူနဖူးသူရိုက်တော့၏။



ယနေ့တွင်တော့ လူပိုစုံ၏။ ရှေ့နေဘိုးစံကွား၊ ကျွန်ုပ်မောင်ပိန်းပေါင် အမှုပွဲစား ဝကြီးအပြင် ဒေဝလီကြာညွန့်၏ စမောဆွဲခြင်းခံထားရသော ဦး တင်စိုး၊ ကိုတရုတ်၊ ကိုသန်းဦးတို့လည်း စုံညီစွာရှိနေကြသည်။ သူတို့မစားခဲ့ ရသောအမဲကို သဲနှင့်ဝိုင်းပက်ကြရန် ဒေဝလီကြာညွန့်၏ မူလဘူတ ပရိုင်း မိတ်ယောကျ်ားကြီးကို သူတို့ကိုယ်တိုင် စုံစမ်းရှာဖွေ ခေါ်ယူခဲ့ကြခြင်းဖြစ်၏။ တရားသူကြီးက ချေသူငယ် ကျားမြင်သော မျက်နှာမျိုးနှင့်

"ကဲ ဒီမယားခိုးမှုက မပြီးနိုင်မစီးနိုင်သေးဘူးလား ဟင်"

ဘိုးစံကွားက အေးဆေးစွာပင်။

"မလောနဲ့လေ၊ Slowly Slowly ပေါ့၊ ဇာတ်ကား မစသေးဘူး။ ခု မှ စာတန်းထိုးရုံ ရှိသေးတာ"

တရားသူကြီးက သတိလက်လွတ်နှင့် သူ့ခေါင်းပေါင်းဆွဲမရင်း သူ့ ခေါင်းပေါ်မှ ဆံပင်ဆုပ်ကို လက်နှင့်နှုတ်ရင်း

"ကဲ ဒါဆိုလည်း အမြန်ဖြတ်လိုက်ကြရအောင်ဗျာ၊ သက်သေခံ ပစ္စည်းပါလား"

ဘိုးစံကွားက

"ပါပါတယ်၊ ကိုမောင်မောင်ရဲ့ သားသမီးတွေထက်ကြီးတဲ့ သမီးကြီး နှစ်ယောက်အပြင် မြေးသုံးယောက်ပါ သက်သေခံနိုင်ပါတယ်"

တရားသူကြီးက သက်ပြင်းကို ဝိုင်ရိုက်သလို ဖြူးခနဲဆောင့်ချရင်း

"ကဲ ဒါဆိုလည်း ခင်ဗျားခု တင်ပြတဲ့ ဦးမြင့်ဒွေးက လင်ကြီးပေါ့ ဗျာ၊ ကိုင်း ပြတ်ပြီမဟုတ်လား"

တရားသူကြီးက ရုံးသိမ်းဖို့ ထရန်ပြင်သည်။ ဦးမြင့်ဒွေးနှင့်ဒေဝလီ ကြာညွန့်တို့ နှစ်ဦးစလုံး စလိုးမိုးရှင်းနှင့်ပြေးဖက်ဖို့ ရွယ်နေစဉ်

"ဟိုးထား ဟိုးထား"

တားဆီးသံ။ တရားရုံးတစ်ရုံးလုံး အသံလာရာ လှည့်ကြည့်ကြသည်။ ကိုတင်စိုးက အိပ်ငြွေရစွာထပြီး ဤသို့လျှောက်လဲ၏။

"ဟင်းဟင်းဟင်း ဒီအပေါက်ကိုသိလို့ ဒီလူ့ကို မရှာက ဖော်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကား ရွှန်းမှီး ကျော်ကြွေးခဲ့ရကာပါ ဒုပို
တရားသူကြီးကိုယ်တိုင်က
ဒေဝါလီကြာညွန့်ကိုယ်တိုင်
နှမ်းကြိုက်တဲ့ပုံနှဲ့ညားစေပြီး
အမှန်နားဝေတော့အောင်
ရက်ရက်ကြိုးစားရှင်းဒီတရားရုံးမှာ
အမှုစစ်ကာတည်းက ကျွန်မတိတ်တိတ်နှင့်ခဲ့ရကာက
သူကိုပြီ သိလား

ခဲ့တာပေါ့ဗျာ၊ ဒီလူဟာ ဒေဝါလီကြာညွန့်ရဲ့ လင်ကြီးမတော်ပါဘူး တကယ်တော့ ဒေဝါလီကြာညွန့်ဟာ အရင်က ဆင်းရဲလွန်းလို့ ဝလဲစားတော့မယ်မို့ ရှိပါတယ်၊ အဲဒီတုန်းက ကျွန်တော်က အရှက်ခိုင်က စားပွဲထိုးပါ၊ ဒေဝါလီကြာညွန့်က ကျွန်တော်တို့ဆီက ဝုလင်းတောင်းမှုတောင်း လာတောင်းရင်းနဲ့ ကျွန်တော်နဲ့ ချစ်ရည်ရွှဲခဲ့ကြပါတယ်၊ ပြီးတော့ ဒေဝါလီကြာညွန့်ဖြစ်လာမယ့် ကြာညွန့်လေးရဲ့အိမ်ကို လိုက်နေပြီး နို့တူဘောင်စတ် လုပ်စားတော့မယ်ဆိုပြီ ကျွန်တော်စုဆောင်းထားတဲ့ ငွေလေးရယ်၊ ကျွန်တော့်အမေပေးထားတဲ့ တဲစတ်သားလက်စွပ်လေးရယ်ကို ထုခွဲပြီး အဲဒီအသုပ်ဆိုင်ကို ဖင်လာဦးလေး ခွဲ့အကြွင်း ကျွန်တော်ထောင်ပေးခဲ့တာပါ၊ နောက်ပိုင်း ဦးမြင့်ဌေးနဲ့ကြာညွန့်တို့ရဲ့ သတင်းကြားပြီး ကျွန်တော် စိတ်လေခဲ့ရတာပါ၊ တကယ်တော့ ကျွန်တော်က ဒေဝါလီကြာညွန့်ရဲ့ အကြီးဆုံးလင်ကြီးပါဗျာ၊ ကြားထဲမှာ ကျွန်တော် ထိထောင်ထဲကျခဲ့ပါတယ်၊ ကလေးတွေလည်း ရခဲ့ပါတယ်၊ ခု ကလေးတွေလည်း လတ်လွတ်၊ သူတို့အမေလည်း ဆုံးခဲ့ပြီဆိုတော့ ငယ်ကချစ်တော့ အနှစ်ထောင်ရာ မမေ့သာဆိုတဲ့ ဆိုရိုးအတိုင်းပေါ့ဗျာ၊ ကြာညွန့်လေးကို သတိရပြီးလိုက်ရှာတာ၊ ကိုတရုတ်ကြီးကို စိတ်တူနိုင်ပြီး တွဲနေတဲ့ ကြာညွန့်လေးကို မြင်တွေ့ရတာပါဗျာ၊ ဒီအားလုံးထဲမှာ ကျွန်တော်က လင်ကြီးပါဗျာ"

တရားသူကြီးက ခေါင်းညိတ်ရင်း



"အေး ဒါဆိုလည်း ယူစေဗျာ၊ ကိုင်း ပြတ်ကရော"

"ဒါတော့ ဖြစ်မလားဗျ"

ကိုတရုတ်က ထကန့်ကွက်၏။

"ဒီမှာ ကျွန်တော်နဲ့တရားဝင် ပေါင်းသင်းနေတာ တစ်ရပ်လုံး သိတယ်၊ ဒီအချိန်မှာမှ ဒီလူကရုတ်တရက် တက်ပေါင်းတာ၊ သူနဲ့ယူမယ်ဆိုရင် ကျွန်တော်တော့မခံဘူး၊ သူ့ကို မယားခိုးမှုနဲ့ တရားပြန်စွဲမယ်ဗျ"

တရားသူကြီးက စားပွဲခုံကို ခေါင်းနှင့်ဆောင့်ရင်း

"ကဲ ဒါဖြင့်လည်း တရုတ်ကြီးနဲ့ပဲ ယူစေဗျာ"

ကိုသန်းဦးက ဆတ်ခနဲ ထပြန်၏။

"ဖြစ်မလားဗျ၊ ဒီတရုတ်ကြီးဆိုတဲ့လူက ကျွန်တော့်အိမ်တက်နေပြီး ကျွန်တော့်မယားခိုးသွားတာ၊ သူနဲ့ပေါင်းမယ်ဆိုတာကို ကျွန်တော်သည်းမခံနိုင်ဘူး၊ တရားသဖြင့် လုပ်ပါဗျာ"

တရားသူကြီးလည်း လင်ကြီးလင်ငယ်များကြား ဘာဆုံးဖြတ်ရမှန်းမသိ၊ ရကလယ်လိုက်နေပြီး

"အေး ဒါလောက်ရှိလှ သန်းဦးနဲ့ပဲ ညားစေဗျာ"

"ကျွန်တော် ကန့်ကွက်ပါတယ်"

ဦးမောင်မောင်က တစ်ခန်းထပြန်၏။

"ကျွန်တော့်မှာက သားသမီးတွေနဲ့ပါဗျာ၊ ကျွန်တော့်ဆီက ဒီကားစပယ်ယာက ခိုးသွားတာပါ"

ငြင်းကြခုန်ကြပြန်သည်။ တရားသူကြီးက စားပွဲကို တူနှင့် ကိုင်းဟာ ကိုင်းဟာ ဟုအော်ကာ ထု၏။

"ကဲ သားသမီးပါ တင်ပြနိုင်တဲ့ ဦးမောင်မောင်နဲ့ ပေါင်းစေဗျာ"

"မတရားမလုပ်ပါနဲ့၊ ကျွန်တော့်ဆီကမှ မောင်မောင်က ခိုးပြီး ပေါင်းတာပါ၊ သူ့ကလေးတွေထက်ကြီးတဲ့ သမီးတွေကို ကျွန်တော်နဲ့ မွေးခဲ့ပါတယ်ဗျာ"

"ကဲ ဒါဖြင့်လည်း မြင့်ဌေး ယူကွာ"

"အဂတိမလုပ်ပါနဲ့ဗျာ၊ ကျွန်တော်တင်စိုးက ငယ်လင်ငယ်မယား

www.burmeseclassic.com

www.burmeseclassic.com



ပါဗျာ"

"တင်စိုး ယူကွာ"

"မယားခိုးကို ထိုးအပ်မလို့လား၊ ဒါဖြင့် ကျုပ်ဆိုတဲ့ တရုတ်ကြီးက နွားမို့လား"

လင်ကြီးလင်ငယ်တစ်သိုက်ကြား တရားသူကြီးလည်း ကယောင်ရိုက်နေပြီ။ ဘယ်သို့ဆုံးဖြတ်ရမည် မသိ။ အားလုံးကလည်း တရားရုံးထဲတွင်ပင် ထထိုးတော့မလို ဖြစ်နေပြီ။ တရားသူကြီးက သူ့ဦးဆက်ကို သူကိုယ်တိုင် တဖြုန်းဖြုန်းနှင့် ပြန်ရိုက်၏။

"လုပ်ချင်ဦး၊ ဟင် ဒီအရှုပ်ထုပ်တွေကို ဆရာလုပ်ပြီး ရှင်းချင်ဦး"

တူကိုယူ၍ စားပွဲကို အားကုန်ထုလိုက်ရာ တူပင်ကျိုးသွား၏။ တရားသူကြီး၏ ကျယ်လောင်စွာ ထုလိုက်သောတူသံကြောင့် အမှုသည်နှင့်ပရိသတ်အားလုံး ရှဲခနဲ ငြိမ်သွား၏။ တရားသူကြီးက

"ကဲ ဒီအမှုကို ငါ မဆုံးဖြတ်တော့ဘူး၊ ဆုံးဖြတ်လည်း ဂျာအေးသူ အမေရိက်သလို ပတ်လည်ရိုက်နေမှာပဲ၊ ကဲ အမိက ကာယကံရှင်ဖြစ်တဲ့ ဒေဝလီကြာညွန့် နင်ပဲဆုံးဖြတ်တော့၊ နင်ကြိုက်တဲ့လူနဲ့ညားစေ၊ ဒါပဲ ဒီအမိန့်ကိုတော့ မပြင်နိုင်တော့ဘူး"

ထိုတော့မှ ဒေဝလီကြာညွန့်ဆိုသော မဲမဲပြုပြု ဆင်ခန္ဓာဝက်ကိုယ်လုံးနှင့် မလိုက်မဖက် ဆံပင်ကုတ်ဝဲညှပ်ထားသော မိန်းမကြီးက မခို့တရို့နှင့် ထရပ်၏။ ပြီး ကြာမှုပိုသော မျက်နှာကိုပေးကာ ရုပ်ခွဲ့ကြီးနှင့် တကယ်တက်ကြွမ်းတော့မည့်ပုံနှင့် ဤသို့ဆို၏။

"တရားသူကြီးရဲ့ အဆုံးအဖြတ်က ငြင်းစရာမရှိအောင် ပြတ်သားပါတယ်၊ ဟုတ်ပါတယ်ရှင်၊ ဒီလူအားလုံးဟာ ကျွန်မနဲ့ ညားခဲ့ကြပါတယ်၊ ဒီလူအားလုံးကိုလည်း တစ်ချိန်က ကျွန်မ တကယ်ချစ်လို့ ယူခဲ့တယ်၊ ဒါပေမယ့် ပြန်ကွဲခဲ့ကြတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မရဲ့အဆင့်အတန်းနဲ့ကျွန်မအကြိုက်မလိုက်လို့ ကွဲခဲ့ကြတာပါ၊ ဒီလူအားလုံးဟာလည်း အရက်ကိစ္စ၊ ကြက်ကိစ္စ၊ လောင်းကစားကိစ္စတွေနဲ့ တစ်မျိုးစီ ဆိုးလို့ ကျွန်မက စွန့်ပစ်ပြီး ထွက်ပြေးခဲ့ရတာပါ၊ ခုလို တရားသူကြီးကိုယ်တိုင်က ဒေဝလီကြာညွန့်ကိုယ်တိုင်



နင်ကြိုက်တဲ့လူနဲ့ ညားစေဆိုပြီး အမိန့်ချလေတော့ အဲဟင်း ရှက်ရှက်နဲ့ဝန်ခံရရင် ဒီတရားရုံးမှာ အမှုစစစ်ကတည်းက ကျွန်မ တိတ်တခိုးချစ်ခဲ့ရတာက သူ့ကိုပဲ သိလား"

"အိ"

တရားသူကြီးက သူ့လက်နှစ်ဖက်လုံး ပါးစပ်ထဲ ထိုးထည့်မိကာ တုန်တက်သွား၏။

"ဟဲ့ ဂန်းမ ငါမပါဘူး၊ ငါနဲ့ဘာမှမဆိုင်ဘူး၊ နင်တို့ကိစ္စ နင်တို့ရှင်း"

တရားသူကြီးက ဗလုံးဗထွေးပြောကာ သူ့ခေါင်းပေါင်းရော လက်ဆွဲအိတ်ပါပစ်လျက် နီးရာအပေါက်သို့ ထွက်ပြေးလေ၏။

ဘိုးစံကွားကာ အဖြစ်အပျက်ကို ကြည့်ကာ အူနှိပ်ရယ်၍မဆုံး။

"တရားသူကြီးမင်းက မေတ္တာမမျှနိုင်မှတော့ ဟိုရှေ့နေဘိုးဘိုးကိုလည်း"

"ဂစ် သောက်ကလုံးကြီး၊ ဟဲ့ ငါက သွေးကိုဆုံးနေပါပြီ၊ ငါ့ကိုတော့ နင်တို့အရှုပ်ထုတ်ထဲ ဆွဲမထည့်ပါနဲ့ ချမ်းသာပေးပါ ပြေးပြီ"

ရှေ့နေဘိုးစံကွားလည်း နောက်ကျတဲ့ဖနောင့် သစ္စာဖောက်ဟု သဘာပိုက်ခါ လှစ်ခနဲပျောက်သွား၏။

"ဒါဖြင့် ဟို ဝဝဖြူဖြူလူကြီးကိုလည်း အခစ်"

"ကြူးမီးငါး"

ကိုဝကြီးတို့ အသဿထိုရ်မြင်းရိုင်းသို့ ဒုန်းစိုင်းလေ၏။ ဒေဝလီကြာညွန့်၏ လက်ညှိုးက ကျွန်ုပ် မောင်ပိန်းပေါင်၏မျက်နှာသို့ ထိုးလာပြန်သည့်အခါ ကျွန်ုပ်လည်း ဖောက်ဖောက်ယွန်းရချေပြီတမုံ့။

"ဒါလေးတစ်ခုတော့ ခွင့်လွှတ်စေချင်တယ် အဒေါ်ရယ်"


တရားရုံးထဲတွင်ကား အမျိုးသားထုကြီးတစ်ထု ပုဆိုးမနိုင် ပဝါမနိုင်နှင့် ဝရုန်းသုန်းကားနှင့် တွန်းတိုက်ထွက်ပြေးနေကြ၏။

အံ့ဖွယ်ဒေဝလီကြာညွန့်ပါပေကောတည်း။

အင်ဆွေတော်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မိန်းမလှတို့ဘေဝ

(၁)

"ကုတ္တိ ရုပ ဓနံ"လို့ ဘုရားကတော့ ဟောခဲ့တာပါ။ "မိန်းမတို့၏ ဥစ္စာသည် ရုပ်အဆင်းလှပခြင်းတည်း"လို့ အနက်ပေးရမှာပေါ့။ ဘုရားလက်ထက်တော်တုန်းက အဲဒီစကား ဘယ်လောက်မှန်ခဲ့တယ်ဆိုတာတော့မသိပါ။ အခုခေတ်မှာတော့ တော်တော်လေးမှန်နေပါတယ်။ မှန်တာမှ ကမ္ဘာနဲ့ချီပြီးတော့ကို မှန်တာပါ။ ဝန်ထမ်းခေါ်စာတွေမှာ 'အမျိုးသမီးအလိုရှိသည်'ဆိုတာချည်းပဲ တွေ့နေရတော့ ယောကျ်ားဖြစ်ရတဲ့ဘဝကိုက မှားသလိုလို နှောင်တရမိသလိုလို။ အောင်မာ သကောင့်သားလုပ်ငန်းရှင်ငနဲတွေက ကြော်ငြာထဲမှာ ထည့်ဖြစ်အောင်ထည့်လိုက်သေး။ 'အိမ်ထောင်မရှိသူ အပျိုဖြစ်ရမည်၊ အသက်(၂၁)နှစ်ထက်မကြီးစေရ၊ ရုပ်ရည်ချောမောသူ ဖြစ်ရမည်၊ လုပ်ငန်းအတွေ့အကြုံမရှိလည်းရသည်'စသဖြင့် ကြော်ငြာခေါ်တာဆိုတော့ ယောကျ်ားဖြစ်ရတာကိုက ရှက်စရာလိုလိုဖြစ်နေပြီ။

တစ်ခါက သူငယ်ချင်းတစ်ယောက် ကုမ္ပဏီမှာ ခန့်မယ့်လူဦးရေက ကောင်မလေး(၁၀)ယောက်။ ကျွန်တော့်ကို တကယ်တန်းပြန်ပြောပြတော့ ခန့်လိုက်တဲ့ကောင်မလေးက(၁၇)ယောက်တောင်ဆိုတော့ ဘာကြောင့်လဲမေးကြည့်တယ်။

"ဟ လာလျှောက်တဲ့ကောင်မလေးတွေက အကုန်လှတယ်ဟ၊ ဒါတောင်(၅)ယောက်လောက်ကို လူပြည့်သွားပြီလို့ ပြောလိုက်တာ အားနာလိုက်တာကွာ"တဲ့။

ဒါကြောင့် ဒီဘက်ခေတ်မှာ မိန်းကလေးတွေရဲ့ အလှအပဟာ တော်တော်လေးအရေးပါတဲ့ အပိုင်းကို ရောက်နေပါပြီ။ မြတ်စွာဘုရား ဟောခဲ့တာကို ကိုယ့်ဟာကိုယ် အနက်ပေးကြည့်တာကတော့ 'ကုတ္တိ-မိန်းမတို့၏၊ ရုပ-ရုပ်အဆင်းလှခြင်းသည်၊ ဓနံ-ဥစ္စာဓနကို ဖြစ်စေသည်"လို့ အနက်ပေးမိတာ



ပဲ။ ဟုတ်လည်း ဟုတ်တာပဲလေ။ ယောကျ်ားလေးတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းက ဒရိုင်ဘာ၊ ညစောင့်၊ ဒရဝမ်၊ လုံခြုံရေး၊ တောက်တိုမယ်ရဖဲဒါတွေလောက်သာ ကျန်တော့တာ။ ကျွန်တော်ထင်တယ်။ ဒီပုံစံအတိုင်းဆိုရင် ဆရာဇဝနရေးခဲ့တဲ့ 'ကျွန်တော့်လင်'စာအုပ်ထဲကအတိုင်း ဖြစ်တော့မှာ အချိန်သိပ်စောင့်စရာမလိုတော့ဘူး။

(၂)

ဒါပေမယ့် အဲလိုသာဖြစ်သွားရင်လည်း ကောင်းတာကတော့ကောင်းပါတယ်။ နှုတ်ခမ်းမွေးကားကားကြီးနဲ့ ဈေးခြင်းကြီးကိုင်ပြီး ဈေးသွားရမယ်။ ပြီးတော့ ကလေးတစ်ဖက်နဲ့ မီးဖိုထဲမှာ ချက်ရပြုတ်ရမယ်။ မိန်းမရုံးသွားဖို့အတွက် ထမင်းချိုင့်ပြင်ပေးရမယ်။ ကလေးကို ကျောင်းပို့ပြီး အဝတ်တွေလျှော်ရမယ်၊ လုပ်စရာအလုပ်တွေပြီးသွားရင် ကိုရီးယားအပိုင်းတွဲလေးကို ဇိမ်လေးနဲ့ ထိုင်ကြည့်ပေါ့။ အစပိုင်းမှာတော့ ကိုယ့်ဆရာတို့ ကြောင်တောင်တောင်နိုင်နေမှာပေါ့။ ဒါပေမယ့် ခေတ်အလိုက်ပဲလေ ခပ်တည်တည်နေလိုက်ကြတာပေါ့။ ဟုတ်ဘူးလား။

နောက် သားရေးသမီးရေးကိစ္စတွေကလည်း တော်တော်လေး ကျိုးကြောင်နိုင်စေမယ့် အရာတွေပေါ့။ ကိုယ့်သမီးက ဟိုဘက်လမ်းက ကောင်လေးကို ရည်းစားစကားလိုက်ပြောလို့ ကောင်လေးရဲ့ ပိတာဖခင်ကျေးလူရှင်က ပုဆိုးစွန်တောင်ဆွဲပြီး လာရန်ထောင်မယ်။ ကိုယ့်သားနုနုထွတ်ထွတ်လေးကို မျက်စောင်းထိုးအိမ်က ကောင်မလေးက ထိကပါးရိကပါးလုပ်လို့ သားငယ်လေးက အရှက်သည်းပြီး ဒူးနဲ့မျက်ရည် သုတ်တာတွေ့ရင် ကိုယ်က စစ်စရာရှိတာစစ်၊ ပြီးရင် ပုဆိုးစွန်တောင်ဆွဲပြီး ဈေးထဲက ငါးစိမ်းသည်ထီးတွေလို အော်ဟစ်ရန်တွေ့ရမယ်။ အင်း တော်တော်လေးကို ပြောင်းဆန်လိုက်တော့မယ့်ခေတ်ကြီးပါလားနော်။ အဲဒီခေတ်ကြီးကို ကျွန်တော်တို့ ဒါမှမဟုတ် ကျွန်တော်တို့ရဲ့ သားမြေးတွေရဲ့လက်ထက်မှာ ကြုံရဦးတော့မှာ ထင်ပါရဲ့။

(၃)

အဲဒီလိုခေတ်မျိုးကို ရောက်သွားလို့ကတော့ ကျွန်တော်တို့ပြောနေတဲ့ စကားတွေက မိန်းမပါဠိစပ်ထဲကို ရောက်သွားပြီး၊

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ယောက်ျားတွေက လေသံမမာလိုက်နဲ့ မျက်ရည်က ထွက်ချင်ပြီ"

"ဟာ ဒီယောက်ျားကတော့ နှုတ်ခမ်းမွှေးဆွဲ နရင်းအတီးခံရတော့မှာပဲ"

"အို မိန်းမကောင်း လင်တစ်ထောင်တဲ့ရှင့်၊ ကျွေးနိုင်မွေးနိုင်လို့ လင်ငယ်ယူတာ၊ ဆိုက္ကားနင်းတဲ့ လှလှဝင်းတောင် လင်ငယ်သုံးယောက် ယူထားသေးတာပဲ၊ ရှင့်ကို ပထမနေရာပေးထားတာပဲ ကံကောင်းတယ်မှတ်"

"အောင်မာ မိန်းမပဲ အရက်သောက်တာ၊ တစ်ခါတစ်လေ ကေတီဗီ သွားတာ ဘာဆန်းလဲ၊ အလုပ်ပင်ပန်းလို့ စိတ်ထွက်ပေါက်ရှာတာပဲ"

"ရှင် ဟိုဘက်အိမ်က ဘူဒိုဇွာမောင်းတဲ့ကောင်မနဲ့ ကင်းကင်းနေနော်၊ အိမ်လာလည်တာကို မကြိုက်ဘူး"

စသဖြင့် စသဖြင့် ကျွန်တော်တို့ယောက်ျားတွေခမျာ ဒူးတွေနဲ့ညတိုင်း မျက်ရည်သုတ်ရမယ့် ဘဝတွေပါလားနော်။ နောက် ရှိသေးတယ်။ အဲ ဒီဘက်ခေတ်မှာ ကျွန်တော်တို့လုပ်နေကျဖြစ်တဲ့ ဘောလုံးပွဲ ညဉ့်နက်တဲ့အထိ အောင်ကြည့်တာတို့၊ လက်ဖက်ရည်ဆိုင်ကို အချိန်မရွေး အချိန်ရှိထိုင်တာတို့ တတွေကို သူတို့ကပဲ ဒိုင်ခံလုပ်သွားကြတော့မှာ။ တစ်ခါတစ်လေ အိမ်ထဲမှာ နေရပါများလို့ မိန်းမနဲ့လက်ဖက်ရည်ဆိုင် လိုက်ထိုင်ချင်နေတဲ့အကြောင်းကို ယောက်ျားချွဲ ချွဲလိုက်၊ မိန်းမက မသနားစဖူးသနားပြီး ခေါ်လို့လိုက်သွားရပ် လက်ဖက်ရည်ဆိုင်မှာ အသင့်ရောက်နေတဲ့ မိန်းမရဲ့ သူငယ်ချင်းတွေက

"ဩော် ယောက်ျားကိုတောင် ခေါ်လာတာကိုး၊ နင့်ကြည့်ရတာ ယောက်ျားကို တော်တော်ချစ်ပုံရတယ်နော်"

"ချစ်တာကော ဟုတ်လား၊ ယောက်ျားကို ကြောက်ရတယ်နဲ့ တူပါတယ်ဟာ"

ဆိုရင် မိန်းမက

"အောင်မာ ကြောက်ဖို့နေနေသာသာ ယောက်ျားနော်လို့ တစ်ခွန်း ပြောလိုက်တာနဲ့ မီးသေပြီးသား၊ ကလန်ကဆန်လုပ်ကြည့်ပါလား၊ နားပန်ထ ကျင်းလိုက်လို့ တနင်္ဂနွေထောင့်က မိုးညို့သွားမယ်"



ဆိုရင် ကျွန်တော်တို့ ယောက်ျားတွေခမျာ ရှက်ပြုံးလေးသာ ပြုံးနေနိုင်မှာပါ။

လိုင်းကားတွေမှာလည်း ယာဉ်မောင်းက မိန်းမ၊ စပယ်ယာကလည်း မိန်းမပေါ့။ အဲဒီစပယ်ယာတွေက ဒီဘက်ခေတ်ယောက်ျားစပယ်ယာတွေလိုသာ ကားပေါ်တက်တဲ့ မိန်းမလှလေးကို ယုယုယယတင်သလိုမျိုးသာလုပ်လို့ကတော့ 'အဟိ ယားကျိကျိကြီး'နေမှာနော်။ ကောင်မလေးက ခပ်နွဲ့နွဲ့လေး ယိုင်နေတဲ့ကောင်လေးကို စေတနာပိုပြီး၊

"မောင်လေး မမကိုမှီထားလေ"

"အို ဘာတွေလာပြောတာလဲ သိဝူး"

ဆိုပြီး မူလိုက်ရမှာကိုလည်း မြင်ယောင်တယ်ဗျား။

ကျေးလက်ဘက်မှာလည်း မိန်းမဖြစ်သူက လယ်ထွန်၊ ပျိုးနုတ်၊ ယောက်ျားတွေက ကောက်စိုက်၊ ပေါင်းသင်၊ ဒါမှမဟုတ် မိန်းမလယ်ထွန်နေတဲ့ဆီကို ထမင်းတို့ဘာတို့ပို့ပေါ့။ မိန်းမထန်းသမတွေက မြူအိုးတွေနဲ့ ထန်းတက်၊ ယောက်ျားတွေက တဲကနေမြူအိုးသိမ်း၊ ထန်းလျက်ချက်။ မိန်းမတံငါသည်တွေက ငါးဖမ်း၊ ယောက်ျားတွေက ငါးရောင်း၊ ဘာမှလုပ်စရာမရှိတဲ့ ယောက်ျားတွေကတော့ နေ့လည်နေ့ခင်း ယောက်ျားအချင်းချင်း သန်းတုတ်၊ အတင်းပြောပေါ့။ ညနေဆို မိန်းမတွေက ထန်းရည်လေးတမြမြနဲ့ အိမ်ပြန်လာ၊ အိမ်က ယောက်ျားတွေကို ရန်လုပ်။ ပြီးတော့ အသင့်ခူးခပ်ပေးထားတဲ့ ထမင်းဟင်းကိုစား။

အင်း အဲဒီခေတ်ကို ရောက်သွားလို့တော့ ပုံမှန်မဟုတ်တဲ့ ပြဿနာပေါင်းကလည်း ဘယ်လောက်များလိုက်မလဲ။ ဒီနေ့ခေတ်မှာ ယောက်ျားတွေ ကျူးလွန်နေကြတဲ့ ရာဇဝတ်မှုတွေအကုန်လုံးကို မိန်းမတွေက ဒိုင်ခံကျူးလွန်မယ်။ အင်း တော်တော်လေးကို ယောက်ယက်ခက်လိုက်မယ့်ခေတ်ပေါ့။ ကိုယ့်ဆရာတို့ကိုလည်း လမ်းကြုံလေးမေးလိုက်ချင်တယ်၊ ဘယ်လိုခေတ်မျိုးမှာ နေချင်လဲလို့။ ကျွန်တော့်အဖြေကတော့ ကိုယ့်ဆရာအဖြေနဲ့ ထပ်တူကျပါလိမ့်မယ်။

■ နေသစ်နီ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# ပင်ကိုယ်ရေးပုံတူ

ဒီမှာ

သာခက်ကို ဘာမှတ်လဲ။ မြို့သစ်သား ထောင်ထွက်ကွ။ (ဆိုင်ကယ်စီးရင် ခေါင်းထောင်ထွက်တတ်လို့) လေးယောက်မွေးတာ တစ်မိပေါက် တစ်ယောက်ထွန်းမှာ နှစ်ယောက် မြောက်။ မျိုးနဲ့ရိုးနဲ့ဆိုးတဲ့ ရွာအော ကြောလန်။ ငယ်နာမည် 'မျောက်မူးလဲ'။ အရှုကြမ်းချက် လက်လန်တယ်၊ မနိုင်ဘူးရယ်၊ ထိန်းမရလို့ မူကြိုဆရာမတောင် ထိုင်ငိုဖူးတယ်။ ခူပြားဗလနဲ့လူပါးဝတယ်။ မိုက်ဂိုက်ကြည့်ပြီး အလိုက်မသိတတ်ဘူး။ နာမည် 'ပေါကြီး'။ ခင်သူတွေက 'ကော်ကြီး' လို့ခေါ်တယ်။ တချို့ 'ကပ်တီးနှပ်ချေး' လို့ ခေါ်ကြတယ်။ ဘာထင်လဲ။ နေတက်ရေတက်ဖွား အင်္ဂါသားတဲ့ နော်။ ဟမ်းဟမ်း။ နအုံ့ ဘေလိုက်လို့ မျက်စိနောက်စိကပ်သွားမယ်။ ဟမ်ဟမ်း။

ဖဲရှုံးရင်ငြင်းတယ်။ မနိုင်ရင် ကုန်းကိုက်တယ်။ မလျော်နိုင်တဲ့ အခါ ညစ်တွန်းတွန်းတယ်။ ခင်သူတွေကို ကြပ်တတ်တယ်။ ကြည့်မရရင် အဆင်းဘီးတပ် ချောက်ချတယ်။ မပေးရင်ဘတ်တယ်။ လာမကျောနဲ့ မောသွားမယ်။ လုံးတင်လာလို့ ကတော့ ဝတ်ဆံသွင်းပြီးသား။ 'ဖျာ' ဆို'လာ'မှ ကြိုက်တယ်။ 'ဟာ'မထူးနဲ့ တီးလိုက်လို့ ခါမူး'သွားမယ်။ မရစ်ရရင် တိုင်ပတ်တယ်။ ဂျီကျတယ်။ တစ်ခါတစ်ခါ ရုပ်ကြမ်းနဲ့နွဲ့သေးတယ်။ စိတ်က လက်တစ်ဆစ်။

ဂီတဆို လေတောင်မြောင့် အောင် မချွန်တတ်သလို ဘာဂျာ တောင် ဒုံမှုတ်(အတည့်မှုတ်)တဲ့ ကောင်။ အားကစားဆို သားရေကွင်း တောင် မျက်လုံးမှန်အောင် ပစ်ပေ မယ့် 'ခါးကုန်း တုတ်ထိုး'ကစားနည်း တော့ သဘောကျတယ်။ (စနူကာ ပြောတာ) ကျန်တာဆို ပြောမနေနဲ့ တော့။ လျှော့မတွက်နဲ့ နယ်လှည့် ပြီး ကားခိုးစီးလာတဲ့ကောင်။ အရင်း ကနီး ဘယ်လောက်လိုချင်လဲသာ ပြောလိုက်၊ ရှင်းတယ်။ ပေးစရာ ကစ်ပြားမှ မရှိဘူး။ "ငွေလာမချေးနဲ့ ကကူအညီမတောင်းနဲ့" ကြိုက်ရာ တောင်းဆိုလို့ရတယ်။ အရွယ်က ကစ်သက်မစွံရစ်တဲ့ ၂၇နှစ်။ ရုတ် ရက်ကြည့်ရင် ပုံစံက ခုနစ်အိုရှစ် ကြား 'စွယ်ဖြူ ခေါင်းကျိုး' ထင်ရ



ရေဆာရင် အငတ်ခံတယ်။
ဆာတာကို ပေခံတတ်တဲ့
"စာပေသမားစိတ်ဓာတ်"
အပြည့်ရှိတယ်။
ခြင်ထောင်ကြိုးပြတ်လည်း
ရွတ်အိပ်တယ်။

လောက်တယ်။ တကယ်တော့ နှလုံးသားက ခုမှ မွေးကင်းစလေး။ ဆံဖြူပြီ၊ အံသွားတစ်ချောင်း ကျိုးပြီးပြီ။

ကိုယ့်အသားနာမယ့် အရေးဆို မျက်စောင်းတောင် မြန် မထိုးဘူး။ ရေဆာရင် အငတ်ခံ တယ်။ ဆာတာကို ပေခံတတ်တဲ့ 'စာပေသမားစိတ်ဓာတ်' အပြည့် ရှိတယ်။ ခြင်ထောင်ကြိုးပြတ်လည်း ရွတ်အိပ်တယ်။ ရွှေဥကြမ်းညပ် ရင်တောင် မှိန်းခံနေတတ်တဲ့ထိ ပျင်း တယ်။

ခင်သူတွေ့ရင် မျက်နှာ ပြောင်တိုက်ပြီး ပိုက်ဆံချေးတယ်၊ ပြန်မဆပ်ဘူး။ ကျေးဇူးတော်ရှင် တစ်သိန်းနဲ့ ရှစ်သောင်းတိတိ ရှိ တယ်။ ကြွက်၊ ခြင်၊ ငါး မုန်းတယ်။ ဖရဲသီးနဲ့ငိုင်းစုခိုင်သိန်းကို အမက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံး။ အပြစ်ကင်းတယ်၊ ပွင့်လင်းတယ်။ (အိမ်သာတက်တာတောင် တံခါးမပိတ်ဘူး)ရိုးသားတယ်၊ ခိုးစားတယ်၊ မိတ်ငတ်တယ်၊ စိတ်ဆတ်တယ်။(အီးတောင် တစ်တုံးထက် ပိုမပါဘူး)အမွေးထူတယ်၊ ကြွေးပူတယ်။ ငွေမများပေမယ့် လေထွားတယ်။ အဆံမချောင်သယောင် ဟန်ဆောင်တယ်။ မြွေမွေးတယ်၊ နို့မတိုက်ဘူး၊ (အငတ်ထားတာ)။ ဟမ်ဟမ်း။

ရိုင်းတယ်၊ မချော့တတ်ဘူး။ ငိုပြဲစေ၊ ရွဲစေ(သေခါမှသေရော့)ဆိုခဲစေ၊ လွဲစေ၊ စကားတစ်ကွက် နှစ်ခါမဆိုသလို အခါးတစ်ခွက် နှစ်ခါမမြိုဘူး (တစ်ချီတည်းမော့တာ)။ ရှက်ကြောပြတ်တာကလွဲရင် ဘာမှမရှိဘူး။ ဂလေ ရိုက်ဖို့ကလွဲရင် ဘာမှမတတ်ဘူး။ အကျင့်နဲ့ရုပ်ကလွဲရင် ပြောစရာမမြင်ဘူး။ (ကလော်တုတ်ဖို့ပဲ ကျန်တယ်)

အအိပ်နဲ့အစား နေ့စားလိုက်မယ်။(ဆန္ဒရှိရင် ဆက်သွယ် Email-sitharhein2011@gmail.com)" ယူတတ်လျှင်ရ၏။ ကြည့်သောသူမြင်၏။ ပြသောသူကုသိုလ်ရ၏'ဆိုတာ ခံယူချက်။

လက်သုံးစကားက
'ဒီလိုပါပဲ'။
ဆောင်ပုဒ်က
"မေးပါများ ရန်သတ်၊ သွားပါများ ကားခကုန်၊ မအိပ်မနေ သေတတ် ပေ"

တဲ့။ မသေခင်လေးတော့ တစ်ကြိမ်လေးဖြစ်ဖြစ် အိုရဖို့အရေးအတောင့်တဆုံး။

ဆရာကြီးတော့ မဟုတ်ပေမယ့် ကိုးကွယ်ချင်သပဆိုရင် Photo Download လုပ်ထားလိုက်။ မင့်ဘိုးတော် ကြိတ်ကြွေနိုက်နေတဲ့ နတ်တွေထက် နှစ်ဝါရင့်တယ်။ ဗလကင်းပေမယ့် 'ဇ'ပြင်းတယ်။ ဒေါင်ပုပေမယ့် ထောင်ထုတဲ့ကောင်(လက်သီးပြောပါတယ်) စိန်ခေါ်ရင် သုံးယောက်လောက်ကတော့ လက်နဲ့မတောက်သေးဘဲ လေနဲ့မှုတ်ထုတ်လိုက်ရုံနဲ့ ခရီးခရိုင်ကြောက်ကြွင့်ပြီး ကိုးမိုင်လောက်လွင့်သွားမယ်၊ မှတ်ထား၊ အပီနွှာမယ် စည်သာတဲ့။

တကယ်တော့ ကျုပ်က အနှိပ်သည်ခင်ဗျ ဟီး။

■ခွန်စည်သာဟိန်း၊



www.burmeseclassic.com

# အဲဒီငှက ကိုလေးရဲ့ကံ

တင်နွယ်ဦး(ဘုရားကြီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com



# အဲဒီနေ့က ကိုလေးရဲ့ကံ

အဲဒီနေ့က အဖြစ်အပျက် ကြာပြီ။ ဒါပေမယ့် မိချို မမေ့နိုင်သေး။ ဖြစ်ပုံက ဒီလို

× × ×

"ဟော့ကောင် စံကော့ တောင်ဘက်ကလိုက် အား မြောက်ပြန်ပြေး ပြီ"

"ဗိုလ်လင်း အရှေ့ဘက်ကနေလိုက် မြန်မြန်ပြေးဟ"

လူတကာကို လှမ်းအော်အမိန့်ပေးရင်း လေးခွကိုင်ကာ ယုန်နောက် တဟုန်ထိုးပြေးလိုက်နေသော အစ်ကိုလေးတစ်ယောက်၊

"ဘိုင်း"

သူကိုယ်တိုင်တော့ ဗွက်ထဲမှောက်လဲသည်။ အတော်အီသွားပေမယ့် မမှု။ ပါးစပ်ထဲကအမှိုက်ကိုဖယ် ရွှံ့တွေကို ထွေးထုတ်ပြီး ဆက်လိုက်သည်။

"တောက် ကျွတ်ကျွတ် ခဏလေးကိုကွာ ဘယ်ရောက်သွားပါလိမ့်"

သွားပြီ။ မျက်ခြည်ပြတ်ပြီ။ ခွေးမသား ဟိုကောင်တွေကလည်း လူ ကို လှည့်တောင်မကြည့်ကြတော့။

"ဟော ဟိုမှာချိုချို"

သူတို့ယုန်ရလျှင် ရောချက်ဖို့ ဟင်းရွက်ခူးနေသော ချိုချိုကို လှမ်း





အနီးအနားက ချောင်းလေးမှာ ကိုလေး မျက်နှာသစ်ဖို့ပြင်သည်။ မျက်နှာသစ်ဖို့ ငုံ့တဲ့အခင့် ရေထဲမှာ ပေါ်လာသော မျက်နှာကြီး ကိုကြည့်ပြီး ကျောထဲစိမ့်သွား သည်။ ကိုယ့်ရုပ်ကိုမှားနှင့် နတ်နတ်စင်းပစ်လိုက်ချင်သည်။

မေးလိုက်၏။

"ချိုချို ဟိုကောင်တွေ ဘယ်ရောက်သွားပြီလဲ"

"ဟိုဘက်သွား အာ ဘာကောင်ကြီးလဲ၊ အမေရေ ဗုဒ္ဓံသရဏံဂစ် ဂစ်"

ဟင်းရွက်ခူးရင်းနှင့် လှည့်ပြီးပြောလိုက်သော မိချို မဲတုံးတုံးနှင့်မား မားကြီးရပ်နေသော ဘာမှန်းမသိသည့် အကောင်ကြီးကိုကြည့်ပြီး ကြက်သီး ထသွားသည်။ ပါးစပ်မှလည်း ဘာတွေရွတ်မိမှန်းမသိတော့။

"ဘာတုန်းဟ အရေးထဲ နင်က တမျှော်"

မဲမဲအကောင်ကြီး၏ ရေရွတ်သံ။ မိချို မလှုပ်ရှားရဲသေး။

"ဟာ ငါလေ နင့်အစ်ကိုလေး"

ဒီတော့မှ မိချို အသက်ရှူမှန်တော့သည်။ ကြည့်ဦးလေ၊ သူ့ရုပ်ကြီး မလန့်ဘဲ ခံနိုင်ရိုးလား။ ယုန်အောင်းသောထူးတွင်းနှင့် မီးသွေးဖိုဟောင်းထဲ မှားဝင်လာခဲ့၍ တစ်ကိုယ်လုံးမဲတူးစုတ်ပြတ်နေပြီး ရွှံ့တွေကလည်း နှာခေါင်း ပါမကျန် ပေချာနေတာကို။ အစ်ကိုလေးလို့ ထင်ရက်စရာမရှိ။ ပြောလို့သာ ပဲ့ရတာ။

"အဲ အစ်ကိုလေးလား၊ မိချိုက သရဲမှတ် မှတ်"

"ဘာသရဲလဲ၊ ယုန်မရလို့ စိတ်တိုနေတာ၊ နင့်ကိုရိုက်မိတော့မယ်၊ ပြော၊ သွားတွေပြန်စုံ၊ ငါ ဟိုကောင်တွေသွားရှာပြီး ခေါ်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ကျောင်းပိတ်၍ မိချို နွားကျောင်းလိုက်လာခြင်းဖြစ်သည်။ မိ ချိုတို့မောင်နှမတွေက အမြဲတမ်းဒီလိုပင်ဖြစ်သည်။ နွားကျောင်းရင်း ယောက်ျား လေးတွေက တောလိုက်သည်။ မိန်းကလေးတွေက ဟင်းရွက်ခူးသည်၊ ထင်း ခွေသည်။ ရွာရောက်တော့ အိမ်တစ်အိမ်မှာ စုပြီး ချက်ပြုတ်စားသောက်သည်။ ဒါ သူတို့ရဲ့ လုပ်ရိုးလုပ်စဉ် လုပ်နေကျ။

× × ×

အနီးနားက ချောင်းလေးမှာ ကိုလေးမျက်နှာသစ်ဖို့ပြင်သည်။ မျက် နှာသစ်ဖို့ငုံ့တဲ့အငုံ့ ရေထဲမှာပေါ်လာသော မျက်ခွက်ကြီးကိုကြည့်ပြီး ကျော သိမ့်သွားသည်။ ကိုယ့်ရုပ်ကို မားနှင့်နုတ်နုတ်စင်းပစ်လိုက်ချင်သည်။ မိချို လန့်တာလည်း မပြောနှင့်။ သူ့ကိုယ်သူတောင် ပြန်လန့်သည်။

မျက်နှာသစ် သန့်စင်ပြီးတော့ ဟိုကောင်တွေကို ရှာသည်။ ဒီနေ့ သူတို့ဘာကောင်မှ မရကြသေး။ ယုန်တစ်ကောင်တွေ့ပေမယ့် ယုန်မသား ယုန်က အပြေးလျင်တော့ လွတ်သွားသည်။ မီးသွေးဖိုဟောင်းထဲ မှားဝင်ပြီး လူရုပ်ပျောက်သွားတာပဲ အဖတ်တင်သည်။ ဒီနေ့မှ ဂုတ်ကျားကလည်း ပါ မလာ။ အဖေနှင့် ယာခင်းစောင့် ပါသွားသည်လေ။

"ဟားဟား တောကြောင်တစ်ကောင် ရပြီကွ"

စံကော့နှင့်ဗိုလ်လင်းရဲ့အော်သံကြောင့် ဘာမှမရသေးတာနှင့်စာရင် တော်သေးသည်ဟုတွေးကာ ထအကြည့်၊

"ဟင် ဒါ ဒါ တောကြောင်"

ကြောင်တဲ့။ ကြောင်စဉ်မမီလိုက်တာ။ တကယ့်ကို ပိစိညှောင့်တောက် လေး။ ကြည့်ရင်းကြည့်ရင်း စိတ်အချဉ်ပေါက်လာပြီး နားရွက်နှစ်ဖက်ဆွဲကာ လွှင့်ပစ်သည်။ ဟိုနှစ်ကောင်ကတော့ ကိုလေးကို ပွစိပွစိနှင့် မကျေနပ်ကြ။

နွားတွေပြန်စုပြီးတော့ လူတွေလည်း မန်ကျည်းပင်အောက်မှာ ရှုံးထိုင်လိုက်ကြသည်။ ခဏကြာတော့ မမပုနှင့်မမလှ ထင်းစည်းကြီးရွက်ပြီး ပေါက်ချလာသည်။ (ရောက်လာတာကို ပြောပါတယ်နော်)

"ယုန်ကော"

"နင့်အဖေက တအားအပြေးမြန်တော့ ငါတို့မမီဘူးဟ"



မရောက်မဆိုက် မေးချလိုက်သော မမပုကို အစ်ကိုလေးက ဘုတော ပစ်သည်။

"ဘာ ငါ့အဖေလျှောက်ပြေးနေပြန်ပြီလား၊ ခွေးရူးပြန်ရာသီလည်း မဟုတ်ဘဲနဲ့ ဖြစ်ပြန်ပြီ ငါစိတ်ညစ်တယ်"

"အင်"

"ဖြန်း"

ပြောမိတာ ငါ့အမှားဆိုပြီး ကိုယ့်ပါးကိုယ်ပြန်ရိုက်ပစ်လိုက်သည်။

"နင် နင်ရော ဝက်ရူးပြန်နေတာလားဟင်"

"ဘာ အေးဟုတ်တယ်၊ နင်လည်း တော်ကြာ နွားရူးပြန်ဦးမယ်၊ သတိထား၊ ကြားလား"

ကိုလေးက ခပ်ဆတ်ဆတ်ပြန်ပြောတော့၊

"သေနာကောင်"

မမပုက ပြန်ဆဲသည်။

"ငါ စိတ်တိုနေတာနော်"

ကိုလေးအသံ။

"နင့်ဟာနင် ယုန်မရတာ၊ ဘာလို့ ငါ့ကို လာမဲနေတာလဲ"

"နင်က ဝင်ဝင်ချင်း တုတ်နဲ့ထိုး၊ အဲ ဆောက်နဲ့ထွင်းတာကို"

"ငါတို့လည်း ကိုယ့်တာဝန်ကိုယ်ကျေပြီဆိုတော့ နင်တို့လည်း နင်တို့ တာဝန် ပြီးပြီလားလို့ မေးတာပေါ့ဟဲ့"

"အောင်မယ် နင်တို့ထင်းခွေတာက ထင်းခြောက်လေးလှမ်းဆွဲလိုက် ရုံပဲ၊ ငါတို့က ပြေးလည်းလိုက်ရသေး၊ လောက်လေး(လေးခွ)နဲ့လည်း ထုရသေး၊ ဝါကိုမျှား လာယှဉ်နေရသေးတယ်"

"ဟဲ့ ဒါတော့မပြောနဲ့၊ ငါတို့လည်း ပိုးကောင်မွှားကောင်(မြွေ)နဲ့နပန်း လုံးပြီး လုပ်ရတာပဲ"

"နင်တို့ဟာက"

"တော်တော့"

အဖွဲ့ထဲမှာအငယ်ဆုံးဖြစ်တဲ့ဗိုလ်လင်းက သူတို့နှစ်ယောက်ကြားဝင်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖင်ထောင်အော်လိုက်မှ ငြိမ်ကျသွားသည်။

"ထမင်းစားမယ်"

ဒုတိယအသက်အငယ်ဆုံး စံကော့၏ အမိန့်ပေးသံ။ အားလုံး ထမင်းထုတ်တွေဖြည်လိုက်ကြသည်။ ဟိုနှစ်ယောက်ကတော့ မျက်စောင်းတထိုးထိုး။

ထမင်းဝိုင်းကြည့်ပြီး အားလုံးမျက်လုံးပြူးကုန်သည်။ ဟင်းတွေကို ကြည့်ပါဦး။

မိချိုက ကင်ပွန်းချဉ်ထောင်း၊ စံကော့က ချဉ်ပေါင်သီးခြောက်ကြော်၊ ဗိုလ်လင်းက သရက်သီးကုလားတယ်၊ ကိုလေးက မန်ကျည်းသီးချက်နဲ့ ဘောစစ်ကိုင်းရွက်ဖျော၊ မမပုကတော့ ဘာဟင်းမှချက်စရာမရှိဟုဆိုကာ အိမ်ရှေ့ရှိ မန်ကျည်းသီးပင်မှ မန်ကျည်းသီးအစိမ်းတွေကို ခူးထည့်ပြီး ဆားပုံလာသည်။

ကြည့်ရုံနှင့် သွားကျိန်းသည်။ မချဉ်တာဆိုလို့ ထွက်ခါစအရွက်ကို မရအရဆောင့်ဆွဲပြီး ချက်လာတဲ့ မမလှရဲက ခွေးတောက်ရွက်အရည်သောက်ပဲပါတယ်။ ထမင်းလည်းစားပြီးရော အားလုံး ပါးစပ်တွေ ထုံကျင်လာသည်။ နှုတ်ခမ်းတွေလည်း ငြိမ်ပြီးစားမြုံ့ပြန်နေကြတော့ လူတွေလည်း တရေးတမောအိပ်ဖို့ ကြံသည်။ မိချိုကတော့ မအိပ်။ သီချင်းတအေးအေးနှင့် ငြိမ့်နေသည်။

"မိချို တော်စမ်း၊ နားညည်းတယ် အိပ်မလို့"

ကိုလေးကငေါက်တော့ မိချို မကျေမနပ်နှင့် ပါးစပ်ပိတ်ကာ မန်ကျည်းကိုင်းတွေကို နှင်တံနဲ့ လိုက်ရိုက်နေမိ၏။

"မရိုက်နဲ့"

ကိုလေးအော်ပေမယ့် မကြား။ အပေါ်ကိုလည်း မော့မကြည့်။ အသံတွေ တစီစီနှင့် လက်မှာလည်း ဆတ်ခနဲကျင်သွားသည်။ နောက် နေရာလွတ်တိုင်းသို့

"အား ကိုလေး စံကော့ မပု အကုန်ပြေး ပျား ပျား ပျားတွေ"

ထစ်ထစ်ငေါ့ငေါ့နှင့် အော်ကာ သတိပေးရင်း သူကိုယ်တိုင်လည်း ပြေးသည်။

"တောက် မိချို နင့်ကိုမဆော့နဲ့လို့ ငါပြောရဲ့သားနဲ့ အား ငါ့ကိုထိုးတယ် ပြေး"



"ငါ့ထိုးဗိုက်ကြီး ငါ့ထိုးဗိုက်ကြီး၊ ငါ့ထိုးဗိုက်ကြီး အား ဆက်ထိုးတယ်၊ နင်တို့တွေ ဗိုက်ကြီး ကလေးမွေးပြီး ပျားအုံထဲအကြာကြီး အောင်းနေရလိမ့်မယ်၊ မထိုးနဲ့ ငါ့ထိုးဗိုက်ကြီး"

စံကော့က ပြူးပျာကာ အော်ရင်းပြေးသည်။

ဗိုလ်လင်းကတော့ ခုနက သူဖင်ခုထိုင်ထားသော ဂုန်နီအိတ်စုတ်ကြီး ထဲဝင်ပြီး အသေလေးလိုပင် မလှုပ်တော့။ ဒါပေမယ့် လူတွေနဲ့အတူ လန့်ပြီး ပြေးတဲ့နွားမတစ်ကောင်ရဲ့ အနင်းကိုတော့ ခံလိုက်ရတယ်။ အကြောကိုပြေရောပဲ။

ပျားတွေလည်းငြိမ်ရော အားလုံးဟောဟဲဆိုက်ကာ ဘာမှမပြောနိုင်ကြတော့။ နေစောင်းတော့ ချောက်တောထဲက တက်လာပြီး ရွာနားကလယ်ကွင်းတွေဘက် ပြန်မောင်းလာခဲ့သည်။ မိုးဦးကျခါစဆိုတော့ စပါးမစိုက်ရသေးဘူးလေ။ ဒါကြောင့် နွားကျောင်းလို့ရသေးတယ်။

လယ်တွေဆီရောက်တော့ စံကော့နှင့်ဗိုလ်လင်းက ငါး၊ ပုစွန်၊ ဂဏန်း ဘာပဲဖြစ်ဖြစ် ရရာဖမ်းဖို့ လယ်ထဲဆင်းသွားသည်။ ကိုလေးကတော့ ပျားတုပ်ခံရတဲ့ဒဏ်၊ ချော်လဲတဲ့ဒဏ်နဲ့ မလှုပ်နိုင်တော့။

"ဟေး မိပြီ ဂဏန်း ဂဏန်း"

အားရဝမ်းသာအော်လိုက်သော စံကော့အသံကြောင့် လှဲနေရာမှ ကိုလေး ထထိုင်သည်။

"အား"

ဟူသော စံကော့အသံ၏ မရှေးမနှောင်း ကိုလေး၏ရင်ခွင်ထဲသို့ တစ်စုံတစ်ခု ပြုတ်ကျလာသည်။

"ဘယ်မှာလဲ ဂဏန်း၊ အား ညှပ်တယ်၊ ဟော့ကောင် အား"


ကိုလေးထခုန်သည်။ ချော်လဲသောဒဏ်ရာ ပျားတုပ်ခံရသောအဖုအပိန့်တွေနှင့် ကိုလေး ယခုလည်း ခါးပုံစံကို စွဲစုကာ ခုန်ရပြန်လေပြီ။

"ဩော် ဒီနေ့ ကိုလေးကံမကောင်းပါလား"

■ တင်နွယ်ဦး(ဘုရားကြီးတုန်း)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မိုးကလေးညိုလာရင်

အနောက်တောင်မုတ်သုန်လေကား သရမ်းလှ၏။ မိုးကား ခြေလွတ်လက်လွတ်ဆော်၏။ အရက်သမားများ မြူးတူး၏။ အပေါင်ဆိုင်များ လေချွန်၏။ 'ပုလင်းနှင့် ထီးမပါ၊ မိုးရွာမှသိမည်'ဟု ပညာရှိတို့ မိန့်ဆို၏။

ပုလင်းကား အချမ်းပြေမော့ရန်။ ထီးကား ဆောင်းရန်ဟု အကြမ်းဖျင်းမှတ်လေ။ ပုလင်းမပါလျှင် ဘုံဆိုင်သို့ပြေးလေ။ ထီးမပါလျှင်ကား။

မိုးသည်လည်း ပိုးစိုးပက်စက်ရွာဖွဲ့။ ထီးဆောင်းလတ္တံ့ဟု အားရပါးရ အဖွင့်၌ ထီးမေ့ကျန်ခဲ့ကြောင်း သဘောပေါက်ခဲ့သော် ပသို့လုပ်အံ့နည်း။ အဝေးမှ ပူစရာမရှိချေ၊ အနီးစပ်ဆုံး မော်တော်ပီကယ်ဂိတ်တဲသို့ သွား၍ "နောင်ကြီးရယ် မီးခြစ်ကလေးပါရင် ဆေးလိပ်လေးတစ်လိပ်လောက်"ဟု ဝင်ဖော ရှောလုပ်ရင်း မိုးခိုပါလေ။

ယခုလည်း ကျွန်ုပ်တွင်လည်း ထီးသည်ပါမလာ။ မိုးသည်လည်း ပြောမကောင်းဆိုမကောင်း ရွာချလာ၏။ ကျွန်ုပ်တမူကား စမတ်ကျကျလည်း မိုးခိုလိုရသည်မို့

"ညီမလေး တစ်မိနစ်ကို နှုန်းဘယ်လိုခေါ်လဲဟင်"

ဟု လမ်းဘေး'PCO'ဖုန်းဆိုင်မှ အော်ပရေတာမလေးအား ကူလုံ



ကူမာဝင်၍ လုပ်လေသည်။ ချာတိတ်မငယ်သည် ထိုသည်အခိုက်၌ ဖဝိဇဝက်ဖြစ်သွားဟန်ဖြင့် 'အို'ဟု အာမေဍိတ်လေသည်။

"အိုတာပျိုတာထက် မိုးမစိုဖို့က အဓိကပါကွယ်၊ ဟီဟိ"

စိတ်တွင်းမှ ထိုသို့ဆိုရင်း ကျွန်ုပ်ကြိတ်ပြုံးမိလေသည်။ ကံမကောင်းအကြောင်းမလှစွာ စတီးချိုင့်(သို့)ဒေါက်ဖိနပ် တစ်ခုခုကို မတော်တဆ လက်ခံရရှိခဲ့သည်ရှိသော် နားမှ ကျောက်နီနားကပ်လေးပါ ဖြုတ်ပေးဖို့ တောင်းဆိုလိုက်မည်ဟု ဆင်ကြံကြံလျက် ထပ်မံ၍ အူကြောင်ကျားမိသည်မှာ

"တယ်လီဖုန်းလေးက လှလိုက်ပါဘိကွယ်"

ဘာမှမဖြစ်လျှင် ဘာမှမဖြစ်ဟု မှတ်လေ။ ဤကား တရားသဘောတည်း။ သေချာရှုစမ်းပါလော့၊ သူငယ်မလေးကား မိုးပေါက်နှင့်တူသယောင်ယောင်၊ မိုးယုစ်လေးနှင့် တူသယောင်ယောင်ပါလားဟုရို့။ အိမ်းလေး ဇရာထောက်သည်ကြောင့် စက္ခုမံသများမှာ မှောက်မှားချင်သလိုလိုလည်း ဖြစ်ကောင်းဖြစ်နိုင်သည်ပေ့ါ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝှကျ။

ကျွန်ုပ်နှင့် အော်ပရေတာမလေးကြားရှိ 'နယ်ဝေး/မြို့တွင်း'ဟူသည့်အရေးအသားသည်ပင် မှန်၏လော။ 'မြို့တွင်း/နယ်ဝေး'ဟူသည်ပင် အမှန်လောဟု တွေးတောမိပြီးမှ ဘာပဲဖြစ်ဖြစ် သတ်ပုံကတော့ မှန်နေတာပဲလေဟု ဖြေသိမ့်လိုက်မိ၏။ သတ်ပုံမှန်ဖို့သာ အရေးကြီးလေ၏။ (လည်ပင်းညှစ်သတ်လေ၊ အဆိပ်ကျွေး၍သတ်လေ)

မိုးကား ဆော်မြဲဆော်ဆဲတည်း။ တယ်လီဖုန်းရှေ့ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည့်ခဏတွင် သူငယ်မသည် ကျွန်ုပ်အား စူးစူးကြီးရှိုးလျက်ရှိကြောင်း သတိပြုမိ၏။ ရင်ခုန်လှိုက်မောရပါဘိတောင်း 'ဝါဆိုမိုးဦး'၊ ဟီဟိ။

, ဤနေရာတွင် အလျဉ်းသင့်၍ ကျွန်ုပ်၏ဝတ်စားဆင်ယင်မှုကို မနှောင်လာနှောင်သား ဟစ်ဟော့လူငယ်လေးများ အတုယူနိုင်ရန် ဗဟုသုတကလို့ငှာ ဖော်ပြရချေသော်။ ကျွန်ုပ်၏လက်ရင်းတပည့် ထောင်ထွက် 'စောရမင်္ဂုးသီး'လာကန်တော့ထားသော 'ရွှေချိန်သီး'တံဆိပ် ပုဆိုးဖြူ၊ ညဈေးတန်းမဘာထုပ်ဆိုင်မှ အလစ်သုတ်ထားသော 'Bae Bae'တံဆိပ်အင်္ကျီ၊ စည်ပင်သာ ...ာအမှိုက်သိမ်းကားမှ ပြုတ်ကျကျန်ရစ်ခဲ့သော 'ငှက်တော်'တံဆိပ် အမြီးနှစ်ခွ

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနံပါတ်များပါလာတတ်သော
ပဲကြီးလှော်ထည့်သည့်
ဂျာနယ်စာရွက်အပိုင်းအစများ၊ ချိုချဉ်စီးထုပ်၊
နေကြာစေ့ စသည်တို့၏ တံဆိပ် အိတ်ခွံများ၊
တိုင်းရင်းဆေးညွှန်းစာရွက်များ စသည်တို့ကို
အပ်ချည်ကြိုးဖြင့် စုသီချုပ်ထားသော
တယ်လီဖုန်းလမ်းညွှန်စာအုပ်ကို



ရာဘာဖိနပ်တစ်ဖက်၊ အရှုံးဖိုးထောင်ထဲမှ ကြီးနိုင်ငယ်ညှည်း ချော့မော့တောင်း၍ ထားသော ခုံဖိနပ်စုတ်တစ်ဖက်၊ သုဝဏ္ဏမိုးလုံလေလုံ အားကစားရုံရှေ့ အလဲ တိုင်မှ တက်၍ဖြုတ်ယူထားသော အစိမ်းရောင်ခေါင်းပေါင်းစ၊ ပုစွန်တောင် မှုကြိုကလေးများထံမှ ဆရာမလေးများအလစ်တွင် လုပြေးလာသော 'စုပုံရောင်' စိန်တိုက်ထုတ် ဖန်ဂေါ်လီကျောက်လက်စွပ်သုံးကွင်း စသည်တို့ဖြင့် ကျွန်ုပ်၏ စတိုင်မှာ မြောက်ချင်တိုင်း မြောက်နေပေတော့သည်။

"ခွဲဖြဖြတ်ဆုတ်၊ ကပ်ဖာကြောင်ကျား"ခေတ်ရေစီးကြောင်းအရ ကျွန်ုပ်၏လွယ်အိတ်ဖားဖားကြီးထောင့်တွင် မပြပြအောင်ခွဲ၍ တွေ့ရာအစဖြင့် ကောက်ဖာထားသော ထဘီစုတ်ကလေးသည် တစ်စုံတစ်ယောက်သော သူငယ်မတို့၏ လုံချည်အောက်နားစနှင့် ကာလာဒီဇိုင်းတို့ တိုက်ဆိုင်သွားခဲ့ သည်ရှိသော် ကြိုတင်ကြံစည်မှုမဟုတ်။ စာရေးဆရာ၏ ချောက်တွန်းမှုသာ ဖြစ်ပါကြောင်း သိစေအပ်သည်။

ပညတ်တို့၏ကာရံမဲ့စွာ စည်းလွတ်ဝါးလွတ် ကခုန်နေပုံကို ရှုစမ်းပါ ဦးလော့။

"အဘ ဘယ်ကိုဆက်မှာလဲဟင်"

"အို အစ်ကိုကြီး ဆက်ချင်တာကတော့ မိုးမစဲမချင်း ဆိုပါတော့ ကွယ်"



သူငယ်မ၏စိတ်သည် ဝက်ဘာကို ကြက်သားအုပ်မ ယက်ထားသကဲ့သို့ ရှုပ်ထွေးသွားဟန်ရှိ၏။ ကျွန်ုပ်လည်း ကြက်ငှက်တုတ်ကွေးဖြစ်သလိုလို ဦးနှောက်သွေးကြောပြတ်သလိုလို အူလည်လည်လုပ်ပြီးသကာလ ဖုန်းခွက်ကို ကောက်ကိုင်လိုက်လေသည်။

ထို့နောက် ဖုန်းနံပါတ်များပါလာတတ်သော ပဲကြီးလှော်ထည့်သည့် ဂျာနယ်စာရွက်အပိုင်းအစများ၊ ချိုချဉ်စီးထုပ်၊ နေကြာစေ့စသည်တို့၏ တံဆိပ် အိတ်ခွံများ၊ တိုင်းရင်းဆေးညွှန်းစာရွက်များ စသည်တို့ကို အပ်ချည်ကြိုးဖြင့် စုသီချုပ်ထားသော တယ်လီဖုန်းလမ်းညွှန်စာအုပ်ကို လွယ်အိတ်စုတ်ကြီးအတွင်းမှ ဟန်ပါပါဆွဲထုတ်လိုက်လေသည်။

အော်ပရေတာ သူငယ်မလေးကား ဖယောင်းတိုင်မီး မမြင်ဘူးသော လသားကလေးငယ်ပမာ မျက်လုံးလေး ကလယ်ကလယ်ဖြင့် အံ့ဩမှင်တက်မိစွာ စူးစိုက်နေချေ၏။

ကျွန်ုပ်ကား ဖုန်းခွက်ကို ကိုင်ထားလျက်ကပင် 'အဝေရာ'ဆေးတိုက် ဖုန်းနံပါတ်ကို ရှေ့မှ ကုတ်နံပါတ်၇၄၇(ဖိုင်ပြေးသည်ဟု နာမည်ကြီးသည့်နံပါတ်)ခံပြီး နှိပ်လိုက်လေသည်တမုံ့။

မိုးကလည်း ပိုးစိုးပက်စက်ရွာနေဆဲ။ တယ်လီဖုန်းကား အဘယ်လိုင်းမှမဝင်ချေ။ တတူတူ သံတိုဆွဲရင်း အဆက်မပြတ်မြည်၏။ ကျွန်ုပ်လည်း ရာဇာနေဝင်းစတိုင်ဖြင့် မျက်လုံးကို အနည်းငယ်မှေးစင်းလျက်

"ဟလို ရွှေမိုးသည်းနဲ့ပြောချင်၏တေး"

"တူ တူ တူ"

"အိမ်း ဟုတ်စ၊ ရှိရဲ့မဟုတ်လား"

"တူ ဂျစ် ဂျစ် တူ တူ"

"သြော် ရှော့ပင်သွားနေသည်ကိုး၊ နောက်များမှ ပြန်ဆက်လိုက်မည်ပ"

'ရွှေမိုးသည်း'ဟူသော အီစီကလီမလေး၏နာမည်ကို ခုတုံးလုပ်လိုက်ရသည်ကို စိတ်အပုံကြီးမကောင်းပါ။ ယခုထိလည်း ရွှေမိုးကား မတိတ်သေး။ သည်းလိုက်သည့်မိုး။

www.burmeseclassic.com

www.burmeseclassic.com



အို မိုးနတ်မင်း တိတ်လော့၊ စဲလော့။ မတိတ်သေးလျှင်ကား ရင်၏။ လာလေ့ ၀၀၇(ဂျိန်းစ်ဘွန်းနံပါတ်)နှင့် လိပ်ဘိုးဘိုး လိပ်မြေးလေး ရွှေနေကြာ အိတ်ခွံမှဖုန်းနံပါတ်။

"တူ တူ တူ"

"ဝန်ကြီးပဒေသရာဇာ ရှိပါလေစ"

"တူ ရှုပ် ရှုပ် တူ တူ"

"ကျွန်ုပ်သူ့မိတ်ဆွေတည်း။ ဝဿန်ကာလ မိုးကျတည့်လျှင် ကဗျာနှင့်ပတ်သက်၍ စဉ်းငယ်နှီးနှောလိုရသည်ပ"

"တူ တူ"

"ဩော် ဂေါက်ကွင်းက ပြန်မလာသေးဘူး ဟုတ်စ"

"တူ"

"ပဇာ၊ ဩော် ပသို့ကိုး၊ ပြန်လာကပြောလိုက်ပ့ါအေး"


ဖုန်းပြောရင်း သူငယ်မလေးအား မသိမသာစူးစမ်းလိုက်ရာ လက်မှနာရီလေးကို တကြည့်ကြည့်ဖြင့် သနားစဖွယ်ပင် ကောင်းနေဘိတော့၏။ ထိုသည့်ခဏ၌ မိုးသည်လည်း ကံကောင်းထောက်မစွာ တိတ်သွားလေတော့သည်။ ဝမ်ခွေ့၊ ဝမ်ခွေ့၊ ဝမ်ဝမ်ခွေ့တည်း။

ကျွန်ုပ်လည်း ဖုန်းခွက်ကို ပြန်တင်လိုက်ရင်း နောက်ဆုံးစူးစိုက်မိခဲ့သည်မှာ ၎င်းအော်ပရေတာမလေးကား အသေအချာရှုလျှင် 'မိုးပြည့်ပြည့်မောင်'လေးနှင့်လည်း ဆင်သယောင်ယောင်ဟူ၍သာ။

နောင်မှ ဝမ်းနည်းစွာသိရသည်မှာ သူငယ်မလည်း ဖုန်းဘီလ်(ဖုန်းဆက်ခ)တောင်းခံရန် မေ့လျော့နေခဲ့သလို၊ ကျွန်ုပ်လည်း မေ့ချင်ယောင်ဆောင်၍ လစ်ထွက်လာခဲ့မိသည်ဟူ၏။

အိမ်း ကြာတော့ကြာခဲ့ပါပြီပကောလေ။ သို့ပေတည့် မိုးကလေးညို့လာတိုင်း ရင်ထဲမှာ ဘာလိုလိုတည်း။ အနှီနေ့က မိုးပက်ပက်စက်စက် ရွာခဲ့သည်ပ။

■ ဗလကျော်မိုး



www.burmeseclassic.com



# အာဗော်

အများနဲ့မတူတဲ့အမြင်ရှိပါစေ

ကျွန်တော်တို့နိုင်ငံမှာ အတော်ခက်သည့် အကြောင်းတစ်ခုရှိသ အကြောင်းက ကိုယ်ပိုင်အတွေး ကိုယ်ပိုင်အကြံ ကိုယ်ပိုင်ဉာဏ်နည်းကြ ဖြစ်သည်။ ဘယ်အရာကိုမဆို ပုံတူမျိုးပွားလုပ်ချင်ကြသည်။

မြန်မာ့ဂီတလိုင်းကို ဦးစွာကြည့်တော့အံ့။ မြန်မာ့ဂီတ ပင်စည် အစဉ်အလာကြီးစွာ ဂုဏ်ယူရပ်တည်ခဲ့သော်လည်း အခါတစ်ပါး ကော်ပီ သမားတစ်သိုက် ဆိုက်မြိုက်လာချိန်တွင်မတော့ ကော်ပီဆိုမှ သိကွာရှိသ ကိုယ်ပိုင်သံစဉ်ကပဲ မပြည့်မစုံ မကောင်းမ မွန်ရှိသလိုနှင့် ကမ္ဘာ့အလယ် မြန်မာ့ဂီတသည် အောက်တန်းနောက်တန်း ကျခဲ့ရပါသည်။

အိမ်နီးချင်းအင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနိုင်ငံများမှ ကိုယ်ပိုင် စဉ်နှင့် ကမ္ဘာကို ထိုးဖောက်နေချိန်မှာ ကိုယ့်နိုင်ငံကလူတွေက ၎င်းသီချင်း ကို မြိန်ရေယှက်ရေ လုယက်၍ ကော်ပီဆိုကြသည်။ ခိုးဆိုရသော ကော် သီချင်းကိုပဲ ငါအရင်ဆိုတာ သူအရင်ဆိုတာ ဆိုပြီး မာန်ဖီဟန်လုပ် တာမ ပင် ခုတ်လိုက်သေးသည်။ ရှက်ခမန်းလိလိပါပေ။





တရေးနိုးလာတော့
ဂိုးသမားတို့ထုံးစံအတိုင်း
ရင်ပူလာကာ အိပ်မပျော်မှုများနှင့်
အနီးရှိ သူ့ကျောက်မျက်လုံး
စိမ်ထားသော ရေခွက်ကို
မော့သောက်မိ၏။

ထူးအိမ်သင်တို့လို ကိုယ်ပိုင်သံစဉ်သမား တစ်ဦးပေါ်လာတော့လည်း ဟဲ့ ငါတို့မှာလည်း ကိုယ်ပိုင်သံစဉ် သီချင်းကောင်းကောင်းလေးတွေ ရေးတတ် ဆိုတတ်သူတွေ ရှိပါသေးလားဟု ဂုဏ်ယူမလို ပြင်ဆဲတွင်ပင် ယောတစ်ယောက် ယောတစ်ယောက်နှင့် ထွက်လာသည့် ထူးအိမ်သင်အတုတွေ အတုတွေ ကဲ ထားတော့။

စာပေဖက်ကြည့်ပြန်တော့လည်း ဆရာမောင်စိန်ဝင်းတို့လို ခေတ် တစ်ခေတ်ကို ကဗျာ အနုအညွန့်များနှင့် လေးနက်သော အတွေးများ ပေါင်း စပ်ပုံဖော်သောဝတ္ထုမျိုးစိတ်သစ်တစ်မျိုး ပေါ်လာရုံရှိသေးသည်။ မောင်စိန် ဝင်းအတုများ ဒုန်းဒေး ထွက်ပေါ်လာကြပြန်သည်။ သူများချစ်ရင် ဘုမသိဘ မသိ ဝင်ချစ်လိုက်ကြ။ သူများ ဟာသဆို ဘုမသိဘမသိ ဟာသလိုက်ကြ။ သူများ သရဲလုပ်လို့ အလုပ်ဖြစ်ပြီဆို ဘုမသိဘမသိနှင့် ဝိုင်းဗျဲလိုက်ကြ။ ဆိုးပေစွ။

ရုပ်ပြကိုကြည့်ဦးမလား။ မြတ်ဝင်းထိန်ပေါ်လာတော့ မြတ်ဝင်းထိန် အတုများ ရိုက်သတ်လျှင်ပင် လက်ညောင်း၍သေနိုင်၏။ ပိုးဇာပေါ်လာတော့ လည်း ပိုးဇာအတုများ၊ ကျော်အောင်မော် စိုင်းလားရှိုးတို့ ထူးခြားစွာထွက်လာ တော့လည်း အတုတွေ အတုတွေ။ တွတ်ပီ အတုယူမလား၊ ဝိဇ္ဇာအတုယူမ လား။ ဘုရားဇာတ်တွေ ခေတ်ကောင်းပြီဆိုတော့ ကျော်အောင်မော်အတုက လည်း ဘုရား၊ ဝိဇ္ဇာအတုကလည်း ဘုရားနှင့်၊ မိုးမှောင်အောင်တွန်းထုတ်။ ယို့နှင့်ပင် ရုပ်ပြဆိုသော ခေတ်တစ်ခေတ်လုံး ပျက်ကြပြန်သည်။

ရုပ်ရှင်က ပို၍ပင် ထင်သာမြင်သာရှိသည်။ တော်တော်နှင့်ရေးကား

www.burmeseclassic.com

www.burmeseclassic.com



ခေတ်စားသောခေတ်တွင် ရိုက်သော မင်းသားမင်းသမီးတစ်ဦးသည် တစ်ကား လာလည်း ဂျပန်က မုဒိန်းကျင့်လိုက်၊ နောက်တစ်ကား ချစ်တီးက ဖျက်ဆီး လိုက်၊ နောက်တစ်ကား သူကြီးက ခြေတော်တင်လိုက်၊ နောက်တစ်ကား သူကြီးသားက စော်ကားလိုက်နှင့် ဖောသွပ်စုပ္ပ စိတ်ဓာတ်ကျကာ ရုပ်ရှင်တစ်ကြောင်းပင် ပြတ်ခဲ့ကြောင်း မှတ်သားရဖူးပါသည်။

အချစ်ဇာတ်ကားတွေ ဖြစ်ပြန်ပဟာဆို လုပြီး ချစ်ကြပြန်၊ မိဘမေတ္တာ တစ်ကား ပိုက်ဆံရပြီဆိုသည်နှင့် ရိုက်လိုက်သည်။ မိဘမေတ္တာတွေ တိုင်းပြည်လည်း ငိုရလွန်းသဖြင့် မြော့မြော့သာကျန်တော့သည်။

ဟော ခုတော့ ဟာသ။ တစ်သက်နေလို့ တစ်ခါမရယ်ဘူးသည့် လူများကလည်း သူ့မှ ဟာသဲ့သမား ဖြစ်ကုန်ကြပြန်သည်။ ဟာသမရှိ ဟာသ,သဘောကိုမသိဘဲ လုပ်စရာမရှိ ပေါင်လှန် ပြက်လုံးထုတ်ကြသည်။ ပရိသတ်ကို အဆိပ်ခတ်ကြပြန်သည်။

ဒါက အနုပညာလောကကိုသာ ဖော်ပြခဲ့ခြင်းဖြစ်သည်။ အခြားသော လောကတိုင်းတွင်လည်း ဤသို့နှင်နှင်ပင်။ ကွန်ပျူတာတွေအဆင်ပြေပြီဆိုသည်နှင့် ဖွင့်လိုက်သည့်ကွန်ပျူတာဆိုင်တွေ။ ဟော ဂိမ်းဆိုင်မှ အဆင်ပြေသည်ဆိုလည်း ဖွင့်ပြန်ပဟ ဂိမ်းဆိုင်များ။ ဖုန်းဟ ဖုန်းဟ ဆိုလျှင်လည်း အရပ်ထဲမှာလည်း ဖုန်း၊ နတ်ပွဲမှာလည်း ဖုန်း၊ ဖုန်းဆိုင်တွေ ရိုက်သတ်မကုန် အောင် ပေါ်လာပြန်သည်။

ဒီလိုပဲ ဘိလိယက်၊ စနူကာ၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘောစသည် ဖြင့် အကွေ့ကွေ့ပေါ်လာလိုက် ပျောက်သွားလိုက် ဖြစ်ခဲ့ရသည်။ အမှန်တော့ ကိုယ်ပိုင်အတွေးအမြင် ကိုယ်ပိုင်အလုပ်၊ ကိုယ်ပိုင်အကြိုက် အားနည်းနေ၍ ဖြစ်ပါသည်။

ခေတ်စကားနှင့် အလွယ်ပြောလျှင် ဂယောင်လျှောက်ရိုက်နေကြခြင်း ဖြစ်သည်။ ကိုယ့်အကြိုက်ကိုယ်မသိ၊ ကိုယ့်ကိုယ်ပိုင် ထူးခြားသော အမြင်မရှိ။ ထူးခြားသောအမြင်ရှိ၍ သူ့ကိုကုသသော ဆရာဝန်ပင် ငုတ်တုတ်မေ့သွားသူတစ်ဦး အကြောင်း အကြောင်းတိုက်ဆိုင်၍ တင်ပြလိုပါသည်။

ရင်းလူက ကျောက်မျက်လုံးတစ်ဖက် ထည့်ထားရသော တစ်ဖက်



လပ်ငိုးသမားတစ်ဦးဖြစ်သည်။ တစ်ည အရမ်းမူးပြီး အိမ်ပြန်လာသည်။ ကျောက်မျက်လုံးသမားတို့၏ ထုံးစံအတိုင်း ကျောက်မျက်လုံးကို အနီးရှိဖန် ခွက်ထဲထည့်၍ ရေစိမ်ကာ သတိလက်လွတ်နှင့် အိပ်၏။ တရေးနိုးလာတော့ ငိုးသမားတို့ထုံးစံအတိုင်း ရင်ပူလာကာ အိပ်ချင်မူးတူးနှင့် အနီးရှိ သူ့ကျောက် မျက်လုံးစိမ်ထားသော ရေခွက်ကို မော့သောက်မိ၏။

မနက်ကျတော့ ကျောက်မျက်လုံးပျောက်နေ၏။ ညတုန်းက သတိလက်လွတ်မူးနေခဲ့သဖြင့် သူ့ကျောက်မျက်လုံး အရက်ဆိုင်မှာကျန်ခဲ့လား၊ ကားပေါ်မှာ ကျန်ခဲ့လား စဉ်းစားမရ။ ကျောက်မျက်လုံး အသစ်ပြန်လုပ်ရတော့မည်။ ထားတော့။ ဒါက ပြဿနာတစ်ခု။ နောက်ပြဿနာတစ်ခုက ဝမ်းထဲ ဂလူးဂလူးနှင့် မွှေနေပြီး ဝမ်းသွားမရခြင်းဖြစ်၏။ ဝမ်းသွားချင်ပြီး အိမ်သာပေါ်ပြေးထိုင်၍ တင်မချောင် နားထောင်ထောင်အောင် ညှစ်သော်လည်း ဝမ်းကမထွက်၊ ချွေးစက်လက်ထွက်တာသာ အဖတ်တင်၏။

လေးရက်မြောက်နေ့ကျတော့ ဘယ်လိုမှ သည်းမခံနိုင်တော့။ အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဆရာဝန်နှင့် သွားပြသည်။ ဆရာဝန်ကြီးက ဓာတ်မှန်ရိုက်သည်။ အန်ထရာဆောင်းလ် ရိုက်သည်။ ဘာမှမထူးခြား။ အားလုံး အကောင်းပင်။

နောက်ဆုံး အဖြေကို ရှင်းလင်းစွာ သိနိုင်အောင် ပုဆိုးမ၍ ထွက်ပေါက်ကိုလှေ့လာ၏။ ဤတွင် ဆရာဝန် ငုတ်တုတ်မေ့သွား၏။ သူနာပြုများက ဆရာဝန်ကြီးကို ဝိုင်းဝန်းနှာနှပ်ပြီး ပြုစုကြရ၏။ ဆရာဝန် သတိလည်လာမှ ဝိုင်းမေးကြတော့ ဆရာဝန်ကြီးက အကြောက်မပြေသေးတဲ့မျက်နှာနဲ့ ကတုန်ကယင်ကြီး ဒီလိုဖြေ၏။


"ဒီလိုရောဂါတွေ အများကြီး ကုခဲ့ဖူးပါတယ်၊ ဒါပေမယ့် လုပ်သက်နှစ်လေးဆယ်အတွင်းမှာ စအိုက မျက်လုံးပြူးကြီးနဲ့ စိုက်ကြည့်နေတာ ဒီတစ်ခါပဲ ကြုံဖူးသေးတယ်ဗျာ"တဲ့။

ကိုယ်ပိုင်ထူးခြားသော အမြင် ရှိသူပါပေ။

■ ဆုပရှာန်

www.burmeseclassic.com

www.burmeseclassic.com






## ပုန်းရှုံး

ဘယ်နေရာဗိုးလို့ ဘယ်နေရာဂိုးဂိုး အမြင်ကတ်အောင် တွေ့နေရတဲ့ လမ်းဘေးကြီးဖုန်းတွေက အခုတော့ဖြင့် ဆက်သူတွေမရှိသလောက်အောင် ရှုယိုးပါးလာပြီ။ အဲဒီလမ်းဘေးဖုန်းတွေကို ကျွန်တော်မှတ်မိပါသေးသည်။ ဖုန်းဝင်သွားရင် 'ဂီ ဂီ'လို့ အသံရှည်ကြီးပေးလို့ စကားပြောတဲ့အခါကျရင် တရှဲရှဲလေသံတွေများပြီး သူ့အသံကိုယ်မကြားရ ကိုယ့်အသံ သူမကြားရနှင့် နှစ်ဦးနှစ်ဘက် ရမ်းပြီး ဟုတ်ကဲ့လုပ်နေရသည်။ လျှော်မည့်ဟာဆို တန်းခနဲနေမှာပဲ။ ဟုတ်ကဲ့တွေပြီးပြီ ထားကြပါစို့။

"ညီမလေး ဘယ်လောက်ကျလဲ"

ကောင်မလေးက ဝတ္တုဖတ်မပြတ်ဘူး။

"ညီမလေး ဘယ်လောက်ကျလဲလို့"

"သယ် သိုကြီးကို မေ့နေသာ"

နာရီလေးကြည့်ရင်းမှ

"ငါးရာကျသယ်၊ နောက်လည်း လာတက်ဦးနော်"

စကားပီရက်နှင့် ဟန်လုပ်နေခြင်းဖြစ်သည်။

"လာဆက်ဦး"လို့ ဖိတ်ခေါ်တာကိုများ "လာတက်ဦးနော်"တဲ့

ကောင်းကြသေးလား၊ ကျွန်တော့်ဘက်ကတွေးရင် ဘာတက်လာရမလဲ။ ထားပါစို့။

www.burmeseclassic.com

www.burmeseclassic.com



"မများဘူးလား၊ ငါပြောတာ ဟုတ်ကဲ့ပဲဟာ"

"မီးသို့ဖုန်းမို့ ငါးရာတောင်းတာ၊ ဟိုဘက်ဖုန်းတွေသို ဟဲလိုငါးရာ၊ ဟုတ်ကဲ့တစ်ထောင် ယူသာအစ်တို"

အစ်ကိုများ အစ်တိုတဲ့။ ကျွန်တော်တွန့်သွားသည်ကို ကောင်မလေးက

"အစ်ကို့စိတ်ထဲ မတန်ဘူးထင်လို့လား"

ကောင်မလေးဆိုတဲ့အသိနှင့်ကို ခွင့်လွှတ်ပြီးသားဖြစ်တဲ့ ကျွန်တော် ဘူးစိတ်ကလဲ

"အစ်တိုလည်း ငါးရာတန်ပါတယ်၊ အရှည်လည်း တစ်ထောင်တန် ပါတယ် ညီမကွေးရယ်"

ကျွန်တော်လည်း ဟန်လုပ်ပြီး စကားဝဲပစ်လိုက်သည်။ ငါးရာပေး ပြီး ပြန်ဒိုးခဲ့သည်။ ဆွဲမဆောင်ဘဲ ဆောင့်ဆွဲတဲ့ဒီလိုဖုန်းမျိုးတော့ နောက်တစ် ခါ Noပါပဲဗျာ။

ထိုအခိုက်တွင် ဟမ်းဖုန်းတွေ အီးငွေ့ပျံသလို ခေါင်းထောင်လာခဲ့သည်။ ကျွန်တော် ဖုန်းဝယ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ဖြစ်ချင်တော့ ဒီတုန်း က ဖုန်းဈေးက ဆယ်သိန်းကျော် ကျွန်တော်ရှိတဲ့ငွေက ငါးသိန်းကျော်ဆိုတော့ လုံးဝမဖြစ်သေး။ ဈေးကျမှာပဲလို့ တွေးပြီး စောင့်နေပြန်တော့လည်း ဖုန်းဈေး က ဆယ်သိန်းအထက်က လုံးဝမဆင်းဘဲ ဆက်လျက် ယောင်ဖောနေသည်။ ဪ ခက်လေစွ ခက်လေစွ။

ဤသို့ ဤပုံ ဖုန်းဈေးမလိုက်နိုင်တဲ့ ကျွန်တော်တစ်ယောက် ဘဝ ဘဝသံသရာအဆက်ဆက်က တော်စပ်ခဲ့ဖူးသော ထိုင်းနိုင်ငံက အမေသီရိတဲ့ ကို အားကိုးရပြန်သည်။ (အမေရယ် မြင်လှည့်စမ်းပါဗျ)ကျွန်တော်ကပဲ မီအ အမွေကို မရထိုက်တာလား။ အမေဖြစ်သူကပဲ အလိုက်ကန်းဆိုးမသိတာလား မပြောတတ်။ ကျွန်တော့်ရှိတဲ့ငွေငါးသိန်းကျော်က ထန်းလျက်ခဲခွေးလျက်သလို လုံးပါးပါးသွားခဲ့သည်။ (အမေရယ် အမွေမပေးလည်း နေပါတော့၊ နောက်ထပ် ပြီးဒုက္ခမပေးရင် ကျေနပ်ပါပြီ)

ကျွန်တော့်ထန်းလျက်ခဲ ခွေးလျက်အပြီးတွင် အဲ ဟုတ်ပေါင်။ ကျွန် တော့်သူငယ်ချင်းလည်း ဖုန်းရှုပြန်သည်၊ သူငယ်ချင်းမှာလည်း ဘာအလုပ်မှ



မရှိလို့ လမ်းဘေးက အစ်တိုငါးရာ အရှည်တစ်ထောင်၊ အဲ သိသိနဲ့ လွဲပြန်ပ ဟာ၊ ဟဲလိုငါးရာ ဟုတ်ကဲ့တစ်ထောင် ဆိုတဲ့ လမ်းဘေးဖုန်းတောင် မဆက်နိုင် တဲ့ အကောင်။ ဖုန်းရှုးသူငယ်ချင်းကို ဆရာဝန်အရှုးလည်း ကုစားနိုင်မည် မဟုတ်တော့။ အဲဒီကောင် ဖုန်းရှုးတာက တစတစနှင့် ပြင်းထန်လာခဲ့သည်။ လမ်းဘေးက ဖိနပ်စုတ်မြင်ရင်တောင် ဟဲလိုပြောပါခင်ဗျာ ကျွန်တော်ဘောစိ ပါ တဲ့။ လူကငမွဲ ပါးစပ်ကဘောစိပါတဲ့။ ဒါတင်ဘယ်ကဦးမလဲ လေလည်ရင် တောင် ဖုန်းခနဲ ဖုန်းခနဲ နှင့်။

ဆယ့်ငါးရက်လောက် ခြေရာဖျောက်သွားတဲ့ သူငယ်ချင်း တစ် ယောက်၊ အခုတော့ မှိုတစ်ခြံလုံးရဲ့ မျက်နှာမျိုးနှင့် ကျွန်တော့်ဆီ ရောက်လာ ခဲ့သည်။

"ဟေ့ကောင် ဒါဘာစာရွက်လဲ၊ ရှုစမ်းပါဦး"

ကျွန်တော် စာရွက်ကို ဆွဲယူကြည့်လိုက်သည်။ စာရွက်က ကျွန် တော့်အတွက် စိတ်ဝင်စားလောက်တဲ့ စာရွက်တော့ မဟုတ်ပါဘူး။ စာ၌

"ကျွန်တော်သည် ပန်းချီဆရာ ကိုမဆန်းဖြစ်ပါသည်။ အရက်ကို အလွန်အကျွံမှီဝဲခဲ့သောကြောင့် အသည်းကင်ဆာ ဖြစ်နေခဲ့ပါသည်။ အသည်း အစားထိုးကုသမှု အရေးတကြီး လိုအပ်နေပါသဖြင့် အသည်းတစ်ခြမ်းလောက် လှူဒါန်းစေလိုပါသည်၊ လှူပြီးတဲ့နောက်မှာလည်း အရက်သေစာ ဆေးခြောက် စတဲ့ သူရာမေဒရက်တွေကို လုံးဝပယ်စွန့်ရှောင်ရှားပြီး အမျိုးဘာသာသာသနာ အတွက် အသက်ရှင်သ၍ လုပ်သွားပါမည်။ (ယုံပါဘူး ကျွန်တော်တွေးဝင်) ငါးပါးသော သီလတော်မြတ်ကိုလည်း ခါးမှာဝတ်တဲ့ ဘောင်းဘီကဲ့သို့ နိုင်မြဲ စွာ စောင့်ထိန်းပါမည်၊ ပုဆိုးမဝတ်လို့ ဘောင်းဘီလို့ ရေးခြင်းဖြစ်ပါသည်။ အလှူရှင်ကိုလည်း ကျေးဇူးဆပ်ပါမည်၊
အသည်းဝေဒနာသည် ပန်းချီကိုမဆန်း
ဆက်သွယ်ရန်။ ။၀၉၅၀. . . ."

အတောင်တစ်ရာပြရင် တစ်ထွာလောက် ချုံ့သိတတ်တဲ့ ကျွန်တော် က နားလည်ပါသည်။

"ငါ အဲဒီအသည်းကို လှူတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာတွင် ဝေဒနာသည်၏ကျေးဇူးဆပ်ပါမည်ဆိုတဲ့ မျှော်လင့်ချက်ရောင်ခြည်တွေ ဖိတ်ဖိတ်တောက်နေသည်။ ဝေဒနာသည်တုန့်ပြန်တဲ့ ကားတွေ၊ တိုက်တွေအပြင် သမီးနှင့်ပါ ခွဲပေးစားတော့မည့် ရောင်ခြည်မျိုးတွေပေါ့။ အိုဟောင်းခဲ့သော ရုပ်ရှင်တွေထဲမှာလည်း ဝေဒနာသည်ဘောစိကအလှူရှင်ကို သမီးနှင့်ထုတ်ပေးစားခဲ့တာ အကြိမ်ကြိမ်မဟုတ်လို့လား။ သူငယ်ချင်းစိတ်ကို သိနေတဲ့ကျွန်တော်က ဘာကိုမှ စောဒကမတက်တော့ပါဘူး။ လှူချင်ရင်လှူ မလှူချင်ရင်နေလိုက်။ အဲ ဒါနဆိုတာ ပေးကမ်းစွန့်ကြဲခြင်းပါ။ ပေးကမ်းစွန့်ကြဲတဲ့နေရာမှာလည်း လွတ်လွတ်ကျွတ်ကျွတ် ပေးကမ်းမှုလေး။ အကျိုးကို လိုလားတောင်းတပြီး ဒါနလုပ်မယ်ဆိုရင် ဒါနလို့အမည်တပ်လို့ မရဘူးမဟုတ်ပါလား။ ပါရမီဆယ်ပါးတွင် မြတ်သောဗုဒ္ဓက ဒါနနှင့်ပတ်သက်၍ အကျယ်ဟောထားတာရှိပါသည်။

"ငါ ဆေးစစ်ချက်တွေ အကုန်အောင်ပြီးပြီ၊ နောက်တစ်ပတ်ထဲမှာ ကိုရီးယားဆိုးလ်မြို့ကို သွားရတော့မှာ၊ ကိုရီးယားဆိုတာ မင်းသိတဲ့အတိုင်းပဲလေ"

မသွားခင်ကတည်းက ကြွားလုံးလေးက ပါနေပြီ။ ကိုရီးယားက ပြန်လာရင် မရိုးသေစကား ဖင်လှန်ထောင်ကြွားမလားပဲ။

"မြန်မာပြည်မှာ လှူလို့မရဘူးလား"

"စိတ်မချရဘူးလေကွာ၊ အဲဒါကြောင့် ကိုရီးယားသွားပြီး ခွဲစိတ်မှုတွေ ပြုလုပ်ရတာ၊ ဂျပန်၊ စင်္ကာပူ၊ အိန္ဒိယတို့လည်း မဆိုးပါဘူး၊ ဒါပေမယ့် ကိုရီးယားဆိုတာ မင်းသိတဲ့အတိုင်းပဲလေ"

ဒါနအကြောင်းမပြောဘဲ ကိုရီးယားပဲ ထပ်ကျော့နေသည်။ ဖြစ်နိုင်မယ်ဆိုရင် ပြည်ပအားကိုးပုဆိန်ရိုးဆိုတဲ့ သတင်းစာထဲက ဆောင်ပုဒ်နှင့်အညီ ပါးဖြတ်ရိုက်ပြီး နားရွက်ဆွဲဖြုလိုက်ချင်သည်။

"ဒါဆိုလည်း မင်းသဘောပဲကွာ"

ကျွန်တော် ဒီလောက်ပဲ ပြောလိုက်မိသည်။ သူငယ်ချင်းမျက်နှာမှာဖြင့် ဒါနနှင့်မဆိုင်သော အဒါနများနှင့်။

× × ×



> တစ်လဆိုသော အချိန်တိုအတွင်း အသည်းလှူသူငယ်ချင်း ကျွန်တော့်အိမ်သို့ ရောက်ခဲ့သည်။ ဝေဒနာသည် အလှူရှင်က တုံ့ပြန်လိုက်သော ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်အပြင် ပိုက်ဆံများနှင့်။

တစ်လဆိုသော အချိန်တိုအတွင်း အသည်းလှူသူငယ်ချင်း ကျွန်တော့်အိမ်သို့ ရောက်ခဲ့သည်။ ဝေဒနာသည် အလှူရှင်က တုံ့ပြန်လိုက်သော ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်အပြင် ပိုက်ဆံများနှင့်။ နောက်ဆိုလည်း ဝေဒနာသည်မှ အလှူရှင်သူငယ်ချင်းအတွက် ဘဏ်မှာငွေသိန်းသုံးရာ သူ့အတွက်ပေးအပ်ဦးမတဲ့။ (သူငယ်ချင်းအပြောပေါ့)ကိုရီးယားမှ ပြန်လာကတည်းက ကြွားချက်ကလည်း ကက်ကက်လန်ပါပဲ။ စကားလုံးတွေကလည်း ကောင်းကင်ကမဆင်း။ ကျွန်တော့်အဖို့ လေယာဉ်နှင့်လိုက်ပြီး နားထောင်ရမလို။ (နောက်ရေးတဲ့ဝတ္ထုများတွင် ကြွားစရာစကားမရှိရင် သူ့စကားတွေနဲ့ ယူသုံးကြွားပါဦးမည်)ကျွန်တော့်အိမ်နားက လူတွေကိုလည်း အိမ်စေ့၊ လူစေ့၊ သူ့ဖုန်းနံပါတ်တွေ ဝေလိုက်တာများ လွန်လို့ ကျုံလို့ပါပဲ။ "ဟဲလို ဘယ်သူနဲ့တွေ့ချင်လို့ ခေါ်ပေးပါဦး"ဆိုတဲ့ သူ့ဖုန်းသံတွေကို တစ်နေ့အကြိမ်နှစ်ဆယ်လောက် ကြားလာရတော့သည်။ သူ့ဆီလာတဲ့ဖုန်းက တစ်ယောက်မှမရှိ။ ဘယ်ရှိမလဲ။ သူ့ကိုဖုန်းခေါ်မယ့်သူငယ်ချင်းဆိုလို့ ကျွန်တော်တစ်ယောက်တည်း။

ဒီနေ့မှာဖြင့် သူငယ်ချင်းနှင့်ကျွန်တော် အတူထိုင်နေကြဖြစ်တဲ့ ရွှင်းဟောက်(စ်)လက်ဖက်ရည်ဆိုင်၏ ထောင့်ခုံလေးတွင် အတူထိုင်ရင်း တီးသောက်နေကြသည်။

"တို့မြန်မာပြည်က ဆင်းရဲပါတယ်ကွာ"

သူကြွားတော့မည်။ ဒီကြွားလုံးတွေကိုလည်း သူရောက်တဲ့နေ့ကစပြီး နားပေါက်ချဲ့နားထောင်ခဲ့ရသည်။

"ကိုရီးယားမှာဆို ဆင်းရဲလှပါဘိဆိုတဲ့သူတောင် ကားတစ်စီးနဲ့တိုက်ခန်းရှိတယ်၊ အဲကွန်းနဲ့နေ၊ ငါ့လိုလည်း ဖုန်းရှိတယ်၊ တိုက်ကြီးတွေဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်ရတာ"

"တိုက်ကို မော့မကြည့်ဘဲ ငုံ့ကြည့်လို့မှ မရတာ"

ကျွန်တော့်အသံက ဒီတစ်ခါတော့ မာသည်ထင်သည်။ ဟုတ်တယ်လေ။ သူချည်း ကြွားနေသားပဲ။

"မဟုတ်ဘူးကွ၊ ငါဆိုလိုတာက"

"တော်ပါတော့ကွာ၊ မင်းပြောမယ့် စကားတွေ ငါအကြိမ်နှစ်ဆယ်ကျော်လောက် ကြားပြီးသားတွေ"

"မင်းက မှတ်မိသားပဲနော်"

စိတ်တိုလို့ပြောနေတာတောင် အဟုတ်ထင်နေသည်။ ကိုရိုးယားက ဗိုက်ဖောက်ချုပ်ထားတဲ့ ချုပ်ရိုးကိုသာ ဆွဲဖြုပစ်လိုက်ချင်သည်။

"ကဲကွာ၊ ငါ့ ကောင်မလေးကို သွားရှိုးတော့မယ်"

ဆိုင်ကယ်သံ တလုံလုံ ထွက်သွားတော့သည်။ ဒီလောက်ဆို ကျွန်တော်၏နေ့စဉ်အလုပ်ကို သဘောပေါက်ပါသည်။ သူငယ်ချင်း ကောင်မလေးအနားရောက်ခါနီးတွင် ကျွန်တော်က လမ်းဘေးဖုန်းနှင့် ဖုန်းဆက်ပေးရမည်။ အဲဒီအခါ ကောင်မလေးအနားက သကောင့်သားက ကောင်မလေးအထင်ကြီးမယ့်စကားတွေ ပြောမည်။ ကျွန်တော်က တပည့်ကြီးလုံးလုံးကို ဖြစ်လို့ပေါ့။ အခုဆို သကောင့်သား ကောင်မလေးအနား ရောက်နေလောက်ပြီ။

"ဟဲလို ဘောစ်လား၊ ကျွန်တော်ပါ"

"ဪ အေး တပည့်ပြောကွာ"

သကောင့်သားဖုန်းက စပီကာဖွင့်ပြောမှန်းသိလို့ ကျွန်တော့်အသံကလည်း မရိုးသားချင်ပေမယ့် ရိုးသားသကဲ့သို့။

"ဘောစ် ဒီနေ့ ကုမ္ပဏီလာမှာလားဟင်"

"အခု မလာသေးဘူး၊ နာရီဝက်စောင့်၊ ခဏနေရင် ငါ့လက်မှတ်နဲ့လူတစ်ယောက် မင်းဆီပိုက်ဆံလာထုတ်လိမ့်မယ်၊ အဲဒါ သိန်းတစ်ထောင်ပေးလိုက်၊ ရှင်းလား၊

နောက်ပြီး ထန်းတပင်မြို့က ဆရာတော် ဦးဥတ္တမက ဖုန်းဆက်လိမ့်မယ်၊ အဲဒီအခါကျရင် သိန်းငါးထောင်ကုန်ကျမယ့် သုံးထပ်ကျောင်း ဘော



စ်လှူမယ်လို့လျှောက်၊ ဒါပဲ နောက်အရေးကြီးမှဆက်"

"ဟုတ် ဟုတ်ကဲ့ဘောစ်"

ကျွန်တော့်မှာလည်း သူ့ဆီ ဖုန်းရိုက်တည်းက မုသာဝါဒတွေကျူးလွန်နေရသည်။ ဘယ်အချိန်ထိ မုသာဝါဒ ကျူးလွန်နေရမလဲမသိ။

သူ ကောင်မလေးကို သွားရှိုးတာ ရှစ်နာရီတောင် ရှိနေပြီ။ သူ့ဆီ ဖုန်းဆက်ဖို့ မှာထားခဲ့သော်လည်း သူ့ဖုန်းက ဒီနေ့မှ လုံးဝဆက်လို့မရ၊ ဘယ်တတ်နိုင်မလဲ။ ကျွန်တော့်စိတ်ထဲမှာလည်း ဒီနေ့အတွက်တော့ မုသာဝါဒ ကင်းသည်လို့ ခံစားနေရသည်။ ဟုတ်တယ်လေ။ သူ့ဆီဖုန်းဝင်သွားရင် လိမ်လည်မှုနှင့် မုသာဝါဒကျူးလွန်မြဲ မဟုတ်လား။

အရက်သမားများ နေညိုချလေပြီတဲ့ နေဝင်ရီတရော အချိန်သို့ရောက်ခဲ့ပြီ။ အလုပ်မရှိရင် မနေတတ်တဲ့ ကျွန်တော်လည်း ဟားခလုတ်မျက်နှာဖုံးတစ်ခုဖြစ်တဲ့ မိုနာလီဆန်း ပန်းချီကားကြီးကို အလုပ်တစ်ခုအဖြစ် ထိုင်ကြည့်နေမိသည်။

"ဟေ့ မောင်နှင်းဆီ"

ကျွန်တော် ပြန်ထူးချိန်တောင် မရလိုက်ဘဲ အိမ်ထဲသို့ ဘုရားလူကြီးလည်းလုပ်၊ ဥက္ကဋ္ဌလည်းဖြစ်တဲ့ ဦးဘိတ်ချေးနှင့်အတူ ရဲနှစ်ယောက်အပြင် ဗိုက်ရွှဲရွှဲလူကြီးတစ်ယောက် ဝင်လာကြသည်။

"ထိုင်ကြပါခင်ညာ"

ရဲမြင်ရင် အလိုလိုကြောက်နေတဲ့ ကျွန်တော့်အဖို့ စကားတောင်မပီတော့။ ဥက္ကဋ္ဌက ဘုရားလူကြီးလေသံနှင့် စလာခဲ့သည်။

"နှစ်ဆယ့်လေးနာရီ ဖုန်းဆက်တဲ့ မင်းသူငယ်ချင်း၊ အခုဆေးရုံမှာရောက်နေပြီမောင်နှင်းဆီ"

ဘယ်သူဆိုတာ ကျွန်တော်သိပါသည်။

"ဘာဖြစ်လို့လဲ"

ဗိုက်ရွှဲရွှဲလူကြီးက

"ဖြစ်ပုံက ဒီလိုမောင်ရင်ရဲ့ ဦးက ကိုယ့်လမ်းကိုယ် ကားမောင်းလာတာ၊ မောင်ရင့်သူငယ်ချင်းက ဆိုင်ကယ်ပေါ်ကနေ မိုးမမြင် လေမမြင် ဖုန်းပြော

www.burmeseclassic.com

www.burmeseclassic.com



ရင်း ဦးကားကို ဆိုင်ကယ်နဲ့ ဝင်တိုက်တာလေ"

ဗိုက်ရွှဲရွှဲလူကြီးပြောတာလည်း ဟုတ်နိုင်ပါသည်။ သကောင့်သားက လည်း ဖုန်းကို နားရွက်ကပ်လိုက်တာနှင့် ဘာကိုမှမမြင်တော့။ ဒါပေမယ့် ယာဉ်ကြီးနှင့်ယာဉ်လေးတိုက်ရင် လို့ ကျွန်တော်တွေးပြီး၊

"ဒါဆို ဦးလေးတို့သဘောက"

"မောင်ရင့်သူငယ်ချင်းကိုတော့ ဦးက အရေးမယူပါဘူး၊ မောင်နှင်း ဆီစိတ်ထဲလည်း အားလုံးဟာ ဖြစ်ပျက်လို့ သဘောထားနိုင်အောင် အဟမ်း အဟွတ် နောက်ပြီး"

"ခဏနေပါဦး၊ ဦးဘိတ်ချေး ဆိုင်ကယ်တိုက်ခံ အဲ ဆိုင်ကယ်နဲ့ကား ကိုတိုက်တဲ့ ကျွန်တော့်သူငယ်ချင်း ဘာဖြစ်သွားသေးလဲ"

ဗိုက်ရွှဲကြီးက ဝင်ပြောသည်။

"ဘာမှတော့ မဖြစ်ပါဘူး၊ ဆရာဝန်ကြီးတွေကတော့ လက်နှစ်ဘက် နဲ့ခြေနှစ်ချောင်း ဖြတ်ရမှာလို့ ပြောတာပဲ"

လူတစ်ယောက်ကို ခြေနှစ်ဘက် လက်နှစ်ဘက်ဖြတ်တာတောင် ဘာမှမဖြစ်ပါဘူးတဲ့။ ကျွန်တော် စိတ်မတိုဘဲ ရှိမလားဗျ။

"ဒါဆို သစ်တုံးကြီးနဲ့ ဘာကွာတော့လဲဗျ၊ စဉ်းစဉ်းစားစားလည်း ပြောပါဦး"

ရဲသားတစ်ယောက်က ခါးကိုအနည်းငယ်မတ်ပြီး၊

"စိတ်မလောပါနဲ့ မောင်ရင်၊ ငါတို့မှုခင်းမှာဆို ကားပေါ် ဆိုင်ကယ် ပေါ်ကနေ မိုးမမြင်လေမမြင်ဖုန်းဆက်ပြီး တိုက်သေတဲ့လူတွေ တစ်ပုံကြီးပါ။ အခု မောင်ရင့်သူငယ်ချင်းက ခြေလက်မရှိတော့ပေမယ့် အသက်ရှိတယ်ဆို တော့ ကံကောင်းပါတယ်"

ရဲကပါ ကံကောင်းတယ်ပြောနေသည်။ ကျွန်တော် ဘာဆက်ပြောရ မလဲ။

ဖြူစင်စွာကြိုးစားပါဦးမည်။

■ နှင်းဆီနုတ်



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်ဆုတောင်းမလဲ

တစ်ခါက အလွန်ဘဝဆိုးတယ်လို့ သတ်မှတ်လို့ရတဲ့သူ တစ်ယောက် ရှိခဲ့တယ်။ သူဟာ လွန်စွာအရုပ်ဆိုး အကျည်းတန်ပြီး ဆင်းရဲဒုက္ခမျိုးစုံနဲ့ ကြုံတွေ့နေရသူတစ်ယောက်ပါ။ ငယ်စဉ်ကတည်းက စွန့်ပစ်ခံထားရလို့ မိဘမသိ ဆွေမျိုးညာတကာမရှိတဲ့ အဲဒီကိုရုပ်ဆိုးရဲ့ဘဝဟာ လွန်စွာလည်း အထီးကျန်လွန်းလှပါတယ်။ သူ့ကို ပေါင်းသင်းဆက်ဆံသူမပြောနဲ့၊ မေးထူး ခေါ်ပြောလုပ်သူတောင် မရှိရှာဘူးတဲ့။

ဒါပေမယ့် သူဟာ လူတစ်ယောက်ပဲလေ။ လူဆိုတော့ ခံစားတတ်တဲ့ နှလုံးသားလည်း ရှိတာပေါ့။ အရွယ်ရောက်တာ ကြာပြီဖြစ်တဲ့သူဟာ ချစ်သူကြင်သူလေးတစ်ယောက် လိုချင်သလို မတောင့်မတ မကြောင့်မကြလည်း နေချင်စိတ်ရှိတာပေါ့။ ဒါတွေက သူ့ရုပ်၊ သူ့ဘဝနဲ့ တွက်လိုက်ရင် ဟိုးအဝေးဆုံးမှာရှိနေတဲ့ အရာတွေပါ။ သူ ဘယ်လိုမှ မရနိုင်ပါဘူး။ သူ တကယ်ရှိနေတာက လူတွေရဲ့ ရွံရှာစက်ဆုတ်အဖက်မလုပ်ခြင်းဆိုတဲ့ နာကျင်စရာဝေဒနာတွေပါပဲ။

သူဟာ သူ့ဘဝကို အရမ်းစိတ်နာပြီး လူတွေနဲ့ဝေးရာအရပ်ကို ထွက်သွားဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။ ဒီလိုနဲ့ပဲ သူဟာ လူသူမနီးတဲ့တောကြိုမျက်မည်းတစ်ခုထဲ ရောက်သွားပါတော့တယ်။ မနေမနား လျှောက်လာခဲ့လို့ သူဟာ တော်တော်ကြီးကို မောနေပါပြီ။ စမ်းချောင်းလေးတစ်ခုကိုတွေ့တော့



သူဟာ ခဏနားလိုက်တယ်။ ရေသောက်ဖို့လုပ်တော့ ချောင်းရေမှာ အရိပ်ထင်လာတဲ့ သူ့ရဲ့ ဆိုးလှတဲ့ရုပ်ကြီးကို မြင်ရပြီး သူဟာ သည်းစွာ ငိုကြွေးမိပြန်တော့တယ်။ သူ့မျက်ရည်တွေဟာ စမ်းချောင်းပေါ် စီးကျသွားတဲ့အချိန်မှာ အလွန်ထူးဆန်းတဲ့အဖြစ်တစ်ခုကို မြင်ရပါတော့တယ်။

စမ်းချောင်းရေဟာ ဆူပွက်လာပြီး မကြာခင်မှာပဲ လွန်စွာချောမောလှပတဲ့ စမ်းချောင်းစောင့် နတ်သမီးလေးတစ်ပါး ပေါ်ထွက်လာပါတော့တယ်။ နတ်သမီးလေးက ဘာကြောင့် ငိုယိုနေရလဲဆိုပြီး မေးပါတယ်။ ဒါဟာ သူ့ဘဝမှာ ပထမဦးဆုံး ကောင်းမွန်စွာ ဆက်ဆံခံရခြင်းပါပဲ။ သူက နာကျင်မှုဝေဒနာများအားလုံးကို ဖွင့်အန်ပါတော့တယ်။ နတ်သမီးလေးဟာ ဆိုးလွန်းလှတဲ့ ကိုရုပ်ဆိုးရဲ့ဘဝကို သနားသွားပြီး ဆုတစ်ခု တောင်းဖို့ ခွင့်ပြုပါတယ်။ ချက်ချင်းပြည့်အောင် ဖြည့်ဆည်းပေးမယ်လို့လည်း ဆိုပါတယ်။ သူ ဘယ်လိုဆုကို တောင်းမလဲ။ သင်တို့ဆိုရင်ရော ဘယ်လိုဆုမျိုးကို တောင်းဖြစ်မှာလဲ။ ဖြေကြည့်ကြပါလား။

■ အုပ်လုကြီး

## အိမ်စာ

ယခုလ အိမ်စာကို ဆရာအုပ်လုကြီး၏ ဘယ်ဆုတောင်းမလဲ ပုံပြင်နှင့် နှုတ်ဆက်ပါတော့မည်။ ဤပုံပြင်ကို စေ့စေ့သေချာစွာဖတ်ရှုပြီး ပါက ဟားစာတိအဖွဲ့မှ စာဖတ်သူ၏ အမြင်ကို သိလိုလှပါသည်။

(၁)-ဘယ်ဆုတောင်းမလဲ။

(၂)-ဘာကြောင့်လဲ။

-စာဖတ်သူများ၏ အမည်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးပို့စေလိုသည်။

-ဟားစာတိအဖွဲ့လိပ်စာကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။

-အဖြေမှန်သူများ၏ အဖြေများကို ဟားခလုတ်(၁၇)တွင် ဖော်ပြပေးပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဟာသလုလင်အမှတ်စဉ်(၁၅)ဘယ်လိုအကြံပေးသလဲ အဖြေမှန်ကို ဖော်ပြပေးလိုက်ပါသည်။ စာဖတ်သူတို့၏ အမြင်များကို ပေးပို့ကြသည့်အတွက် များစွာအားရကျေနပ်မိပါသည်။ ယခုလတွင်လည်း စိတ်ပါဝင်စားစွာ ပေးပို့ကြလိမ့်မည်ဟု မျှော်လင့်နေပါသည်။

အမှတ်စဉ်(၁၅)အတွက် ရင်ခုန်ပေးပို့ကြသူများ အနက်မှ အယ်ဒီတာအဖွဲ့၏သဘောနှင့် တိုက်ဆိုင်သော အဖြေပေးပို့နိုင်သူကို အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

**မရတနာ**

**အမှတ်-၁၅၆၊ ဈေးကလေးလမ်းမတန်း၊**

**ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။**

အဖြေ။ ။ဒီသာပါမောက္ခဆရာကြီးက ခုနစ်ပြည်ထောင်မင်းအားလုံး ညီတူညီမျှ တစ်ယောက်တစ်ရက် ပိုင်ဆိုင်စေဆိုပြီး သတ်မှတ်အကြံပေးလိုက်တယ်လို့ ထင်ပါတယ်။ ဘယ်သူအရင်ရမယ် ဘယ်သူနောက်ရမယ်ဆိုတာတွေကိုတော့ မျှမျှတတ မဲနှိုက်ဆုံးဖြတ်ကြပေါ့။ ဆရာအုပ်လှကြီးရှင့် ပြည့်တန်ဆာဆိုတဲ့စကားလုံးဟာ အဲဒီအချိန်ကတည်းက စပြီးပေါ်လာခဲ့တယ်လို့ ထင်ကာပဲ။ ဖြစ်နိုင်တယ်ဟုတ်။


မရတနာအတွက် ဟာသလုလင်(၁၆)စာအုပ်လက်ဆောင်
စာတိုက်မှတစ်ဆင့် ပေးပို့လိုက်ပြီးဖြစ်သည်။

**အိမ်စာများ ပေးပို့လိုလျှင်ဖြင့်**

**ဟာသစာတိ**

အမှတ်(၁၁၃)၊ ကန်သာယာလမ်း၊
၂၆ရပ်ကွက်၊တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့သို့
လိပ်မူ၍ပေးပို့နိုင်ပါသည်။


www.burmeseclassic.com